PDF Creator - nyeyadhamma@gmail.com

PDF Creator - nyeyadhamma@gmail.com

ကြောင်ကို ဘယ်သူ ခြေဆွဲပေးမလဲ

ပထမအကြိမ် ပုံနှိပ်ခြင်း။ အိုပ် ၃၁၁၀။ ၁၉၇၇ ခုနှစ်၊ ဂျွန်လ။

ဤစာအုပ်ကို ဒေါ်စန်းစန်းဝင့် (၀၁၅၄၄) ရသစာပေ၊ အမှတ်၆၃၊ ကုန်စျေးတန်း၊ ရန်ကုန်က ထုတ်ဝေ၍၊ မစ္စတာမူ (လ်)ရာဂျ်ဆေးဂျပါ (လ်) (၀၁၀၂၈) တောက်တောက်ဝင်း ပုံနှိပ်တိုက်၊ အမှတ် ၅၆ (ခ)၊ သာသနာ့ရိပ်သာလမ်း၊ ကုက္ကိုင်း၊ ရန်ကုန်က ပုံနှိပ်သည်။ မျက်နှာဖုံးပန်းချီ မောင်မောင် နှင့် ဝတ္ထိဟန်။ သိန်းမြင့်ဝင်း ပုံနှိပ်တိုတ်။

တရံရောအခါက အိမ်ပျက်ကြီးတအိမ်တွင် ကြောင်နက်ကြီးတကောင်သည် မင်းမူလျက်ရှိသော ကြောင့် ထိုအိမ်မှကြွက်ငယ်များသည် လျှို့ဝှက်စွာ စည်းဝေးတိုင်ပင်ကြကုန်၏။

'သည်ကြောင်ကြီးရဲ့အန္တရာယ်က မငယ်တော့ဘူး၊ ကြာရင် ကျုပ်တို့ မျိုးပြုတ်ကုန်လိမ့်မယ်၊ တခုခု ကြံကြမှ ဖြစ်တော့မယ်'

'ဟုတ်တယ် ဟုတ်တယ်' (သြဘာလက်ခုပ်သံများ)

'တနေ့တနေ့ ကျုပ်တို့အထဲက အနည်းဆုံးသုံးလေးငါးကောင် အခုတ်သတ် အစားသောက်ခံနေရတယ်၊ ဘယ်နေ့ကျုပ်တို့အလှည့်ရောက်လာမလဲ ဆိုတာလဲ အမြဲထိတ်လန့်တုန်လှုပ်နေရတယ်၊ သည်တော့ ခုပုံအတိုင်း လက်ပိုက်ကြည့်နေကြလို့ မဖြစ်တော့ဘူး'

'ဟုတ်တယ် ဟုတ်တယ်' (သြဘာလက်ခုပ်သံများ)

'ခက်နေတာက သည်ကြောင်ကြီးက သိပ်လျင်မားတယ်၊ အဖမ်းအခုတ်လဲ ကျွမ်းကျင်တယ်၊ ခြေသံလဲ လုံတယ်၊ အနားရောက်လာတဲ့အထိ အသံမကြားရဘူး၊ ညဆိုရင်လဲ သူ့ကိုမမြင်ရဘူး၊ ကျုပ်တို့ သိကြတဲ့အတိုင်းဘဲ၊ သူ့အန္တရာယ်ကို ကြောက်နေရတာနဲ့ ကျုပ်တို့မှာ စားကောင်းခြင်းလဲ မစားရဘူး၊ အိပ်ကောင်းခြင်းလဲ မအိပ်ရဘူး၊ သည်တော့....'

ထိုအခိုက် ပရိသတ်ထဲမှ ကြွက်ငယ်တကောင်သည် လက်သီးလက်မောင်းတန်း၍ အသံပြုလိုက်၏။

'ကျုပ် အကြံတခု ပေးပါရစေ၊ သည်ကြောင်ကြီးလာတာကို ကြိုသိရအောင်၊ သည်ကြောင်ကြီး အနားမရောက်ခင် ရှောင်သာတိမ်းသာအောင်၊ ကျုပ်တို့လဲ နောက်ထပ်မဆရတော့အောင်၊ သည်ကြောင်ကြီးလဲ ငတ်ပြီးသေသွားအောင်.... သည်ကြောင်ကြီးရဲ့လည်ပင်းမှာ ခြူတခုဆွဲပေးလိုက်ရင် ပြီးတာပါဘဲ၊ သူလာရင် ခြူသံကို အရင်ကြားရမယ်၊ ခြူသံကြားရရင် ကျုပ်တို့ ရှောင်ကြတိမ်းကြရုံဘဲ၊ ကျုပ်တို့လဲ သေစရာအကြောင်း မရှိနိုင်တော့ဘူး၊ သူလဲ ငတ်ပြီးသေမှာ သေချာပါတယ်'

'ဟုတ်တယ် ဟုတ်တယ်' (သြဘာလက်ခုပ်သံများ)

သို့နှင့် ကြောင်နက်ကြီး၏လည်ပင်း၌ ခြူလည်ပတ်ဆွဲပေးရန်ကို တညီတညွတ်တည်းဆုံးဖြတ်ကြတော့မည်အပြု....

နောက်နားမှ ကြွက်ကလေးတကောင်က မေးခွန်းတခွန်း ကြားဖြတ်ဝင်၍မေးလိုက်၏။

'သိပ်ကောင်းတဲ့ အကြံဥာဏ်ပါဘဲခင်ဗျား၊ ဒါပေမယ့် ကျွန်တော်မသိလို့ တခု မေးပါရစေ၊ ကြောင်ကို ဘယ်သူက ခြူဆွဲပေးမှာပါလဲ ခင်ဗျား'

ကြောင်ကို ဘယ်သူ ခြိုးခွဲပေးမလဲ မောင်သာရ

ဤစာအုပ်ပ ါ အကြောင်းအရာ အဖြစ်အပျက်တို့သည်
၁၉၅၀ ခုနှစ်များအတွင်းက
တည်ရှိဖြစ်ပျက်ခဲ့သော အခြေအနေများကို
မှတ်တမ်းပြုထားခြင်းမျှသာ ဖြစ်ပါကြောင်း။

မိတ်ဆွေ . . .

PDF စာအုပ်များကို ရှာနေပါသလား ?
Online ပေါ်တွင် PDF အဖြစ် မရှိသေးသော
စာအုပ်များကို PDF ပြုလုပ်ပြီး

Myanmar Online Ebook Library တွင်

အဆက်မပြတ် တင်ပေးနေပါသည်၊
member ဝင်ရန် ဖိတ်ခေါ်ပါတယ်။

PDF Creator - nyeyadhamma@gmail.com

နိဒါန်း

မထူးဆန်းပေမယ့်၊ ထူးဆန်းတယ်လို့ ပြောလို့ရတဲ့အချက်တချက်က....ထောင်ထဲမှာက အပြင်မှာထက် ပိုညီညွတ်တယ်။ ထောင်ထဲ ရောက်လာတဲ့လူအားလုံးဟာ အများအားဖြင့် တစိတ်ထဲတဝမ်းထဲရှိတတ်ကြတယ်။ အထူးသဖြင့် အစိုးရကိုဆန့်ကျင်တဲ့အမြင်နဲ့ မြင်ကြတဲ့နေရာမှာ ညီနေဘို့မလိုဘဲ တူနေတတ်ကြတယ်။ ဆိုလို့တာက အုပ်ချုပ်တဲ့လူတန်းစားကို မလိုလားတဲ့ မုန်းတီးတဲ့တိုက်ခိုက်ချင်တဲ့နေရာမှာ တစိတ်ထဲတဝမ်းထဲ ရှိတတ်ကြတယ်။

နိုင်ငံရေးအရ ထောင်ထဲရောက်လာတဲ့လူတွေကတော့ ထားပါတော့။ အပြင်မှာတုန်းကလဲ ဆန့်ကျင်ခဲ့တယ်။ အထဲရောက်တော့လဲ ဆန့်ကျင်တယ်။ အထဲရောက်လာရတဲ့ နိုင်ငံရေးသမား

တွေအနေနဲ့ အစိုးရကိုဆန့်ကျင်တယ်ဆိုတာကတော့ သဘာဝကျပါတယ်။

ဒါပေမယ့် ရယ်ဘို့ကောင်းတာက ဘာမဟုတ်တဲ့ခါးပိုက်နှိုက်တို့၊ အလှစ်သုတ်တို့၊ သူခိုးဘိန်းစားတို့ဆိုတာမျိုးတွေနဲ့ လုံယက်မှုတို့၊ ဒမြမှုတို့၊ မုဒိမ်းမှုတို့၊ လူသတ်မှုတို့ဆိုတဲ့ လူမှုရေးပြစ်မှုတွေနဲ့ ထောင်ကျလာတဲ့လူတွေကလဲ ထောင်ထဲရောက်တာနဲ့တပြိုင်နက် သူတို့ကိုယ်သူတို့ ချက်ချင်းနိုင်ငံရေးသမားကြီးတွေဖြစ်သွားကြပြီး အစိုးရအပေါ်မှာ ဆန့်ကျင်လားဆန့်ကျင်ကြရဲ့။ တချို့ဆိုရင် နိုင်ငံရေးဆိုတာ ဘာမှန်းမသိပေမယ့်လို့ အစိုးရကိုဆန့်ကျင်တဲ့နေရာမှာတော့ နိုင်ငံရေးသမားတွေကတောင် အရှုံးပေးရလိမ့်အုံးမယ်ထင်တယ်။

ဘယ်မသိဘဲနေမလဲ။ သိပ်သိတာပေါ့။ ဘယ်အစိုးရလက်ထက်ဖဲ့ဖြစ်ဖြစ် သည်လိုလူမှုရေးပြစ်မှုတွေကိုကျူးလွန်ရင် ခုလိုထိုက်သင့်တဲ့အပြစ်ဒဏ် ခံရမယ်ဆိုတာ သူတို့နားလည်ကြပြီးသားပါ။ ဘယ်လူ့ဘောင်အဖွဲ့အစည်းကမှ သည်လိုလူမှုရေးပြစ်မှုတွေကို တရားလက်လွတ် ကျူးလွန်ခွင့်ပြုမှာမဟုတ်ဖူးဆိုတာလဲ သူတို့သိကြပြီးသားပါ။

ပြောရအုံးမယ်။ တခါက အစိုးရဌေးတသိန်းကျော် အလှဲသုံးစားမှုနဲ့ထောင်ကျနေတဲ့ အရာရှိတယောက်က ပုဒ်မ ၅ နဲ့ အဖမ်းခံနေရတဲ့ နိုင်ငံရေးသမားကွန်မြူနစ်တယောက်ကို ကျွန်တော့်ရွှေမှာဘဲ မေးခဲ့ဘူးတယ်။

'ခင်ဗျားတို့အစိုးရတက်လာရင်ကော ကျွန်တော်တို့အမှုမျိုးမှာ ခုလိုဘဲအပြစ်ပေးမှာလား'....တဲ့။

ဟိုလူက ပထမတော့ ဘာမှပြန်မဖြေဘူး။ ပြုံးရုံဘဲပြုံးနေတယ်။ နော့ မေးတဲ့လူကလဲ နောက်သလိုပြောင်သလို မေးတာကိုး။ ဒါပေမယ့် ဘိန်းကုန်ကူးမှုနဲ့ထောင်ထဲရောက်နေတဲ့ ဗိုလ်ကြီးတယောက်က ဘေးကဝင်နှောက်တယ်။

'အိုး ကွန်မြူနစ်အစိုးရကတော့ ဘယ် ခုလိုထောင်ချပစ်ပါ့မလဲ၊ အစိုးရငွေကို အလွဲသုံးစားလုပ်တိုင်းသာ ထောင်ချပစ်ရမယ်ဆိုရင် သူတို့အားလုံးလဲ ထောင်ထဲရောက်ကုန်တော့မှာပေါ့'....လို့ သာသာနဲ့နာနာ အုပ်လိုက်တယ်။ သည်တော့မှ နိုင်ငံရေးလုပ်တဲ့လူက ပြန်ပြောတယ်။

'ပိုဆိုးမယ်ကိုယ့်လူ၊ ကိုယ့်လူ အခု ၆ နှစ်ထဲကျတာ သိပ်ကုသိုလ်ကံကောင်းတယ်လို့ အောက်မေ့လိုက်ပါ၊ ကိုယ်တို့လက်ထက်မှာသာဆိုရင် အနည်းဆုံး တသက်တကျွန်းဘဲ မှတ်၊ ဆိုဗီယက်ယူနီယံမှာဆိုရင် ပိုမလွယ်အုံးမယ်၊ တချို့ထဲ သေဒဏ်ဘဲ၊ အယူခံလို့တောင် ရမှာမဟုတ်ဖူး'....တဲ့။

ရှင်းပါတယ်။ ခုဟာကလဲ မေးမယ့်သာမေးနေတာပါ။ မသိတာ မဟုတ်ပါဘူး။ အားလုံးလဲ နားလည်ကြပါတယ်။

ဒါပေမယ့် ထောင်ထဲမှာက ထုံးစံလိုဖြစ်နေတယ်။ ထောင်ထဲရောက်လာတာနဲ့တပြိုင်နက် အစိုးရကိုဆန့်ကျင်တဲ့စိတ်ဓာတ်က အရိပ်လို တွဲပါလာတယ်တယ်။ အမှန်ကတော့ ဥပဒေက အပြစ်ပေးလိုက်တာနဲ့တပြိုင်နက် ဥပဒေကိုရော၊ ဥပဒေပြုတဲ့သူတွေကို

ရော မကျေနပ်တဲ့သဘောပါဘဲ။ ပြီးတော့လဲ ထောင်ထဲမှာက အစိုးရကိုဆန့်ကျင်တဲ့စိတ်ဓာတ် မရှိရင်ကိုဘဲ ထောင်ကျတယောက် မပီသတော့ဘူးလို ဖြစ်နေတတ်တယ်။

ဒါ့ကြောင့် ထောင်ထဲမှာက ယောဘုယျအားဖြင့် စည်းလုံးညီညွတ်မှုရှိတယ်၊ အဲထူးသဖြင့် နိုင်ငံရေးအရ တစိတ်ထဲဘဝမ်းထဲရှိကြတယ်လို့ဆိုနိုင်တယ်။

နောက်တချက်ကတော့ ထောင်ထဲမှာက အပြင်မှာလိုမဟုတ်ဖူး။ အပြင်မှာလို လူတန်းစားကွာဟချက်ကလဲ သိပ်မမြင်သာဘူး။ ထောင်ထဲမှာ မော်တော်ကား မရှိဘူး။ ရေခဲသေတ္တာ မရှိဘူး။ ရေဒီယိုမရှိဘူး။ ပန်ကာမရှိဘူး။ သခင်မရှိဘူး။ ကျွန်မရှိဘူး။ အလုပ်ရှင်မရှိဘူး။ အလုပ်သမားမရှိဘူး။ ထောင်ထဲရောက်နေတဲ့ လူအားလုံးဟာ ကိုယ်လိုသူလိုဘဲစားရတယ်။ ကိုယ်လိုသူလိုဘဲ ဝတ်ရတယ်။ ကိုယ်လိုသူလိုဘဲနေရတယ်။ ပြီးတော့ အဓိကအကျဆုံးအချက်က ခံစားချက်ချင်းတူကြတယ်။

ထောင်ထဲရောက်လာတဲ့လူတိုင်းဟာ ဘာဘဲပြောပြော အနှိပ်စက်အညှင်းပမ်း ခံခဲ့ကြရဘယ်။ ရိုက်လား၊ နှက်လား၊ ကျင်စက်နဲ့တို့လား၊ သေနတ်ဒင်နဲ့ဆောင့်လားဆိုတဲ့ ကိုယ်ထီလက်ရောက်နှိပ်စက်ညှဉ်းပမ်းမှုမျိုးနဲ့ အစစ်ဆေးအမေးမြန်းမခံခဲ့ရဘူးဆိုရင်တောင်မှ၊ အနည်းဆုံး စိတ်ကိုတော့ အညှဉ်းပမ်းအနှိပ်စက်

ခံခဲ့ကြရတယ်။ အကြီးအကျယ် စိတ်ဆင်းရဲဒုက္ခ ရောက်ခဲ့ကြရတယ်။

ထောင်ထဲရောက်လာတဲ့လူတိုင်းဟာ ဘယ်သူမှမပျော်ပါဘူး။ ပျော်ပျော်ရွှင်ရွှင်ကြီး မြူးပြီးဝင်လာတဲ့လူရယ်လို့လဲ တယောက်ကမှမတွေ့ဘူးပါဘူး။

ဘယ့်နှယ်....ထောင်ဆိုတာက မလွတ်လပ်တဲ့နေရာ။ လွတ်လပ်စွာ နေခွင့်မရတဲ့နေရာ။ လေးဘက်လေးတန် အုတ်နံရံကာထားတဲ့နေရာ။ သစ်သားတံခါးအထပ်ထပ်၊ သံတံခါးအထပ်ထပ်နဲ့ အမြဲတမ်းသော့ခတ်ထားတဲ့နေရာ။ ပြင်ပကမ္ဘာလောကနဲ့ အဆက်ဖြတ်ထားတဲ့နေရာ။ လူ့အခြေခံရပိုင်ခွင့်တွေအားလုံး ဆုံးရှုံးလက်လွတ်ရတဲ့နေရာ။

ပြီးတော့လဲ ထောင်ထဲရောက်နေရတဲ့လူဆိုတာက လူ့အဖွဲ့အစည်းကို အန္တရာယ်ပြုတဲ့လူ၊ နိုင်ငံရဲ့အုပ်ချုပ်ရေးယန္တရားကို အန္တရာယ်ပြုတဲ့လူရယ်လို့ အစွပ်စွဲအသတ်မှတ်ခံထားရတဲ့သတ္တဝါ။

ဘယ်လောက် စိတ်အားငယ်ဘို့ကောင်းသလဲ။

ဒါပေမယ့် ထောင်ထဲရောက်တော့လဲ မဆိုးပါဘူး။ လူတွေဟာ အပြင်မှာထက် ကောင်းကြတယ်။ အချင်းချင်း ညှာကြတယ်။ တယောက်ကိုတယောက် ကူညီအားပေးတတ်ကြတယ်။ တယောက်နဲ့တယောက် ယိုင်းပင်းစည်းလုံးတတ်ကြတယ်။

အပြင်မှာ ဘယ်လောက်ဖဲ့ မကောင်းခဲ့ မကောင်းခဲ့၊ ထောင်ထဲ ရောက်လာရင်တော့ လူတွေဟာ အမျှားအားဖြင့် ကောင်း

ကြတယ်။ အပြင်မှာ ဘယ်လောက်ဖဲ့ လိမ်ခဲ့လိမ်ခဲ့၊ အချုပ်ခန်းနဲ့ တရားရုံးမှာ ဘယ်လောက်ဖဲ့ ကွယ်ခဲ့ကွယ်ခဲ့၊ ထောင်ထဲကျတော့ အချင်းချင်း အမှန်အတိုင်းဖွင့်ဝန်ခံတတ်ကြတယ်။ သဘောက တော့ ဘဝတူအချင်းချင်း ဘယ်သူက ဘယ်သူ့ကိုမှ နှစ်နှာ အောင်လုပ်မှာမဟုတ်ဖူး၊ အန္တိရာယ်ပေးမှာမဟုတ်ဖူးလို့ ယုံယုံ ကြည်ကြည် ရှိကြတယ်။ ကိုယ့်ကို သူက အားကိုးလို့၊ သူ့ကို ကိုယ်က အားကိုးလို့၊ တယောက်နဲ့တယောက် အားကိုးမှီတွယ် နေကြရတော့လဲ သံယောဇဉ်ပါ ရှိလာတတ်ကြတယ်။ ညီအကို လိုလဲ ခင်တွယ်လာကြတယ်။

ဒါ့ကြောင့်လဲ ထောင်ထဲမှာ ဟန်ဆောင်မှုနည်းတယ်။ အပြင် ဘက် လူမှုဆက်ဆံရေးနယ်ပယ်မှာတော့ ဟန်ဆောင်မှုဆိုတာဟာ လိုအပ်ကောင်းလိုအပ်ပါလိမ့်မယ်။ ဒါပေမယ့် ထောင်ထဲရောက် လာပြီဆိုရင်တော့ လူတွေဟာ သူတို့ကို ဘယ်သူကမှ 'မစေခိုင်း မတိုက်တွန်းဘဲနဲ့ ဟန်ဆောင်မှုခြွေလွှာကို ကိုယ့်အသိနဲ့ကိုယ် ခွာချ ပစ်လိုက်တတ်ကြတယ်။

ဟုတ်တယ်။ ထောင်ထဲမှာက ခါးပိုက်နို့က်တို့၊ အလစ်သုတ် တို့လဲ ရှိတယ်။ စော်ဘွားတို့၊ ဝန်ကြီးတို့လဲ ရှိတတ်တယ်။ ကကြီး ခကွေးကို ပုတ်လောက်ကြီးရေးပြလို့မှ မဖတ်တတ်တဲ့လူလဲ ရှိ တယ်။ စာရေးဆရာတို့၊ ပါမောက္ခတို့လဲ ရှိတတ်တယ်။ စားစရာ မရှိ၊ နေစရာမရှိလို့ ကြုံရာလျှောက်ခိုးတဲ့ သူခိုးဘိန်းစားလဲရှိ တယ်။ သိန်းသန်းချီပြီး ချမ်းသာကြွယ်ဝတဲ့ လုပ်ငန်းရှင် ကုန် သည်ကြီးတွေလဲ ရှိတတ်တယ်။ ထောင်ထဲမှာကတော့ စုံတယ်။

အလုပ်အကိုင်လဲ စုံတယ်။ အသက်အရွယ်လဲ စုံတယ်။ အရည် အချင်းလဲ စုံတယ်။ ကိုးကွယ်တဲ့ဘာသာလဲ စုံတယ်။ လူမျိုးလဲ စုံတယ်။ ဒါပေမယ့် အားလုံးဟာ အတူတူချည့်ဘဲ။ အတူတူ နေရတယ်။ အတူတူစားရတယ်။ အတူတူခံစားကြရတယ်။

ခေါင်းချင်းဆိုင် အိပ်ရတယ်။ ခြေချင်းဆိုင် အိပ်ရတယ်။ ဘေးချင်းယှဉ် 'အိပ်ရတယ်။ ဘေးချင်းယှဉ် တန်းစီပြရတယ်။ မျက်နှာချင်းဆိုင် ထမင်းစားရတယ်။ တချိန်ထဲမှာ စားရတယ်။ သူ ဟင်းတဖတ်ရရင် ကိုယ်လဲ တဖတ်ဖဲ့ရတယ်။ သူ တကလော် ရရင် ကိုယ်လဲ တကလော်ဘဲရတယ်။ ကိုယ် တပန်းကန်ရရင် သူလဲ တပန်းကန်ဘဲ ရတယ်။ ကိုယ်တခါစားရရင် သူလဲ တခါဘဲစားရတယ်။ ပြီးတော့ သူနေမကောင်းရင် ကိုယ်ကပြုစု ရတယ်။ ကိုယ်နေမကောင်းရင်လဲ သူကပြုစုရတယ်။ ကိုယ် စိတ် အားငယ်ရရင် သူက နှစ်သိမ့်တယ်။ သူ စိတ်အားငယ်ရရင်လဲ ကိုယ်က နှစ်သိမ့်တယ်။

ဒါ့ကြောင့်လဲ ထောင်ထဲမှာ အချင်းချင်းဆက်ဆံရေးက အဆင့်အတန်းခွဲခြားမှုနည်းစာယ်။ ဟန်ဆောင်မှုနည်းတယ်။ ပွင့် လင်းတယ်။ ရိုးသားတယ်။

နောက်တချက်ကတော့ ဆန္ဒပိုင်းနဲ့ဆိုင်တယ်။ ဖြစ်နိုင်တာ မဖြစ် နိုင်တာ အပထား။ ထောင်ထဲရောက်နေရတဲ့လူတွေ အနေနဲ့က တော့ ထောင် 'ပွင့်' စေချင်တာအမှန်ဘဲ။ အားလုံး လွတ်ချင် ကြတာ အမှန်ဘဲ။ အပြင်ဘက် ပြန်ရောက်ချင်ကြတာ အမှန်ဘဲ။

သည်တော့ သည်လို ထောင် 'ပွင့်'ဆု'ပွင့်'ကြောင်းအတွက် တိုင်းပြည် လူပ်လှုပ်ရွရွဖြစ်ဖို့လိုသလား။ ဖြစ်စေချင်တယ်။ အစိုးရ အပြောင်းအလဲဖြစ်ဖို့လိုသလား။ ဖြစ်စေချင်တယ်။

နိုင်ငံတော်သစ္စာဖောက်မှု၊ လက်နက်ကိုင်ပုန်ကန်မှုနဲ့ ထောင် ၂၄ နှစ်ကျနေတဲ့ ရွှေဘိုနယ်က ကျေးရွာသူကြီးတယောက်က ဆိုရင် ဝုန်းကနဲ ဗုံးကွဲသံတချက် ကြားရတိုင်းကြားရတိုင်း..... 'ရပြန်ပဟေ့ လျှော့ရက်တရက်'....လို့ ဝမ်းသာအားရ ဟစ်အော်ကြွေးကြော်လေ့ရှိတယ်။

ဒါကတော့ ဆန္ဒဘဲ။ ဆန္ဒသက်သက်ဖဲ့။

သည်ဆန္ဒပိုင်းမှာလဲ ထောင်ထဲမှာရှိနေကြတဲ့လူတွေအားလုံးအနေနဲ့ တညီတညွတ်ထဲရှိကြတယ်။

ဒါကြောင့် ထောင်ထဲမှာ ညီညွတ်မှုရှိတယ်လို့ဆိုနိုင်တယ်။

ဒါပေမယ့်.....

ကျွန်တော်တို့နေတဲ့အဆောင်ကို အဆောင်နှိုလို့ခေါ်တယ်။ ဘယ်စုံးက စခေါ်ခဲ့တယ်၊ ဘယ်သူ့လက်ထက်မှာ ဘယ်သူက စနာမည်ပေးခဲ့တယ်တော့ မသိဘူး။ ကျွန်တော်ရောက်တော့ သည်နာမည်က ကောင်းကောင်းကြီးတွင်နေပြီ။

အဆောင်နှိုလို့ဆိုပေမယ့် ကျွန်တော်တို့အဆောင်မှာ နိုင်ငံရေးသမားတွေချည့် ထားတာမဟုတ်ပါဘူး။ ပုဒ်မ ၄၂၀၊ လိမ်လည်မှုနဲ့ကျနေတဲ့လူလဲရှိတာဘဲ။ ပုဒ်မ ၃၀၀၊ ဖောက်ထွင်းခိုးယူမှုနဲ့ကျနေတဲ့လူလဲရှိတာဘဲ။ ပုဒ်မ ၃၀၄၊ လူသေမှုတို့၊ ပုဒ်မ ၃၀၂၊ လူသတ်မှုတို့နဲ့ကျနေတဲ့လူတွေလဲရှိတာဘဲ။ ပြီးတော့

ပုဒ်မ ၆(၁)တို့၊ ပုဒ်မ ၄၀၉ တို့ဆိုတာတွေကလဲ သုံးလေးယောက်။ နောက်ဆုံးပြောရရင် ပုဒ်မ ၃၇၆ မှုဒဏ်မှုနဲ့ကျလာတဲ့ လူတောင်ရှိလိုက်သေး။ တခုတော့ရှိသပေါ့လေ။ ကျွန်တော်တို့လို ငြိမ်ဝပ်ပိပြားရေး ပုဒ်မ ၅ နဲ့ ဆဲထားတဲ့လူတွေကတော့ များသပေါ့။ ဒါပေမယ့် အရေအတွက်ချင်းယှဉ်လိုက်ရင် အတူတူလောက်ပါဘဲ။ တခါတခါ နိုင်ငံရေးသမားက တယောက်နှစ်ယောက် ပိုကောင်းပိုလာမယ်။ တခါတခါ ရိုးရိုးအချုပ်ရိုးရိုးထောင်ကျဦးရေက တယောက်နှစ်ယောက် ပိုကောင်းပိုလာမယ်။ အမှန်တော့မရှိဘူးပေါ့လေ။ အခြေအနေအရ ဂဏန်းအပြောင်းအလဲ ရှိတတ်တယ်။

ကျွန်တော်တို့အဆောင်က တထပ်ဆောင်။ မြေကြီးပေါ်မှာ အုတ်ခုံ။ အုတ်ခုံပေါ်မှာမှ အဆောင်။ အမိုးက သွပ်မိုး။ ဝါးထရံကို မျက်နှာကျက်လုပ်ထားတယ်။ အကာဆိုတာကတော့ ထောင်ထုံးစံအတိုင်း သစ်သားတန်းကြီးတွေဘဲပေါ့။ ဘယ် အလုံအပိတ်ဟုတ်မလဲ။

အဆောင်က ပေ ၄၀ လောက်တော့ ရှည်လိမ့်မယ်ထင်တယ်။ အနံကတော့ ၁၅ ပေလောက်ဖဲ့ရှိမယ်။ ပြောရရင် တန်းလျားရှည်ကြီးသဘောမျိုးပါဘဲ။ သည်အထဲမှာ တယောက်ကို သံကုတင်တလုံးနဲ့ ဘေးချင်းယှဉ်၊ ခြေချင်းဆိုင်ပြီး အိပ်ကြရတယ်။ ဆေးရုံမှာလိုပေါ့။ သာမန်အားဖြင့်ဆိုရင်တော့ လူနှစ်ဆယ်လောက် နေနိုင်ပါလိမ့်မယ်။ ဒါပေမယ့် ကျွန်တော့်အတွေ့အကြုံအရ၊ ကျွန်တော်နေလာခဲ့တဲ့ သက်တမ်းတလျှောက်မှာတော့ အများဆုံး ဆယ့်ရှစ်ယောက်အထိဘဲ နေခဲ့ရဘူးတယ်။ တခါ

တခါ ဆယ့်နှစ်ယောက်လောက်အထိ နည်းသွားတာမျိုးလဲ ရှိတယ်။

ထောင်ထဲမှာ လူနည်းသွားတယ်ဆိုတာ ဝမ်းသာစရာပါ။ ကျွန်တော်တို့ ကျန်ရစ်ခဲ့တဲ့လူတွေအတွက် အနေရချောင်သို့ ပြောတာမဟုတ်ဘူး။ ထောင်ထဲမှာ လူနည်းတယ်ဆိုတာက တိုင်းပြည်အတွက်လဲ ဂုဏ်ယူစရာပါ။ အုပ်ချုပ်တဲ့ အစိုးရအတွက်လဲ ဂုဏ်ယူစရာပါ။

အဆောင်ထဲမှာက အိပ်ရုံတင်အိပ်ရတာမဟုတ်ဖူး။ စားတော့လဲ သည်အဆောင်ထဲမှာဘဲ စားရတာ။ ခုနှစ်ရက် တပတ်တခါပေးတဲ့ ဆန်တို့၊ ဆီတို့၊ ဆားတို့၊ ငရုတ်ကြက်သွန်တို့ဆိုတဲ့ ကုန်ခြောက်ရိက္ခာတွေကိုလဲ သည်အဆောင်ထဲမှာဘဲ သိုလှောင်ထားရတာ။ ပြီးတော့ ထမင်းစားတဲ့စပွဲကြီးဆိုတာကလဲ ရောမဟာကြီး။ တဖက်ဆယ်ယောက် မျက်နှာချင်းဆိုင်ပြီးစားလို့ရတဲ့ စပွဲကြီး။ သူကလဲ နေရာယူဘိခြင်း။ ပြီးတော့ အဆောင်ကို ဝင်တဲ့တံခါးပေါက်ကလဲ ရှိသေးတယ်။ သည်တံခါးပေါက်ကလဲ ဘာဘဲပြောပြော ၆ ပေလောက် ကျယ်တယ်။ ထောင့်စည်းကမ်းအရ တံခါးပေါက်နဲ့လက်တလှမ်းအကွာ၊ ဒါမှမဟုတ် ၂ ပေ အတွင်းမှာ မအိပ်ရဘူး။ ကုတင်မထားရဘူး။ အဲသည်တော့ တကယ်တန်းပြောရရင် လူနှစ်ဆယ် ဆံ့တယ်ဆိုပေမယ့် ဆယ့်နှစ်ယောက်လောက်သာ အကောင်းဆုံးဘဲ။ များရင် ဆယ့်ခြောက်ယောက်။ တော်ပြီ။

ထောင်ထဲမှာ (ခ)တန်းအဆောင် သုံးဆောင်ရှိတဲ့အနက် ကျွန်တော်တို့အဆောင်က အကြီးဆုံး။ အဆောင်သာ မဟုတ်

ဖူး။ အဆောင်တည်ရှိတဲ့ဝင်းဟာလဲ အကျယ်ဆုံး။ ဝင်းထဲမှာ ကလဲ ရေကူးကန်နဲ့ ဘာနဲ့။ ရေကူးကန်ဆိုပေမယ့် ငယ်ငယ် ကလေးပါ။ အပြင်ဘက် ခမ္မာရုံဇရစ်ထဲက တရားနာပရိသတ် အတွက် ခင်းထားလေ့ရှိတဲ့ ဖျာကြမ်းရှည်ကြီး တချပ်စာ လောက်သာ ရှိပါတယ်။ ဒါလဲ ကျွန်တော်တို့လက်ထက်မှာ ကျတော့ ကောနေပါပြီ။ မိုးတွင်းဆိုရင် ဒူးဆစ်လောက်အထိ ရေရှိတယ်။ ကျွန်တဲ့အချိန်မှာ ခန်းနေတယ်။ ဟိုး နယ်ခွဲ အင်္ဂလိပ်အစိုးရလက်ထက်က အိန္ဒိယနိုင်ငံရဲ့ခေါင်းဆောင် ဆူဗတ် ချန်ဒရာဘို့စ်ကိုဖမ်းပြီး သည်အဆောင်မှာ ထားခဲ့ဘူးတယ်လို့ ပြောတယ်။ သည်ရေကူးကန်ဆိုတာကလဲ သူ့အတွက်တူးပေးရ တာတဲ့။ အခုတော့ သည်ရေကူးကန်ဟာ ကျွန်တော်တို့အတွက် ကန့်ဇွန်းခင်းဖြစ်နေပါပြီ။

ဆောင်က ကျွန်တော်တို့စီစဉ်အတွက် ကန့်ဇွန်းရွက်ပေးတဲ့ အခါမှာ အပြင်ဘက်ဈေးတွေထဲမှာ တွေ့ရတတ်တဲ့ ကန့်ဇွန်းရွက် အစည်းမျိုးတွေကို ပေးတာမဟုတ်ဖူး။ ကန့်ဇွန်းခင်းထဲက ကန့်ဇွန်းနွယ်တွေကို ထွန်ခြစ်နဲ့ဆွဲယူလာပြီး အလုံးလိုက်အထွေး လိုက် ပေးတာ။ သည်အထဲမှာ အမြစ်တွေလဲ ပါတယ်။ ရွှံတွေလဲ ပါတယ်။ စားလို့မရနိုင်တဲ့ အရိုးရင့်ကြီးတွေလဲ ပါတယ်။ တခါ တခါ တခြား ဘာပင်တွေမှန်းလဲမသိ။ တွဲပါလာတတ်သေး တယ်။ ဒါကို အချိန်နဲ့ပေးတာ။ ဥပမာ လူတယောက်ကို ဘယ် လောက်နှုန်းဆိုပြီး ကန့်ဇွန်းရွက်ဆယ်ပေါင် ချိန်ပေးတယ်ဆိုပါ တော့။ သည်ဈေးသယ်က တွန့်တော့ မတွန့်တိုတတ်ပါဘူး။ အဆစ်ဆိုပြီးတော့လဲ တထွေးကြီး ထည့်ပေးတတ်ပါတယ်။

သာသာထိုးထိုးပါဘဲ။ ဒါပေမယ့် စားလို့ရနိုင်သမျှကို စိတ်ရှည် လက်ရှည်နဲ့ ရွေးသင်လိုက်မယ်ဆိုရင်တော့ နှစ်ပေါင်လောက် ကျန်တတ်ပါတယ်။ အဲသည်နှစ်ပေါင်ကို ကျွန်တော်တို့ စားကြ တယ်။ ကျန်တဲ့ စားမရတဲ့ ရှစ်ပေါင်ကျော်ကျော်ကိုတော့ ခုန ကပြောတဲ့ ရေကန်ထဲ ပစ်ထည့်ထားလိုက်တယ်။ ကန့်ဇွန်းခင်းကြီး ဖြစ်လာတယ်။

ကျွန်တော်တို့အထဲမှာ လယ်သမားတယောက် ပါတယ်။ ရွှေဘိုနယ်က။ ကျေးရွာတရွာရဲ့ သူကြီး။ သူက ကွန်မြူနစ်တွေနဲ့ ပေါင်းပြီး တောခိုတယ်။ လက်နက်ကိုင် ပုန်ကန်တယ်။ တနေ့ တော့ ရွာတရွာမှာ အိပ်နေတုန်း လက်နက်နဲ့အတူ ဖမ်းမိတယ်။ နိုင်ငံစောင့်သစ္စာဖောက်ဖျက်ပုန်ကန်မှုနဲ့ တရားစွဲတယ်။ လက်နက် မှုနဲ့လဲ အရေးယူတယ်။ ထောင် ၂၄ နှစ် ကျတယ်။ ဒါကြောင့် ထောင်ထဲမှာ အကြောကြီးနေရမယ့်လူ။ ရောက်လာသမျှကိုလဲ ညှဉ်ခံကြိုဆိုရမယ့် လူ။ ဒါကြောင့် ကျွန်တော်တို့က သူ့ကို 'ကွမ်းအစ်ကြီး'လို့ ခေါ်ကြတယ်။

ဘာဘဲပြောပြော လယ်သမားဟာ လယ်သမားဘဲ။ မြေ ကြီးနဲ့ရေကိုမြင်ရရင် သူမနေနိုင်ဘူး။ စိုက်ချင် ပျိုးချင်တယ်။ တူးချင်ဆွချင်တယ်။ ဒါပေမယ့် ထောင်ထဲမှာက စိုက်ခွင့်ပျိုးခွင့် မရှိဘူး။ တူးခွင့်ဆွခွင့် မရှိဘူး။ တူးဘို့ဆွဘို့ လက်နက်ကရိယာလဲ မရှိဘူး။ ဒထောင်ထဲမှာ မြေကြီးကို တူးနေတာ ဆွနေတာတွေ့ရင် ဒါ ထောင်ဖောက်မှုဘဲ။ ဥမင်လှိုက်ခေါင်းတူးပြီး ထောင်အုတ်ရိုး အပြင်ဘက်ကို ဖောက်ထွက်ဖို့ ကြိုးစားတယ်လို့ အယူဆခံရမယ်။ အကြီးမားဆုံး ပြစ်မှုဘဲ။ အပြင်းထန်ဆုံး အရေးယူခံရမယ်။

တို့က်ပိတ်ခံရမယ်။ အမျှားနည်းတူ ထမင်းမစားရတော့ဘဲ၊ ကော်ကိုဘဲ စားရမယ်။

ဒါပေမယ့် ကွမ်းအစ်ကြီးက တောင်သူလယ်သမားဇာတိတော့ ပြတယ်။ မိုးရွာလို့ မြေကြီးကလေး နည်းနည်းပျော့လာရင် ထောင်အာဏာပိုင်တွေရဲ့အလစ်မှာ သစ်သားအခွံနဲ့ဖြစ်ဖြစ် မြေကြီးကို ဆွတယ်။ ချဉ်ပေါင်ရိုးတွေကို ပြန်ထိုးစိုက်တယ်။ မဆလာအဖြစ်နဲ့ပေးတဲ့ နံနံစေ့ကလေးတွေကို ကြဲတယ်။ ပူးစေ့ဖရုံစေ့ကလေးတွေရရင်လဲ စိုက်တယ်။ ဒါပေမယ့် ထောင်ပိုင်တို့၊ ထောင်မှူးကြီးတို့ လှည့်လာတဲ့အခါမှာ မြင်သွားရင်တော့ မသက်သာဘူး။ ချိုက်ချင်း နှုတ်ပစ်ခိုင်းတာဘဲ။ အန္တရာယ်ရှိတာ၊ မရှိတာ မလိုချွင်ဘူး။ စည်းကမ်းဟာ စည်းကမ်းဘဲ။ စာအုပ်ကြီးအတိုင်းဘဲ။

တခုတော့ ရှိတယ်။ အလေ့ကျသတောမျိုးနဲ့ ပေါက်နေသယောင် စိုက်ထားနိုင်ရင်တော့ မမြင်ဘူးပေါ့။ ဆွဲနှုတ်မပစ်ဖူးပေါ့။ ဒါကလဲ တခါတခါတော့ ကျွန်တော်တို့အတွက် ဟင်းပို့တခွက် ရလာတတ်ပါတယ်။

ကျွန်တော်တို့အဆောင်က လူစုံစာယ်။ ကျွန်တော်တို့အထဲမှာ အသားငါးမစားတဲ့ ဟိန္ဒူလူမျိုး ကုလားကြီးတယောက်လဲ ရှိတယ်။ အသားငါးမစားပေမယ့်လို့ အသားငါးစားတယ်လို့ဘဲ ပြောပြီး သူ့အတွက် အချို့ကျရတဲ့ အသားငါးရိက္ခာကို ကျွန်တော်တို့ ယူတယ်။ ကျွန်တော်တို့အတွက် အချို့ကျရတဲ့ ဟင်းသီးဟင်းရွက်တွေနဲ့ လဲစားတယ်။ သူ့ကို ဟင်းသီးဟင်းရွက် ပို့ကျွေးတယ်။

နောက်ပြီးတော့ ကျွန်တော်တို့လို အကြုံအဖန်လုပ်တတ်တဲ့ ကောင်ကလဲ နှစ်ယောက်သုံးယောက် ရှိတယ်။ ညတိုင်ညတိုင် ကျရင် အိပ်ရေးပျက်ခံပြီး ကျွန်တော်တို့က ကြွက်ဖမ်းတယ်။ ကြွက်ဆိုတာက မြေကြွက်။ ညနေ တန်းပိတ်လိုက်ပြီးတော့၊ ညကိုးနာရီရောက်ရင် ထောင်ထဲမှာက မလဲ့မသွေ အိပ်ရတယ်။ အိပ်ပျော်ချင်ပျော်၊ အိပ်မပျော်ချင်နေ၊ ကိုယ့်အိပ်ရာထဲမှာ ကိုယ် နေရတယ်။ ထိုင်စကားပြောနေခွင့် မရှိဘူး။ စုဝေးနေခွင့် မရှိဘူး။ ထောင်ဖောက်ဖို့၊ ဒါမှမဟုတ် ထောင်စည်းကမ်း ဆန့်ကျင်ဘို့ စည်းဝေးတိုင်ပင်နေကြတယ်လို့ ထောင်အာဏာပိုင်တွေက ယူဆလေ့ရှိတယ်။ သည်တော့ ကိုယ့်အိပ်ရာထဲမှာကိုယ် ငြိမ်နေကြရတယ်။

လူတွေငြိမ်နေပြီဆိုတော့ အဆောင်အပြင်ဘက်က မြေကြွက်ကြီးတွေဟာ အဆောင်ထဲကို အစာရှာဝင်လာတတ်ကြတယ်။ လူတွေမှ မဝတဝစားနေကြရတာ။ ဘယ်မှာ ထမင်းကျန် ဟင်းကျန်ရယ်လို့ မျှားမျှားစားစားရှိမလဲ။ ဟင်းတွေပိုနေတယ်ရယ်လို့ကတော့ တခါမှမရှိပါဘူး။ အဲ တခါတလေတော့ ထမင်းကျန်တတ်တယ်။ သည်ထမင်းကျန်ကိုလဲ လွှင့်ပစ်ရိုးထုံးစံ မရှိပါဘူး။ ကျွန်တော်တို့ (ခ)တန်းအကျဉ်းသားတွေရဲ့ထမင်းဆိုတာက ဆန်ဖြူ။ ငစိန်မကလို့ ငစိန့်ထက်ကြမ်းချင်ကြမ်းအုံး။ ဖြူတာကတော့ ဖြူတာဘဲ။ ရိုးရိုးအကျဉ်းသားတွေ စားနေကြရတဲ့ လုံးတီးဆန် ညှဉ်ညှိကြမ်းကြမ်းကြီးတွေနဲ့စာရင်တော့ အများကြီးသာတာဘဲ။ သည်တော့ ဆန်ဖြူဆိုတာက အဖိုးတန်ဘိခြင်း။ ဘယ်လွှင့်ပစ်နိုင်ပါ့မလဲ။

သည်တော့ ထောင်ထဲကကြက်ဆိုတာက လောကမှာ အငတ်ဆုံးသတ္တဝါဖြစ်လိမ့်မယ် ဆင်တယ်။ သူ့အတွက် ဘယ်မှာစား စရာရှိပါ့မလဲ။

ဒါပေမယ့် ကျွန်တော်တို့တွေ့ရတဲ့ ထောင်ထဲကမြေကြွက်ကြီးတွေကတော့ ဘာတွေကိုစားပြီး သယ်လိုကြောင့် ဝဖိုးနေသလဲမသိဘူး။ အပြင်မှာတွေ့ရတတ်တဲ့ လယ်ကြွက်ကြီးတွေထက် တောင်မှ ကြီးချင်ကြသေးတယ်။ တကောင်တကောင်ကို လေးဆယ်သား ငါးဆယ်သားရှိတယ်။ သည်ကြွက်ကြီးတွေကို ကျွန်တော်တို့ ဖမ်းကြတယ်။

ဘယ်လိုဖမ်းသလဲ။ သိလား။

ညနေကထဲက ရေဆေးပြီး အဆောင်ထဲယူထားတဲ့ လမ်းဘေးစကြံခင်း ကျောက်ပြားကြီးကို ၃၀ ဒီဂရီလောက်စောင်းပြီး ဒုတ်ကလေးတချောင်းနဲ့ ထောက်လိုက်တယ်။ သည်ဒုတ်ကလေးကို ငါးမျှားကြိုးလို ခိုင်ခိုင်ကျစ်ထားတဲ့ ကြိုးနက်ကလေး တချောင်းနဲ့ ချည်ထားတယ်။ အဲသည်ကြိုးကလေးရဲ့ တဖက်စွန်းကိုကိုင်ပြီးတော့ ခြင်ထောင်ထဲကနေ စောင့်တယ်။ ကြိုးကတော့ အရှည်ကြီးပေါ့။ ကြွက်ထောင်တဲ့နေရာနဲ့ အိပ်တဲ့ကုတင်ကလဲ အဝေးကြီးပေါ့။ အဝေးကြီးဆိုပေမယ့် ဝါးတရိုက်လောက်ပေါ့လေ။ ကြွက်ထောင်တာက ရိက္ခာတွေထားတဲ့ဘက်မှာ။ သည်ရိက္ခာတွေရှိတဲ့ဘက်ကိုဘဲ ကြွက်တွေကလဲ လာကြတာ။ ကျွန်တော်တို့က ဘာလုပ်သလဲဆိုတော့ ဆန်အိုးထဲက ဆန်တဆုပ်လောက်ယူလိုက်တယ်။ အဲသည်ဆန်ကို ရေစွတ်ရုံဆွတ်ပြီး ခုနက ကျောက်ပြားကြီးရဲ့အောက် အလယ်ကောင်တည့်တည့်

လောက်မှာ ခပ်ပြန့်ပြန့်ကလေး ပုံလိုက်တယ်။ ဆန်ကလဲ ဖွဲမစင်တဲ့ ဆန်ဆိုတော့ ရေဆွတ်လိုက်တာနဲ့ ဖွဲနုံထွက်လာတယ်။ သည်ဖွဲနုံက ကြွက်ကြီးတွေကို မြူဆွယ်တယ်။ ကျွန်တော်တို့က ခြင်ထောင်ထဲကနေဖြီး ချောင်းကြည့်နေရတယ်။ တိတ်ဆိတ်နေတဲ့ ပတ်ဝန်းကျင်ဆိုတော့၊ ကြွက်ကြီးတွေရောက်လာပြီး ဆန်ကိုစားနေပြီဆိုရင်လဲ အသံကြားရတယ်။ သေချာလောက်ပြီဆိုတာနဲ့တပြိုင်နက် လက်ထဲကကြိုးကို ဆောင့်ဆွဲပစ်လိုက်တယ်။ ကျောက်ပြားအောက်မှာ ကြွက်ကြီးပိနေလို့ရှိရင် ကျောက်ပြားက အသံမမြည်ဘူး။ ကြွက်အော်သံဘဲ ကြားရမယ်။ ကြွက်ကို မမိလိုက်ဖူးဆိုရင်တော့ သံမံတလင်းပေါ်မှာ ကျောက်ပြားကြီးကျသံက အတော်မြည်သွားတတ်တယ်။ အဲသည်လို မြည်သံ ကြားရရင်တော့ အပြင်ဘက်မှာစောင့်နေတဲ့ ထောင်ကြပ်ကလဲ ပြေးလာမယ်။ မေးအုံးမြန်းအုံးမယ်။ ဖြေနေရ ရှင်းနေရအုံးမယ်။ အလုပ်ရှုပ်အုံးမယ်။ ဒါတွင်မကသေးဘူး။ အချင်းချင်းကလဲ သည်လောက်ညံ့ရမလားဆိုပြီး ဝိုင်းဆဲကြအုံးမယ်။ ကျွန်တော်တို့ ဖမ်းတဲ့လူကတော့ ကြွက်မိမို့ မမိမို ကြိုးကိုဆွဲပြီး တာနဲ့တပြိုင်နက် အိပ်ရာထဲက အမြန်ဆုံး ထပြေးရတယ်။ ကြွက်ကလဲ တော်ရုံတန်ရုံ ကိုယ်တပိုင်းတစကိုမိရုံနဲ့ မရဘူး။ အတင်းရုန်းထွက်ပြီး ပြေးတတ်တယ်။ တကိုယ်လုံးကိုမိပါမှ၊ ခေါင်းပိုင်းက အတွင်းဘက်ကို ရောက်နေပါမှ မပြေးနိုင်တော့တာ။ ဒါတောင် ကျွန်တော်တို့က လက်ဦးမှု။ ကျွန်တော်တို့ကပြေးပြီး ကြွက်ကိုဖိထားတဲ့ ကျောက်ပြားကြီးပေါ်မှာ တက်တက်ပြီး တအားဆောင့်ခုန်ရတယ်။ သေလောက်ပြီဆိုတော့မှ၊ အော်သံ

မကြားရတော့ဘူးဆိုတော့မှ အခုန်ရပ်ပြီး ကျောက်ပြားကိုမ။ သွေးအိုင်ထဲကကြွက်ကို အမြီးက ဆွဲ ကိုင်ယူရတယ်။

သည်ကြွက်တွေက အင်မတန်ပရိယာယ်များတယ်။ နိုင်ငံရေး သမားတွေနဲ့ နီးစပ်လို့လား မပြောတတ်ဖူး။ သွေးအိုင်ထဲမှာ။ အော်လဲ မအော်နိုင်တော့ဘူး။ လှုပ်လဲ မလှုပ်တော့ဘူး။ ဒါပေမယ့် သည်ကောင်တွေ တကယ်သေသေးတာမဟုတ်ဖူး။ ပြောရ အုံးမယ်။ နိုင်ငံရေးသမားတွေက ပြန်ပြီးအတုယူလောက်စရာ ကောင်းတဲ့ သတ္တိမျိုးလဲ သူတို့မှာရှိတယ်။ ခုလို သွေးအိုင်ထဲမှာ မလှုပ်တော့တာကိုမပြောနဲ့။ အမြီးကနေဆွဲပြီး သံမံတလင်းနဲ့ လေးငါးဆယ်ချက် တအားကိုင်ရိုက်ထားတာတောင်မှ မနက် မိုးလင်းရင် ဘယ်ရောက်သွားမှန်း မသိတော့ဘူး။ အလောင်း ရှာမရဘဲ ဖြစ်တတ်တယ်။ ရန်သူသတ်လို့သေရပေမယ့်၊ ဒင်းတို့ အစားတော့မခံဘူး ဆိုပြီးတော့မျှား ကျန်တဲ့အားကလေးနဲ့ သူ့ တွင်းထဲသူ အရောက်ပြန်ဝင်သွားသလား မပြောတတ်ဖူး။ ဒါမှ မဟုတ် သူ့ရဲဘော်ကြွက်ခြေနီကြွက်တွေကမျှား လာသယ်သွား သလား။

ခံရပေါင်း များပြီ။ အတွေ့အကြုံ များပြီ။ သည်တော့ သည်ကောင်တွေကို သံမံတလင်းနဲ့ ကိုင်ရိုက်။ ပြီးတော့ အသင့် လုပ်ထားတဲ့ ဝါးသီတံနဲ့ ပါးစပ်ကနေ ဖင်အထိထိုး။ သီတံ နှစ်ဖက်ကို ကြိုးနဲ့ချည်ပြီး သံချောင်းတချောင်းမှာ ချိတ်ဆွဲ ထားရတယ်။

ခက်တာက သည်လိုမှုမလုပ်ရင် ပြဿနာ။ မနက်ကျရင် ပျောက်ပျောက်သွားလို့ မစားရတာက အကြောင်းမဟုတ်ဖူး။

သူတို့က တွင်းထဲမှာပြန်သေရော။ နှစ်ရက်သုံးရက်လောက်က ကြွက်ပုပ်စော်နံနေရော။ ရှာလို့လဲမရ၊ ပိတ်လို့လဲမရနဲ့ သိပ်ဒုက္ခ ရောက်တာ။ ခုလို သီတံနဲ့ထိုးပြီး ချိတ်ထားလိုက်တော့ မလွယ် တော့ဘူးပေါ့။

အဆောင်ထဲမှာဆိုတာက မီးဖိုလဲ မရှိဘူးလေ။ မီးဖိုက အဆောင့်အပြင်ဘက် ခပ်လှမ်းလှမ်းမှာ။ သပ်သပ်။ ပြီးတော့ အဆောင်ထဲမှာလဲ ချက်စားခွင့် မရှိဘူး။

ကျန်တော်တို့တာဝန်ကတော့ ကျောက်ပြားသုံးပြားဆိုရင် သုံးကောင်ဖမ်းပေးမယ်။ လေးပြားဆိုရင် လေးကောင်ဖမ်းပေး မယ်။ ကျောက်ပြားတခုကို တညမှာ တကောင်ဘဲ ဖမ်းလို့ ရတယ်။ သွေးစွန်းသွားရင် သည်ကျောက်ပြားနဲ့ နောက်ထပ် ဖမ်းမရတော့ဘူး။ သည်အကောင်တွေက သိပ်ပါးတယ်။

နောက်တနေ့မနက်ကျရင်တော့ ဟင်းဖြစ်အောင်လုပ်ဖို့က ကျန်တော်တို့တာဝန် မဟုတ်ဖူး။ သည်အဆောင်ကလူတွေအတွက် ချက်ရေးပြုတ်ရေးကို အလှည့်ကျတာဝန်ယူထားတဲ့ ဖိုတာဝန်ခံရဲ့ အလုပ်။ ဖိုတာဝန်ခံဆိုတာကတော့ စားဖိုမှူးပေါ့လေ။

သူက ဘယ်လိုလုပ်သလဲဆိုတော့၊ ပထမဆုံး သည်ကြွက် တွေကို ရှဲပြာနဲ့ သုတ်လိုက် လိမ်းလိုက်တယ်။ ရှဲပြာဆိုတာက ရှဲနဲ့ပြာကိုရောပြီး ရေနဲ့ခပ်ပျစ်ပျစ်ဖျော်ထားတာ။ ပြီးတော့ နေပူလှန်းရင်လှန်း။ မလှန်းရင် မီးကင်။ ခြောက်သွားပြီဆိုတဲ့ အခါကျတော့ ခေါင်းဖြတ်။ အမြီးဖြတ်။ ခြေထောက်တွေဖြတ်။ ရင်ကိုခွဲ။ အထဲက ကလီစာတွေကို ထုတ်ပစ်။ အရေခွံကိုလဲ ဆုတ်ပစ်။ အဲသည်အချိန်အခါမှာ အဆီတဝင်းဝင်းနဲ့ နီရဲနေတဲ့

အသားကို ရမယ်။ အဲသည်အသားကိုမှ ကျောဖြန့်ပြီး ကျပ်ကင်။ ကျက်လောက်ပြီဆိုတော့ အသားတွေကို တစစီမျှင်ပြီး အရိုးတွေကိုထုတ်ပစ်။ အဲသည်အသားမျှင်တွေကိုမှ တခါပြန်ထောင်း။ နောက်ဆုံးတော့ ကြက်သွန်နှံနဲ့ ငရုတ်သီးနဲ့ ဆောကြော်။ ယုန်သားကြော် အရှုံးပေးရတာပေါ့။

ကျွန်တော်တို့က သည်လိုကြော်ထားတဲ့ ကြက်သားကြော်ကို ထောင်ဘာလချောင်ကြော်လို့ ခေါ်တယ်။ ကြော်ပြီးရင် ဖို့တာဝန်ခံက ဟောလစ်ပုလင်းတွေနဲ့ ခွဲပြီးထည့်ထားတယ်။ ကြက်သုံးကောင်ကို ဟောလစ်ပုလင်း ခြောက်ပုလင်းစာလောက် ရတယ်။ မစားဝံ့လို့ မစားတဲ့လူရယ်၊ သက်သတ်လွတ်မို့ မစားတဲ့လူရယ်၊ ဒါလဲ သိပ်မရှိပါဘူး။ အလွန်ဆုံး သုံးလေးယောက်ပါတဲ့။ အကုန်လုံး တွယ်ကြတာချည့်ပါဘဲ။

ကျွန်တော်တို့ကလဲ နေ့စဉ်မဖမ်းပါဘူး။ မျိုးပြုတ်သွားမှာလဲ စိုးရသေးတာကိုး။ တပတ်မှာ တခါလောက်ပဲဖမ်းပါတယ်။ အထူးသဖြင့် တနင်းလာနေ့ဆိုရင် ဖမ်းတယ်။ တနင်းလာဆိုတာက တပတ်စာရိက္ခာ ပေးတဲ့နေ့။ သည်နေ့မှာ ဆန် ဆီ ဆား ငရုတ် ကြက်သွန်ဆိုတဲ့ ကုန်ခြောက်တွေကို သူ့အချိုးကျနှုန်းနဲ့ တွက်ပေးတယ်။ ကိုယ်ကလဲ တွက်ယူရတယ်။ အဲသည်တော့ သည်နေ့မှာ ဆီပေါတယ်။ ကြက်သွန်ပေါတယ်။ ငရုတ်သီးပေါတယ်။ ပေါတုန်းမှာ ခုလိုကြော်ထားလိုက်။ သိပ်လဲ ပြဿနာမပေါ်ဘူး။ မစားတဲ့လူကလဲ သိပ်မပြုံငြင်ဘူးပေါ့။

စနေနေ့ဆိုတာက (ခ)တန်းအကျဉ်းသားတွေအတွက် ထောင်ဝင်စာရတဲ့နေ့။ အပြင်က မိဘဆွေမျိုး၊ သားမယား၊ မိတ်ဆွေ

အပေါင်းအသင်း စသဖြင့်ပေါ့လေ၊ လာတဲ့လူတွေနဲ့ တွေ့ခွင့်ရတဲ့နေ့။ သည်တော့ စနေနေ့ဆိုတာက များသောအားဖြင့် အစားအသောက် မြိုင်ကြတယ်။ အပြင်ကပို့တဲ့ အစားအသောက်ကလဲ စားရခဲဘိခြင်း။ များသောအားဖြင့် မုံတို့ဘာတို့သာ ပေးကြလေ့ရှိတာ။ တခါတရံမှ ငပိကြော်ကလေး၊ သရက်သီးဆီစိမ်ကလေး ပါလာတတ်တာ။ တချို့ကတော့လဲ ငခြောက်ခြမ်းကလေး အမဲခြောက်ကလေးပါတတ်တယ်။

ထောင်ဝင်စာဆိုတာကလဲ လူတိုင်းအတွက် ဘယ် ရှိပါ့မလဲ။ တချို့က ရပ်ဝေးမှာ။ ရပ်ဝေးကလူတွေအနေနဲ့ကတော့ တလ တခေါက်တောင် မှန်မှန်မလာနိုင်ရှာကြပါဘူး။ ကျွန်တော်တို့ အဆောင်မှာဆိုရင် တပတ်တခါ မှန်မှန် ထောင်ဝင်စာလာနိုင်တဲ့လူဆိုလို့ သုံးယောက်ဖဲရှိတယ်။ သည်သုံးယောက်ထဲမှာလဲ နှစ်ယောက်က သိပ်မဟုတ်လှဘူး။ သိပ်တတ်နိုင်ပုံ မရကြဘူး။ နောက်ပိုင်း စီးပွားရေးအခြေအနေ ကောင်းတဲ့လူဆိုလို့ ၆(ခ)နဲ့ ကျနေတဲ့ ဦးကျော်တင့်ဆိုတဲ့လူတယောက်ဖဲ ရှိတယ်။ အဲ သူ့အိမ်ကတော့ စနေနေ့တိုင်း မှန်မှန်လာတယ်။ လာရင်လဲဘဲ ထန်းခေါက်တောင်းတလုံးနဲ့အပြည့် ပါပါလာတတ်တယ်။ သူ့ရာသီနဲ့သူပေါ်တဲ့ လိမ္မော်သီးတို့ နာနတ်သီးတို့လိုဟာမျိုးတွေလဲ ပါတယ်။ ကစွန်းဥတို့ ပြောင်းဖူးတို့ ပဲမြစ်တို့ဆိုတာမျိုးတွေလဲ ပါတယ်။ တခါတခါတော့ ကြာဇံတို့ ခေါက်ဆွဲခြောက်တို့ဆိုတာမျိုးတွေလဲ ပါလာတတ်ဘယ်။ ဘယ်တော့မှမမေ့ဘဲ အမြဲပါလာတတ်တာကတော့ ဦးကျော်တင့်ကြိုက်တတ်တဲ့ ဝက်အူချောင်းဘဲ။ ပါလာတဲ့ဝက်အူခြောင်းတွေကို တနပ်တချောင်းကျနဲ့

ဦးကျော်တင့်အတွက် ပြုတ်ပြုတ်ပေးရတယ်။ ဝိုတဲ့ဝက်အူချောင်းတွေကိုတော့ ကျွန်တဲ့လူတွေအတွက် ဦးကျော်တင့်က ပေးတယ်။ စိုင်းစားကြတာဘဲ။

ထောင်ထဲမှာ ထမင်းစားတယ်ဆိုတာက စပွဲတခုထဲပေါ်မှာ တချိန်ထဲ တပြိုင်နက်ထဲ စားရတယ်။ ကိုယ့်ထမင်းပန်းကန်နဲ့ ကိုယ်။ ကိုယ့်ဟင်းခွက်နဲ့ ကိုယ်။ ဒါကို ပုံစံလွဲခေါ်တယ်။ ဟင်းခွက်တွေထဲမှာ ဟင်းကိုအညီအမျှဝေပြီး ထည့်ထားတယ်။ ကြိုက်တဲ့နေရာမှာ၊ ကြိုက်တဲ့ပုံစံကို စားနိုင်တယ်။ သည်လို မျက်နှာချင်းဆိုင်၊ ဘေးချင်းယှဉ်ထိုင်ပြီး စားကြတဲ့အခါမှာ ဘယ်တကိုယ်ကောင်းဆန်ကြပါ့မလဲ။ ကိုယ့်ရှိလဲ သူစား။ သူ့ရှိလဲ ကိုယ်စားပေါ့။ ငါ့အိမ်က ငါ့ဘို့ပေးတဲ့ ငပိကြော်ကလေးဆိုပြီး ဘယ်သူမှ မျက်နှာပြောင်တိုက် တယောက်ထဲ မစားပါဘူး။ သူတကော် ကိုယ်တကော် စိုင်းကော်လိုက်တယ်ဆိုရင်ဘဲ တနပ်ထဲနဲ့ ပြောင်တာဘဲ။ ဝိုင်းစားတဲ့လူတွေကလဲ အားနာကြရိုးထုံးစံ မရှိဘူး။ ဥစ္စာရှင်ကလဲ မကြည်မဖြူ မရှိဘူး။ ထောင်ထဲမှာဆိုတာက တယောက်နဲ့တယောက် ဒါဘဲ ရဲဘော်၊ ဒါဘဲ ညီအကို၊ ဒါဘဲ သူငယ်ချင်း။ ဘယ်သူမှ ခွဲခြမ်း ခွဲခြမ်း မလုပ်ကြဘူး။

ဆိုတော့ကာ၊ တနင်္ဂနွေနေ့ညနေဆိုရင်ဘဲ ထောင်ဝင်စာပါလာတာတွေက ကုန်ပြီ။ ပါးစပ်တွေကလဲ အကျင့်ပျက်ချင်ချင် ဖြစ်လာပြီ။ တနင်းလာနေ့ရောက်တော့ ဟင်းခွက်က နည်းသွားပြီ။ သိပ် ထမင်းမြိန်ချင်ကြတော့ဘူး။ သည်တော့ ထောင်ဘာလချောင်ကြော်ကို တမ်းတလာကြပြီ။ အကြုံအဖန် လုပ်ရပြီ။

(ခ)တန်းအဆောင်တွေထဲမှာ အကြုံအဖန် အများဆုံးအဆောင်ကတော့ ကျွန်တော်တို့အဆောင်ဘဲ။ ထောင်အာဏာပိုင်တွေကလဲ ကျွန်တော်တို့အကြောင်းကို သိပုံရပါတယ်။ ဒါကြောင့်မို့လဲ ကျွန်တော်တို့ကို မျက်ခြည်မပြတ် ဂရုစိုက်ကြည့်ခိုင်းလေ့ရှိတယ်။ ကျွန်တော်တို့ ဘာတွေလုပ်နေတယ်ဆိုတာကို အကျဉ်းသားသတင်းပေးတွေနဲ့ ထောက်လှမ်းခိုင်းလေ့ရှိတယ်။

ကျွန်တော်တို့ကလဲ ကျွန်တော်တို့ဘဲ။ ကျွန်တော်တို့နဲ့ ကပ်ရက်၊ မြောက်ဖက်က ဝင်းထဲမှာ ရိုးရိုးတန်းပုဒ်မ ၅ အဆောင်ဆိုတာ ရှိတယ်။ အဲသည်အဆောင်ကနှစ်ထပ်။ အကျဉ်းသားနှစ်ရာလောက်ရှိတယ်။ ပုဒ်မ ၅ ဆိုတာကတော့ သိကြတဲ့အတိုင်းဘဲ။ ဘာအမှုမှ မရှိကြတဲ့လူတွေ။ လွတ်ရက်မရှိတဲ့လူတွေ။ လွတ်ရက်ကို မသိနိုင်တဲ့လူတွေ။ ဘယ်တရားရုံးမှာမှ တရားစွဲပြီးမတင်နိုင်တဲ့အတွက်လဲ၊ ဘယ်တရားရုံးကိုမှ မထွက်ရတဲ့လူတွေ။ ပြီးတော့ အားလုံးက နိုင်ငံရေးသမားတွေ။ ကွန်မြူနစ်တွေ။ အလံနီတွေ။ ပြည်သူ့ရဲဘော်တွေ။ ဒါကြောင့်လဲ အဲသည်အဆောင်ကိုတော့ သုံးပါတီဌာနချုပ်လို့ နာမယ်ပေးကြတယ်။ ကျွန်တော်တို့အဆောင်ကနေ ဗူး(ထောင်ဝရုံးခန်း)ကို သွားမယ်ဆိုရင် အဲသည်အဆောင်ရှိတဲ့ဝင်းကို ဖြတ်ပြီးသွားရတယ်။ ပြီးတော့ သူတို့ကလဲ သူတို့အတွက်ထမင်းဟင်းကို သူတို့ဖိုနဲ့သူတို့ချက်တယ်။ တထောင်လုံးမှာရှိတဲ့ တခြားအကျဉ်းသား ထောင်ငါးရာ၊ နှစ်ထောင်အတွက် တာဝန်ယူချက်ပြုတ်တဲ့ ဖိုမကြီးဆိုတာနဲ့ မရောဘူး။ သူတို့က သူတို့အတွက်ထမင်းကို မိုးမြဲဒယ်ကြီးတွေနဲ့ ချက်တယ်။ ချက်ပြီးတော့ ထန်းခေါက်တောင်းကြီ

သွင်းလာတဲ့ဝက်သားတွေမှာ အသားကလေးတမျှင်နှစ်မျှင်မှ
ကပ်ပြီးရောပါမလာဘူးဆိုတာကတော့ တကယ်အံ့သြစရာဘဲ။
သည်အဆီတုံးကြီးတွေကလဲ ကြည့်လိုက်ရင် လုံးဝစားသချင့်ဘွယ်
မရှိဘူး။ နန္ဒင်းနဲ့ ဆားနဲ့နယ်ပြီး ရေလုံပြုတ်ထားတာနဲ့ တူပါ
တယ်။ အဆီတုံးဆိုလို့ နူးနေနုပ်နေလိမ့်မယ်လို့တော့ မအောက်
မေ့နဲ့။ သွားနဲ့ကိုက်ဖြတ်မှ ပြတ်တယ်။ နန္ဒင်းတွေကလဲ ဘယ်
လောက်ထည့်ထားသလဲ မပြောတတ်ဖူး။ ဝါထိန်နေတာဘဲ။
ပြီးတော့ အခေါက်ကြီးတွေကို ကြည့်အုံးမလား။ လက်တဆစ်
လောက်ရှိတဲ့ ဝက်မွေးကြီးတွေတန်းလန်းနဲ့။ တချို့အခေါက်
တွေမှာဆိုရင် သားသတ်ရုံကရိုက်ထားတဲ့ တံဆိပ်တုံးအရာကြီး
တွေတောင် မပျက်ဖဲပါလာတတ်သေးတယ်။ ဘာဘဲဖြစ်ဖြစ်လေ။
ခုနစ်ရက်တပတ်၊ ဆယ့်လေးနပ်မှာမှ တနပ်ဖဲကြွံရတဲ့ ဝက်သား။
မစားဘယ်သူနေနိုင်ပါ့မလဲ။ အဲ.....ဝက်သားမစားတဲ့လူတွေအဖို့
ကတော့ ဘဲဥပြုတ်တလုံး။ ကျန်တဲ့ရက်တွေမှာကတော့ ပဲ။
တနင်္ဂနွေနေ့မှာ ပဲကြီးဆိုရင် တနင်းလာနေ့မှာ ထောပတ်ပဲ။
အင်္ဂါနေ့မှာ စွန်တာနီဆိုရင် ဗုဒ္ဓဟူးနေ့မှာ မတ်ပဲ။ ကြာသ
ပတေးနေ့မှာ ကုလားပဲဆိုရင် သောကြာနေ့မှာ ပဲစဉ်းငုံ။
သည်လိုနဲ့ ပဲသံသရာလည်ရတယ်။ ပဲဆိုပေမယ့်လဲ စားလို့ကောင်း
တဲ့၊ အဖိုးတန်တဲ့ စားတော်ပဲတို့၊ ပဲဆာဇာတို့၊ ပဲကတ္တိပါတို့၊
ပဲလိပ်ပြာတို့တော့ မစားရပါဘူး၊ ဒါတွေက မနက်စာ။ ညနေ
စာကတော့ ဟင်းသီးဟင်းရွက်။ ထောင်မှာ အကျဉ်းသားတွေ
ကိုယ်တိုင် စိုက်ရပျိုးရတဲ့ တောင်ယာဆိုတာရှိတယ်။ အဲသည်
တောင်ယာကထွက်တဲ့ အသီးအရွက်တွေကို ကြော်တာလဲမဟုတ်၊

တွေနဲ့ ခူးတယ်။ တဒယ်ပြီးတဒယ် ချက်တာဘဲ။ အဲသည်တော့
ကျွန်တော်တို့က အကြံအဖန်လုပ်တယ်။ တခါတခါ....တဒယ်
လောက်ကို ထမင်းဂျိုးရအောင်လို့ အချက်ခိုင်းတယ်။ အဲသည်
ဂျိုးတွေကို ကျွန်တော်တို့အတွက် တောင်းတယ်။ ပုဒ်မ ၅ ဖို့
ကလဲ ကြည့်ကြည့်ဖြူဖြူဘဲပေးတယ်။ ပေးမှာပေါ့။ အပြန်အလှန်
ရှိတာကိုး။ ပြီးတော့လဲ နိုင်ငံရေးသမားအချင်းချင်းလေ။ တော်
လှန်ရေးပါတီတွေက ရဲဘော်အချင်းချင်းလေ။ ကျွန်တော်တို့
ကလဲ ကျွန်တော်တို့ဖိုအတွက်ပေးတဲ့အထဲက ပိုတဲ့ထင်းတွေဆိုရင်လဲ
သူတို့ကို အကုန်ပေးတာဘဲ။ သည်တော့ သူတို့ဖိုကပေးတဲ့
ထမင်းဂျိုးပူပွေးနွေးနွေးကို ကျွန်တော်တို့က ဆီဆမ်း ဆားဖြူးပြီး
စားကြတယ်။ အဲသည်နေ့မှာတော့ ကျွန်တော်တို့အတွက်ရတဲ့
ပေါင်မုန့်ယိုကိုလဲ သူတို့ကိုပေးလိုက်တယ်။ လဲစားတဲ့သဘော
ပေါ့။ သူတို့အထဲမှာ နေမကောင်းနေတဲ့ လူမမာရှိရင် ကျွန်
တော်တို့ပေးတဲ့ပေါင်မုန့် အတော်ဘဲ။ နော့မို့ဆိုရင် အဲသည်
နေမကောင်းနေတဲ့လူဟာ ဆန်ပြုတ်ရေကြဲဘဲ သောက်ရမယ်။

ဒါတွင် ဘယ်ကအုံးမလဲ။ ဖိုကြီးကပဲပြုတ်ကိုလဲ ကျွန်တော်
တို့က သွားတောင်းလိုက်သေးတယ်။ ရိုးရိုးအကျဉ်းသားတွေအနေ
နဲ့က ကျွန်တော်တို့လို နေစဉ်အသားမစားရဘူး။ တပတ်မှ တနပ်ဖဲ
အသားစားရတယ်။ အသားဆိုတာကလဲ တခြားအသား
မဟုတ်ဖူး။ ဝက်သား။ ဝက်သားဆိုပေမယ့်လဲ အသားမပါပါ
ဘူး။ အခေါက်နဲ့အဆီဘဲ။ ထယောက်ကို တတုံးဘဲပေးတယ်။
တတုံး ဟတုံးကို ၄ အောင်စရှိတယ်လို့တော့ ပြောတာဘဲ။ သည်
လောက်များပြားတဲ့အကျဉ်းသားတွေအတွက် ကန်ထရိုက်စနစ်နဲ့

ဟင်းချို့လဲမဟုတ်၊ ဘာမှန်းမသိတဲ့ပုံစံမျိုးနဲ့ချက်ထားတဲ့ ဟင်းတခွက်ရယ်။ ချဉ်ပေါင်ရွက်တို့၊ ကန်ဇွန်းရွက်တို့ကျတော့လဲ ချဉ်ရည်ဟင်းပေါ့လေ။ အဲသည်တခွက်နဲ့ ငပိကြော်နဲ့စားရတယ်။ ငပိကြော်ဆိုတာက စိမ်းစားငပိတွေကို အရည်ဖျော်ပြီး ဆီကလေးမဖြစ်စလောက်နဲ့ ဒလိန်းထိုးတာဘဲ။ ရေမဆေးဘဲ ပစ်ထည့်လိုက်တဲ့ ဖလံဖြူရေတ်သီးခြောက်တွေတော့ ပါတာပေါ့။ အဲဒါတောင် တယောက်မှ တကလော်ဘဲ ရတာ။ တကလော်ဆိုတာက ဘုရားစေ့းမှာရောင်းလေ့ရှိတဲ့ ဟင်းခပ်ကြေးဇွန်းနဲ့ တကလော်။ ကံကောင်းတဲ့လူကတော့ ငပိကိုအရင်ခပ်မိပြီး ငရုတ်သီးက နောက်မှပါတဲ့ တကလော်ကို ရတဲ့လူ။ ကံမကောင်းတဲ့လူကျတော့ ငရုတ်သီးတောင့်ကို အရင်ခပ်မိပြီး ငပိက ပါမလာတော့ဘူး။

သူတို့ရိုးရိုးတန်းဘက်မှာ ထမင်းစားရတော့မယ်လို့ဆိုရင် ဖိုကြီးထဲက ထမင်းထည့်ပေးမယ့်လူက အပြင်ဘက်ကို 'ထမင်းဆဲ့'လို့ လှမ်းအော်ပြီး ပြောလိုက်စမ်း။ ထမင်းစားရတော့မှာမို့၊ ဖိုကြီးအပြင်ဘက် ထမင်းပေးမယ့်အပေါက်နားမှာ ရစ်သီရစ်သီနဲ့ စောင့်နေကြတဲ့လူတွေက ကိုယ်ချင်းစာပြီး 'ထမင်းဆဲ့' 'ထမင်းဆဲ့'လို့ ဆင့်ကဲဆင့်ကဲ လှမ်းလှမ်းအော်ကြတယ်။ သည်လိုနဲ့ 'ထမင်းဆဲ့'ဆိုတဲ့အသံဟာ တထောင်လုံး နှံ့သွားတယ်။ သည်အခါမှာ ကိုယ့်ပန်းကန်ကလေးတွေ ကိုယ့်ခွက်ကလေးတွေယူပြီး ဖိုကြီးဘက်ကို သူ့ထက်ငါအလုအယက် ပြေးလာကြရတယ်။ ပြီးတော့ ရှပ်ရှင်လက်မှတ်ပေါက်မှာတန်းစီသလို ဖိုကြီးမှာ တန်းစီကြရတယ်။ ထမင်းပန်းကန်ပြားတချပ်၊ ကိုင်းခွက်တခွက်၊ ဒါဘဲ။ အပေါက်ကလေးကနေပြီး ပန်းကန်ကို ထိုးပေးလိုက်ရတယ်။ ပန်း

ကန်ပြားထဲမှာ ထမင်းတွေထည့်ပေးလိုက်မယ်။ ငပိတကော်ပုံပေးမယ်။ ခွက်ထဲမှာ ဟင်းထည့်ပေးလိုက်မယ်။ မဝလဲ ဒါဘဲ။ ဝလဲ ဒါဘဲ။ နောက်ထပ်တောင်းပိုင်ခွင့် မရှိဘူး။ ဒါကို 'ပုံစံ'လို့ ခေါ်တယ်။

အများအားဖြင့်ကတော့ မဝကြပါဘူး။ အလုပ်ကြမ်းလုပ်နေကြရတဲ့ လူတွေဘဲ။ ထမင်းကလဲပြီးတော့လဲ ဘာမှစားကြရတာ မဟုတ်ဖူး။ သည်တော့ သူတို့မှာလဲ ဝဝစားရအောင် အကြံအဖန်လုပ်ရတယ်။

ထမင်းပန်းကန်ဆိုတာက ဒန့်ပန်းကန်ပြားတွေပါ။ မူလကတော့ စေ့းထဲမှာရောင်းနေတဲ့ ပန်းကန်ပြားမျိုးတွေပါဘဲ။ ဒါပေမယ့် ဘယ်လောက်ဖဲ့ အမောက်ကြီးထည့်ပေးပေး၊ သည်တပန်းကန်ပြားလောက်နဲ့ မဝကြတော့ကာ၊ ပန်းကန်ပြားကို ပြီးဆံ့သထက်ဆံ့အောင်၊ ပိုပြီးပါသထက်ပါအောင် ထုကြဆောင်းကြတယ်။ ထုရင်းထောင်းရင်းနဲ့ ပန်းကန်ပြားကြီးကယ်အိုးကြီးလို ဖြစ်သွားတယ်။ ဒါ့ကြောင့် သူတို့ပန်းကန်ပြားဟာ ပန်းကန်ပြားဆိုပေမယ့် ဒယ်အိုးတွေဖြစ်ကုန်ကြပါပြီ။ တချို့များဆိုရင် ဆံ့သထက်ဆံ့အောင် ထုရင်းထောင်းရင်းနဲ့ ပါးလိုက်လာပြီး ပေါက်တောင်ကုန်ကြပြီ။ ကိစ္စမရှိပါဘူး။ ထမင်းစားဘုန်းတခဏမှာ သည်အပေါက်ကို အားတဲ့လက်တဖက်နဲ့ပိတ်ပြီး စားလို့ရပါတယ်။

အဲသည်လောက်ဆင်းရဲတဲ့အထဲက၊ အဲသည်လောက် မလောက်မင ဖြစ်နေရတဲ့အထဲက၊ ကျွန်တော်တို့က ပါပြုတ်သွားတောင်းကြသေးတယ်။ ထမင်းရည်တဇွန်း ကူသောက်ကြသေးတယ်။

PDF Creator - nyeyadhamma@gmail.com
PDF Creator - nyeyadhamma@gmail.com

ပဲပြုတ်ဆိုတာကလဲ တခြားပဲ မဟုတ်ပါဘူး။ ထောပတ်ပဲတို့၊ စွန်တာနီတို့ ပြုတ်တဲ့နေ့မှာပါ။

ပဲပြုတ်တယ်ဆိုလို့ ပြောရအုံးမယ်။ သူတို့ဖိုကြီးမှာ ထမင်းဟင်းချက်တာက ကျွန်တော်တို့ဘက်တွေမှာလို ထင်းနဲ့မဟုတ်ဖူး။ လူနေစ်ထောင်လောက်အတွက် အချိန်မီကျက်အောင် ချက်ဖို့ဆိုတာက ဘယ်လွယ်မလဲ။ တအိုးပြီးမှတအိုးလဲ ချက်မနေနိုင်ဘူးလေ။ အဲသည်တော့ ရေနွေးငွေ့နဲ့ချက်ရတယ်။ တပြိုင်နက်ထဲ ချက်ရတယ်။ သူတို့ရဲ့ဖိုကြီးဆိုတာက စက်ရုံတရုံလိုဘဲ။ ရေနွေးငွေ့နဲ့ ချက်တာဆိုတော့ စက်ခန်းနဲ့၊ ဘွိုင်လာအိုးနဲ့။ သည်စက်ခန်းမှာလဲ သူ့တာဝန်နဲ့သူပေါ့။ အကျဉ်းထောင်ဝန်ထမ်းက ကြည့်ကြပ်အုပ်ချုပ်ရတယ်။ အကျဉ်းသားတွေက လုပ်ရကိုင်ရတယ်။ အဲသည်စက်ခန်းထဲက ရေနွေးငွေ့တွေဟာ တဖက်ကမီးဖိုခန်းကြီးထဲကို ပိုက်တွေနဲ့သွားတယ်။ မီးဖိုခန်းကြီးထဲမှာက လူ့တရပ်လောက်မြင့်တဲ့ လေးထောင့်သံအိုးကြီးတွေရှိတယ်။ သူ့အုတ်ခုံနဲ့သူ တန်းစီပြီးရှိကြတယ်။ အိုးတိုင်းအိုးတိုင်းကို ပိုက်လုံးတွေနဲ့ဆက်ထားတယ်။ သည်အိုးတလုံးတလုံးဟာ ဂါလံလေးထောင်ခန့် ရေတိုင်ကီကြီးတွေလိုဘဲ။ လေးထောင့်စပ်စပ်ကြီးတွေ။ ဒါပေမယ့် ရေတိုင်ကီလို သံပြားအပါးစားနဲ့ လုပ်ထားတာမဟုတ်ဖူး။ သံပြားရဲ့ဒုံကိုက လက်မဝက်လောက် ထူတယ်။ ဆည်အိုးကြီးတွေရဲ့ နှုတ်ခမ်းဟာလဲ တပေလောက်ကျယ်တယ်။ အိုးနှုတ်ခမ်းပေါ်မှာ လူတွေတက်လမ်းလျှောက်လို့ရတယ်။

သည်အိုးကြီးတွေအတွက် စလောင်းဖုံးကိုတော့ သူ့အိုးနဲ့သူ အပေါ်တည့်တည့်မှာ စက်သီးနဲ့ခွဲထားတယ်။ စလောင်းဖုံးဖွင့်

ချင်ရင်လဲ စက်သီးနဲ့ဖွင့်ရတယ်။ ပိတ်ချင်ရင်လဲ စက်သီးနဲ့ဘဲပိတ်ရတယ်။ စလောင်းဖုံးတခုတခုရဲ့ အလေးချိန်ကိုက မနည်းဘူး။ လူဆယ်ယောက်လောက် တူးရွင်းနဲ့ ကလော်မ လို့တောင် ရမယ် မထင်ဘူး။

သည်အိုးကြီးတွေနဲ့ ထမင်းချက်တယ်။ သည်အိုးကြီးတွေနဲ့ ပဲပြုတ်တယ်။ စုစုပေါင်း အိုးခြောက်လုံးရှိတယ်။ အိုးတလုံးတလုံးဟာ ဆန်အိတ် ၂ အိတ်၊ လေးတင်းထည့် ချက်လို့ရတယ်။ လေးတင်းဝင် အိုးလို့ ခေါ်ရမှာပေါ့။ ဂိုဒေါင်ထဲက ဆန်အိတ်တို့၊ ပဲအိတ်တို့ကို ထမ်းလာ။ တခါထဲ သည်အိုးကြီးတွေထဲကို သွန်ထည့်။ ပြီးတော့ အိုးကြီးတွေထဲ တိုက်ရိုက်ဆက်သွယ်ထားတဲ့ ရေဘုံဘိုင်ခေါင်းတွေကို ဖွင့်ချလိုက်။ အောက်ခြေအထိ ရေမရောက်အောင်လို့တော့ လက်ခုပ်တဖောင်လောက်ရှိတဲ့ လှေလှော်တက်ကြီးတွေနဲ့ နှည်းနှည်းပါးပါးမွေပေးရတယ်။ ဆန်ဆေးရိုးထုံးစံ မရှိပါဘူး။ ဒါပေမယ့် အမှိုက်သရိုက်တွေပါလို့ အပေါ်ယံတက်လာရင်၊ ရေပေါ်ပေါ်လာရင်တော့ကာ၊ ဝတ်ကျေတန်းကျေ ဆယ်ခပ်ပစ်ပါရဲ့။ ရေခန်းပေါ့။ ရေခန်းချက်တာပေါ့။ တယ်မှာထမင်းရည်ငွဲလို့ရပါ့မလဲ။ ချက်နေကျဆိုတော့လဲ ချက်တတ်ကြပါတယ်။ ထမင်းပျော့သွားလို့၊ ထမင်းမာသွားလို့ရှိရင်လဲ အကြောင်းမဟုတ်ပါဘူး။ ဘယ်သူကမှ ပြန်မပြောရဲပါဘူး။ ပြဝဖန်ရဲပါဘူး။ မစားချင်နေပေါ့။ တော်ပေါ့။ ဂရုစိုက်လို့။

ဒါပေမယ့် သည်အိုးကြီးတွေရဲ့ ဖင်ပိုင်း၊ လေးဘက်လေးမျက်နှာမှာတော့ ဘုံဘိုင်ခေါင်းတွေ တပ်ထားတယ်။ သည်ဘုံဘိုင်ခေါင်းတွေကိုဖွင့်လိုက်ရင် အိုးထဲမှာရှိတဲ့ ရေတွေတော့

ထွက်ကုန်နိုင်တာပေါ့။ ဘုံဘိုင်တွေအောက်တည့်တည့်မှာလဲ အိုး
မြောင်းတွေ အဆင်သင့်ရှိတယ်။ ဒါကြောင့် သည်နည်းနဲ့ ထမ
ရည်ပွဲမယ်ဆိုရင်လဲ ဖြစ်နိုင်တာဘဲ။ ဒါပေမယ့် ထမင်းကိုတော
ရေခန်းဘဲချက်ကြလေ့ရှိတယ်။

အဲ့ အိုးဆေးတဲ့အခါမှာတော့ သည်အိုးကြီးတွေထဲကို ရေ
ဖွင့်ချ။ အိုးဆေးတဲ့လူက အိုးထဲဆင်း။ တံမြက်စည်းတချောင်
ရေကန် ချေးဆေးသလိုဆေး။ ခုနကပြောတဲ့ အောက်ပိုင်း
ရေတုံတိုင်ခေါင်းတွေကို ဖွင့်ချ။ သံအိုးနဲ့ချက်တာမို့လား၊ ရေ
ငွေအပူခတ်နဲ့ ချက်တာမို့လို့လားတော့ မသိဘူး။ သည်အိုးကြ
တွေမှာ ထမင်းကျိုးကပ်လေ့မရှိဘူး။

နောက်တခုကောင်းတာက သည်အိုးကြီးတွေက စလောင်း
ပိတ်လိုက်ရင် သိပ်လုံတယ်။ ဒါ့ကြောင့်မို့ သည်အိုးကြီးတ
ပြုတ်တဲ့ပဲဟာ သိပ်နူးတယ်။ ကျွန်တော်ထင်တယ်လေ။ ကျော
ခဲတောင်ထည့်ပြုတ်ရင် နူးသွားမလားမသိဘူး။ ဘာဖြစ်လို့
ဆိုတော့ တခါတခါ ပဲနဲ့ရောပြီး ပါသွားတတ်တဲ့ မန်ကျည်း
တောင် နူးထွက်လာတာဘဲ။ ဒါ့ကြောင့် သည်ပဲပြုတ်ရ
ထမင်းကျိုးပူပူနွေးနွေးရယ်ကို မနက်စောစောမှာ ဆီဆမ်း ဆ
ဖြူးပြီးစားလိုက်ရရင် အင်မတန်အရသာရှိတယ်။

ကျွန်တော်တို့ ပဲပြုတ်တောင်းတယ်ဆိုတာက လူ ဆယ့်
ယောက်စာပါ။ နည်းနည်းပါ။ နို့ဆီဗူး လေးလုံးစာလော
ပါ။ သူတို့အဖို့က သည်လောက်ကလေးနုတ်လိုက်ရုံနဲ့ ဘ
မဖြစ်လောက်ပါဘူး။ ဒါကြောင့်လဲ သွားတောင်းတယ်ဆို
ဂေါ်ပြားကြီးနဲ့တကော် ကော်ပေးလိုက်တာဘဲ။ လောက်ရဲလား

ယူအုံးမလား၊ ယူအုံးလေ ဆိုပြီးတော့တောင်မှ အတင်းထည့်ပေး
တတ်သေးတယ်။ တနပ်စာ ပဲပြုတ်တယ်ဆိုတာကလဲ အိုးကြီး
တအိုးနဲ့ အပြည့်ပြုတ်တာ။ လေးဇာင်း။

သည်အိုးကြီးတွေထဲက ထမင်းခူးပြီဆိုရင်၊ ထမင်းခူးရတဲ့
လူတွေအဖို့ကတော့ မသက်သာလှဘူး။ အလုပ်ကြမ်းဘဲ။ ထမင်း
အိုးနှုတ်ခမ်းပေါ်မှာ ဟိုဘက်တယောက် သည်ဘက်တယောက်
တက်ရတယ်။ ပြီးတော့ ပန်းရံသမားတွေသုံးတဲ့ သဲကော်တဲ့
ဂေါ်ပြားဦးဝိုင်းကြီးတွေနဲ့ အိုးထဲက ထမင်းတွေကို ကော်ကော်
ပြီး ခူးရတယ်။ ထမင်းတအိုးကို ခူးရတယ်ဆိုတာဟာ ငါးပေ
ပတ်လည်နဲ့ အနက်ငါးပေလောက်ရှိတဲ့ တွင်းတတွင်းထဲက မြေ
ကြီးတွေ သဲတွေကို ကော်ထုတ်ရတာနဲ့အတူတူ ပင်ပန်းတာဘဲ။
မြေကြီးကော်တာကမှ တွင်းထဲကို ဆင်းလို့ရအုံးမယ်။ ထမင်းခူးရ
တာက ထမင်းအိုးထဲကို ဆင်းလို့မရဘူး။

ထမင်းက ပူပူ။ အငွေ့ကလဲ ဟပ်သေး။ ပင်ပန်းတာကလဲ
ပင်ပန်းသေး။ စီးထားတဲ့ခုံဖိနပ်ပေါ်က ခြေချော်ကျပြီး အိုး
နှုတ်ခမ်းသံပူနဲ့ မထိအောင်ကလဲ ဂရုစိုက်ရသေး။ အို ထမင်း
ခူးရတဲ့လူဟာ ချေးခီးခီးပြိုက်ပြိုက်ကျလို့။ ချေးတွေကတော့
ထမင်းအိုးထဲ ဝင်တာပေါ့လေ။ ကိစ္စမရှိပါဘူး။ သေတတ်တာ
မှတ်လို့။

ခူးထည့်ရတဲ့ထမင်းဇလုံဆိုတာကလဲ တကယ်ကတော့ ဘယ်
ဇလုံဟုတ်မလဲ။ သည်လောက်ကြီးတဲ့ဇလုံမျိုးလဲ ဘယ်မှာရှိမလဲ။
အဲ့သည်တော့ အနောက်နိုင်ငံသားတွေ တကိုယ်လုံးဝင်စိမ်ပြီး
ချိုးတဲ့ ပက်လက်ရေချိုးကန်ကြီးတွေကို ထမင်းဇလုံအဖြစ်သုံးရ

တယ်။ ထမင်းတွေအပြည့်အမောက်ထည့်ထားတဲ့ သည်ရေချိုးကန်ဇလုံကြီးတွေကိုလဲ မနိုင်မှာမဟုတ်တဲ့အတွက် ဇလုံအောက်မှာ ခုံလုပ်ပြီး ဘီးလေးဘီးတပ်ထားရတယ်။ ချဉ်ရည်ဟင်းအိုးထဲက ချဉ်ရည်ဟင်းကို ခပ်ပြီဆိုရင်လဲ ရေတွင်းထဲကရေကိုခပ်သလို လက်ဆွဲကိုင်းပုံးနဲ့ ကြိုးတပ်ပြီးခပ်ရတယ်။ တခုဘဲရှိတယ်။ ငပိကြော်ကိုတော့ မိုးမြဲဒယ်ကြီးနဲ့ကြော်တယ်။

သည်ဖိုကြီးကို ထောင်မှူးတယောက်က အုပ်ချုပ်တယ်။ သူ့လက်အောက်မှာ အကျဉ်းထောင်ဝန်ထမ်းဖြစ်တဲ့ ထောင်ကြပ်တွေရှိတယ်။ သည်တောင်ကြပ်တွေကို ထောင်အခေါ်အဝေါ်အရတော့ 'ဝါဒါ' လို့ခေါ်တယ်။ သည် ဝါဒါတွေရဲ့ အောက်မှာမှ ထောင်ကျနေတဲ့အကျဉ်သားတွေက သူ့အပိုင်းနဲ့သူ၊ သူ့အဆိုင်းနဲ့သူ အလုပ်လုပ်ရတယ်။ အကျဉ်းသားတွေထဲမှာလဲ အဆင့်တွေ ရှိသေးတယ်။ 'ကတုံး' လို့ခေါ်တဲ့ ရိုးရိုးအဆင့် အကျဉ်းသားတွေလဲရှိတယ်။ သူတို့အထက်ကမှ အကျဉ်းသား ရှစ်ယောက်လောက်ကိုကြည့်ကြပ်ရတဲ့ 'ဂမှတ်' လို့ဆိုတဲ့ 'ဘာယာ' ဆိုတာရှိတယ်။ အဲသည် ဘာယာတွေအထက်ကမှ '၁၂ မှတ်' လို့ခေါ်တဲ့ ဘာယာတမျိုးရှိသေးတယ်။ ရှစ်မှတ်ဘာယာဆိုတာက ပုခုံးစွန်းအင်းကျိလက်မောင်းရင်းမှာ အပြာရစ်ကလေး တရစ်ပါတယ်။ ဆယ့်နှစ်မှတ်ဘာယာက နှစ်ရစ်ပါတယ်။ ဟို့အရင်တုန်းကတော့ သူတို့အထက်မှာ 'သံတေ' ဆိုတာတို့၊ 'ခြောက်ထောင်ပိုင်' ဆိုတာတို့ ရှိသေးတယ်လို့ပြောတယ်။ ကျန်တော်တို့ ဝင်တဲ့ခေတ်မှာတော့ အဲသည်အဆင့်တွေ မရှိတော့ဘူး။ မတွေ့ရတော့ဘူး။

အဲသည်ရှစ်မှတ်တို့၊ ဆယ့်နှစ်မှတ်တို့ဆိုတာကလဲ ထောင်ထဲမှာတော့ အခွင့်ထူးခံလူတန်းစားဘဲ။ သူတို့တတွေဟာ အလုပ်ကြမ်းမလုပ်ကြရဘူး။ ပင်ပင်ပန်းပန်း မလုပ်ကြရဘူး။ အလုပ်လုပ်နေတဲ့ အကျဉ်းသားတွေကို ကြည့်ကြပ်ပြီးခိုင်းရတယ်။ အလုပ်ရုံတွေထဲမှာလဲ ကိုယ့်အဆိုင်းနဲ့ကိုယ် ကြည့်ကြပ်ရတယ်။ ည အိပ်ပြီဆိုရင်လဲ အိပ်ဆောင်တွေထဲမှာ ကိုယ့်အလှည့်နဲ့ကိုယ် စောင့်ရတယ်။ ရံဖန်ရံခါ ထောင်အာဏာပိုင်တွေက တာဝန်ပေးအပ်လာရင် ထောက်လှမ်းရေးအလုပ်ကို လုပ်ရတယ်။ ဒါဘဲ။

ဒါပေမယ့် ရတဲ့အခွင့်အရေးက မနည်းဘူး။ အကျဉ်းထောင်တထောင်လုံး နေရာအနှံ့၊ အဆောင်အနှံ့ လှုပ်လပ်စွာကူးသန်းသွားလာပိုင်ခွင့်ရှိတယ်။ 'ထမင်းဆွဲ' ဆိုရင်လဲ ဖိုကြီးထဲအထိ ဝင်ပိုင်ခွင့်ရှိပြီး ကိုယ့်စိတ်ကြိုက်ခူးခပ်စားပိုင်ခွင့်ရှိတယ်။ အထူးသဖြင့် ရေပေါ်ဆီ ခပ်စားပိုင်ခွင့်ရှိတယ်။ ဆီနဲ့ပျားနဲ့ စားဦးစားဖျား စားပိုင်ခွင့်ရှိတယ်။ နေရာအနှံ့သွားလာနိုင်ခွင့်ရှိတဲ့အတွက်လဲ အကြံအဖန် လုပ်နိုင်တယ်။ ကျန်တော်တို့ (ခ)တန်းအဆောင်တွေဘက်ရောက်လာပြီးတော့လဲ အကြံအဖန် လုပ်နိုင်တယ်။ ဆိုပါတော့။ ကြိုးကျစ်တဲ့အလုပ်ရုံဘက်က တိတ်တိတ်ပုန်းထုတ်လုပ်လိုက်တဲ့ ကြိုးစိတ်ပုတီးတို့၊ မိန်းမကျယ်သီးတို့ကအစလက်သမားအလုပ်ရုံထဲက လျှို့ဝှက်ထုတ်လုပ်လိုက်တဲ့ သုံးပုံဖဲအထိ ကျန်တော်တို့ဘက်ကို ယူလာမယ်။ ရောင်းမယ်။ ဆေးလိပ်နဲ့လဲမယ်။ ပေါင်မုန့်နဲ့လဲမယ်။ ပရိတောဂအလုပ်ရုံဘက်က ရွှေဘော်စာတို့၊ လွှစာမှုန့်တို့ကို ယူလာမယ်။ ကျန်တော်တို့ကို ပေးမယ်။ ကျန်တော်တို့ဘက်က သောက်ပြီး လွှင့်ပစ်မယ့်ဆေးပြင်းလိပ်တို့

ကလေးတွေကို စုအထားခိုင်းပြီး သူယူမယ်။ သတင်းစာအဟောင်း ကလေးတစောင်နှစ်စောင်၊ ဒါမှမဟုတ် ကုန်ထုပ်စက္ကူအပိုင်းအစ ကလေးတွေကို တောင်းမယ်။ ဆေးပြင်းလိပ်တိုကလေးတွေကို ချေပြီး နေလှန်းမယ်။ ဆေးမှုန့်ဖြစ်အောင် လုပ်မယ်။ ပြီးရင် သတင်းစာစက္ကူ ဖြတ်စသေးသေးကလေးတွေနဲ့ ဘီဒီဆေးလိပ် ကလေးတွေ လိပ်မယ်။ ပြီးတော့ သူတို့ဘက်မှာ ဆေးလိပ် မသောက်ရမနေနိုင်တဲ့ ထောင်ကျတွေကို ပြန်ရောင်းမယ်။

ထောင်ထဲမှာ ဆေးလိပ်ဆိုတာက ငွေတဲ့။ ဆေးလိပ်သာရှိရင် ထောင်ထဲမှာ အင်မတန်ပြေလည်တယ်။ တပတ်မှာမှ တနပ်သာ စားရတဲ့ ဝက်ဆီတုံးကြီးတတုံးကို တချို့ ဆေးလိပ်မသောက်ရရင် မနေနိုင်တဲ့လူတွေက ဆေးလိပ်ငါးလိပ်နဲ့လဲကြလေ့ရှိတယ်။ နေ့စဉ် နဲ့အမျှ သူ့ပုံစံထမင်းကို ဝက်ဆီကလေးဆမ်းပြီး စားချင်တဲ့လူ ကလဲ ဆေးလိပ်ငါးလိပ်ပေးပြီး ဝက်သားတုံးကိုဝယ်တယ်။ ဝယ်လို့ရတဲ့ဝက်သားတုံးတွေကို ပထမ ပေါင်မုံလုံးသလို ပါးပါး ပါးပါး လှီးလိုက်တယ်။ မြီးတော့မှ အခြောင်းကလေးတွေ ဖြစ်အောင် ပြန်ထပ်ပြီးလှီးတယ်။ ပြီးတော့မှ ရွေးစေ့လောက် အတုံးကလေးတွေဖြစ်အောင် ပြန်စိပ်တယ်။ ပြီးတော့မှ ဒယ်အိုး လိုဖြစ်နေတဲ့ ပုံစံပန်းကန်ပြားထဲမှာ ထည့်ပြီး အဆီဖြစ်အောင် ချက်တယ်။

ထောင်ထဲမှာ မီးမမွေးရဘူး။ မီးမဖို့ရဘူး။ အရောင်း အဝယ်လဲ မလုပ်ရဘူး။ ဒါပေမယ့် ခိုးပြီးလုပ်ကြတယ်။ ရွှေဘော် စာကလေးနည်းနည်းနဲ့ မီးဖို့ပြီး ချက်လိုက်ရင် မကြာပါဘူး။ ခဏနဲ့ အဆီဖြစ်သွားတာတဲ့။ အဲသည်အဆီကိုမှ ချောင်းဆိုး

ပျောက်ဆေးရည်ပုလင်းလို ပုလင်းပြားကလေးနဲ့ထည့်။ အဖုံးကို သေသေချာချာ ပိတ်။ ပုလင်းလည်ပင်းကို ခမဲကြိုးလိုကြိုးမျိုးနဲ့ ဗူးလည်သီးခတ်ချည်လိုက်ပြီး ခါးမှာ ခါးပတ်လိုပတ်ထားတယ်။ သွားလေရာရာ လာလေရာရာမှာ သည်ဝက်ဆီပုလင်းကလေးက တန်းလန်းတန်းလန်း ပါတယ်။ ထမင်းစားတိုင်းစားတိုင်းမှာ နည်းနည်းနည်းနည်းဆမ်းစားတယ်။ ဆီနဲ့ပျားနဲ့ စားချင်တဲ့လူ၊ ကောင်းကောင်းစားချင်တဲ့လူ၊ လျှာအရသာခံချင်တဲ့လူကတော့ သည်လိုကြံတာဖန်တာတဲ့။

ဘာယာဆိုတဲ့ အခွင့်ထူးခံလူတန်းစားကတော့ စည်းစိမ် အပြည့်နဲ့ပေါ့။ ထောင်ထဲကိုရောက်လာသမျှ လူသစ်တွေဆီကလဲ နည်းမျိုးစုံနဲ့ အခွန်ဆက်ကြေးယူကြတယ်။ အချုပ်ဘဝက ထောင်ကျပြီဆိုတော့လဲ သက်သာတဲ့အလုပ်မျိုးမှာ နေရာချထား ပေးဘို့အတွက် သည်ဘာယာဆရာများကို ဆည်းကပ်ပူဇော်ကြ ရတယ်။ သည်နည်းနဲ့လဲ သူတို့မှာ ပြေလည်နေကြတယ်။ သဘော ကတော့ အာဏာရှိရင် အခွင့်အရေးရှိတယ်။ အာဏာရှိရင် အကုန်လုံးပြေလည်တယ်။ အာဏာရှိရင် မဟုတ်တဲ့အလုပ်တွေ ကိုလဲ လုပ်နိုင်ကြတယ်။

ထောင်ထဲမှာ ပိုက်ဆံမကိုင်ရဘူး။ တရားဝင် သင်းခွင့်လဲ မရှိဘူး။ ထောင်ထဲမှာ အရက်မသောက်ရဘူး။ ဆေးခြောက်မရှု ရဘူး။ ဘိန်းမရှရ မစားရဘူး။ ဖဲမရိုက်ရဘူး။ အလောင်းအစား ဆိုလို့ တခုမှလုပ်ပိုင်ခွင့်မရှိဘူး။ ပြီးတော့ ယောကျ်ားချင်း ဟိုဟာမလုပ်ရဘူး။

ဒါပေမယ့် သွင်းယူလာဘို့ခက်တဲ့ အရက်ကလဲပြီး၊ ကျန်တာ အားလုံးရှိတယ်။ ကျန်တာ အားလုံးလုပ်ကြတယ်။ သူ့နည်း သူ့ဟန်နဲ့ ယူလာကြတာဘဲ။ သူ့နည်းသူ့ဟန်နဲ့ လျှို့ဝှက်လုပ်နေကြတာဘဲ။ ဒါကတော့ အကျဉ်းသားတွေနဲ့ အကျဉ်းဌာနဝန်ထမ်းတွေ ပူးပေါင်းကြံစည်ပြီး ပူးပေါင်းဆောင်ရွက်ကြတာဘဲ။ အကျဉ်းဌာနဝန်ထမ်းတွေ မပါရင်တော့လဲ ဘယ်ဖြစ်နိုင်ပါ့မလဲ။

အကျဉ်းသားတွေဆိုရာမှာလဲ အဓိကကတော့ ရိုးရိုးအကျဉ်းသားထောင်ကျတွေ မဟုတ်ပါဘူး။ အမှုမပြီးပြတ်သေးလို့၊ ထောင်မကျသေးလို့၊ ထောင်နဲ့ရုံး ထွက်ချိတ်ခံရလုပ်နေရတဲ့ အချုပ်သမားတွေနဲ့ ဘာယာဆိုတဲ့ အခွင့်ထူးခံအကျဉ်းသားတွေကသာ အဓိကပါ။

ပြီးတော့ ဘာယာတွေမှာ အကျဉ်းဌာနကပေးတဲ့ အထူးအခွင့်အရေးတွေလဲ ရှိသေးတယ်။ ဘာလဲလို့ဆိုတော့ လျှော့ရက်လို့ခေါ်တဲ့ ဆုမှတ်ရက်။ ထောင်ထဲမှာ ထောင်ကျပြီးသားဖြစ်တဲ့ အကျဉ်းသားတိုင်းဟာ (တစ်)ခိုင်းတဲ့အလုပ်ကိုလဲ ကျေကျေပွန်ပွန်လုပ်မယ်၊ (နှစ်)ထောင်ရဲ့စည်းကမ်း ဥပဒေတွေကိုလဲ မဖောက်ဖျက် မကျူးလွန်ဘူး၊ (သုံး)အကျင့်စာရိတ္တလဲ ကောင်းမွန်မယ်ဆိုရင် ထောင်ထုံးစံအတိုင်း လျှော့ရက်ရမယ်။ အနိမ့်ဆုံး (ဂ)အဆင့်က သုံးလမှာ ဆယ့်တရက်ရမယ်။ ဒုတိယ(ခ)အဆင့်က သုံးလမှာ အရက်နှစ်ဆယ်ရမယ်။ ပထမ(က)အဆင့်က နှစ်ဆယ့်ကိုးရက်ရမယ်။ ထောင်ထဲမှာ ကျင်းပလေ့ရှိတဲ့ မင်္ဂလာစာမေးပွဲကလေးတွေကို ဝင်ဖြေပြီးအောင်ရင်လဲ သတ်မှတ်ထားတဲ့

လျှော့ရက်တွေရမယ်။ သူ့အဆင့်နဲ့သူ သုံးလက ခြောက်လအထိ ရနိုင်တယ်။ ပြီးတော့ လွတ်လပ်ရေးအောင်ပွဲနဲ့ တခါကြုံရင်လဲ လျှော့ရက်ခုနစ်ရက်ရမယ်။ အဲ ထောင်ထဲမှာ ထောင်စည်းကမ်းလဲ မလိုက်နာဘူး၊ အလုပ်လဲ ကောင်းကောင်းမလုပ်ဖူး၊ အကျင့်စာရိတ္တလဲ မကောင်းဘူး၊ ဒါ့အပြင် ရာဇဝတ်ပြစ်မှုတခုခုကိုလဲ ထပ်ပြီးကျူးလွန်အုံးမယ်ဆိုရင်တော့ လျှော့ရက်တရက်မှ မရတော့ဘူး။ ခြောက်လကျရင် ခြောက်လတိတိ နေရမယ်။ ခြောက်နှစ်ကျရင် ခြောက်နှစ်တိတိ နေရမယ်။

ဘာယာဆိုတဲ့ အကျဉ်းသားဝန်ထမ်းတွေကတော့ အမြင့်ဆုံးဖြစ်တဲ့ (က)တန်း ဆုမှတ်ရက်တွေ ရကြလေ့ရှိတယ်။ ဒါ့အပြင် ထောင်အာဏာပိုင်က သူ့သဘောနဲ့သူ၊ သူ့ဆုံးဖြတ်ချက်နဲ့သူ ပေးပိုင်ခွင့်ရှိတဲ့ လျှော့ရက်တွေကိုလဲ ခံစားကြရလေ့ရှိတယ်။ ဒါတွင်မကသေးဘူး။ ဒေသခံအာဏာပိုင်တွေနဲ့ ဒေသခံပုဂ္ဂိုလ်တွေ စုပေါင်းပြီး ဒေသအလိုက်ဖွဲ့စည်းထားတဲ့ ထောင်ကော်မီတီဆိုတာလဲ ရှိသေးတယ်။ အဲသည်ထောင်ကော်မီတီကလဲ သူ့အတိုင်းအတာနဲ့သူ လျှော့ရက်တွေပေးပိုင်ခွင့်ရှိတယ်။ ထောင်ကော်မီတီဝင်တွေ ထောင်ထဲကို လှည့်လည်လေ့လာတဲ့အခါမှာ သက်ဆိုင်ရာထောင်အာဏာပိုင်တွေက လျှော့ရက်ပေးသင့်ပေးထိုက်တဲ့ အကျဉ်းသားတွေရဲ့စာရင်းကို တဆင့်တင်ပြလေ့ရှိတယ်။ သည်လိုနည်းနဲ့လဲ အခွင့်အရေးတွေ ရကြတယ်။ တချို့ဆိုရင် ကျတာက ထောင်ဆယ်နှစ်။ ဒါပေမယ့် ထောင်ထဲမှာ ငါးနှစ်ခြောက်နှစ်လောက်ဖဲနေရပြီး လွတ်သွားတယ်။

ဒါကြောင့် ထောင်ထဲရောက်လာတဲ့လူတိုင်းဟာ သည်လို အခွင့်ထူးခံ အကျဉ်းသားဘာယာတွေကို မျက်မှန်းတျှိုးကြလေ့ ရှိတယ်။ တချို့လဲ အခွင့်ထူးခံ ဖြစ်ချင်ကြတာရှိပါရဲ့။ ဒါပေမယ့် နည်းတယ်။

သည်လို အခွင့်ထူးခံ အကျဉ်းသားဘာယာတွေအဖြစ် ရွေးချယ်ခန့်အပ်တဲ့နေရာမှာတော့ ထောင်အာဏာပိုင်တွေက နိုင်ငံရေးသမားတွေကို လုံးဝထည့်မစဉ်းစားဘူး။ နိုင်ငံရေးသမားဆိုတဲ့ နေရာမှာလဲ ထောင်ထဲမှာက နှစ်မျိုးရှိတယ်။ တမျိုးက ထောင်ကျနေတဲ့ နိုင်ငံရေးသမား။ ပုဒ်မတပ်၊ တရားစွဲပြီး တရားရုံး တရုံးရုံးက ထောင်ဒဏ်ချမှတ်ခံထားရတဲ့ နိုင်ငံရေးသမား။ ထောင်ထဲမှာ ထောင်ကျနေတဲ့၊ 'ထောင်ကျ'လို့ခေါ်တဲ့ အကျဉ်းသားက ဘာဘဲပြောပြော သူ့မှာလွတ်ရက်ရှိတယ်။ လွတ်မယ့်ရက်ကို ဘာဘဲပြောပြော တွက်ကြည့်လို့ရနိုင်တယ်။ ဘယ်ခုနှစ် ဘယ်လလောက်မှာလွတ်မယ်ဆိုတာကို ခန့်မှန်းခြေတွက်ကြည့်လို့ ရတယ်။

အဲ နောက်တမျိုးကတော့ ပုဒ်မ ၅ နိုင်ငံရေးသမား။ ပုဒ်မ ၅ နဲ့ ထောင်ထဲထည့်ထားတာဆိုတော့ ဘယ်တရားရုံးမှာမှလဲ ရုံးတင်တရားမစဲဘူး။ ထောင်လဲမချဘူး။ ဆောင်ချလို့လဲ မရဘူး။ အမှုမပြီးခင်မှာ ထောင်ထဲထည့်ပြီး ယာယီချုပ်ထားတဲ့ အချုပ်သမားနဲ့လဲမတူဘူး။ အချုပ်သမားဆိုတာက ဘာဘဲပြောပြော သူ့အမှုကိုစစ်ဆေးနေတဲ့ တရားရုံးကို ရုံးချိန်းရက်မှာ ထွက်ရတယ်။ သူ့အမှုမှာ သူ့ဘက်က လိုက်ပါဆောင်ရွက်တဲ့ ရွေနေရွေရပ်တွေနဲ့လဲ နေ့မရွေးတွေ့ပိုင်ခွင့်ရှိတယ်။ လွတ်လွတ်

လပ်လပ်ဆွေးနွေးတိုင်ပင်ခွင့်ရှိတယ်။ ဒါပေမယ့် ပုဒ်မ ၅ ဆိုတဲ့ နိုင်ငံရေးသမားတွေကျတော့ အဲသည်လို အခွင့်အရေးမျိုးလဲ မရှိဘူး။ ထောင်ထဲဝင်လာခဲ့ရတဲ့အချိန်ကစပြီး ပြန်လွှတ်လို့ လွတ်မယ့်အချိန်အထိ ထောင်ထဲမှာဘဲ ကမ်းမမြင် လမ်းမမြင် နေနေရတတ်တယ်။ ဘယ်လောက်ကြာကြာနေရမလဲ ဆိုတာလဲ မသိနိုင်ဘူး။ သည်နေ့လွတ်ချင်လဲ လွတ်မယ်။ နက်ဖန်ခါ လွတ်ချင်လဲ လွတ်မယ်။ ထောင်ထဲမှာ နောက်ထပ် ဆယ်နှစ်ကြာချင်လဲ ကြာမယ်။ အနှစ်နှစ်ဆယ်ကြာချင်လဲ ကြာမယ်။

ဘယ်နိုင်ငံရေးသမားမျိုးဘဲဖြစ်ဖြစ်လေ။ ထောင်အာဏာပိုင်တွေကတော့ လုံးဝအယုံအကြည်မရှိဘူး။ အခွင့်အရေးလဲ မပေးဘူး။ အရောတဝင်လဲ မလုပ်ဖူး။

နိုင်ငံရေးသမားတွေကလဲ ဝမ်းမနည်းပါဘူး။

ကျန်တော်တို့အဆောင်မှာတော့ လူဦးရေတဝက်လောက်က ပုဒ်မ ၅။ သည်အထဲမှာ စော်ဘွားလဲပါတယ်။ သတင်းစာဆရာ၊ စာရေးဆရာလဲပါတယ်။ တောခိုနေရာက မြို့ပေါ်ကိုတာဝန်နဲ့ အလာ ဖမ်းမိထားတဲ့ ကွန်မြူနစ်လဲပါတယ်။ ရွေနေလဲပါတယ်။ မြေပေါ်အဖွဲ့အစည်းဖြစ်တဲ့ တိုင်းရင်းသားအဖွဲ့အစည်းတခုက ခေါင်းဆောင်တွေလဲ ပါတယ်။ ကျောင်းသားတွေလဲ ပါတယ်။ ပြီးတော့ နိုင်ငံရေးပြစ်မှုနဲ့ ထောင်ကျနေတဲ့လူလဲရှိတယ်။ သည်တော့ ဘာဘဲပြောပြော နိုင်ငံရေးသမားအုပ်စုက ခေါင်းဆောင်မှုရတယ်။ ဒါကြောင့်လဲ ကျန်တော်တို့အဆောင်ကို အဆောင်နိုလို့ နာမယ်ပေးထားတာဖြစ်မယ်။

(ခ)တန်းအကျဉ်းသားတွေကို ထားတဲ့အဆောင် သုံးဆောင် ရှိတယ်။ ကျွန်တော်တို့အဆောင်က အလွှာတက်အစွန်ဆုံး အဆောင်။ အလယ်ကောင်မှာရှိတဲ့ အဆောင်ငယ်ကလေးက ဘုန်းကြီးဆောင်။ အဲသည်ဘုန်းကြီးဆောင်ထက် နည်းနည်း ကြီးတဲ့ အနောက်ဖက်အစွန်ဆုံးအဆောင်ကတော့ ပိုလ်ငြိမ်း အဆောင်၊ သို့မဟုတ် ငြိမ်းချမ်းရေးဆောင်။

PDF Creator - nyeyadhamma@gmail.com

ပိုလ်ငြိမ်းအဆောင်ဆိုတာက မတရားသင်းပုဒ်မ၊ လက်နက်မှု ပုဒ်မနဲ့ ထောင်ဒဏ်တသက်တကျန်း ကျနေတဲ့ ဗမာပြည်ကွန်မြူနစ် ပါတီ ဗဟိုကော်မီတီဝင် ပိုလ်ငြိမ်းနေတဲ့အဆောင်။

ပိုလ်ငြိမ်းကိုယ်တိုင်ကကော့ သူ့အဆောင်ကိုသူ ငြိမ်းချမ်းရေး ဆောင်လို့ နာမယ်ပေးထားပါရဲ့။ ဒါပေမယ့် မအောင်မြင် မတွင်ကျယ်ပါဘူး။ ဘယ်သူကမှလဲ အသိအမှတ် မပြုကြဘူး။ အနှိုးတဲ့ (ခ)တန်းအကျဉ်းသားတွေကလဲ အသိအမှတ် မပြု ကြဘူး။ ထောင်အာဏာပိုင်တွေကလဲ အသိအမှတ် မပြုဘူး။ ယုတ်စွအဆုံး၊ သူ့အဆောင်မှာ နေနေတဲ့လူတွေကိုယ်တိုင်ကလဲ

အသိအမှတ် မပြုဘူး။ ဘယ်အဆောင်ကလဲလို့ မေးလိုက်ရင်၊ ဗိုလ်ငြိမ်းအဆောင်က လို့ဘဲ ပြန်ဖြေလေ့ ရှိကြတယ်။

ဗိုလ်ငြိမ်းအဆောင်လို့ နာမယ်တွင်တာလဲ မပြောနဲ့လေ။ သူ့အဆောင်မှာက သူမျာ့းအဆောင်တွေလိုမှ မဟုတ်ဖဲ့။ လူဆယ်ယောက်လောက် ရှိတတ်ပေမယ့်လဲ သူ့တဩဇာထဲရယ်။ သူပြီးရင် ပြီးတာဘဲ။

ကျွန်တော်တို့အဆောင်မှာလို ဒီမိုကရေစီအစဉ်အလာနဲ့ တလ တခါစည်းဝေးတိုင်ပင်ပြီး အဆောင်ကော်မီတီ ဖွဲ့တာမျိုးလဲ မရှိဘူး။ ချက်ရေးပြုတ်ရေး ကျေးမွေးရေးနဲ့ပတ်သက်တဲ့ ဝိုတာဝန်တို့၊ သူ့နေ့နဲ့သူ သူ့လှည့်ရေနဲ့သူ သူ့အချိုးကျနဲ့သူ တွက်ချက်ပြီး သတ်မှတ်ထားတဲ့နေ့ရှမှာ သွားရောက်ချိန်တွယ် ထုတ်ယူရတဲ့ ရိက္ခာတာဝန်တို့၊ အဆောင်သန့်ရှင်းရေးနဲ့ ကျန်းမာရေးတာဝန်တို့၊ ထောင်အာဏာပိုင်တွေနဲ့ ပတ်သက်ပြောဆို ရတဲ့ ဗူးဆက်ဆံရေးတာဝန်တို့ကိုလဲ ကျွန်တော်တို့အဆောင်မှာလို့ တာဝန်ခဲ့ဝေပြီး မထမ်းဆောင်ဘူး။ အလှည့်ကျစနစ်နဲ့ တာဝန် မယူဘူး။ သူတယောက်ထဲကဘဲ ဒိုင်ခံပြီး လုပ်တယ်။ ဒါဟာ ကြီးကျယ်တဲ့ကိစ္စလဲ မဟုတ်ဖူး၊ ပင်ပန်းတဲ့အလုပ်လဲ မဟုတ်ဖူး၊ အပ်ကို ဦးပဲ့ ထမ်းစရာမလိုဘူး လို့ ကျွန်တော်တို့အဆောင်ကို စောင်းပြီး ဖြေရှင်းပြလေ့ရှိတယ်။

ကျွန်တော်တို့ကတော့ ပြုံးတာပေါ့။ မြေမြေမြှုပ်ချင်းဘဲ ခြေ မြင်တာပေါ့။ လက်ကောက် လက်ကောက်ချင်းဘဲ နားလည် တာပေါ့။ ဒါဟာ အကြံအဖန်ဆိုတာ သိတာပေါ့။ သတော တရားအရ ဆွေးနွေးမယ်ဆိုရင်လဲ သူ ခံသွားရမှာပေါ့။ သူ

မသိတာ မဟုတ်ပါဘူး။ လုပ်နိုင်တဲ့တိုင်အောင် လုပ်ပိုင်ခွင့် အာဏာကို လူတယောက်ထဲရဲ့လက်ထဲမှာ ထည့်ထားရင် ဘယ် မှန်ပါ့မလဲ။ ဘယ် မှန်နိုင်ပါတော့မလဲ။

ဒါပေမယ့် သူ့အဆောင်မှာနေတဲ့လူတွေကတော့ သိကြဟန် မတူဘူး။ နားလည်ကြပုံ မရဘူး။ သူ့ကိုလဲ သိပ်အထင်ကြီး နေကြပုံ ရတယ်။ မဟုတ်တာ လုပ်မှာမဟုတ်ဖူးလို့လဲ ယုံကြည် နေကြတယ်။ ခေါင်းဆောင်ကြီးကလဲ ခေါင်းဆောင်ကြီး မဟုတ်လား။ ဗဟိုကော်မီတီဝင်ကြီးမဟုတ်လား။ ပြီးတော့လဲ ဥပဓိရုပ်က သိပ်ကောင်းတယ်။ အနေအထိုင်ကလဲ သိပ်မှန်တယ်။ သိပ် ပိရိတယ်။ သည်အထဲမှာ ဆွေကြီးမျိုးကြီးထဲကလဲ ဖြစ်လိုက် သေးတယ်။

နောက်တခုလဲ ဖြစ်နိုင်သေးတယ်။ ဘာလဲဆိုတော့၊ ဗိုလ် ငြိမ်းကို ကြောက်ကြတယ်။ ပြန်မပြောရဲကြတာလဲ ဖြစ်နိုင်တယ်။ ဒါမှမဟုတ်လဲ၊ ထောင်ထဲမှာ နေရတာဘဲလေ....ဆင်ပြီးတော့ စိတ်လျော့သည်းခံနေကြတာလဲ ဖြစ်နိုင်တယ်။

ခက်တာက သူ့ကိုမကျေနပ်လို့ သူ့အဆောင်မှာ မနေချင် ရင်လဲ ဘယ်သွားနေမလဲ။ ထောင်ဆိုတာက ကိုယ်ကြိုက်တဲ့နေရာ ကိုယ် ရွေးနေပိုင်ခွင့် ရှိတာမှမဟုတ်ဖဲ့။ ထားရာမှာ နေရတာ။ အထူးသဖြင့် ကျွန်တော်တို့လို ပုဒ်မ၅တွေဆိုရင် ပိုပြီးတော့ ဆိုးသေး။

ပြီးတော့လဲ (ခ)တန်းအကျဉ်းသားတွေအတွက် အဆောင်က နှစ်ဆောင်ထဲ ရှိတာ။ ဗိုလ်ငြိမ်းအဆောင် မဟုတ်ရင် ကျွန် တော်တို့အဆောင်။ အဆောင်နှီ။

အဆောင်နီ ဆိုတော့လဲ တချို့က နာမယ်ကြားရုံနဲ့ လ
ကြတယ်။ နိုင်ငံရေးသမားမဟုတ်တဲ့လူတွေအနေနဲ့က တတ်နိုင်
သမျှ ကင်းကင်းရှင်းရှင်းနေချင်တတ်ကြတယ်။ ထောင်အာဏာ
ပိုင်တွေကလဲ ဘယ်လောက်အထိ သတင်းလွှင့်ထားသလဲမှ မသ
ဘဲ။ ပြီးတော့ ဗိုလ်ငြိမ်းကိုယ်တိုင်ကလဲ ကျွန်တော်တို့အဆော
ကိုတော့ သိပ်အကောင်းပြောလေ့ မရှိပါဘူး။

ဘယ်လိုဘဲဖြစ်ဖြစ်လေ၊ ဗိုလ်ငြိမ်းကတော့ သူ့လူတွေက
သူပိုင်တယ်။ မီးသေတယ်။ 'စည်းရုံးရေး'ကောင်းတယ်လို့ဘ
ဆိုပါတော့။

အဲ့ တခုတော့ ရှိတယ်။ သူ့အဆောင်မှာ သူကလဲရင် နိုင်ငံ
ရေးသမား တယောက်မှ မရှိဘူး။ နိုင်ငံရေးမြွစ်မှုနဲ့ ရောက်
လာတဲ့လူသာဆိုရင် သူကလဲ လက်မခံဘူး။ သူကလဲ လျင်တယ်
လေ။ မြေပေးကို ခါးပိုက်မပိုက်ဖူး။ နိုင်ငံရေးသမားဆိုရင် သ
ရှိတဲ့အဆောင်ကို မပို့ဘို့ ထောင်အာဏာပိုင်တွေကို ကြို မေတ္တာ
ရပ်ထားမှာပေါ့။ နားလည်မှု ယူထားမှာပေါ့။

ဟုတ်တယ်။ ကြည့်လေ။ သူ့အဆောင်မှာ ရာဇဝတ်မှုနဲ့
ရောက်လာတဲ့ ထောင်ကျတွေချည့်ဘဲ။ ပြီးတော့လဲ နှစ်ကြီး
သမားတွေချည့်ဘဲ။ ထောင်ဒဏ်ဆယ်နှစ်ဆိုတာက အနည်းဆုံး
ဘဲ။ အများအားဖြင့်က တသက်တကျွန်းလို့ခေါ်တဲ့ အနှစ်
နှစ်ဆယ်။

သည်အထဲမှာ တပ်မတော်က ဗိုလ်ကြီးအဆင့်ရှိတဲ့ ချင်း
အမျိုးသားတယောက်လဲ ပါတယ်။ နိုင်ငံ့ကျော်၊ ကမ္ဘာကျော်
ဘိန်းဘုရင်ကြီးရဲ့ လက်ရုံးတွေဖြစ်တဲ့ ရှမ်းတရုတ်အမျိုးသား

စ်ယောက်လဲ ပါတယ်။ သည်လူတွေဆိုရင် ထောင်ထဲရောက်
လာခါစက ဗမာစကားတောင် မပြောတတ်ဖူးလို့ ဆိုတယ်။
ဗိုလ်ငြိမ်းက သင်ပေးရတယ်တဲ့။ ခုတော့ နည်းနည်းပါးပါး
ပြောတတ်နေပါပြီ။ ပြီးတော့ ခုထက်ထိ သူတို့လောက်မှ မပြော
တတ်သေးတဲ့၊ အင်္ဂလိပ်လိုဘဲ ပြောနေရသေးတဲ့၊ ဗိုလ်မှူးကြီး
ဆင့်ရှိတယ်လို့ဆိုတဲ့ တရုတ်ဖြူစစ်ဗိုလ်နှစ်ယောက်လဲ ရှိသေး
တယ်။

ဗမာက သုံးယောက်ထဲ။ ဗိုလ်ငြိမ်းပါနဲ့မှ လေးယောက်။
သည်လူတွေကိုလဲ ကြည့်အုံးလေ။ တယောက်က ဂေါပကလူကြီး။
ကျွာတော်ထိန်းအဖွဲ့ဝင်။ အသက်က ငါးဆယ်ကျော်။ ကျလာ
တာက ထောင်ဆယ်နှစ်။ အမှုက မုဒိမ်းမှု။ ဇရပ်တဆောင်မှာ
ကိုးနေတဲ့ မျက်မမြင်အမေကို ပန်းရောင်းပြီးကျွေးနေတဲ့ ဆယ့်
ငါးနှစ်သမီးကလေးကို လှည့်ဖြားသွေးဆောင်ပြီး အိပ်တာတဲ့။

နောက်တယောက်ကတော့ လူသတ်မှု။ ကိုယ့်မိန်းမကိုယ်
နဲ့ဖြစ်ရင်း ခေါင်းကို ခွေးခြေနဲ့ဆဲရိုက်ပစ်လိုက်ရာက သေသွား
တာ။ လူက လူနု။ ထောင်ထဲရောက်တဲ့အချိန်ကစပြီး၊ တနှစ်
လောက်က ငိုလို့ချည့်နေသတဲ့။

အဲ့ နောက်တယောက်ကလဲ လူသတ်မှုဘဲ။ အတွင်းပစ္စည်း
တွေကို လိုချင်တဲ့လောဘစိတ်နဲ့ သားအမိနှစ်ယောက်ကို သတ်
လာတာ။ အဒေါ်တဝမ်းကွဲနဲ့ ညီမနှစ်ဝမ်းကွဲကို လက်သည်
ပေါ်အောင် ပိပိရိရိသတ်လာတာ။ သူကိုယ်တိုင်ကလဲ ရဲမှူး
ကြီးဟောင်းတယောက် ဖြစ်တဲ့အတွက် သေသေချာချာ စီမံကိန်း
ပြီး သတ်လာတာ။ ဒါပေမယ့် သတ်တဲ့နေရာမှာ ကိုယ်တိုင်

ဆသတ်ရဲလို့ အဖော်ခေါ်ရာက စပေါက်ကြားပြီး အမှုပေါ်
လာရတာ။ မဆိုးပါဘူး။ သုံးသိန်းဘိုးလောက်တော့ ဝှက်ထား
လို့ကိုနိုင်လို့ ရလိုက်တယ်တဲ့။ ဆယ်သိန်းဘိုးလောက်ကတော့
အစိုးရက ပြန်သိမ်းသွားတယ်လို့ ပြောတယ်။ သူက ပထမ
ကြိုးမိန့်။ နောက် အထက်ရုံးမှာ အယူခံတော့မှ တသက်
စာကျွန်း။

ဘာဘဲဖြစ်ဖြစ်လေ၊ ဗိုလ်ငြိမ်းကတော့ သူ့အဆောင်ကို ဘ
ဖို့ပိုင်တယ်။

ထောင်အာဏာပိုင်တွေနဲ့လဲ အဖွဲ့ကျတယ်။ နေ့ခင်းဘက်မှာ
ဆိုရင် ထောင်ဗူးဝရုံးခန်းကိုလဲ အချိန်မရွေး ဝင်ထွက်သွားလာ
ပိုင်ခွင့် ရှိတယ်။ တဆောင်လုံးကိုလဲ နေရာအနှံ့ အဆောင်အ
ကူးသန်းသွားလာပိုင်ခွင့် ရှိတယ်။ သူကတော့ ပြောတာပေါ့
ခါ သူ့စည်းရုံးရေး။ ထောင်သက်ကလဲ ရင့်လို့ လက်ကောင်
ကျနိုင်တယ်ပေါ့။ ထောင်အာဏာပိုင်တွေကလဲ ဘာဘဲပြောပြော
သူ့ကို လေးစားတယ်ပေါ့။ ထောင်အာဏာပိုင်တွေ ယုံကြည်မှု
ရှိအောင်လဲ တဖက်က ပေါင်းဆားရတယ်ပေါ့။ ဒါမှ သူ့
ဘက်ကသတင်းကိုလဲ ရနိုင်မယ်ပေါ့။ သူက ထိပ်ဆုံးက ထော
အာဏာပိုင်တွေကိုတောင် တက်ပြီးစည်းရုံးနေတဲ့သဘော။

ဘယ်သူက ဘယ်သူ့ကို စည်းရုံး စည်းရုံး၊ ဗိုလ်ငြိမ်း အခု
အရေးပိုရတာကတော့ အမှန်ဘဲ။ ကြည့်လေ။ ထောင်ထဲ
(ခ)တန်းအကျဉ်းသားတယောက် ရောက်လာပြီဆိုရင် ပထ
ဦးဆုံး သိရတဲ့လူကဖော့ ဗိုလ်ငြိမ်းဘဲ။ သူ့စည်းရုံးရေးကြော
အကျဉ်းသားတွေထဲကဘဲ သူ့ကို လာသတင်းပေးတယ်လို့ ပြော

တယ်။ ဟုတ်မှာပေါ့။ ဘာယာတွေ နေမှာပေါ့။ ထောင်အာဏာ
ပိုင်တွေက လက်သိပ်ထိုး အခေါ်လွှတ်လိုက်တာ ဖြစ်မှာပေါ့။

သည်အခါမှာ သူကလဲ ထောင်ဗူးဝရုံးခန်းကို ပြေးတယ်
လေ။ တကယ်ကတော့ ဘယ်သူ့ရောက်လာလာ၊ ကိုယ့်ကိစ္စလဲ
မဟုတ်။ အနေသာကြီးဘဲ။ ဒါပေမယ့် ဗိုလ်ငြိမ်းကတော့ ထီးကြီး
ဆောင်းလို့၊ စဉ့်အိုးကြီးကို ဖင်တိုက်ခွေသလို ကားယား
ကားယားနဲ့ ပြေးလေရဲ့။

ဗူး ရောက်တဲ့အခါမှာတော့ ဗိုလ်ငြိမ်းက လူသစ်ကို လေ့လာ
ပြီး ကြည့်လိုက်တယ်။ လူသစ်က နိုင်ငံရေးသမားလဲ မဟုတ်ဖူး၊
သူ့သြဇာကိုလဲ နာခံဘို့ အလားအလာရှိတယ်၊ ဌေးကြေးလဲ
တတ်နိုင်ပုံရတယ်လို့ ဆိုရင်တော့ ဗိုလ်ငြိမ်း မျက်စိကျမယ်။
ဒါပေမယ့် ချက်တရက်တော့ မဆုံးဖြတ်သေးဘူး။ ပုဒ်မကို
အရင်ဆုံး ဖမ်းမေးလိုက်အုံးမယ်။ ပုဒ်မက နှစ်ကြီးသမားဖြစ်ဖို့
အလားအလာ ရှိတယ်ဆိုမှ။ ဒါမှ သူ့အဆောင်ကို ခေါ်မယ်။
သူ့အဆောင်မှာတဲ့ နေရာချထားဘို့ ပြောမယ်။ နောက်မဟုတ်
ရင်တော့ သူ့အဆောင်မှာလဲ နေရာသိပ်မရှိတဲ့အကြောင်း၊
ကျန်တော်တို့အဆောင်မှာ နေရာတွေလွတ်နေတဲ့အကြောင်း၊
ကျန်းမာရေးနဲ့ညီအောင် နှစ်ဆောင် မျှထားဘို့အကြောင်း၊
တောင်ပေါ်ချောက်ပြော မြောက်လျှောက်ပြော ပြောမယ်။

သဘောကတော့ သူကြိုက်ရင် သူ့အဆောင်ကို သူကိုယ်တိုင်
ခေါ်သွားမယ်။ သူမကြိုက်ရင် အဆောင်နဲ့ ပို့လိုက်ဖို့ ပြောမယ်။
ထောင်အာဏာပိုင်တွေအနေနဲ့ကတော့ ဘာထူးတာမှတ်လို့ဘဲ။
နှစ်ဆောင်တဲ့ ရှိတဲ့ဥစ္စာ။ တဆောင်မဟူတ် တဆောင်ပေါ့။

ဟိုအဆောင်မဟုတ်ရင် သည်အဆောင်ပေါ့။ ဒါပေမယ့် ဒါ့ကိုဘဲ အခွင့်အရေးကြီးတရပ်၊ လိုက်လျောမှုကြီးတခုလို့များ ဗိုလ်ငြိမ်းက ယူဆနေသလား မပြောတတ်ဖူး။ သူ့ကို လေးစားကြည်ညိုလွန်းလို့ ထောင်အုပ်ချုပ်ရေးအာဏာရှိတစိတ်တပိုင်းကို ပေးအပ်ဆောင်ရွက်စေတယ်လို့များ အောက်မေ့နေသလား မဆို နိုင်ဘူး။

ဟုတ်တော့လဲ ဟုတ်တယ်။ သူ့အနေနဲ့ကတော့ လူရွေးဘို့ လိုအပ်တယ်။ ဒါမှလဲ နောင်အခါမှာ ပြဿနာမဖြစ်မယ်။

သည်ဘက်မှာတော့ ဗိုလ်ငြိမ်းဟာ တော်ပါပေတယ်။ လူရွေးလဲ အဝံမတန်မှန်လှပါပေတယ်။ ဒါ့ကြောင့်လဲ သူ့အဆောင်မှာ ဘာပြဿနာမှ မပေါ်ခဲ့တာပေါ့။ သူပေးထားတဲ့နာမယ်နဲ့လဲ လိုက်ဖက်ပါပေတယ်။

အဲ ကျွန်တော်တို့အဆောင်မှာဆိုရင်တော့ အဆောင်တခုလုံးကို တပတ်တကြိမ် ပစ္စည်းတွေအားလုံးသိမ်းပြီး ရေဆေးတယ်။ ဆေးဖျန်းတယ်။ သန့်ရှင်းရေးလုပ်တယ်။ အဆောင်ထဲမှာ နေတဲ့လူအားလုံးဟာလဲ လူကြီးလူငယ် မခွဲခြားဘဲ အဆင့်အတန်းမခွဲခြားဘဲ၊ ဝိုင်းလုပ်ကြရတယ်။ ပျော်စရာတောင်မှ ကောင်းသေး။ ဒါပေမယ့် ဗိုလ်ငြိမ်းအဆောင်မှာကတော့ ဒါမျိုး မရှိဘူး။ ကြုံတဲ့လူက စံမြင်စည်းလုံး။ မနေနိုင်တဲ့လူက သောက်ရေဖြည့်။ မနေတတ်တဲ့လူက သန့်ရှင်းရေးလုပ်။

ပြီးတော့ ထမင်းစားတော့မယ်ဆိုရင်လဲ ကျွန်တော်တို့အဆောင်မှာလို ကိုယ့်ပုံစံနဲ့ကိုယ်၊ ကိုယ့်ဝေစုနဲ့ကိုယ် မဟုတ်ဖူး။ ကလေးတွေလဲ မဟုတ်၊ ဂျပိုးသူခိုးတွေလဲ မဟုတ်၊ လူကြီး

လူကောင်းတွေဘဲဆိုပြီး တရုတ်ဟော်ဘယ်မှာ စားသလို ဝိုင်းဖွဲ့စားကြတယ်။

သည်နည်းက မဆိုးဘူး။ တပန်းကန့်ထဲမှာ ပေါင်းထည့်ပြီး ခပ်ပေးတော့ များတယ်ထင်ရတာပေါ့။

တကယ်ကတော့ ဘယ်ဟုတ်ပါ့မလဲ။ ပြီးတော့လဲ လူဆိုတာက အမျိုးမျိုး။ အစားမြန်တဲ့လူ ရှိတယ်။ ဖြေးဖြေးစားတတ်တဲ့လူ ရှိတယ်။ လက်မြန်တဲ့လူ ရှိတယ်။ လက်နှေးတဲ့လူ ရှိတယ်။ အားနာတတ်တဲ့လူ၊ ငဲ့ညှာတတ်တဲ့လူလဲရှိတယ်။ တကိုယ်ကောင်းသမားလဲ ရှိတယ်။ သည်တော့ ဘယ်မှာ ညီညီမျှမျှ စားရပါ့မလဲ။

ပြီးတော့လဲ ဘယ်မှာ ပြည့်ပြည့်ဝဝစားရပါ့မလဲ။ ကြည့်အုံးလေ။ ချက်ဖို့ပြုတ်ဖို့၊ မီးဖိုမှာ အကူအညီပေးဘို့အတွက်ဆိုပြီး ထောင်အာဏာပိုင်တွေက (ခ)တန်းအဆောင်တိုင်းကို ရိုးရိုးတန်၊ ထောင်ကျအကျဉ်းသားနှစ်ယောက် တဲ့ဖက်ပေးထားတယ်။ ဗိုလ်ငြိမ်းအဆောင်အတွက်လဲ နှစ်ယောက်ရှိတယ်။ ဗိုလ်ငြိမ်းကိုယ်တိုင် သူ့စိတ်ကြိုက်လက်ရွေးစင်နှစ်ယောက်ကို ခေါ်ထားတယ်။ ဗိုလ်ငြိမ်းရဲ့ တကယ့်လက်ရုံးတွေ ဆိုပါတော့။ တကယ့်လက်ကောက်တွေပေါ့။ အကြွဲအဖန်လုပ်တဲ့ဘက်မှာ တကယ့်နာမယ်ကြီးတွေပေါ့။ တယောက်က ရှစ်မှတ်။ ကြိမ်သမား။ ကြိမ်ဒဏ်နဲ့ ထောင်ကျလာတဲ့အကျဉ်းသားကို ကြိမ်ရိုက်ရတဲ့လူ။ နောက်တယောက်က ကတုံးတော့ ကတုံး။ ဒါပေမယ့် အိုးစား။ အိုးစားဆိုတာကတော့ အကျဉ်းထောင်တွေထဲမှာမှ ရှိတတ်တဲ့ယောကျ်ားပြည့်တန်ဆာ။

ဗိုလ်ငြိမ်းကတော့ သူ့ဖိုကို သည်နှစ်ယောက်လက် ဝက္ကက် အပ်ထားလိုက်တာဘဲ။ သူခိုး တိုက်စိုးနှင်း ဆိုပါတော့။

သူတို့ ခွေးခပ်ကျွေးသမျှ၊ သူတို့ ထည့်ပေးသမျှနဲ့ဘဲ ပြီးကြရတာဘဲ။

အသေအချာ လိုက်ကြည့်မယ်ဆိုရင်တော့ ကျွန်တော်တို့ ဘက်မှာ လူတယောက်ကို ဟင်းသုံးဖတ်ရရင် သူတို့ဘက်မှာ နှစ်ဖတ်ဖရမယ်။ ခေါင်းပုံဖြတ်မှုတွေ ရှိတယ်။ လေလွင့်မှုတွေ ရှိတယ်။ အကြံအဖန်တွေ ရှိတယ်။

ဒါပေမယ့် သူတို့ဘက်မှာ ပြဿနာကတော့ မပေါ်ဘူး။ ကျွန်တော်တို့ဘက်မှာမှ တခါတရံ သူ့ပုံစံကမျှားတယ်၊ ငါ့ပုံစံက နည်းတယ်နဲ့ ထမင်းစားပဲ့မှာ ဟင်းခွက်ချင်း ယှဉ်ကြည့်ပြီး စကားပြောကြရတာ ရှိသေးတယ်။ ဗိုလ်ငြိမ်းအဆောင်မှာက သည်လို ကလေးကလားပြဿနာမျိုးတွေ လုံးဝမရှိဘူး။

ဘယ်ရှိပါ့မလဲ။ တတ်နိုင်တဲ့လူတွေချည့်ကို။ နောက်ပိုင်း တောင့်တဲ့လူတွေချည့်ကို။ တပတ်တခါမှန်မှန် ထောင်ဝင်စာ လာတဲ့လူတွေချည့်ကို။ နောက်ပိုင်းက လိုက်မလာနိုင်ဘူးလို့ ယူဆ ရတဲ့ တရုတ်ဖြူစစ်ဗိုလ်နှစ်ယောက်အတွက်တောင်မှ သူ့သက် ဆိုင်ရာ ပင်လယ်ရပ်ခြားတရုတ်အမျိုးသားအသင်းက တလတခါ မှန်မှန်လာပြီး ငွေကြေးထောက်ပံ့လေ့ရှိတယ်။

ငွေကိုတော့ ထောင်ရုံးခန်းက စာရင်းနဲ့အင်းနဲ့ ကိုင်ထား ပေးတယ်။ သူတို့လိုချင်တဲ့ပစ္စည်းတွေကို တင်ပြမှာကြားတဲ့အခါ မှာ သည်ငွေနဲ့ ဝယ်ပေးတယ်။ တကယ်တော့ သည်ငွေကလဲ ဗိုလ်ငြိမ်းအပိုင်ပါဘဲ။ အဆောင်အတွက် သုံးချင်တာသုံးဘို့၊

ဗိုလ်ငြိမ်းစိတ်ကြိုက်စီစဉ်ဘို့ တရုတ်ဖြူစစ်ဗိုလ်တွေကိုယ်တိုင်က သဘောတူခွင့်ပြုထားတယ်လို့ ဆိုတယ်။ ဗိုလ်ငြိမ်းကိုဘဲ ယုံယုံကြည်ကြည်နဲ့ ပုံအပ်ထားတယ်ဆိုပါတော့။

ပြီးတော့လဲ သူတို့အဆောင်မှာက သိုလှောင်ထားတဲ့ရိက္ခာ တွေလဲ ရှိတယ်။ ငါးသေတ္တာတို့၊ အမဲသားဗူးတို့၊ ဝက်ပေါင် ခြောက်ဗူးတို့၊ ပဲသီးဗူးတို့၊ နောက်ဆုံး ငါးခြောက်ငါးခြမ်းတို့၊ ဘဉ်ကြက်ဥတို့ ဆိုတာမျိုးတွေကလဲ ဗိုလ်ငြိမ်းရဲ့ကုတင်ခြေရင်းက ရောမထင်းရှူးသေတ္တာကြီးထဲမှာ အပြည့်ရှိတယ်။ သော့ခတ်ပြီး ထည့်ထားတယ်။ ပြီးတော့လဲ ထောင်ကပေးတဲ့ အပေါစား ယိုဗူးမျိုးမဟုတ်တဲ့ ပုသင်းလှလှကလေးတွေနဲ့လာတဲ့ စထရော ဗယ်ရီယိုတို့၊ လိမ္မော်ယိုတို့၊ ပြီး တူနှစ်လက်တံဆိပ်ထောပတ်တို့၊ မုံညင်းသတ္တာတို့၊ အိုဗာလ်တင်းတို့၊ မိုင်လိုတို့၊ ကိုကိုးတို့၊ ဟောလစ်တို့၊ သစ်သီးဗူးတို့၊ ဖျော်ရည်ပုလင်းတို့ကအစလဲ အပြည့်အစုံ ရှိတယ်။ စင်တာစင်နဲ့ တင်လို့။ ကျွန်တော်တို့မှာက ထောင်က ပေးတဲ့နွားနို့ကဲကဲကို မချဉ်အောင် အသေအချာထားပြီး ကော်ဖီဖျော်သောက်နေရတဲ့အချိန်မှာ သူတို့အဆောင်ကတော့ နို့ဆီဗူးတို့နို့စိမ်းဗူးတို့ကို ဒါဇင်လိုက်မှာသင့်လို့။ ကျွန်တော် ထင်တယ်လေ။ သံအမတ်တွေအိမ်မှာတောင် သူတို့အဆောင် လောက် အစားအသောက် ပြည့်စုံပါ့မလားလို့။

ပြောရအုံးမယ်။ ခေါင်းဆောင်ကြီးက ဆေးတံသောက် တယ်။ သူ့မှာ နိုင်ငံခြားဖြစ် ဆေးတံချည့်ကိုဘဲ ဆယ်ချောင်း လောက် ရှိတယ်။ အရိုးဖြူနဲ့။ အရိုးမဲနဲ့။ ဖလံရိုးနဲ့။ သံမဏိရိုးနဲ့။ အကောက်နဲ့။ အဖြောင့်နဲ့။ စုံလို့၊ စုံလို့။ ပြီးတော့ သောက်တဲ့

ဆေးတံဒသာက်ဆေးကိုလဲ ကြည့်အုံး။ ပြည်တွင်းဖြစ် ဘလူးစ တားတို့၊ လင်ကွန်းတို့ဆိုရင် ဝေးပါသေးရဲ့။ တို့တောင် မတို့ဘူး။ ကပ်စတန်နေဗို့ကတ်မှ။ ကပ်စတန် ဆိုတာတောင်မှ အိန္ဒိယလုပ်ဆိုရင် မသောက်ဖူး။ ချောင်းဆိုးသတဲ့။ ပါးစပ်က သိသတဲ့။ အင်္ဂလန်ဖြစ်မှ။

ပြီးတော့လဲ ထူးခြားတာက ဗိုလ်ငြိမ်းအဆောင်မှာ လျှပ်စစ် ရေနွေးအိုးရှိတယ်။ သူ့နည်းသူ့ဟန်နဲ့ အကြံအဖန်လုပ်ပြီး လျှပ်စစ်နဲ့ ရေနွေးအိုး တည်တယ်။ ထောင်ရဲ့စည်းကမ်းက ခွင့်မပြုဘူး။ ထောင်ထဲမှာ အဆောင်တိုင်း အဆောင်တိုင်း လျှပ်စစ်မီးလုံးတွေ ထွန်းထားတာတော့ မှန်တယ်။ ဒါပေမယ့် မီးလုံးတွေကို ဟို့မျက်နှာကျက်မှာ ကပ်ပြီး အသေတပ်ထားလေ့ရှိတယ်။ ကြိုးတွဲလောင်းနဲ့ဆွဲထားတာမျိုး မရှိဘူး။ ပြီးတော့လဲ မီးလုံးအထိ လာတဲ့စိုင်ယာကြိုးတွေကိုလဲ မမြင်ရဘူး။ မျက်နှာကျက်ရဲ့အထက်မှာ။ မျက်နှာကျက်ဆိုတာကလဲ အမြင့်ကြီး။ နောက်ပြီး မီးခလုတ် မရှိဘူး။ အဆောင်ထဲမှာ မီးလုံးရှိပေမယ့် ပိတ်လို့ဖွင့်လို့ မရဘူး။ တထောင်လုံးအတွက် မီးပိတ်တာဖွင့်တာကို ဗူးမကြီးရုံးခန်းထဲကဘဲ လုပ်တယ်။ ခလုတ်တွေအားလုံးဟာလဲ အဲသည်မှာဘဲ။

ဒါပေမယ့် ဗိုလ်ငြိမ်းအဆောင်မှာတော့ကာ ပလပ်စတစ် ဝိုင်ယာကြိုးအပိုတချောင်းနဲ့ မီးလုံးတလုံး အပိုသွယ်ထားတယ်။ ည ည၊ အိပ်ရာထဲမှာ စာဖတ်ဖို့ဆိုပြီး ဗိုလ်ငြိမ်းခေါင်းရင်းဘက် ဆွဲထားတယ်။ အဲသည် အပိုမီးလုံးက ခေါင်းနဲ့ လျှပ်စစ်ရေနွေးအိုး တည်တယ်။ ဒါကို ကျွန်တော်တို့လဲ သိတယ်။ ထောင်

ကြပ်တွေလဲ မြင်တယ်။ တထောင်လုံးကလဲ သတင်းရထားတယ်။ ဒါပေမယ့် ထောင်အာဏာပိုင်တွေက အရေးမယူဘူး။ ကျွန်တော်တို့အဆောင် တံစက်မြိတ်အောက်မှာ တန်းစီပြီး ပေါက်ရောက်နေတဲ့ ကြက်သွန်မြိတ်ပင်ကလေးတွေကိုတော့ မြက်ဖဲထင်ပါရဲ့လေ ဆိုပြီး လစ်လျူမရှုဘူး။ အဲသည် မီးကြိုးအပိုကိုတော့ မမြင်ချင်ယောင် ဆောင်နေတယ်။

သည်တော့ ဗိုလ်ငြိမ်းအဆောင်ဆိုတာက လူချမ်းသာဆောင်။ ဘူဇွာဇီဆောင်။ အခွင့်ထူးခံအဆောင်။ အချိန်မရွေးစားချင်ရာ စားနိုင်ပြီး သောက်ချင်ရာ သောက်နိုင်တဲ့အဆောင်။

သည်တော့ သူတို့အဆောင်မှာက အစားအသောက်နဲ့ပတ်သက်ပြီး ဘယ်မှာ ပြဿနာပေါ်ပါတော့မလဲ။

သည်အထဲမှာ ခေါင်းဆောင်ကြီးကလဲ အင်မတန် 'စည်းရုံးရေး'ပိုင်တယ်။ စိတ်သဘောထား အင်မတန်ပြည့်ဝတဲ့ပုံစံမျိုးနဲ့ တခါတခါ 'အနစ်နာခံ'ပြတာမျိုးကလဲ ရှိသေးတယ်။ ဆိုပါတော့၊ ညနေစာ ထမင်းဝိုင်းမှာ ဟင်းက သိပ်နည်းနေတယ်။ သို့လျောင်ရိက္ခာတွေထဲကလဲ အလွယ်တကူ ကြော် ချက်စားတို့က ကုန်နေတယ်။ ဒါမှမဟုတ် အချိန်မရှိတော့ဘူး။ ဖိုသိမ်းပြီးနေပြီဆိုပါတော့။ သည်အခါမျိုးမှာဆိုရင် ခေါင်းဆောင်ကြီးက အငတ်ခံလိုက်တယ်။ ရင်ပြည့်နေလို့ ဘာလို့ညာလို့ဆိုပြီး မစားတော့ဘဲ နေလိုက်တယ်။ တယ် ကြည်ညိုစရာ ကောင်းပါ့ကော။

တကယ်ဘဲ။ သူ့လူတွေကလဲ သိပ်ကြည်ညိုကြတယ်။ သိပ်ချီးမွမ်းကြတယ်။

ဒါပေမယ့် တကယ်ကတော့ ဘယ်ဟုတ်မလဲ။ တန်းတော်ပိတ်ပြီးလို့ တအောင့်လေခက် ကြာတယ်ဆိုရင်ဘဲ ဗိုလ်ငြိမ်းရေနွေးအိုး တည်ပြီ။ ဟောလစ်ဖျော်ပြီ။ ပေါင်မုံနဲ့ထောပတ်နဲ့ တွယ်ပြီ။ ထောင်ဆေးရုံဘက်က အကြံအဖန်လုပ်လာတဲ့ ဟင်းတခွက်နဲ့ ပေါင်မုံနဲ့ တို့စားပြီ။ ထမင်းတော့ မစားပါဘူး။ ဒါပေမယ့် ပေါင်မုံတော့ တလုံးလုံး အကုန်တွယ်လိုက်တယ်။

သည်ယုန်မြင့်လို့ သည်ခြုံထွင်ထားတာလဲ ရှိတယ်လေ။ ဗိုလ်ငြိမ်းဆိုတာက လက်ကောက်ဖဲ။ သူ့အဆောင်မှာလဲ သူက ဝါအရင့်ဆုံး။ သည်တော့ သူက သူ့နေရာကလေးကို သူ့စိတ်ကြိုက်လုပ်ထားတာနဲ့ပတ်သက်ပြီး ဘယ်သူကမှ သံသယမရှိတော့ဘူးပေါ့။ တခြားလူတွေအနေနဲ့ကလဲ သူတို့မရောက်ခင်ကတဲက လုပ်ထားတာဆိုတော့လဲ မပြောသာဘူးပေါ့။

သည်လိုလေ....။ ဗိုလ်ငြိမ်းက သူ့အဆောင်ရဲ့ ထောင့်တထောင့်မှာ သူ့ကုတင်ကို သီးခြားခွဲထားတယ်။ ဘယ်သူနဲ့မှ မရောဘူး။ တခြားကုတင်တွေနဲ့ ခပ်ဝေးဝေး ခွာထားတယ်။ ပြီးတော့လဲ လေတိုက်တဲ့အခါမှာ မအေးအောင်လို့ လို့ အကြောင်းပြပြီး၊ ထောင်ကပေးတဲ့ ချည်ကြမ်းစောင်တွေနဲ့ အခန်းဖွဲ့သလို ပတ်ချာလည် ကာထားတယ်။ သည်အထဲမှာ တယောက်ထဲ ပါးဖြဲနားဖြဲစားတယ်။ ကျီးစား စားတယ်။ မျောက်စား စားတယ်။

ဗိုလ်ငြိမ်းအဆောင် ဆိုတာက ထောင်ရဲ့ထောင့်တထောင့် အစွန်ဆုံးမှာ ရှိတယ်။ သီးခြားကမ္ဘာကလေး။ အဲသည် သီးခြားကမ္ဘာကလေးရဲ့အလယ်ကောင်မှာမှ အဆောင်အဆောက်အဦ

အဲသည်အဆောက်အဦကလေးထဲမှာမှ သူ့ရဲ့နေရာကလေးက ထောင့်ကလေးတထောင့်။ နောက်ထမ်သီးခြားကမ္ဘာကလေး။

နေရာယူတယ်လေ။ ဘာဖြစ်သလဲ။ ဘယ်သူ ကန့်ကွက်ရဲသလဲ။ အရင်ဦးတဲ့လူက အရင်နေရာယူတာကို ဘာပြောချင်သလဲ။

ကြည့်။ သူ့ဘိုးဘွားပိုင်လိုသဘောထားပြီး ခပ်တည်တည် ခင်းကျင်းနယ်ချဲ့ထားတာကို။

သူ့မှာ အမျှားနည်းတူ ကုတင်တလုံးရှိတယ်။ ကုတင်ရဲ့ဘေး၊ ခေါင်းရင်းဘက်မှာတော့ ဘယ်သူ့မှာမှ မရှိတဲ့ စာရေးစပ္စဲတလုံးနဲ့ ကြိမ်ကုလားထိုင်တလုံး ရှိတယ်။ သည်စပ္စဲရဲ့တဖက်ဘေးမှာမှ ထင်းရှူးသေတ္တာကြီးသုံးလုံးက တန်းစီပြီး ချထားတယ်။ သော့အမြဲခတ်ထားတယ်။ စာအုပ်တွေ ထည့်ထားတယ်လို့ ဆိုတယ်။ တကယ်တော့ ဒါဟာ နယ်နိမိတ်ဖဲ။ သူ့သီခြားကမ္ဘာကလေးရဲ့ခံစည်းရိုးဘဲ။ သည်သေတ္တာကြီးတွေရဲ့ဘေးကမှ ကန့်လန့်ကာ ကာတယ်။ ခြေရင်းမှာကျတော့လဲ နောက်ထပ်သေတ္တာကြီးတလုံး ချပြီးထားသေးတယ်။ သည်ထဲမှာကတော့ ရိက္ခာတွေ။ သည်ရိက္ခာသေတ္တာပြီးတော့မှ ကန့်လန့်ကာ ကာတယ်။ ကျန်တဲ့နှစ်ဖက်ကတော့ အဆောင်ရဲ့နံရံဆိုပါတော့။ ကဲ....သူတယောက်ထဲ ဘယ်လောက်နယ်ချဲ့ထားသလဲ။

ပြီးတော့ ရှိသေးတယ်။ ခေါင်းရင်းက စာကြည့်စပ္စဲပေါ်မှာ အဆင့်သုံးဆင့်ပါတဲ့ စာအုပ်စင်တစင်လဲ ရှိသေးတယ်။ မသိတဲ့လူတွေကတော့ စင်ပေါ်ကစာအုပ်တွေကို မြင်ရရင် အထင်ကြီးစရာကြီးပေါ့။

စာအုပ်တွေကလဲ ကြည့်အုံးလေ။ လီနင်လက်ရွေးစင်ကျမ်း အတွဲလိုက်။ စတာလင်လက်ရွေးစင်ကျမ်း အတွဲလိုက်။ မတ်နဲ့ အိန်ဂျယ်တို့ရဲ့ လက်ရွေးစင်ကျမ်း အတွဲလိုက်။ အရင်းကျမ်း။ အနုပဋ္ဌလောမ ရုပ်ဝါဒ။ သမိုင်းဆိုင်ရာ ရုပ်ဝါဒ။ ဆိုဗီယက် ယူနီယံ ကွန်မြူနစ်ပါတီ(ဘော်ရှီဗစ်)သမိုင်း။ ရုပ်ဝါဒအမြင် သမိုင်း။ လူမှုဆက်ဆံရေးသမိုင်း။ စာအုပ်ထူကြီးတွေ။ အဖုံးမာကြီးတွေ။ ခန့်ချုပ်သန့်ချုပ်ကြီးတွေ။ အင်္ဂလိပ်ဘာသာနဲ့ရေးထားတဲ့စာအုပ်တွေ။

ဒါပေမယ့် ကျွန်တော့်ထောင်သက်တန်းတလျှောက်မှာတော့ သည်စာအုပ်ကြီးတွေကို ဗိုလ်ငြိမ်းဖတ်နေတာ မျက်မြင်ကိုယ်တွေ့ တခါမှမတွေ့ခဲ့ဘူးဘူး။ ကျွန်တော်တို့ကယ်ရာမှာ ဖတ်တယ်၊ အထူးသဖြင့် ကျွန်တော်တို့နဲ့မတွေ့ရနိုင်တဲ့ ည ညကျမှ ဖတ်တယ်လို့ ဆိုရအောင်ကလဲ သုံးနိုင်စရာ မရှိပြန်ဘူး။ ဘာပြုလို့လဲဆိုတော့ သည်ကနေ့ သူလုပ်နေတဲ့အလုပ်နဲ့ သူပြောနေတဲ့စကားတွေက သည်စာအုပ်တွေထဲက သုတောတရားတွေနဲ့ ပြဒါးတလမ်းသံတလမ်း ဖြစ်နေလို့ဘဲ။ တခုတော့လဲ ရှိတယ်။ ဖတ်တာက ဖတ်တယ်ထားအုံး။ နားမှ လည်ပါ့မလား၊ အဓိပ္ပာယ်မှ သိပါ့မလား ဆိုတာကလဲ သံသယရှိစရာဘဲ။ ဘာပြုလို့လဲဆိုတော့ တခါတခါ သူ့စကားထဲမှာ ညှပ်ညှပ်ပြီး ထည့်ပြောလေ့ရှိတဲ့ အင်္ဂလိပ်စကားလုံးတွေဆိုရင် များသောအားဖြင့်က အသံထွက်မမှန်ချင်ကြဘူး။ တမျိုးဘဲလေ။ စနစ်တကျ သင်မလာခဲ့ရလို့လားတော့ မပြောတတ်ဖူး။ ကျွန်တော်တော့ တယ်မထင်ပါဘူး။ တတ်လိမ့်မယ်၊ ဖတ်လိမ့်မယ်ဆိုတာ။ သူ့စာအုပ်စင်ကိုဘဲ ကြည့်။

ဘယ်တော့ဘဲ ကြည့်ကြည့်။ ခြေရာလက်ရာ ပျက်တယ်ကိုမရှိဘူး။ အထားအသို အပြောင်းအလဲ မရှိဘူး။ ကျွန်တော် ထောင်ထဲရောက်ခါစတုန်းကလဲ သည်အစီအစဉ်အတိုင်းဘဲ။ နောက်သုံးနှစ်လောက် ကြာလှာတဲ့တိုင်အောင်လဲ သည်အတိုင်းဘဲ။ ဘယ်စာအုပ်တအုပ်မှ နေရာမရွေ့ဘူး။

အဲ....သူ့ခြေရင်းက ရိက္ခာသေတ္တာကြီးကျတော့လဲ ဖွင့်ရပိတ်ရဖန် များလွန်းလို့ထင်ပါရဲ့။ အပြောင်းအလဲက သိပ်ကို သိသာနေပြန်ရော။ အဲသည်ရိက္ခာထည့်တဲ့ သေတ္တာကြီးဆိုတာက ကျွန်တော်တို့ ရောက်စတုန်းက ထင်းရှူးသေတ္တာ။ နောက်တော့လဲ ပတ္တာပျက်၊ မျောက်လက် ပျက်နဲ့ သိပ်ဟောင်းသွားပြီး၊ အဲသည်နေရာမှာ ကျွန်းသေတ္တာကြီးက အစားရောက်လာရော။ မူလထက်လဲ ပိုခိုင်၊ ပိုမြင့်ပြီး ပိုကြီးတဲ့သေတ္တာကြီး။ ခတ်ထားလိုက်တာကလဲ ကမ္ဘာလုံးတံဆိပ် အာမခံကြေးသော့ခလောက်ကြီးနဲ့။

ဗိုလ်ငြိမ်းမှာ သူ့အဝတ်အစားတွေထည့်တဲ့ သံသေတ္တာပါနဲ့ ဆိုရင် စုစုပေါင်း သေတ္တာငါးလုံး ရှိတယ်။ တကယ်တော့ ဗိုလ်ငြိမ်းက ထောင်ကို သူ့အိမ်သူ့ယာလိုဘဲ သဘောထားတယ်။ ဗိုလ်ငြိမ်းမှာ အိမ်ထောင် မရှိဘူး။ တခါမှလဲ အိမ်ထောင်မကျဘူးဘူး။ တောမခိုခင်တုန်းကလဲ နိုင်ငံခြေငါးဆောင်တွေဖြစ်နေကြတဲ့ သူ့အမယောကျ်ား၊ သူ့ယောက်ဖနှစ်ယောက်အိမ်မှာဘဲ၊ ဟိုနေလိုက် သည်နေလိုက် လှည့်နေခဲ့တယ်။ နောက် သူ့ယောက်ဖအငယ်နဲ့အတူ တချိန်ထဲ လက်နက်ကိုင် တောခိုခဲ့တယ်။ မြေပေါ်မှာ ကျန်ရစ်ခဲ့တဲ့ယောက်ဖအကြီးက ကာကွယ်ရေး

ဝန်ကြီး ဖြစ်လာတယ်။ သူနဲ့အတူ တောခိုတဲ့ယောက်ဖအငယ်က ဗမာပြည်ကွန်မြူနစ်ပါတီမှာ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် ခေါင်းဆောင်ကြီး ဖြစ်လာတယ်။ ဗိုလ်ဦမိန်းအနေနဲ့ကတော့ အမချင်း ယှဉ်လိုက်ရင် မြေပေါ်ကအမကို ပိုချစ်တယ်။ ဒါပေမယ့် ယောက်ဖချင်းယှဉ်လိုက်ရင်တော့ တောထဲကယောက်ဖကို ပိုခင်တယ်။ ဒါ့ကြောင့်လဲ တောခိုတယ်။ လက်နက်ကိုင် တော်လှန်တယ်။ တိုက်ပွဲတခုမှာ မိတယ်။ ထောင် တသက်တကျွန်း ကျဲတယ်။

လွတ်ရင် ဗိုလ်ဦမိန်း ဘယ်သွားမလဲ။ ဘာလုပ်မလဲ။ ဒါကို တော့ ကျွန်တော်လဲ မပြောတတ်ဖူး။ ဒါပေမယ့် ပထမဦးဆုံး တော့ သူ့အမ ကာကွယ်ခရေးဝန်ကြီးကတော်အိမ်ကို ချဉ်းကပ်ရမှာတဲ့လို့ ထင်တယ်။

ဟုတ်တယ်။ သူ့မှာ ကြိုဆိုမယ့် သားမယားလဲ မရှိဘူး။ နေစရာအိမ်လဲ မရှိဘူး။

ဒါ့ကြောင့်လဲ လောလောဆယ်မှာတော့ ထောင်ဟာ သူ့အိမ်ဘဲ။ ပစ္စည်းတွေဆိုရင်လဲ ပို့ထားစရာမှ မရှိဘဲ။ သိမ်းခိုင်းထားစရာ နေရာမှ မရှိဘဲ။ သူ့မှာ ထောင်ဝင်စာလာတွေ့မယ့်လူဆိုလို့လဲ တယောက်မှမရှိဘဲ။ သည်တော့ သူ့ကိုယ်ပိုင်ပစ္စည်းမှန်သမျှ သူနဲ့မကွာ သည်ထောင်မှာဘဲ ထားရမှာဘဲ။ ဒါကြောင့်လဲ ထောင်ထဲမှာနေရင်း ပစ္စည်းတွေ စုတယ်။ အဝတ်အစားလဲ ရနိုင်သမျှ အကြံအဖန်လုပ် စုတယ်။ စာအုပ်တွေလဲ ရတတ်သမျှ စုတယ်။ သေတ္တာနဲ့ ငါးလုံးအပြည့် ဖြစ်လာတယ်။ ထောင်ထဲမှာတော့ ဗိုလ်ဦမိန်းဟာ ပိုင်ဆိုင်မှု အများဆုံးရှိတဲ့လူလို့ဘဲ သတ်မှတ်ရလိမ့်မယ်။

အဖေ အိမ်
Mini Library

ဗိုလ်ဦမိန်းဟာ သူ အနှစ်နှစ်အလလ ကြိုးစားကြံဖန်ပြီး စုဆောင်းလို့ရတဲ့ သည်ပစ္စည်းတွေကိုတော့ အင်မတန် မက်မောခင်တွယ်တယ်။ အမြဲတမ်း သော့ခတ်သိမ်းထားလေ့ရှိတယ်။ သူ ဘယ်သွားသွား၊ ဘယ်အဆောင်သွားသွား၊ ဗူးဘက်သွားသွား၊ နောက်ဆုံးပြောရစေတော့၊ အိမ်သာဘဲသွားသွား၊ သူသွားလေရာရာမှာ သူ့သော့တွဲကြီးကတော့ သူ့ခါးကြားမယ် အမြဲတမ်းပါတယ်။ ဘယ်တော့မှ မေ့မထားခဲ့ဘူး။ ခါးကြားက ချွရိုးထုံးစံလဲ မရှိဘူး။

နောက် ဗိုလ်ဦမိန်းအကြောင်း ပြောပြရအုံးမယ်။

ထောင်ထဲမှာ လူမမြင်သူမမြင် နေရပေမယ့်၊ သူ့ကို ထောင်ဝင်စာ လာတွေ့မယ့်လူ မရှိပေမယ့်၊ ဗိုလ်ဦမိန်းကတော့ ဘယ်တော့မှ စုတ်စုတ်ပြတ်ပြတ်နဲ့ ပစ္စလက္ခတ်မခနဘူး။ နေ့ခင်းနေ့လယ်ဘက် သူ့အဆောင်ထဲမှာ အနားယူရင်သာ တရုတ်ပြည်ဖြစ် မြင်းခါင်းတံဆီပ် ရင်ဘတ်ကြယ်သီးတပ် စုပ်ကျယ်လက်ရှည်ကို ဝတ်ကောင်းဝတ်နေမယ်။ သူ့အဆောင်ဝင်းရဲ့အပြင်ဘက်ကိုထွက်မယ်ဆိုရင် ဘယ်လောက်ပူပူ ဘယ်လောက်အိုက်အိုက် ရှပ်အင်းကျီကိုလဲ ထပ်ဝတ်မယ်။ ပင်နီကြမ်းတိုက်ပုံအင်းကျီကိုလဲ ထပ်ဝတ်မယ်။ ပလေကပ်လုံချည်အဖြူကွက်၊ ဒါမှမဟုတ် ပင်နီချော ရှမ်းဘောင်းဘီကိုလဲ ထပ်ဝတ်မယ်။ အဆောင်တွင်းစီးတဲ့ဆေးပေါ့လိပ်ဆယ်လိပ်တန် ဆောင်တွင်းဖြစ်ခုံဘိနပ်ကိုလဲ စောင်းကောက်တံဆိပ်၊ မန္တလေးခြေညှပ် ကတ္တီပါသဲကြီးဘိနပ်နဲ့ လဲစီးမယ်။ သားသားနားနား ဖြစ်စေရမယ်။ ခမ်းနားတင့်တယ်စေရမယ်။

တကယ်တော့ ဗိုလ်ငြိမ်းရဲ့အသက်ဟာ မငယ်တော့ဘူး။ ကျွန်တော်တို့နဲ့တွေ့တော့ကိုတဲ့ ငါးဆယ်နားနီးနေပြီ။

ဒါပေမယ့် သူ့ကိုယ်သူ စနစ်တကျ ဝတ်စားဆင်ယင်တတ်တယ်။ သပ်သပ်ရပ်ရပ်နဲ့ သန့်သန့်ရှင်းရှင်း ရှိတယ်။ ဆံပင်ကို ဆိုရင်လဲ နှစ်ပတ်တခါလောက်တော့ မှန်မှန်ညှပ်တယ်။ အရှည်မခံဘူး။ ညှဉ်းဆိုးဆိုး အဖြစ်မခံဘူး။ ဘဲမြီးကတုံးဆံခတောက်မို့ ဖီးစရာမလိုပေမယ့်၊ ခေါင်းလိမ်းဆီခမွေးကလေးနဲ့တော့ နည်းနည်းဖြစ်ဖြစ် သပ်ထားလေ့ရှိတယ်။ ပြီးတော့ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး၊ ခြေသည်းလက်သည်း၊ တာတခုမှ အရှည်မခံဘူး။ အမြဲတမ်း ဂရုတစိုက် သုတ်သင်လေ့ရှိတယ်။

သည်တော့ သူ့ကို မြင်လိုက်ရရင် မြင်လိုက်ရတဲ့လူအဖို့ စိတ်ထဲမှာ ကြည်သွားတယ်။ အသားကလဲ ဖြူတယ်။ အရပ်အမောင်းကလဲ ကောင်းတယ်။ လူကလဲ ဝဝဖြိုးဖြိုး။ မျက်နှာမှာလဲ ဘာဝက်ခြံ ဘာမွဲခြောက်မှ မရှိဘူး။ ချောမွတ်နေတယ်။ သူ့လက်ဖဝါးတွေဆိုရင်လဲ လက်နက်ကိုင်တိုက်လာတဲ့ သူပုန်လို့သာ ပြောတယ်။ မယုံနိုင်လောက်အောင်ကိုတဲ့ နူးညံ့ပျော့ပျောင်းတယ်။ ပြီးတော့လဲ ဗိုလ်ငြိမ်းမှာ ထူးခြားချက်တချက် ရှိသေးတယ်။ ဘာလဲဆိုတော့ အပြုံး။ ဗိုလ်ငြိမ်းကို ဘယ်အခါတဲ့ ကြည့်လိုက်ကြည့်လိုက်။ အမြဲတမ်းပြုံးနေတာ တွေ့ရလိမ့်မယ်။ သူစိတ်ညစ်နေတာ၊ စိတ်ညစ်လို့ မှိုင်နေတာ၊ ငိုင်နေတာ၊ အားငယ်နေတာ၊ ဘယ်တော့မှ မတွေ့ရဘူး။ ကျွန်တော်လဲ တခါမှ မတွေ့ဘူးဘူး။

ထောင်ဆိုတာ တကယ်မနေအပ်တဲ့အရပ်။ မရောက်အပ်တဲ့အရပ်။

အနေအထိုင်ဆင်းရဲရတာတို့၊ အစားအသောက်ဆင်းရဲရတာတို့၊ ကြီးနိုင်ငယ်ညှဉ်း အနိုင်ကျင့်ခံရတာတို့၊ မတရားခံရတာတို့ ဆိုတာတွေကို ဘေးဖယ်ထားလိုက်အုံး။ အဲ့ဒါတွေကို ခံနိုင်ရည်ရှိတယ်ထားအုံး။ ထောင်ထဲရောက်နေရတဲ့ လူတယောက်ဟာ ပထမဆုံး လူ့အခြေခံ အခွင့်အရေးတွေအားလုံးကို ဆုံးရှုံးရမယ်။ ကြားချင်တာ မကြားရဘူး။ မြင်ချင်တာ မမြင်ရဘူး။ ပြောချင်တာ မပြောရဘူး။ နေချင်သလို မနေရဘူး။ သွားချင်သလို မသွားရဘူး။ အိပ်ချင်သလို မအိပ်ရဘူး။ တိုတိုပြောရရင် ဘာတခုမှ လွတ်လပ်ခွင့်မရှိဘူး။

ပြီးတော့ လူတယောက်အနေနဲ့ ဆက်လက်အသက်ရှင်နေနိုင်ခွင့်ရှိတာကလဲလို့ ဘာအခွင့်အရေးမှ မရှိဘူး။ အသက်ရှင်နေရက်နဲ့ သေနေရတာနဲ့ အတူတူဘဲ။ ဘာမှအသုံးမကျတော့ဘူး။ ဘယ်သူ့အတွက်မှလဲ အသုံးမကျတော့ဘူး။ ကိုယ့်မိသားစုအတွက်လဲ အသုံးမကျနိုင်တော့ဘူး။ နိုင်ငံနဲ့လူမျိုးအတွက်လဲ အသုံးမကျနိုင်တော့ဘူး။

ဆက်လက်အသက်ရှင် နေနိုင်ခွင့်ရှိတယ် ဆိုတာတောင်မှတဲ့ တကယ်တမ်းကျတော့ ကျန်းမာရေးကောင်းပါမှ။ ဘာရောဂါ ဝေဒနာမှ မဖြစ်ပါမှ။ တခုခုဖြစ်သို့ ဖျားတယ်နာတယ်ဆိုရင် တောင် တယ်မလွယ်ဘူး။

ထောင်ထဲမှာလဲ ဆေးရုံဆိုတာတော့ ရှိပါရဲ့။ နှစ်ထပ်အဆောင်ငယ်တခုကို ဆေးရုံသုပ်ထားတာလဲ ရှိပါရဲ့။ မကျန်းမာဘူးဆိုရင်လဲ ဆေးရုံဘင်ပြီးတော့ ကုပါရဲ့။ ဒါပေမယ့် ဆေးဝါးကတော့ သိကြတဲ့အတိုင်း မပြည့်စုံဘူး။ မရှိတဲ့ဆေးနဲ့ ရှိတဲ့ဆေး ယှဉ်လိုက်ရင် မရှိတဲ့ဆေးက ရှိတဲ့ဆေးထက် ဆယ်ဆလောက် များလိမ့်မယ်ထင်တယ်။

ပြီးဘော့ ထောင်ဆေးရုံမှာ ထူးဆန်းတာက သူနာပြုတဒယောက်မှ မရှိဘူး။ အမျိုးသမီးသူနာပြုဆိုတာတော့ ဝေးရော့။ အမျိုးသားသူနာပြုလဲ မရှိဘူး။ ဆေးစပ်သမားလဲ မရှိဘူး။ ဆရာဝန်တယောက်ကလဲလို့ ဘာဆေးဝန်ထမ်းမှ မရှိဘူး။

ဒါပေမယ့် အကျဉ်းသားတွေထဲက တချို့ဝါသနာပါတဲ့လူတွေကို ဆရာဝန်က တာဝန်ပေးထားတယ်။ ဝါသနာပါတယ်ဆိုရုံနဲ့ဘော့လဲ သည်အလုပ်မျိုးကို ဘယ်ခွင့်ပြုမလဲဆိုသ။ ပညာ

အခြေခံကလေးကလဲ ရှိအုံးမှ။ လူကလဲ နုမှ။ စိတ်ကလဲ ကြင်နာတတ် ယုယတတ်တဲ့ စိတ်မျိုးနဲ့မှ။ မဆိုးပါဘူး။ ဘယ်လိုလုပ် ရွေးထားသလဲတော့ မပြောတတ်ဖူး။ ကျန်တော်တွေ့ရသမျှတော့ သူ့နေရာနဲ့သူ တော်တော်ဟုတ်နေလေရဲ့။

သူနာပြုလုပ်နေကြတဲ့ ကောင်ကလေးသုံးယောက်ဆိုရင်လဲ လူငယ်ကလေးတွေ့။ ကျောင်းသားအရွယ်ဆိုပါတော့။ နှစ်ဆယ်ပတ်ဝန်းကျင်ကလေးတွေ့။ သူတို့ကို ကြည့်ရတာကိုက သိသာပါတယ်။ လူဆိုးလူမိုက်ကလေးတွေနဲ့မတူဘူး။ အေး ဆိုးလိုမိုက်လို့သာ ထောင်ထဲ ရောက်လာတာပေါ့လေ။ ဒါပေမယ့် အကျင့်စာရိတ္တနဲ့မဆိုင်ဘဲ၊ ရုတ်တရက် ဒေါသအလျောက်၊ စိတ်ရူးစိတ်မိုက်အလျောက် ရာဇဝတ်ပြစ်မှုကို ကျူးလွန်လိုက်မိကြတာမျိုး။

တယောက်က အပြင်မှာလဲ ကျောင်းနေတုန်းတဲ့။ ဓတန်းတဲ့။ နှစ်ယောက်ကတော့ ကျောင်းသား မဟုတ်တော့ပါဘူး။ ကျောင်းထွက်နေကြပြီ။ ဒါပေမယ့် သူတို့ကို သူတို့ဆရာဝန်က ဘယ်မှနဲ့ ရွေးပြီးခန့်ထားသလဲတော့ မသိဘူး။ သူတို့အားလုံး လူသတ်မှု။ နှစ်ကြီးသမားကလေးတွေချည့်။ ဟိုနှစ်ယောက်က အမှုတွဲ။

ထားပါတော့လေ။ ထောင်ထဲမှာ ကြာကြာနေရမယ့်လူကို ရွေးထားတာလဲ ဖြစ်နိုင်တာပေါ့။ ကြာကြာ မနေရမယ့်လူကို ရွေးရင် ခဏခဏ လူခပြောင်းရမယ်။ ခဏ ခဏ အသစ်ရွေးရမယ်။ နောက်ပြီး အသစ်တွေကို သင်သင် ပေးနေရအုံးမယ်။ မလွယ်ဘူးမဟုတ်လား။

သည်လိုဘဲ၊ ဆေးစပ်သမား လုပ်နေတဲ့ ကောင်ကလေးကလဲ နှစ်ဆယ်ကျော်ရုံဘဲ ရှိသေးတယ်။ တကယ်သိလို့ဝင်တန်းမှ ပညာ

သင်တုန်း။ ရည်းစားလုံကြရာက ပြဿနာဖြစ်။ အဖေ့သေနတ်ကို ခိုးယူလာပြီး၊ ပြိုင်ဘက်ကိုပစ်သတ်။ တော်သေးတယ်။ တဖက်က မသေလို့။ ထောင် ခုနှစ်နှစ် ကျသတဲ့။ ပြီးတော့ သည်သူငယ်က (ခ)တန်း အကျဉ်းသား။ လူကလဲ တကယ့်လူနု။ ဖြူဖြူသွယ်သွယ်ကလေး။ စိတ်ကလဲ နုတယ်။ လိမ္မာလဲ လိမ္မာတယ်။

သူက ဆရာဝန် ရေးပေးလိုက်တဲ့ဆေးစာကို ဖတ်ပြီး၊ လုံနာတွေကို ဆေးတိုက်ရတယ်။ လူနာတိုင်းကို ချို့ချို့သာသာ ပြောတယ်။ ကလေးငယ်ကိုဆေးချေ့တိုက်သလိုလဲ လူဆိုးကြီးတွေကို ဆေးချေ့တိုက်တယ်။ ဆေးလုံးဆေးပြား ပေးလိုက်တယ်ဆိုရင်လဲ သေသေချာချာ အထပ်ထပ် မှာဘတ်တယ်။ သောက်ဖြစ်အောင် သောက်ဖို့ ပြောတတ်တယ်။

ထောင်ထဲမှာက ဖျားတယ်နာတယ်ဆိုရင်....ပထမဆုံး အခက်အခဲက ဆရာဝန်ပြခွင့်ရဘို့ဘဲ။ လူတိုင်းက အလုပ်မလုပ်ချင်ရင်၊ အနားယူချင်ရင် ဖျားတယ်နာတယ်နဲ့ အကြောင်းပြလေ့ရှိတယ်။ ဖျားတယ် ဆိုတာကတော့ သိသာတယ်။ ကိုယ်ကို စမ်းကြည့်လိုက်ရင် ပူနေတယ်။ လိမ်လို့သိပ်မရဘူး။

ဒါပေမယ့် ဗိုက်နာတယ်၊ ခေါင်းမူးတယ် ဆိုတာကတော့ စမ်းကြည့်လို့ သိရတာမျိုး မဟုတ်ဖူး။ အဲသည်တော့ ဟိုလူကလဲ ခေါင်းမူး၊ သည်လူကလဲ ဗိုက်အောင့် ဗိုက်နာနဲ့၊ ခဏခဏ အကြောင်းပြကြတယ်။

အကြောင်းပြဖန် များလာတော့ သက်ဆိုင်ရာ အုပ်ချုပ်တဲ့လူတွေကလဲ တယ် မယုံကြတော့ဘူး။ ဆရာဝန်ဆီ ရောက်သွား

ပြန်ရင်လဲ လေးယောက်မှာ တယောက်လောက်ကသာ "တကယ်ဖြစ်တာကိုး။ သုံးယောက်လောက်က လိမ်ကြတာ။ အကြံအဖန်လုပ်တာ။

တချို့ကျတော့လဲ ဆရာဝန် ကိုယ်တိုင်ကိုက မသိဘူး။ မူးတဲ့လူက တကယ်မူးနေတယ်။ ဒါကတော့ သွေးတိုးနှုန်း တိုင်းလိုက်ရင် သိရတယ်။ ပြေးမလွှတ်ဘူး။ ဒါပေမယ့် ဆရာဝန်ကလဲ ခပ်ပေါ့ပေါ့ဘဲ။ လူကိုကြည့်ပြီး ဘာမှမဖြစ်ဖူး ပြောချင် ပြောလွှတ်လိုက်တာဘဲ။ အဲ့တခါတလေတော့ အားဆေးလေး ဘာလေး ပေးပြီး ပြန်လွှတ်လိုက်တာဘဲ။

ဗိုက်နာတယ် ဗိုက်အောင့်တယ်ဆိုတဲ့ လူနာကျတော့ ဆရာဝန်လဲ ဒုက္ခဘဲ။ ဒါ တကယ်လား၊ အကြံအဖန်လား ဆိုတာခဲခြားသိတို့က မလွယ်ဘူး။ ရောဂါကို စမ်းသပ်စစ်ဆေးကြည့်တို့က ပစ္စည်း ကရိယာကလဲ ရှိအုံးမှ မဟုတ်လား။ ထောင်ထဲမှာက ဓာတ်မှန်ရိုက်လို့လဲ မရ။ သွေးစစ်ကြည့်တို့လဲ မဖြစ်နိုင်။ ဝမ်းထဲက အစာကို ပြန်စုပ်ထုတ်ကြည့်တို့လဲ မလွယ်။ ဆရာဝန်လဲ ဦးကျောက် ခြောက်ရတာဘဲ။

တခုတော့ ရှိသပေါ့လေ၊ တကယ်တမ်း ရောဂါကြောင့် တကယ်တမ်း နာလာပြီ ဆိုတော့လဲ သိသာပါတယ်။ တနည်းပြောရရင် ရောဂါရှိလို့၊ ရှိတဲ့ရောဂါကလဲ ရင့်လာပြီဆိုရင်တော့ သိသာပါတယ်။ အူအတက်ရောင်တာမျိုး၊ အစာအိမ် အနာပေါက်တာမျိုး ဆိုရင်တော့လဲ ဗိုက်ပေါ် လက်တင်ကြည့်ရုံနဲ့ သိသာပါတယ်။ ဒါမျိုးကျတော့လဲ လွယ်ပါတယ်။ ချက်ချင်း အပြင်ဆေးရုံကြီး လှမ်းပို့ဘို့ ထောင်အာဏာပိုင်တွေကို အရေး

ပေါ် အစီရင်ခံလိုက်ရုံဘဲပေါ့။ နော့....ဒေါင်ထဲမှာ ခွဲလို့မှ မဖြစ်တာ။

ဒါပေမယ့် သာမာန် ဗိုက်အောင့် ဗိုက်နာတာမျိုးကျတော့လဲ မတတ်နိုင်ဘူး။ ရွှေဥာဏ်ရင် မဝေခွဲဘတ်ဖူး။ ဆရာဝန်လဲ သည်နေရာမျိုးမှာတော့ မိုက်ပစ်ရတာဘဲ။ မလိုချင်ဘူး။ ရော့ဆေး။ သည်ဆေးကိုသောက်။ အလုပ်ဆင်း။ မဒပျာက်ရင်ပြန်လာခဲ့။ ဒါဘဲ....။

ဆရာဝန် မိုက်သလိုဘဲ အကျင့်သားကလဲ မိုက်တာဘဲ။ သောက်ဆိုပေမယ့် မသောက်ဖူး၊ ရောဂါကို မေ့းတယ်။ ရောဂါရင့်သထက် ရင့်လာအောင် တမင်ကိုမေ့းထားတယ်။ သိပ်ကိုမဟန့်နိုင်တော့ဘူး၊ မခံနိုင်တော့ဘူးဆိုမှ အမယ်လေး အဘလေးထအော်တယ်။ သည်တော့မှလဲ ဆေးရုံ တက်ခွင့် ရမှာကိုး။ သည်တော့မှလဲ ဆရာဝန်က ယုံမှာကိုး။

ဒါကြောင့် ဆေးစပ်သမားလေးက ချော့ရှာတယ်။ ဆေးကိုမှာတဲ့အတိုင်း မှန်မှန် သောက်ဖို့ ပြောရှာတယ်။ သူ ပြောနေကျစကားတခွန်းလဲ ရှိသေးတယ်။ သူ့စကားက မှန်လဲမှန်တယ်။ ဘာလဲဆိုတော့.... ဒေါင်ထဲမှာ ပြုစုယုယမယ့်လူ ရှိဘာမဟုတ်ဖူး၊ ကိုယ့်ကျန်းမာရေးကို ကိုယ်ဂရုစိုက်နေပါ....တဲ့။

မဆိုးပါဘူး။ ဒေါင်ဆေးရုံဘခုလုံးမှာ သည်ဆေးစပ်သမား သူငယ်ကလေးရဲ့ စိတ်ထားဟာ အမြင့်မြတ်ဆုံးဘဲ။ သူနာပြုကလေးတွေလဲ မဆိုးပါဘူး။ မရှုံမရှာ လုပ်ကြ ကိုင်ကြပါတယ်။ အကူအညီ ပေးတတ်ကြပါတယ်။ ဆရာဝန်ကလဲ မဆိုးပါဘူး။

အထူးသဖြင့် (ခ)တန်းအကျင့်သားတွေ အပေါ်မှာ သဘောကောင်းပါတယ်။

ဒါပေမယ့် ဒေါင်ဆေးရုံမှာ ငရဲခွေးကြီးတကောင်ရှိတယ်။ သူကတော့ အပြင်မှာဆိုရင် ဆေးရုံအုပ်လို့ နာမယ်တပ်ရလိမ့်မယ် ထင်တယ်။ ဆေးရုံက စာရင်းဇယား အားလုံးကို သူက ကိုင်ရတယ်။ ဆေးရုံအတွက် လိုအပ်တဲ့ ပစ္စည်းအားလုံးနဲ့၊ နေ့စဉ်နဲ့ အမျှ ပြောင်းလဲနေတဲ့ ရိက္ခာစာရင်းကိုလဲ သူဘဲ ကိုင်ရတယ်။ သူက တွက်ချက်ပြီး မှာရတယ်။ သူကဘဲ ချက်ရေး ပြုတ်ရေးအတွက် စီစဉ်ရတယ်။ အားလုံး သူ့ခြေ သူ့လက်မို့။

ဆေးရုံ ဆိုတာကတော့ သိတဲ့အတိုင်းဘဲလေ။ လူမမာတွေ နေတဲ့နေရာ မဟုတ်လား။ သည်တော့ လူမမာတွေ အတွက်က နွားနို့တို့၊ ပေါင်မုံ့တို့၊ ကြက်သားတို့၊ ငါးတို့၊ ဆိတ်သားတို့၊ ဆိုတာတွေက လှိုင်မယ်မဟုတ်လား။

အဲ....အဲသည်ဆေးရုံအုပ် လုပ်တဲ့လူက ဘယ်သူလဲ၊ သိသလား။

ဘယ်သူ ရှိရအုံးမှာတုန်း။ ဒါမျိုးဆိုတာက ပညာတတ်တဲ့လူမှု၊ အုပ်ချုပ်ရေး ကျမ်းကျင်တဲ့လူမှ ဖြစ်မှာ မဟုတ်လား။ သည်တော့ ဗိုလ်ငြိမ်း အဆောင်က ဗိုလ်ငြိမ်းရဲ့လက်ထောက် ရဲအရာရှိကြီးတဲ့ပေါ့။

သည်လူကြီးက ဥပမိရုပ်ကလဲ သိပ်ကောင်းတယ်။ ရောမနဖူးကျယ်ကြီးနဲ့။ ထိပ်ပြောင်ကြီးနဲ့။ မျက်နှာကြီးကလဲ ဖိုးလမင်းကြီးလိုဘဲ။ အသားကလဲ ဖြူဖွေးလို့။ အရောင်အမောင်းကြီ

ကလဲ ကောင်းပါဘိသနဲ့။ ပြီးတော့ အနေအထိုင်ကလဲ သိပ်သန့်တယ်။

သိသာပါတယ်။ ကြည့်လိုက်ရုံနဲ့ အထက်တန်းလွှာထဲကဆို တာ ပေါ်လွင်နေတယ်။ အင်္ကလိပ်လို ပြောတဲ့နေရာမှာလဲ လူသာမမြင်ရရင် တကယ့် အင်္ကလိပ်ကြီးတယောက် ပြောနေသလား အောက်မေ့ရမယ်။

သူလဲ အတူတူဘဲ။ ဗိုလ်ငြိမ်းလိုဘဲ။ ထောင်က ပေးတဲ့အဝတ် အစားကိုဘဲ ဝတ်တယ်။ သေသေသပ်သပ်နေတယ်။ သူ့ကို အချိန်မရွေး၊ ဘယ်တော့ဘဲ ကြည့်လိုက်ကြည့်လိုက် သန့်ရှင်းနေတယ်။

အလုပ် လုပ်တဲ့နေရာမှာလဲ သိပ်တော်တယ်။ သိပ်တော်တယ်လို့ ဆိုရမယ်။ သူကလဲ ပြောတယ်။ အလုပ်ကို အလုပ်နဲ့တူအောင် လုပ်ရမယ်တဲ့။ ယုံကြည်လို့ ပေးအပ်တဲ့တာဝန်ကို ပိုပြီး ယုံကြည်အောင် ရိုးသားစွာ လုပ်ပြရမယ်တဲ့။ ထိုက်တန်တယ် ထင်လို့ ပေးအပ်တဲ့တာဝန်ကို ပိုပြီး ထိုက်တန်တယ်ထင်အောင် ကြိုးစားပြီးလုပ်ပြရမယ်တဲ့။

တကယ်လဲ့ အလုပ်ကို အလုပ်နဲ့တူအောင် လုပ်ပါတယ်။ မနက်ဆိုရင်လဲ အိပ်ယာက ထ။ တန်းဖွင့်တာနဲ့ တပြိုင်နက် ဆေးရုံဆောင်တက် ကူးပြီး တနေကုန် ဆေးရုံမှာဘဲ နေတာဘဲ။ ဆေးရုံမှာ သူ့ရုံးခန်း ရှိတယ်လေ။ ဆရာဝန် ရုံးခန်းနဲ့ တွဲရက်ပေါ့။

ဆရာဝန်နဲ့လဲ သိပ် လေ့ပေးဖြောင့်တာပေါ့။ ဆရာဝန်ကလဲ သူ့ကိုတော့ ယုံလဲ ယုံကြည်တယ်။ ကြည်လဲ ကြည်ညိုတယ်။

အားကိုးလဲ ရတယ်လေ။ တော်ရုံတန်ရုံ ပြဿနာသာဆိုရင် သူကဘဲ ဖြေရှင်းပစ်လိုက်တယ်။ ဆရာဝန့်ဆီအထိ မရောက်စေတော့ဘူး။ ဆရာဝန် သိပ် သက်သာတာပေါ့။ မတော်တဆ ဆေးရုံမှာ လူနာတယောက် ဆုံးပါးရပြီ ဆိုပါတော့။ ဒါဟာ၊ တကယ်တော့ သိပ်အရေးကြီးတဲ့ ပြဿနာဘဲ။ အပြင်ဘက်က ဆေးရုံမှာ လူနာတယောက် သေတယ်ဆိုတာ မဆန်းပေမယ့်၊ ပြဿနာမဟုတ်ပေမယ့်၊ ထောင်ထဲက ဆေးရုံမှာ သေတယ်ဆို တာကတော့ မလွယ်ဘူး။ အကျိုးအကြောင်း ခိုင်ခိုင်လုံလုံရှိရတယ်။ လူနာရဲ့ဆေးကုသမှု ရာဇဝင်တခုလုံးကို မိတ္တူကူးပြီး ခိုင်ခိုင်လုံလုံ ဖြေရှင်းပြနိုင်ပါမှ။ မဟုတ်ရင် ထောင်ထဲမှာ အသတ်ခံရသလိုလို၊ နှိပ်စက်ညှဉ်းပမ်းခံရလို့ သေသွားရသလိုလို အစွပ်စွဲခံရတတ်တယ်။

ဒါပေမယ့် ကျွန်တော်တို့ရဲ့ အရာရှိဟောင်းကြီးက သည်ပညာမှာ နားလည်တတ်ကျွမ်းပြီးသားမဟုတ်လား။ ဥပဒေ ရှုဆောင့်က တမျိုး၊ ဆေးပညာ ရှုဒေါင့်က တဖုံ၊ နည်းမျိုးစုံနဲ့ ဖြေရှင်းပြီးသားဖြစ်တဲ့ အစီရင်ခံစာမျိုးကို ကျွမ်းကျွမ်းကျင်ကျင် ရေးတတ်တယ်။ ဆရာလုပ်တဲ့ ဆရာဝန်က ဘာမှ ပူစရာမလိုဘူး။ ထပ်ဖြည့်နေစရာလဲ မလိုဘူး။ ပြင်ပေးနေစရာလဲ မလိုဘူး။ လက်မှတ် ကောက်ထိုးလိုက်ရုံဘဲ။

သည်လို အခြေအနေမှာ ရှိတယ်။

ပြီးတော့ ပြောရအုံးမယ်။ ထောင် ဆေးရုံဆိုတာက အပြင်ဘက်က ဆေးရုံနဲ့ လုံးဝ မတူဘူး။ အပြင်ဘက်မှာဆိုရင် လူမှုန်သမျှ ဆေးရုံကို မတက်ချင်ကြဘူး။ ဝေဒနာ ခံစားရမှု၊ မတက်

ရင် မဖြစ်တော့ဘူးဆိုမှ၊ မလဲသာ မရှောင်သာတော့မှ ဆေးရုံတက်ကြတာ မဟုတ်သား။ ထောင်ထဲမှာကတော့ အပြင်နဲ့ပြောင်းပြန်ဘဲ။ လူတိုင်းက ဆေးရုံဘက်ချင်တယ်။ အထူးသဖြင့် ရိုးရိုး အကျဉ်းသားတိုင်းက ဆေးရုံတက်ချင်တယ်။ အကြောင်းကတော့ ဆေးရုံဘက်နေခွင့်ရရင် အလုပ် မလုပ်ရတော့ဘူး။ အလုပ်သက်သာတယ်။ အပင်ပန်းသက်သာတယ်။ ပြီးတော့ လူမမာစာရင်းဝင်ပြီး အစားကောင်းတွေ စားရတယ်။ နေ့စဉ် အသား ငါး စားရတယ်။ ပေါင်မုန့် စားရတယ်။ နွားနို့သောက်ရတယ်။ ကြက်ဥ စားရတယ်။ ဘယ်လောက် ဟန့်ကျလဲ။ တယ်သူမတက်ချင်ဘဲ နေမလဲ။

ဒါပေမယ့် ထောင်ထဲမှာ ဆေးရုံတက်ခွင့်ရဘို့ဆိုတာကတော့ မလွယ်ဘူး။ ထောင်ထဲမှာ လူမမာဖြစ်ဖို့ လွယ်ပေမယ့်၊ ဆေးရုံတက်ရဘို့ကတော့ မလွယ်ဘူး။

တခုတော့ ရှိသပေါ့လေ။ ဒါကတော့ အားလုံးလဲ သိပြီးသားပါ။ အပြင်မှာလိုဘဲ သူ့နည်း သူ့ဟန်နဲ့တော့ ရှိသပေါ့။

ထောင်ထဲမှာ အကြမ်းဖျင်းအားဖြင့် အကျဉ်းသား နှစ်မျိုးနှစ်စားရှိတယ်။ ပထမတစားက ထောင်ထဲတော့ ရောက်နေပြီ။ ဒါပေမယ့် အမှုက မပြီးသေးဘူး။ တရားရုံးက အပြစ်ဒဏ် မချမှတ်ရသေးဘူး။ စစ်ဆေးဆဲ ဆိုပါတော့။ သည်လိုလူတွေကို 'အချုပ်'လို့ခေါ်တယ်။

တကယ်ကတော့ သည်လူတွေဟာ တရားရုံးမှာ စစ်ဆေးဆဲဖြစ်တဲ့အတွက် အပြစ်မရှိသေးဘူး။ သူကိုယ်တိုင်က ပြစ်မှုကျူးလွန်ခဲ့ပါတယ်လို့ ဘယ်လောက်ဖဲ့ ဝန်ခံဝန်ခံ၊ သူမှာ ပြစ်ဒဏ်

မစီရင်ရသေးတဲ့အတွက် အပြစ်မရှိသေးဘူး။ အပြစ်ရှိတဲ့လူလို့ တရားဝင် မသတ်မှတ်နိုင်သေးဘူး။ ဒါကြောင့် သည်လို 'အချုပ်' အကျဉ်းသားတွေကို ခိုင်းပိုင်ခွင့်မရှိဘူး။ ထောင်ထဲမှာ အလုပ် လုပ်ခိုင်းပိုင်ခွင့် မရှိသေးဘူး။

ဒနာက်တမျိုးကတော့ တရားရုံးက စီရင်ချက် ချလိုက်ပြီ။ အပြစ်ပေးလိုက်ပြီ။ အလုပ်ကြမ်းနဲ့ ထောင်ဒဏ် ဘယ်လောက် ဆိုပြီး ပြစ်ဒဏ်ချမှတ်စီရင်လိုက်ပြီ။ သည်လို အကျဉ်းသားတွေကိုတော့ ထောင်ထဲမှာ 'ထောင်ကျ' အကျဉ်းသားလို့ ခေါ်တယ်။

အဲ.... အချုပ် အကျဉ်းသားဘဝကနေပြီး၊ ထောင်ကျ အကျဉ်းသားဘဝကို ရောက်ပြီဆိုရင်.... ထောင်အာဏာပိုင်က အလုပ် လုပ်ခိုင်းဘို့ စီစဉ်တယ်။ သူနဲ့ ထိုက်ရာ တန်ရာ နေရာတွေမှာ အလုပ်လုပ်ခိုင်းလေ့ရှိတယ်။

ဆိုပါတော့၊ အပြင်ဘက်တုန်းက ဆံသ အလုပ်သမားဆိုရင် ထောင်ထဲမှာလဲ ဆံသ။ အပြင်ဘက်တုန်းက အပ်ချုပ် အလုပ်သမားဆိုရင် အပ်ချုပ်ဌာနပို့။ အပြင်ဘက်မှာ ရုံးလုပ်ငန်းလုပ်လာတယ် ဆိုရင်လဲ ရုံးလုပ်ငန်းဘက် ပို့ပေါ့။ သင့်လျော်ရာ ထိုက်တန်ရာ ပို့တာပါဘဲ။

ဒါပေမယ့် များသောအားဖြင့်ကတော့ လက်သမားရုံတို့၊ ကြိမ်ရုံတို့၊ ကော်ဇောရက်ဌာနတို့၊ ပုံနှိပ်စက်တို့၊ ဆန်စက်တို့၊ တခြား သိုလှောင်ရေး လုပ်ငန်းတို့ အစရှိသည်ပေါ့လေ..... အလုပ်ကြမ်း လုပ်ကြရလေ့ရှိတယ်။

သည်လို အလုပ်အတွက် နေရာချထားတာကလဲ တပတ်မှာ တခါ။ တနင်းလာနေ့မှာ။ လူသစ်တွေ တန်းစီရတယ်။ ထောင်ကျ အကျဉ်းသားသစ်တွေကို လူသစ်လို့ခေါ်တယ်။

ထောင် အာဏာပိုင်က တယောက်ချင်းရဲ့ အမှုတွဲကိုကြည့်တယ်။ ရာဇဝင်ကို ကြည့်တယ်။ မေးမြန်းစုံစမ်းတယ်။ ပြီးတော့ အရေးအကြီးဆုံး လုပ်ငန်းတရပ်အနေနဲ့ ဆေးစစ်တယ်။

ဆရာဝန်ရဲ့ ဆေးစစ်ချက်ကလဲ သိပ်တော့ မခဲယဉ်းလှပါဘူး။ ဆရာဝန် အတတ်ပညာ မတတ်ရဇ်လဲ ရပါတယ်။ စစ်နိုင်ပါတယ်။ ဘာပြုလို့လဲဆိုတော့.... ဆရာဝန်က နားကြပ်နဲ့လဲ တယ် နေရာကိုမှ ထောက်မကြည့်ဘူး။ လက်နဲ့လဲ စမ်းမကြည့်ဘူး။ သွေးတို့၊ ဆီးတို့၊ တံထွေးတို့ကိုလဲ စစ်ဆေးမကြည့်ဘူး။

လှည့်လှည့်ကလေးပါ။ မေးခွန်း နှစ်ခွန်းဘဲ မေးတာပါတဲ့။

ပထမ မေးခွန်းကတော့....

'ချောင်းဆိုးသလား....'

ဒုတိယ မေးခွန်းကတော့....

'တောကျသလား....'

ဒါပါဘဲ။ ချောင်း မဆိုးဘူးဆိုရင် အဆုပ်နာ မရှိနိုင်ဘူး။ မကူးစက်နိုင်ဘူး။ အလုပ်ကြမ်းလုပ်နိုင်တယ်။

နောက် အူမကျဘူးဆိုရင် အလေးအပင် မ,လို့ရတယ်။ အလုံပ်ကြမ်း လုပ်နိုင်တယ်။

ဒါပေမယ့်.... သည်ကြားထဲမှာ အကြံအဖန်တွေ အများကြီး ရှိတာပေါ့။ သက်သာရာ သက်သာကြောင်း၊ သိပ် ပင်ပန်းတဲ့

အလုပ်ဖက်မကျဘဲ နည်းနည်းသာ ပင်ပန်းရတဲ့ အလုပ်ဖက်ကျ အောင်က အကြံအဖန်လိုတာပေါ့။

အပြင်ဘက်မှာ ရုံးဝန်ထမ်း၊ စပဲနဲ့ ကုလားထိုင်နဲ့ အလုပ် လုပ်လာခဲ့ပေမယ့် ထောင်ထဲမှာက စပဲ့ ကုလားထိုင်အလုပ်မှာ နေရာလွတ် မရှိတော့ဘူးဆိုရင်.... အကြံအဖန် လိုအပ်ပြီပေါ့။ ဆရာဝန်ရဲ့ မှတ်ချက်ကလေးနဲ့ လက်မှတ်ကလေး လိုအပ်ပြီပေါ့။ အလုပ်ကြမ်း ဆိုတဲ့ စာလုံးရဲ့ နောက်မှာ သင့် ဆိုတဲ့ မှတ်ချက်ကို ရေးမယ့်အစား၊ မ တလုံး အပိုသုံးပြီး မသင့် လို့ ရေးပေးတို့ လိုအပ်ပြီပေါ့။

တကယ်တော့ သည် အပိုသုံးတဲ့ မ တလုံးဟာ အကျဉ်းသားရဲ့ စီးပွားရေး အခြေအနေပေါ်မှာ မူတည်ပြီး၊ တရာဆိုလဲ ဟုတ်၊ တထောင်ဆိုလဲ ဟုတ်၊ သို့မဟုတ် အိမ်ကလာမယ့် ထောင်ဝင်စာမှာ လိုချင်တာ မှာလို့သာပေးပေရော့။ ဘယ်တော့ ဆုံးနိုင်ပါ့မလဲ....။

ထောင်ထဲမှာ ပိုက်ဆံ မကိုင်ရဘူး။ တရားဝင် ခွင့်မပြုဘူး။ ပိုက်ဆံကိုင်ခွင့်ပြုထားရင် အချင်းချင်း ခိုးကြဝှက်ကြတာတွေ ရှိနိုင်တယ်။ လုတာ ယက်တာတွေလဲ ဖြစ်နိုင်တယ်။ ပြီးတော့ ပိုက်ဆံနဲ့ လျောင်းကစားကြမယ်။ ရန်ဖြစ်ကြမယ်။ သတ်ကြပုတ်ကြမယ်။ ထောင်ထဲမှာ အမှုတွေထပ်ရှုပ်လာနိုင်တယ်။

ဒါပေမယ့် အကျဉ်းသားတိုင်း ဘယ်သူဖြစ်ဖြစ် ကိုယ်ပိုင် ပိုက်ဆံ ထားပိုင်ခွင့်တော့ ရှိတယ်။ ထောင်အာဏာပိုင်ရုံးခန်းမှာ စာရင်းဇယားနဲ့ အပ်ထားရတယ်။ ဘဏ်သဘောမျိုးပေါ့။ ကိုယ် သုံးချင်တာ သုံးနိုင်တယ်။ ကိုယ်လိုချင်တဲ့ပစ္စည်း ကိုယ်ဝယ်ခိုင်း

နိုင်တယ်။ ကိုယ်လိုချင်တယ်ဆိုတဲ့ ပစ္စည်းဆိုတာကတော့ ထောင်အာဏာပိုင်က ခွင့်ပြုတဲ့ပစ္စည်း ဖြစ်ရမယ်ဒေါ့။

ဆေးလိပ်လိုချင်တယ်။ အစားအသောက် လိုချင်တယ်။ အဝတ်အထည်လိုချင်တယ်။ တူရိယာပစ္စည်းလိုချင်တယ်။ ဒါမျိုးတွေတော့ ဝယ်ပေးတာပေါ့။ ဒါပေမယ့် ဒါးတွေ လှံတွေ ဖဲထုပ်တွေတော့ ဘယ်ရမလဲ။

သည်တော့ ပိုက်ဆံအနေနဲ့ လာဘ်ထိုးခွင့်တော့ မရှိနိုင်ဘူး။ ပစ္စည်းအနေနဲ့တဲ့ လာဘ်ထိုးနိုင်တယ်။ ငွေတရာ လာဘ်ထိုးရမယ် ဆိုပါတော့။ သူလိုချင်တဲ့ပစ္စည်း ငွေဘရာဘိုး မှာပေးရတယ်ပေါ့။

အဲ....ကိုယ့်အိမ်က ခရီးမဝေးလို့၊ တပတ်တခါ ဒါမှမဟုတ် တလဘခါ ထောင်ဝင်စာ မှန်မှန် လာနိုင်တယ် ဆိုရင်တော့ ပိုရှင်းတာပေါ့။ သူလိုချင်တဲ့ပစ္စည်းတွေကို အိမ်ကလူ မှာလိုက်ရုံ ဘဲဒေါ့။ နောက်တခေါက်လာရင် ပေးပေါ့။

သည်နည်းနဲ့ ဗိုလ်ငြိမ်းရဲ့ လက်ဆောက် ရဲကြီးကလဲ ထောင်ထဲမှာ ကြီးပွားလို့။ စီးပွားရေးလမ်းဖြောင့်လို့။

တကယ်တော့ လာဘ်စားတယ်ဆိုတာ၊ မဟုတ်တာ လုပ်တယ်ဆိုကာ သိပ်မလွယ်ပါဘူး။ ထောင်ထဲမှာကလဲ အပြင်မှာထက် နည်းနည်းပိုပြီး ပြောင်ကျကျ လုပ်လို့ရတာ တခုပါဘဲ။ သူ့နည်းသူ့ဟန်နဲ့ လျှို့ဝှက်ရတာကတော့ လျှို့ဝှက်ရတာဘဲ။

ပြီးတော့လဲ ထောင်ထဲအရောက်ခါစ လူသစ်တယောက် အနေနဲ့ ထောင်ထဲက အကြောင်းတွေကို၊ နည်းလမ်းတွေကို ရုတ်တရက် သိဘို့၊ နားလည်ဘို့၊ ချဉ်းကပ်ခွင့်ရဘို့ ဆိုတာက မလွယ်ပါဘူး။

တခုတော့ ရှိသပေါ့လေ။ အချုပ်ဘဝနဲ့ ထောင်ထဲမှာ တနှစ်ကိုးသီတင်း နေခဲ့ရတဲ့ လူသစ်ကတော့ ဖြစ်နိုင်တာပေါ့။ သိနိုင်တာပေါ့။ သည်လိုလူမျိုးတွေကလဲ များတော့ အများသား။ တချို့များ ချုပ်ရက်ကိုက နှစ်နှစ်သုံးနှစ် ရှိတဲ့လူရှိတယ်။

ဒါပေမယ့် ယောဘုယျကတော့ မသိကြ၊နားမလည်ကြပါဘူး။

ပြီးတော့ ထောင်ထဲမှာ ဆိုတာကလဲ၊ အပြင်က မြင်ရတဲ့ အုတ်နံရံကြီးအတွင်းမှာ နေရာတကာ လှုတ်လပ်စွာလျှောက်သွားနေနိုင်ခွင့်ရတာ မဟုတ်ဖူး။ သည်အပြင်က မြင်ရတဲ့ လေးဘက်လေးတန် အုတ်နံရံကြီး အတွင်းမှာကိုတဲ့၊ သူ့အုတ်နံရံနဲ့သူ ဝင်းတွေရှိသေးတယ်။ ပင့်ကူအိမ်ဖွဲ့သလိုဘဲ။

ကြုံလို့ ပြောရအုံးမယ်။

ထောင်တွေကို သေသေချာချာ သတိထားကြည့်။ အပြင်က မြင်ရတဲ့ ထောင်အုတ်ရိုးကြီးတွေဘဲ ဆိုပါတော့။ ဘယ်တော့မှ အလွှေအနောက် တောင်မြောက် လေးထောင့်စပ်စပ်ကြီး မဟုတ်ဖူး။ စောင်းစောင်းရွဲ့ရွဲ့၊ လေးဘက် လေးတန် မညီမညာကြီး လုပ်ထားတာ တွေ့ရလိမ့်မယ်။ ဒါ နယ်ခွဲသမားတွေက စနစ်တကျ တည်ဆောက်ခဲ့တာ။ ထောင်ထဲ ရောက်လာတဲ့ အကျဉ်းသားမှန်သမျှ အလွှေအနောက်အတိအကျ မသိရအောင် မျက်စိကို လှည့်စားထားတာ။

အထဲမှာကတော့ ပိုဆိုးတာပေါ့။ အထဲက အုတ်ရိုးတွေက အပြင်က အုတ်ခိုးကြီးလောက် မမြင့်ပေမယ့်၊ အုတ်ရိုးတွေကို အလွှေလိုက်၊ အစောင်းလိုက်ရော၊ ကန့်လန့်ဖြတ်ရော၊ သုံးထောင့်ရော၊ မျက်စိလည်သထက်လည်အောင် လုပ်ထားတာ။ အဲသည်

အုတ်ရိုးတွေအတွင်း အလယ်ကောင် တည့်တည့်မှာ လုပ်ထားလေ့ရှိတဲ့ အိပ်ဆောင် (အကျဉ်းသားတွေ အိပ်ရတဲ့ အဆောင်)တွေ ဆိုတာကလဲ ပုံစံအမျိုးမျိုး။ ဘယ်တော့မှ၊ ဘယ်အိပ်ဆောင်မှ၊ အချေအနောက် တောင်နဲ့မြောက် တည့်တည့်မဆောက်ဖူး။ ညီညီညာညာ မရှိဘူး။

တခါတခါ ထောင်ထဲမှာ ထောင်အာဏာပိုင်တွေနဲ့ မပြေမလည် ဖြစ်ကြလို့၊ အကျဉ်းသားတွေက ဆန္ဒပြကြတာမျိုး၊ အော်ကြ ဟစ်ကြတာမျိုးတွေရှိတယ်။ သည်လိုအခါမှာ အိပ်ဆောင်တဆောင်က အော်ကြဟစ်ကြပြီဆိုပါတော့။ ကျွန်တော် တို့ကိုယ်တိုင် ဒါ ဘယ်အဆောင်က အော်ကြ ဟစ်ကြတာလဲ ဆိုတာ ဝေခွဲသိမရချင်တတ်ဖူး။ အဲ့သည်လောက် မျက်စိလည်တယ်။ ပင့်ကူအိမ်ကမှ ပင့်ကူမြင်တန်းကလေးတွေ မျဉ်းပြိုင်ပြေးတာ၊ ညီညာတာ တွေ့ရသေးတယ်။ ထောင်ထဲက အုတ်ရိုးတွေကတော့ ဘယ်အုတ်ရိုးနဲ့ ဘယ်အုတ်ရိုးကမှ အရှည်အတိုမညီဘူး။ မျဉ်းမပြိုင်ဘူး။

ဆိုပါတော့၊ အဲ့သည်အထဲမှာ အကျဉ်းသားတယောက်။ သူ့အိပ်ဆောင်မှာဘဲ သူနေရတယ်။ သူ့အုတ်ရိုးတွင်းမှာဘဲ သူနေရတယ်။ တခြား ဘယ်အဆောင် ဘယ်ဝင်းထဲကိုမှ သွားလာပိုင်ခွင့်မရှိဘူး။ အလုပ်လုပ်တဲ့အချိန်မှာ ဆိုရင်လဲ ကိုယ်အလုပ်လုပ်ရမယ့် အလုပ်ရုံရှိတဲ့ အုတ်ရိုးဝင်းထဲဘဲ သွားရမယ်။ တခြားသဝေထိုးခွင့်မရှိဘူး။ ကိုယ့်အထက်မှာ ကိုယ့်ကိုအုပ်ချုပ်တဲ့လူနဲ့။ တန်းစီးနဲ့။ ဘာယာနဲ့။

တခုတော့ ရှိသပေါ့လေ။ အလုပ် လုပ်တယ်ဆိုတဲ့ နေရာမှာ၊ မိလ္လာဘုတ်လိုဟာမျိုးမှာ လုပ်ရတယ်ဆိုပါတော့။ ရှင်းရှင်းပြောရရင် ချေးသိမ်းရတဲ့အလုပ်မျိုး ဆိုပါတော့။ သူကတော့ သူ့အလုပ်သဘာဝအရ အိမ်သာရှိတဲ့နေရာတိုင်း၊ သေးအိုးရှိတဲ့နေရာတိုင်းကို ရောက်ရတာပေါ့။ အဆောင်တိုင်းကို ရောက်ရတာပေါ့။ တထောင်လုံးအနှံ့ လျှောက်ရောက်ရတာပေါ့။

ဒါပေမယ့် သည်လိုအလုပ်မျိုးကို ဘယ်သူကလုပ်ချင်မလဲ။ လုပ်ချင်တဲ့လူတွေ မရှိဘူးတော့ မဟုတ်ဖူး။ ရှိတယ်။ သိပ်ရှိတယ်။ သေဒဏ်ပေးတဲ့အခါမှာ ဒေါက်ဖြုတ်ရတဲ့အလုပ်မျိုး၊ ကြိမ်ဒဏ်ပေးတဲ့အခါမှာ ကြိမ်ရိုက်ရတဲ့ အလုပ်မျိုးကိုတောင် သူ့ထက်ငါ အလုအယက် လုပ်ချင်ကြတဲ့လူတွေ ရှိတတ်သေးတာဘဲ့။ မိလ္လာဘုတ်မှာလဲ လုပ်ချင်ကြတဲ့လူတွေ ရှိတာပေါ့။ မဆန်းပါဘူး။ အခွင့်အရေး ပိုရကြတာကိုး။ လျှော့ရက်လဲ့ ပိုရကြတာကိုး။ အကြံအဖန်လဲ့ လုပ်နိုင်ကြတာကိုး။ ဒါပေမယ့် ကျွန်တော်ပြောတာက ယေဘုယျသဘော။ အများအားဖြင့်ကတော့ ဘယ်လုပ်ချင်ပါ့မလဲ။

ပြီးတော့လဲ ဒါက အလုပ်လုပ်တဲ့အပိုင်း ရောက်နေပြီ။ အချုပ်ဘဝက ထောင်ကျဘဝရောက်ခါစ၊ လူသစ်တယောက်အဖို့က တာအလုပ်မှ မလုပ်ရသေးဘူး။ ဒါကြောင့် ကိုယ့်အိပ်ဆောင်ရယ်၊ ထမင်းစားဘို့အတွက် ထမင်းသွားယူရမယ့် ဖိုကြီးရယ်၊ နောက် ဗူးမကြီးရယ်၊ သည်သုံးနေရာလောက်ကလဲ့ပြီး ဘယ်မှ ရောက်ရတာ မဟုတ်ဖူး။ သည်တော့ သူ ဘယ်သိမလဲ့။ ဘာသိနိုင်မလဲ့။

PDF Creator - nyeyadhamma@gmail.com

ဒါပေမယ့် သိတယ်။ အချင်းချင်း သတင်းစကားပြောကြ သံတွေကိုလဲ ကြားရမယ်။ ဆရာက်နှင့်တဲ့လူက နောက်မှရောက် လာတဲ့လူကို ဗဟုသုတ ဖြန့်ချိတာပေါ့။ ပြီးတော့လဲ သူ့လူနဲ့သူ၊ အဆွယ်တွေ ဒလံတွေလဲရှိတာပေါ့။

ဗိုလ်ငြိမ်းတို့က သည်လို အဆွယ်တွေ ဒလံတွေလဲ မွေးတယ်။ သူ့အဆောင်မှာ ထမင်းဟင်းချက်ဖို့ခပးထားတဲ့ အကျဉ်းသား နှစ်ယောက်ကိုယ်တိုင်က သည်လို အမျိုးအစားတွေ။ ဝေစား မျှစားပေါ့။

ဗိုလ်ငြိမ်းတို့လို ခေါင်းဆောင်ကြီး၊ သူ့လက်ထောက် ဆေးရုံ အုပ်လို လူကြီးလူကောင်းမျိုးကတော့ သည်လို အလုပ်မျိုးကို ဘယ်ကိုယ်တိုင်လုပ်ပါ့မလဲ။ တပည့်တပန်းတွေနဲ့ဘဲပေါ့။

ပြီးတော့ ထောင်ဆေးရုံအတွက် ရိက္ခာ။ ဆေးရုံကလူနာ အတွက် ရိက္ခာဆိုတာက အင်မတန် ရှုပ်ထွေးပါဘိခြင်း။ ထမင်း စားနိုင်တဲ့လူနာက ဘယ်လောက်။ ဆန်ပြုတ်သောက်ရတဲ့လူနာက ဘယ်ရွေ့ဘယ်မျှ။ နွားနို့နဲ့ပေါင်မုံလောက် စားရတဲ့လူနာက ဘယ်နှစ်ယောက်။ လူနာသုံးလေးဆယ်လောက် အတွင်းမှာကိုဘဲ အမျိုးမျိုး။ ပြီးတော့လဲ နေ့ချင်းညချင်း အပြောင်းအလဲကလဲ ရှိသေးဘယ်။ ကနေ့ ဆန်ပြုတ်သောက်နေရတဲ့ လူနာက နက်ဖန် ထမင်းစားချင် စားရတာ။ ကနေ့စားနေရတဲ့လူနာက နက်ဖန် အရည်ဘဲ သောက်ချင်သောက်ရတာ။

ရိက္ခာဆိုတာကလဲ တပတ်မှတခါပေးတာ။ တပတ်မှ တခါ စာရင်းလုပ် တင်ပြရတာ။ မစားဘဲလဲစားတယ် လုပ်လို့ရတာဘဲ။ မသောက်ဖဲ့လဲ သောက်တယ် လုပ်လို့ရတာဘဲ။ ပြီးတော့ နေ့စဉ်

ရတဲ့ နွားနို့ ဆိုပါတော့။ နွားနို့ဆိုဘာကတော့ ရောဘို့ရေရှိရင် ပြီးတာဘဲ။ ခွက်ရေ ပူးချင်သလောက် ပူးလို့ရတာဘဲ။ အသားငါး ကျပြန်တော့လဲ လူနာကို ကျေးချင်သလောက်ဖဲ ကျေးလို့ရတာဘဲ။ သူ့အတွက်ကျ၊ ခြောက်အောင်စရပေမယ့် သုံးအောင်စလောက်ဖဲ ကျေးလဲ ရတာဘဲ။ လူနာကလဲ ဘာပြောမလဲ၊ နည်းတယ် များတယ် ပြောမနေပါဘူး။ မပြောဝံ့ပါဘူး။ အရေးမဆိုဝံ့ပါဘူး။ ကိုယ့်ဝေဒနာနဲ့ကိုယ်။ ခုလောက်စားနေရတာကိုဘဲ သူ့မှာအခွင့်အရေးကြီးတရပ်။ ပြီးတော့လဲ လူနာဆိုတာမျိုးက များသောအားဖြင့် ခံတွင်းပျက်နေတတ်ကြတဲ့ အမျိုး။ စားချင်စိတ်လဲ ရှိချင်မှရှိမယ်။ စားနိုင်ချင်မှလဲ စားနိုင်မယ်။

သည်တော့ ဘယ်သူပဲမလဲ။ ဘယ်သူဟန်ကျမလဲ။ သူ့ဆေးရုံ အုပ်နဲ့ ဗိုလ်ငြိမ်းဘဲပေါ့။

PDF Creator - nyeyadhamma@gmail.com

မှာ တန်းစီပြရမယ်။ ထောင်မှူးက လူတွေကို လက်ညှိုးထိုးပြီး ရေတွက်ကြည့်မယ်။ ကျောင်းမှာလို နာမယ်တော့ မခေါ်ပါဘူး။ ဒါပေမယ့် အရေအတွက်ပြည့်ရုံနဲ့တော့လဲ မပြီးသေးဘူး။ လူစားထိုးထားရင်လဲ ဖြစ်နိုင်သေးတာကိုး။ အရေးကြီးတဲ့လူက တနည်းနည်းနဲ့ ထောင်ထဲက ထွက်ပြေးပြီဆိုပါတော့။ ရိုးရိုးအကျဉ်းသားထဲက အရေးမကြီးတဲ့ လူတယောက်ယောက်ကို အစားထိုးထည့်ထားရင်လဲ ဖြစ်တာကို။ သည်တော့ တယောက်ချင်းရဲ့ မျက်နှာကို အသေအချာ လိုက်ကြည့်တယ်။ စာရင်းထဲက နာမယ်နဲ့ တိုက်ကြည့်တယ်။ လူသစ်မို့လို့ ရုပ်ကို သိပ်မမှတ်မိသေးရင် ရုတ်တရက် နာမယ်ကို လှမ်းမေးတတ်တယ်။ အဖေ နာမယ်ကိုလဲ မေးတတ်တယ်။

သည်အချိန်ဟာ ထောင်အာဏာပိုင်တွေအဖို့ သိပ် အရေးကြီးတယ်။ ထောင်ထဲမှာ ရှိတဲ့ လူကို စာရင်းထဲမှာ ရှိတဲ့လူနဲ့ အရေအတွက်ချင်း ကိုက်ရမယ်။ ကိုက် မကိုက် စစ်ဆေးနိုင်တဲ့ အချိန်ဟာ သည် တချိန်ဘဲ ရှိတယ်။

လွယ်တော့ လွယ်ပါတယ်။ ထောင်ထဲမှာ အကျဉ်းသားတွေ အိပ်ကြရတဲ့ အိပ်ဆောင်တွေက အမျှားကြီးဘဲ။ ဆိုပါတော့ အဆောင်ဆယ့်နှစ်ဆောင်ရှိတယ်။ သူ့အဆောင်အမှတ်နဲ့သူဘဲ။ သူ့ လူစာရင်းနဲ့ သူဘဲ။ တာဝန်ခံပြီး တန်းပိတ်စစ်ဆေးရတဲ့ ထောင်မှူးကလဲ တယောက်ထဲမှ မဟုတ်ဖဲ့။ သူ့တာဝန်နဲ့ သူဘဲ။

ထောင်မှူး ထောင်ပိုင်အတွက်ကလဲ လွယ်တော့ မလွယ်ဘူး။ စောစောက ပြောသလို ရုပ်ကိုပါ မှတ်မိနေဘို့ လိုတယ်။

၄

ဗိုလ်ငြိမ်းက သူ့အဆောင်နဲ့ ထောင်ဆေးရုံကို ပိုင်သလိုဘဲ၊ ကျန်တော်တို့ကလဲ ကျန်တော်တို့အဆောင်ကို ပိုင်သင့်သလောက်တော့ ပိုင်ပါတယ်။ ကျန်တော်တို့ ပိုင်ပုံပိုင်နည်းကတော့ တမျိုးပေါ့လေ။

ကျန်တော်တို့အဆောင်မှာ တလတကြိမ် အစည်းအဝေးလုပ်တယ်။ ညဘက်မှာပေါ့။ တန်းပိတ်ထားတဲ့အချိန်ပေါ့။

တန်းပိတ်တယ်ဆိုတာက ညနေဘက် နေဝင်ပြီဆိုရင် ထောင်မှူးတယောက်နဲ့ ထောင်ကြပ် တယောက် နှစ်ယောက် အဆောင်ကို ရောက်လာမယ်။ ထောင်မှူးရဲ့ လက်ထဲမှာ စာရင်းစာအုပ်ကြီး ပါလာမယ်။ သည်အဆောင်မှာ လူအရေအတွက် ဘယ်လောက်ရှိသလဲ။ ဘယ်သူတွေလဲ။ နာမည်နဲ့ စာရင်းနဲ့။ သူတို့ရောက်လာရင် ထုံးစံအတိုင်း ကျန်တော်တို့က အဆောင်အတွင်း

တခါက ပုဒ်မ ၅ ဆောင်မှာ ပြဿနာပေါ်ခဲ့ဘူးတယ်။ ပုဒ်မ ၅ အဆောင်ဆိုတာက နှစ်ထပ်။ ပြီးတော့ အပေါ်ထပ်မှာက အချုပ်အကျဉ်းသားတချို့ရှိတယ်။ အချုပ်အကျဉ်းသားဆိုတော့ အမှုစစ်ဆဲမို့ ရုံးထုတ်ရှိတယ်။ အပြင် အထွက်အဝင် ရှိတယ်။

သည်မှာ အကြံအဖန်လုပ်ကြတယ်။ တောခို နိုင်ငံရေးခေါင်းဆောင်တယောက်ကို အချုပ်အကျဉ်းသားတယောက်နဲ့ လူချင်းလဲလိုက်တယ်။ ရုံးထုတ်တယ်။ အမှုက လွှတ်သွားတယ်။ နိုင်ငံရေးခေါင်းဆောင် လွှတ်သွားတယ်။ အချုပ် အကျဉ်းသားကတော့ ပုဒ်မ ၅ အဖြစ်နဲ့ ကျန်ရစ်ခဲ့တာပေါ့။ ဒါပေမယ့် တပါတီထဲက ရဲဘော်အချင်းချင်း ဆိုတော့လဲ ဘာမှ မပြောသည် မဖြစ်ဖူးပေါ့။ အနစ်နာခံလိုက်တာပေါ့။

ဒါပေမယ့် တနေ့တော့ အမှုက ပေါ်ပါလေရော။ ထောင်အာဏာပိုင်ကို ဘယ်သူက သတင်းအတိအကျပေးလိုက်သလဲ မပြောတတ်ဖူး။ ထောင်လှန့် ဥဩတွေဆွဲပြီး တထောင်လုံး ပိတ်စစ်ပါလေရော။ ဘယ်ရမလဲ။ ပေါ်တော့တာပေါ့။ အို.... ဘာပြောကောင်းမလဲ။ အဲသည်တုန်းက ထောင်အာဏာပိုင်တွေ ပြုတ်လိုက်ကြတာမှ တသိကြီး။ တိုက်ရိုက်ပတ်သက်တဲ့ ထောင်မှူးဆိုရင် အမှုဖွင့်ပြီး အရေးယူခံရလို့ ထောင်တောင်ကျခဲ့တယ်။

ပြီးတော့ တခါကလဲ သည်လိုဘဲ။ အဲသည် ပုဒ်မ ၅ နှစ်ထပ်ဆောင်မှာဘဲ။ ပုဒ်မ ၅ အကျဉ်းသားတယောက် ဘယ်လိုနည်းနဲ့ ဘယ်လို ကြံဖန်ပြီး လွှတ်သွားသလဲ မသိလိုက်ဖူး။ ထောင်ဖောက်တာတော့ မဟုတ်ဖူး။ ဒါပေမယ့် ဗူးမှာ ဘယ်လိုအကြံ

အဖန်လုပ်တယ် မပြောတတ်ဖူး။ ညနေ တန်းပိတ်ချိန်ကျတော့ မရှိတော့ဘူး။

သူ မရှိတော့ဘူး။ သူ့နည်းသူ့ဟန်နဲ့ အပြင်ဘက် ရောက်သွားပြီဆိုတာတော့ သူ့ရဲဘော်တွေက သိကြတယ်။ သည်တော့ အမြန်ဆုံးနည်းနဲ့ အဲသည် နှစ်ထပ်ဆောင်က ကြမ်းပြင်ကို လူတကိုယ်စာ ပျဉ်တွေခွာလိုက်တယ်။ ပြီး အသာကလေး ပြန်ဖုံးထားတယ်။ အဲ....တန်းပိတ်ချိန်ကျတော့ အောက်ထပ်ကို လူစစ်တယ်။ စေ့တယ်။ ထောင် အာဏာပိုင်တွေက တခါးကို အပြင်က သော့ခတ်တယ်။ ပြီး အပြင်က လှေကားနဲ့ အပေါ်ထပ်တက်ဘယ်။ သည်အချိန်မှာ အောက်ထပ်ကလူတွေက လူပဒေသာ ဆပ်ကပ်ပြသလို တယောက်ပုခုံးပေါ်တယောက် ဆင့်တက်ပြီး၊ စောစောက ကြမ်းပေါက်က လူတယောက်ကို ထိုးတင်လိုက်တယ်။ အပေါ်ထပ်ကို ထောင်အာဏာပိုင်တွေက စစ်တယ်။ လူစေ့တယ်။

သည်လိုနည်းနဲ့ လူတယောက် လျော့နေတာကို ဖုံးကွယ်လာခဲ့ကြတာ တလနဲ့ဆယ့်ရှစ်ရက်တိတိကြာတယ်။ ထောင်အာဏာပိုင်တွေ မသိဘူး။ ရိပ်လဲ မရိပ်မိဘူး။

ဒါပေမယ့် တနေ့တော့ ဘယ်သူလဲ့ မသိဘူး။ သစ္စာဖောက်တယောက်က သတင်းပေးလိုက်တယ်။ စောစောကပြောသလိုဘဲ။ ချက်ချင်း ဥဩဆွဲ။ ချက်ချင်း ထောင်လှန့်။ ချက်ချင်း အဲသည် ပုဒ်မ ၅ အဆောင်ကို တပ်နဲ့ဝိုင်း။ ကြမ်းပေါက်ကိုရှာ။ လူတွေ ပြန်စစ်။ ပေါ်တော့တာပေါ့။

အဲ..... ပြောရအုံးမယ်။ ထောင်လှန်ပြီ၊ ဥဩဆွဲပြီဆိုရင် အကျဉ်းသားတိုင်းဟာ ကိုယ့်နေရာမှာ ကိုယ်ပြန်နေရတယ်။ အလုပ်လုပ်နေတဲ့ အချိန်ဆိုရင်လဲ အလုပ်ရုံထဲမှာဘဲ ကိုယ့်အလုပ် ကိုယ် လုပ်နေ။ အဆောင်မှာ ဆိုရင်လဲ ကိုယ့်အိပ်ရာမှာ ကိုယ်နေရတယ်။ အဆောင် အပြင်ဘက် ကွင်းပြင်ကွက်လပ်တွေမှာ မနေရဘူး။ တောင်လိုလို မြောက်လိုလိုလုပ်နေရင် ပစ်သတ်ပိုင်ခွင့် ရှိတယ်။ အနည်းဆုံးကတော့ ယင်းတိုက်သား၊ ရှားသား ဒုတ်နဲ့ ငဖယ်တေ အတေခံရမယ်။

အဲသည်တုန်းကတော့ ထောင်အာဏာပိုင်တွေထဲမှာ ဘယ်လို ပြဿနာတွေ ဖြစ်ကုန်တယ် မပြောတတ်ဖူး။ ပုဒ်မ ၅ အဆောင်က ခေါင်းဆောင် ဆယ်ယောက်လောက်ကတော့ တိုက်ပိတ်ခံလိုက်ကြရတယ်။ တချို့ဆိုရင် သုံးလလေးငါးအထိ တိုက်ပိတ်ခံရတယ်။

ဒါ့ကြောင့် တန်းပိတ်ချိန်ဟာ ထောင်အာဏာပိုင်တွေအဖို့ အရေးကြီးတယ်။

ကဲ တန်းပိတ်ပြီးပြီ။ လူလဲ မှန်တယ်၊ အရေအတွက်လဲမှန်တယ်ဆိုတော့ ထောင်မှူးက ပြန်ထွက်။ တခါးပိတ်။ သော့ခတ်။ သော့ကိုဆွဲကြည့်။ သေချာပြီဆိုတော့မှ ဆက်ထွက်သွားတယ်။

တန်းပိတ်ချိန်ဆိုတာကလဲ တကယ်တော့ အချိန်နဲ့ နာရီနဲ့ မဟုတ်ဖူး။ ညနေ ၆ နာရီမှာ ပိတ်။ မနက် ၆ နာရီမှာ ဖွင့်။ သည်လိုလဲ အတိအကျ မဟုတ်ဖူး။ နေဝင်တာစောရင် စော စောပိတ်တယ်။ မိုးချုပ်မခံဘူး။ အမှောင်မခံဘူး။ မနက်ကျပြန်ရင်လဲ နှင်းတွေ ဝေနေသေးတယ်၊ မြူတွေဆိုင်းနေသေးတယ်

ဆိုရင် တန်းမဖွင့်သေးဘူး။ အချိန်ဘယ်လောက်ရှိရှိ၊ နေပူငွေ့လာမှ ဖွင့်ပေးမယ်။

ပြီးတော့ ထောင်အာဏာပိုင်တွေရဲ့ အလုပ်ကလဲ အပြင်ကဘဏ်အမှုထမ်းတွေလိုဘဲ။ တနေ့တာ အဝင်အထွက် ငွေစာရင်းကွာနေရင်၊ စာရင်းမမှန်မချင်း ရုံးမဆင်းရဘဲ ဆက်လုပ်နေရသလိုဘဲ....ထောင်အာဏာပိုင်တွေလဲ ညနေ တန်းပိတ်လူစစ်ချိန်မှာ လူစာရင်းကွာနေရင်၊ လူ အရေအတွက်နဲ့ စာရင်းနဲ့မကိုက်ရင် ချွေးပြန်တော့တာဘဲ။ အိမ်လဲ မပြန်ရတော့ဘူး။ တောင်ပြေး မြောက်ပြေးနဲ့ စာရင်းမမှန်မချင်း ပြန်စစ်ဖွဲ့။

သည်လို အခါမျိုးမှာဆိုရင် ကျန်တော်တို့လဲ ဒုက္ခတဲ့။ တော်နေကြာ လာစစ်လိုက်။ တကြော့လာ ပြန်စစ်လိုက်နဲ့။ ခဏခဏ တန်းစီပြလိုက်ရ။ လက်ညှိုးထိုးခံလိုက်ရ။ မသက်ာတဲ့ အကြည့်နဲ့ အကြည့်ခံလိုက်ရ။ သိပ်မသက်သာလှဘူး။ တခါတလေ ညကိုးနာရီ ဆယ်နာရီအထိ။

အဲ.... တန်းပိတ်ပြီဆိုရင်တော့ ကျန်တော်တို့လဲ တနေ့တာအဖို့ နားချိန်ရပြီပေါ့။ အိပ်ဖို့ဘဲ ရှိတော့တာပေါ့။

ဒါပေမယ့် မျှားသောအားဖြင့် ကျန်တော်တို့ မအိပ်ကြပါဘူး။ ဘယ့်နှယ်.... နေဝင်ခါစဘဲ ရှိသေးတာကို။

ကျန်တော်တို့ စကားပြောချင် ပြောနေကြမယ်။ စာဖတ်ချင် ဖတ်နေကြမယ်။ စစ်တုရင် ကစားချင်၊ ကစားနေကြမယ်။ တိတ် တိတ်ပုန်း ထုံးခွေတမ်း သုံးပုံကစားချင် ကစားနေကြမယ်။ ဒါကအားတဲ့အခါမျိုး။

ကျွန်တော်တို့ အဆောင်မှာကတော့ သင်တန်းသဘောမျိုး လုပ်ထားတာလဲ ရှိတယ်လေ။ အင်္ဂလိပ်ဘာ လုံးဝမတတ်တဲ့ သူကြီးကွမ်းအစ်ကြီးနဲ့ ရှမ်းပြည်က ပအိုဝ်ခေါင်းဆောင်တယောက်ကို ကွန်မြူနစ်ပါတီက ဗိုလ်အေးထွန်းက စာသင်ပေးတာလဲ ရှိတယ်။ ပြီးတော့.... နိုင်ငံရေး ရဲဘော်တွေချည့်စုံပြီး၊ သဘောတရားရေး တိုးတက်မှုရှိလာအောင် ခေါင်းစဉ် တခုခုရွေး ဆွေးနွေးကြ ငြင်းခုန်ကြတဲ့ ဝိုင်းလဲရှိတယ်။ ပြီးတော့ အဆောင်အုပ်ချုပ်ရေးနဲ့ပတ်သက်လို့ တလတကြိမ် မှန်မှန်စည်းဝေး ရွေးချယ်ကြတာလဲရှိတယ်။

ခဲယဉ်းတာမှတ်လို့။ အားလုံးလာကြဆိုပြီး ထမင်းစားစပွဲကြီးမှာ ဝိုင်းထိုင်လိုက်ကြတာဘဲ။ ဘယ်မှ သွားလို့လဲ ရတာမဟုတ်တော့ ရာခိုင်နှုန်းအပြည့် အစည်းအဝေး တက်ကြတယ်ပေါ့။

အဲသည်အစည်းအဝေးမှာ ပြီးခဲ့တဲ့လအတွင်းက မကျေနပ်တာတွေရှိရင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြ။ ဝေဘန်ကြတယ်။ နိုင်ငံရေးနဲ့ လုံးဝမပတ်သက်တဲ့လူက နိုင်ငံရေးအုပ်စုကို အရှိန်နဲ့ လန့်ပြီး မဝေဘန်ရဲမှာ စိုးလို့လဲ ဝေဘန်ရေးကို အားပေးကြတယ်။ ပြီးတော့ ဝေဘန်ခံရတဲ့လူက ကျေနပ်လောက်အောင် ပြန်ဖြေရှင်း မပြနိုင်ရင်လဲ ဝမ်းနည်းပါတယ်။ အချင်းချင်းဘဲဆိုပြီး ခွင့်မလွှတ်ဖူး။ နိုင်ငံရေးနဲ့ မပတ်သက်တဲ့လူတွေရဲ့အလိုကျ တာဝန်ကို ချတ်သိမ်းပစ်လိုက်တယ်။ နောက်တလအတွက် ရွေးတဲ့အထဲမှာ ထည့်မရွေးတော့ဘူး။

ပြီးဘာ့ တာဝန်ပေးတဲ့ နေရာမှာလဲ နိုင်ငံရေးသမားတွေကချည့် တာဝန်မယူစေဘူး။ ကြားလူတွေလဲတာဝန်ယူစေတယ်။

ကျွန်တော်တို့မှာက စောစောပိုင်းက ပြောခဲ့သလို ချက်ရေးပြုတ်ရေး ကျေးမွေးရေးနဲ့ ပတ်သက်တဲ့ ဖိုတာဝန်တို့၊ သူ့နွေးသူ့လူညီရေးနဲ့သူ သူ့အချိုးကျနဲ့သူ တွက်ချက်ပြီး သတ်မှတ်ထားတဲ့နေရာမှာ သွားရောက်ချိန်တယ် ထုတ်ယူရတဲ့ ရိက္ခာတာဝန်တို့၊ အဆောင်သန့်ရှင်းရေးနဲ့ မကျန်းမမာဖြစ်ရင် ကူညီဖြေရှင်းပေးဘို့လိုတဲ့ ကျန်းမာရေး တာဝန်တို့၊ အခွင့်အရေးပိုင်းနဲ့ရော နေရေးထိုင်ရေးပိုင်းနဲ့ရော ထောင်အာဏာပိုင်တွေနဲ့ တွေ့ဆုံပြောဆိုဘို့လိုရင် တွေ့ဆုံပြောဆိုဘို့အတွက် ဗူးဆက်ဆံရေးတာဝန်တို့ဆိုပြီး တာဝန် လေးခုခွဲထားတယ်။ တာဝန်တခုအတွက် တယောက်က တာဝန်ယူရမယ်။ ပြီးတော့မှ အဆောင်ကော်မီတီအတွင်းရေးမှူးဆိုပြီး တယောက် ဆပ်ရွေးရမယ်။ အားလုံးပေါင်း ငါးယောက်။ အများဆန္ဒနဲ့ ကြိုက်ရာရွေးကြ။

အဲသည်မှာ တာဝန်ခွဲယူကြတယ်။ အမြဲတမ်းလဲ မယူရတူး။ တလတခါ လဲရမယ်။ ဘယ်လောက် တော်တော်၊ ဘယ်လောက်မှန်မှန်၊ ဘယ်လောက် ပြတ်ပြတ်၊ တာဝန်တခုကိုတလဲယူရမယ်။ နောက်လကျဲရင် တခြားတာဝန်တခု ပြောင်းယူ။ ဒါမှမဟုတ် နားချင်နား။ အဲ.... အဝေဘန်ခံရရင်တော့ နောက်ဆုတ်။ ဘေးဖယ်။

သည်လို အစည်းအဝေးလုပ်တယ်ဆိုတာ၊ သည်လိုအဆောင်ကော်မီတီရှိတယ်ဆိုတာ၊ သည်လို တာဝန်ယူနေကြတယ်ဆိုတာ ထောင်အာဏာပိုင်တွေလဲ သိကြတယ်။ ကျွန်တော်တို့ကလဲသိသိ၊ အရေးမစိုက်ပါဘူး။

ဒါပေမယ့် ခေါင်းဆောင် ဘယ်သူဆိုတာ မျက်စိလည်အောင် တလတခါ ပြောင်းပစ်တယ်။ ပြီးတော့လဲ တနေ့ရာ တဌာနမှာ ကယောက်ထဲက ကြာကြာ တာဝန်ယူနေရင်၊ မှန်မှန်ကန်ကန် ပြတ်ပြတ်သားသား လုပ်တဲ့တိုင်အောင် သံသယတွေ ဝင်လာနိုင်တယ်။ မပြောနိုင်ဘူး။ဖေါက်ပြန်ချင်တဲ့စိတ်ခေတ်မျိုးတွေလဲ ဝင်မလာနိုင်ဘူးလို့။ ဗိုလ်ငြိမ်းလို ဗဟိုကော်မီတီကြီးတောင် ဖေါက်ပြန်နေသေးတာဘဲ။

ပြီးတော့ အပြိုင်အဆိုင် သတောမျိုးလဲဖြစ်တယ်။ လက်ရာလဲ ပြောင်းသွားနိုင်တယ်။ ဆိုပါတော့၊ ဖိုတာဝန်ခံ။ သူ့အလှည့်မှာ သူ့လက်ရာ။ သူ့စိတ်ကြိုက်။ ကိုယ်အလှည့်မှာကိုယ့်လက်ရာ။ ကိုယ့်စိတ်ကြိုက်။ ရှိသမျှ ပေးသမျှကလေးနဲ့ဘဲ စားလို့ကောင်းသထက်ကောင်းအောင် လက်စွမ်းပြကြတယ်။ စားလို့မကောင်းရင်တော့ အဝေဘန်ခံပေါ့။ကောင်းရင်တော့လဲ အချီးမွမ်းခံပေါ့။

ကျန်းမာရေး တာဝန်ခံကလဲ သူ့အလုပ်နဲ့သူ ရှိတာဘဲ။ အနည်းဆုံး တပတ်တကြိမ် အဆောင်သန့်ရှင်းရေးလုပ်ကြရတယ်။ အဆောင်မှာ လူဦးရေ ဆယ့်ရှစ်ယောက် ရှိတယ်ဆိုပါတော့။ ဆယ့်ရှစ်ကို သုံးနဲ့စား။ ခြောက်ယောက်။ သည်ခြောက်ယောက်ရယ်၊ ဖိုအတွက်ပေးထားတဲ့ ရိုးရိုးအကျဉ်သားနှစ်ယောက်ရယ်ပေါင်း။ ရှစ်ယောက်။ သည်ရှစ်ယောက်က အဆောင်တခုလုံးကို တံမြက်စည်းလှဲ။ ရေဆေး။ အနံ့အသက် ကောင်းအောင် ဆေးရုံက ခြင်နိုင်ဆေးရည်တောင်းပြီး ဖျန်း။

အဲသည်လို အဆောင်သန့်ရှင်းရေးလုပ်မယ့် တနှင်နေ့နေ့မှာ ဆိုရင် အားလုံး စောစောထကြရတယ်။ ကိုယ့်အိပ်ရာ ကိုယ်

သိမ်းပြီး လိပ်ထား။ သေတ္တာကလေး ဘာကလေးရှိရင်လဲ၊ခေါင်းရင်းမှာ မထားနဲ့။ ကုဘင်ပေါ်တင်။ နောက်ဆုံး ခုံဖိနပ်က အစ ကိုယ့်ကုတင်ပေါ် ကိုယ်တင်ထား။ ပြီးတော့မှ အမှိုက်ကျတယ်၊ ရေစင်တယ် မလုပ်နဲ့။ လုံလုံအုပ်ထားခဲ့။ တန့်ဖွင့်တာနဲ့ တပြိုင်နက်၊ အဆောင်အပြင် ထွက်နေကြ။ သန့်ရှင်းရေးလုပ်တဲ့လူစုက သူ့အသက်နဲ့သူ တာဝန်သိသိ ပျော်ခပျော်ပါးပါး လုပ်သွားကြလိမ့်မယ်။

တခုတော့ရှိပါတယ်။ ကျွန်တော်တို့က နေမကောင်းဘူးဆိုရင်၊ မစုမ်းမသန့်ဘူးဆိုရင်၊ ပြီးသော့ အသက်ငါးဆယ်ကျော် နေပြီဆိုရင်တော့ မခိုင်းပါဘူး။ သန့်ရှင်းရေး မလုပ်စေရပါဘူး။

အဲ....သန့်ရှင်းရေး တာဝန်ခံ လုပ်တဲ့လူကတော့ အပတ်စဉ် သူကိုယ်တိုင် ပါရမယ်။ သူကိုယ်တိုင် ဦးစီးလုပ်ရမယ်။ ပြီးတော့ ဘေးက အကူအညီဆိုတာလဲ သူ့စည်းရုံးရေးနဲ့သူပေါ့။ တခါတလေ စည်းရုံးရေး ကောင်းတဲ့လူ ကျန်းမာရေး တာဝန်ကျပြီဆိုရင် တချို့ ထောင်ကျ အကျဉ်းသား လေးငါးယောက်က လာပြီး ဝိုင်းကူလုပ်ကြတယ်။ မြန်မြန်ပြီးတာပေါ့လေ။

ဒါပေမယ့် အလှည့်ကျတဲ့လူက သူ့ကိုယ်စား ရိုးရိုးအကျဉ်းသားတယောက်ကို ဘယ်နည်းနဲ့ဖြစ်ဖြစ် ဝင်အလုပ်ခိုင်းလို့တော့ မရဘူး။ အပြင်ဘက်မှာ ကင်းကျတဲ့ညလူငှားပြီးအစောင့်ခိုင်းတာမျိုးကိုတော့ ခွင့်မပြုဘူး။ သူကိုယ်တိုင် လုပ်ရမယ်။ ထောင်ထဲမှာ ဒါမျိုးမရှိရဘူး။ ထောင်ထဲမှာ လူဟာ လူဘဲ။

ဒါပေမယ့် တခါကတော့ အတော်ဖေါက်ပြန်တဲ့၊ လူမှုဝတ္တရားကလေးမှ မသိတတ်တဲ့ အရာရှိတယောက် ရောက်လာတယ်။

အဲသည်တုန်းကတော့ အခွန်ဝန်ခေါ်တာပေါ့လေ။ခုဆိုရင်တော့ အခွန်ဦးစီးဌာနမှူး ခေါ်မလား မပြောတတ်ဖူး။

ခက်တာက ကျွန်တော်တို့ရဲ့ စံနစ်ကို ထောင်အာဏာပိုင်တွေကိုယ်တိုင်က ကြိုက်ကြတယ်။ ကျွန်တော်တို့က လက်ဝဲနိုင်ငံရေးသမားတွေလဲဖြစ်၊ အစိုးရရဲ့ ရန်သူတွေလဲဖြစ်လို့၊ ကျွန်တော်တို့ကို သဘောကျတယ်လို့ ဖွင့်မပြောကြပေမယ့်၊ ကျွန်တော်တို့ရဲ့ အဆောင် အုပ်ချုပ်ပုံစံနစ်တို့၊ ရိက္ခာထုတ်ယူတဲ့ နေရာမှာ တိကျပြတ်သားမှု လာဘ်မစားမှုတို့ကိုတော့ ဝမ်းထဲက ကြိုက်ကြတယ်။ ကွယ်ရာမှာလဲ ချီးမွမ်းကြဆိုတဲ့။

ပြီးတော့ ကျွန်တော်တို့နဲ့ အနီးဆုံးဖြစ်တဲ့ဘုန်းကြီးဆောင်တို့၊ ပုဒ်မ ၅ ဆောင်တို့ကလဲ ကျွန်တော်တို့ရဲ့ သန့်ရှင်းရေး လုံပ်ငန်းစနစ်ကိုတော့ အတုယူပြီး လိုက်လုပ်နေကြတယ်။

သည်အထဲက ဘသားချောအခွန်ဝန်က ဖေါက်ပြန်တော့တာကို။

ထုံးစံအတိုင်း အခွန်ဝန်က လာဘ်စားမှုနဲ့ ရောက်လာတာပါ။ ဒါဟာ စာရိတ္တ မကောင်းမှုကို ပြတဲ့ပုဒ်မပေါ့။

ဒါပေမယ့် သူက ကျွန်တော်တို့ နိုင်ငံရေးသမားတွေကိုတဲ့ မတူမတန်သလို သဘောထားတယ်။ သူ့လောက်အရည်အချင်း မရှိဘူး၊ သူ့လောက် လူနေမှုအဆင့်အတန်းမြင့်မြင့် မနေဘူးဘူးလို့လဲ ယူဆထားပုံရတယ်။

သည်တော့ကာ သူသန့်ရှင်းရေး တာဝန်ကျတဲ့နေ့က သူအလုပ် ဝင်မလုပ်ဖူး၊ တံမြက်စည်းလဲမကိုင်၊ ရေလဲ မဆွဲတဲ့အပြင်

ခပ်တည်တည်နဲ့ အပြင်ဘက်ထွက်သွားပြီး ရှောင်နေတယ်။ ပြီးမှ ပြန်လာတယ်။ ထမင်းစားချိန်နီးမှ ပြန်လာတယ်။

ဘယ်ရမလဲ။ အလုပ်လုပ်ရတဲ့ လူတွေထဲက လူငယ်တွေက ထမင်းစပွဲမှာ မေးကြတာပေါ့။ ဝေဘန်ကြတာပေါ့။

အမယ်.... သူကတော့ ခပ်တည်တည်ဘဲ။ မသိလို့လိုလို၊ နေမကောင်းလို့ ဆေးရုံဘက် သွားပြနေသလိုလိုနဲ့။ သန့်ရှင်းရေးတာဝန်ခံက အဲသည်တုန်းက ကျွန်တော့်အလှည့်။ ကျွန်တော်က ပြတ်ပြတ်သားသား မပြောရကောင်းလား၊ မဝေဘန်ရကောင်းလားနဲ့ ကျွန်တော့်ကိုတောင် ဝိုင်းအပြစ်တင်ကြသေးတယ်။ကျွန်တော်က ထိန်းပါတယ်။ သည်တခါတော့ ခွင့်လွှတ်လိုက်ကြပါလို့ အားလုံးကို သူ့ကိုယ်စား တောင်းပန်ပေးပါတယ်။ နောက်တကြိမ်တော့ လုပ်ဖြစ်အောင်လုပ်မှာပါလို့လဲ ခပ်တည်တည်နဲ့ သူ့ကိုယ်စား ကတိပေးလိုက်ပါတယ်။

တကယ်တော့ သုံးအုပ်စုခွဲထားတာ။ သုံးပတ်မှ တခါ။ နှစ်ဆယ့်တရက်မှ တခါလုပ်ရတာပါ။ လုပ်ရတာကလဲ မပင်ပန်းပါဘူး။ သည်အဆောင်ကလေးကို လူလေးငါးယောက် ဝိုင်းတံမြက်စီးလဲရတာ ဘာပင်ပန်းတာ မှတ်လို့ဘဲ။ ပင်ပန်းတဲ့ ရေဆွဲပြီး လောင်းရတဲ့ အလုပ်ကို ရိုးရိုးထောင်ကျတွေနဲ့ လူငယ်တွေက လုပ်ကြတာပါ။ မတွက်ကပ်သင့်ပါဘူး။ အမျှားနဲ့ နေတာပါ။ အမျှားလိုနေ၊ အမျှားလိုစား၊ အမျှားလို့ လုပ်လိုက်ရုံပေါ့။ အမျှားကြည့်ဖြူတာပေါ့။ ပြီးတော့ ထောင်ထဲမှာဘဲ။ ကိုယ်လို သူလို လူချည့်ဘဲ။ သူ့ထက်ချမ်းသာတဲ့၊ သူ့ထက်ရာထူးကြီးတဲ့

PDF Creator - nyeyadhamma@gmail.com

လူတွေလဲ ရှိနေတာဘဲ။ ရှက်စရာ မဟုတ်ပါဘူး။ ဂုဏ်ပြိုင်နေစရာလဲ မဟုတ်ပါဘူး။

ဒါပေမယ့် အံ့သြစရာ ကောင်းတာက၊ နောက် နှစ်ဆယ့်တရက် ကြာလို့ နောက်ထပ် တကြိမ် အလှည့် ပြန်ကျတဲ့ အခါမှာလဲ ဘာသားချောက မလုပ်ပြန်ဘူး။ သည်တခါတော့ ဘုန်းကြီးဆောင်ဘက် သွားနေတယ်။ တရားဆွေးနွေးနေတယ်တဲ့။

ပြီးတော့.... သည်တခါ သူကိုယ်တိုင်က ပြောင်ပြောင်ဘဲ ဖွင့်ပြောတယ်။ သူ သည်အလုပ်မျိုးကို မလုပ်နိုင်ဘူးတဲ့။ သူ့တသက်မှာ တခါမှ လုပ်လဲမလုပ်ခဲ့ဘူးဘူး၊ လုပ်ဖို့လဲ စိတ်မကူးခဲ့ဘူးဘူးတဲ့။ ကဲ ဘယ်လောက် ပြတ်သလဲ။

ကျွန်တော်တို့လဲ ဘာပြောမလဲ။ ဘာပြောစရာရှိတော့သလဲ။ ဘာပြောနိုင်တော့မလဲ။

ဝေလဲ မဝေဖန်ကြတော့ပါဘူး။ ပြောလဲ ပြောမနေကြတော့ပါဘူး။ နှုတ်ပိတ်ရေငုံနေလိုက်ကြကယ်။ မသိမသာကလေး သာ ပြုံးလိုက်မိကြတယ်။

အကောင်းတော့ မဟုတ်ဖူးပေါ့။ သည်လူကို သည်နည်းလမ်းနဲ့တော့ ကိုင်တွယ်သိမရတော့ဘူးပေါ့။ နောက်နည်းလမ်း တခုခုတော့ ရှာရအုံးမယ်ပေါ့။

ခက်တာက ကျွန်တော်တို့ကလဲ နိုင်ငံရေးသမားအမျှားစု။ ပြီးတော့ ပညာတတ်။ လူရည်လူသန့်။ ရိုက်လား၊ နှက်လား၊ အကြမ်းဖက်လား၊ အုပ်စုနဲ့ဗိုလ်ကျလား၊ ပါးစပ်ကလဲ ဆဲသားဆိုလား စောင်းလားမြောင်းလား မလုပ်ချင်ဘူး။ လုပ်လဲ မလုပ်တတ်ဖူး။ အဲသည်လို လူမိုက်အလုပ်မျိုးကိုလဲ ပြဿနာ

PDF Creator - nyeyadhamma@gmail.com

ပြေရာပြေကြောင်းအတွက် နည်းလမ်းကောင်းတခုလို့ မယုံကြည်ကြဘူး။

ရိုးရိုးတန်း အကျဉ်းသားတွေဘက်မှာသာဆိုရင်တော့ ဘယ်လဲမလဲ။ ပထမတခါကတဲက ကွဲပြေပေါ့။ ဆေးရုံ ရောက်သွားရပြီပေါ့။ သည်လို အများနဲ့တယောက် ဖြစ်ကြတဲ့ကိစ္စမျိုးဆိုရင် ပိုမလွယ်တာပေါ့။ အပြင်ဆေးရုံကို ထမ်းစင်နဲ့သာ ထုတ်သွားရမယ်။ တရားခံတောင် ရှာလို့ ရနိုင်မှာ မဟုတ်ဖူး။

ဒါပေမယ့် အခုဟာက (ခ)တန်းဘက်မှာလဲ ဖြစ်နေပြန်။ ပြီးတော့ ထောင်ကလဲ စံပြထောင်။

စံပြထောင်ဆိုတာက နယ်ခြားအင်္ဂလိပ်လက်ထက်က ရှိခဲ့တဲ့ အကျဉ်းထောင်ထဲက လူမဆန်တဲ့ စရိုက်ဆိုး အကျင့်ဆိုးတွေကို မကျင့်သုံးရဘူးလို့ ပညတ်တားမြစ်ထားတဲ့ထောင်။

ဟိုထောင်မျိုးကိုတော့ ပုံစံထောင်လို့ခေါ်တယ်။ နေရာတကာမှာ ပုံစံနဲ့။ စားရင်လဲ ပုံစံနဲ့။ အိပ်ရင်လဲ ပုံစံနဲ့။ ထိုင်ရင်လဲ ပုံစံနဲ့။ ပုံစံထိုင်ဆိုတာက ဆောင့်ကြောင့်ထိုင်။ ရင်ဘတ်ချေက ဒူးနှစ်ဖက်ပေါ်မှာ လက်နှစ်ဖက်ကို တင်ထား။ ပြီးတော့ လက်ဝါးနှစ်ဖက်ကိုဖြန့်ပြီး ခေါင်းပေါ်မှာ ယှက်တင်။ ထောင်အာဏာပိုင်တွေနဲ့ဖြစ်ဖြစ်၊ အကျဉ်းသားတွေထဲက အကြီးအကဲဖြစ်တဲ့ ဘာယာတွေနဲ့ဖြစ်ဖြစ် တွေ့တဲ့အခါမှာ အဲသည်လို ပုံစံနဲ့ ထိုင်ရတယ်။ ပုံစံမှန်မှန် ထိုင်တဲ့တိုင်အောင် မေ့ခိုက်ခြည့်မိရင်၊ မကျေနပ်တဲ့ပုံမျိုးနဲ့ကြည့်မိရင် အရိုက်အနှက် အကန်အကျောက် ခံရတတ်သေးတယ်။ အဲ....အရိုက်ခံရလို့ အော်မိပြန်ရင်လဲ ရိုက်တာက တော်တော် မတရားအောင်ရပါ့မလားဆိုပြီး ထပ်ရိုက်တယ်။

မအော်ဘဲ ကျိတ်ခံပြန်ရင်လဲ....အမယ် သတ္တိတယ်ကောင်းပါလား ကွ၊ မင်းက နိုင်တဲ့တန်ဖေ ပြန်ချမယ်ဆိုပြီး ကျိတ်ခံတာပေါ့ လေ....ဆိုပြီး ထပ်ရိုက်ပြန်ရော။ ဘယ်ဘက်ကမှ မသက်သာဘူး။

ဒါလဲ ထောင်အာဏာပိုင်တွေ့ချေမှာ ရိုက်နေတာနော်။ ကွယ် ရာမှာဆို မပြောနဲ့တော့။

ကြားဘူးကြပါလိမ့်မယ်။ ထောင်ထဲ ဝင်ဝင်ချင်း၊ ပါးကွက် အာဏာသား ဘယားတွေ့လက် အပ်လိုက်ပြီဆိုရင် ဘာမှ အကြောင်းမရှိဘဲ၊ မလှန်ရဲအောင် ပုံစံပြရမယ်ဆိုတဲ့သဘောနဲ့ ဝိုင်းရိုက်နှက်ညှဉ်းပန်းကြတာတို့။ ထောင်ဗူးဝက ဆောမကျောက် သင်ပုန်းကြီးပေါ်မှာ ရေးသားတဲ့ စည်းကမ်းချက်တွေကို ဖတ်ခိုင်းပြီး၊ အမှန်အတိုင်း ဖတ်တာကိုတဲ့ စည်းကမ်းတချက် ဖတ်လိုက်၊ ဝိုင်းရိုက်လိုက်။ နောက်စည်းကမ်းတချက် ဖတ်လိုက်၊ ဝိုင်းကန်လိုက်။ နောက်စည်းကမ်းတချက် ဖတ်လိုက်၊ စိုင်းထိုးလိုက်။ လူဟာ ဖူးယောင်ကွဲပြဲပြီးမှ အထဲဆောက်ရတာတို့။

တချို့ဆိုရင် သေးနဲ့ချေးကို အရည်ဖျော်ပြီး၊ ထောင် လက်ဖက်ရည်ဆိုပြီး အသောက်ခိုင်းတာတို့။

ပြီးတော့လဲ အများကြီးရှိသေးတယ်။ ဆိုပါတော့။ ရေချိုးရင်။ ရေချိုးတာကလဲ သူ့အချိန်နဲ့သူ။ သူ့အလှည့်နဲ့သူ။ အုတ်ရေကန်ဘေးမှာ တန်းစီ။ ခွက်ကိုလဲ ကိုင်ဆို့မှကိုင်။ ရေကိုလဲ ခပ်ဆို့မှ ခပ်။ ချိုးဆို့မှ ချိုး။ ဘယာကရပ်ကြည့်ပြီး အမိန့်ပေးနေတာ။ ပြီးတော့ ရပ်ဆိုရင် ရပ်။ အဲ....ရပ်နဲ့ ခပ်ကို အကြားမှားပြီး ခပ်လိုက်မိပြန်ရင်လဲ မလွယ်ဘူး။ ဒုတ်ကိုင်က လက်သွတ်

စပယ် တွယ်လိုက်ရင် လက်တောင်ကျိုးရတယ်။ ပြောရအုံးမယ်။ ရေကလဲ ဘယ်နှစ်ခွက် ချိုးရသလဲဆိုတာ။ များသောအားဖြင့် သုံးခွက်။ ဟုတ်တယ်၊ သုံးခွက်ထဲ။ ဒါဘဲ။ တခါတလေ စိတ်ကောင်းဝင်နေတဲ့အခါနဲ့ ကြုံပါမှ ငါးခွက်ခြောက်ခွက်။

ပြောရရင်တော့ မဆုံးဘူးပေါ့လေ။ ဒါပေမယ့် တခုတော့ ပြောရအုံးမယ်။ အိမ်သာတက်ချင်ပြီဆိုပါတော့။ ပြတ်ပြတ် သားသားပြောရတယ်။ ချေးပါမယ်၊ သေးပေါက်မယ်၊ နှစ်မျိုး စလုံးပြောရတယ်။ ပြီးတော့လဲ သေးပေါက်ရင်း ချေးမပါရဘူး။ ချေးပါရင်း သေးမပေါက်ရဘူး။ တနေ့ရာစီ။ ချေးပါရင် အောက်မှာ ဂန်ဘလားလို့ခေါ်တဲ့ စဉ့်အင်တုံ ရှိတယ်။ သည်ထဲမှာ သေးပေါက်မထည့်ရဘူး။ မတည့်ရင် ဘယ်နှယ်လုပ်မလဲ။ ဘေး ဖိတ်ကုန်မယ်။ ညစ်ပတ်ကုန်မယ်။ ပြီးတော့လဲ အင်တုံပြည့်လွယ်မယ်။ အဲ....သေးပေါက်တာက တနေ့ရာ။ သွပ်ရေတံလျှောက်နဲ့။ အဲသည် ရေတံလျှောက်ထဲ ပေါက်ထည့်။ တဖက်မှာ ရာဝင်စဉ့်အိုးကြီး ခံထားတယ်။

အဲဒါတွေကတော့ ပုံစံထောင်။ နယ်ခွဲအမွေအနှစ်တွေ ဆိုပါတော့။

စံပြထောင် ဆိုတာကတော့ လွတ်လပ်ရေးရလာပြီးမှ ပြုပြင်လာတာ။ ဒါတောင် ထောင်တိုင်းကော့ မပြုပြင်နိုင်သေးပါဘူး။ အထူးသဖြင့် တိုင်းမြို့ကြီးတွေမှာရှိတဲ့ ထောင်တွေကိုသာ စံပြလုပ်ထားတာ။

သည်လို စံပြထောင်တွေမှာတော့ ပုံစံတွေ နည်းသွားပြီပေါ့။ ထောင်ထဲမှာ တရားမဲ့ အနိုင်ကျင့်တာတွေ၊ ဥပဒေမဲ့ နှိပ်စက်

ညှဉ်းပမ်းတာတွေ၊ အကျဉ်းသား အချင်းချင်း ရိုက်ခွင့်ပေးထား တာတွေ၊ ရိုက်ကြနှက်ကြတာတွေ မရှိရတော့ဘူးလို့ ဆိုတာဘဲ။ ဘာဘဲပြောပြော၊ ပိုကောင်းလာတာကတော့ အမှန်ဘဲ။

ဒါပေမယ့်..... သည်စနစ်က တပြည်လုံး အတိုင်းအတာနဲ့ တပြေးညီထဲ မကျင့်သုံးနိုင်သေးတော့ကာ၊ အမွေဆိုး အကျင့် ဆိုးတွေက ကျန်တုန်းဘဲ။

ဒါ့ကြောင့်လဲ ရိုးရိုးတန်း အကျဉ်းသားတွေဘက်မှာသာဆို ရင်တော့ ကျွန်တော်တို့ အခွန်ဝန်ဇာတ်လိုက်ကြီးလဲ ဘယ်လွယ် မလဲ။

ဒါတောင် ကျွန်တော်တို့အထဲက စိုးလှိုင်ဆိုတဲ့ကောင်က လူ မိုက်နော်။ ခိုးမှုနဲ့ ကျလာပေမယ့် လူက လူရိုးလူဖြောင့်။ ခိုး တာကလဲ သူများလို မရှိလို့ ငတ်လို့ ခိုးတာမဟုတ်ဖူး။ မိကောင်း ဖခင်သား။ သူဌေးဖြစ်ချင်လို့သာ ခိုးရရှာတာ။ သူများ ကား စီးနေကြတာ တွေ့နေရတော့ သူလဲ ကားစီးချင်တာနဲ့ ကားကို ခိုးတာ။ သူကတော့ ခိုးတာ မဟုတ်ပါဘူးတဲ့။ အလွယ်တကူ တွေတာနဲ့ ယူမောင်းသွားတာပါတဲ့။ ထားပါတော့လေ..... ဒါက။ အဲသည်ကောင် စိုးလှိုင်က ကျွန်တော်တို့အထဲမှာတော့ လူမိုက်။

လူမိုက်က ရိုက်ပါ့မယ်တကဲ့ကဲ့ လုပ်ပါလေရော။ သူ့ကို စောဘွား ဦးဖြူနဲ့ ဗိုလ်အောင်ထွန်းတို့က ဝိုင်းဆွဲပြီး ထိန်းထား ကြရတယ်။

သည်အချိန်မှာ ကျွန်တော်က ကျိန်းမာရေးတာဝန်ခံ မဟုတ် တော့ဘူး။ ရာထူးတက်နေပြီ။ အဆောင်ကော်မိတီအတွင်းရေးမှူး

ဖြစ်နေပြီ။ သည်တော့ အားလုံးရဲ့ဆန္ဒနဲ့ ဆုံးဖြတ်ချက်အတိုင်း၊ ဇာတ်လိုက်ကြီး အခွန်ဝန်ကို နှစ်ဆယ့်လေးနာရီအတွင်း သည် အဆောင်နိုက ကိုယ့်ပစ္စည်းတွေ ကိုယ်သယ်ပြီး ထွက်ခွာသွားဘို့ အမိန့်ပေးရတယ်။ ကျွန်တော်ကလဲ ပြတ်ပြတ်ဖဲ့။ စိတ်လဲ တို့နေပြီ။ ဒါ့ကြောင့် ကျွန်တော် ပြောတဲ့လေသံကလဲ မာနေတယ် ဆိုတာ ဟုတ်မှာပါဘဲ။

ဘယ် ရမလဲ။ ကျွန်တော်တို့လေ့ာက်တော့ အပျော့ပေါ့။ ဘသားချောကလဲ ခေတာမှတ်လို့။ ကျွန်တော့်ကိုတောင်မှ ဥပဒေ စကားနဲ့ ပြန်မေးလိုက်သေးတယ်။ မင်းက နှင်ချနိုဖ်ရအောင် ဘာကောင်မို့လဲတဲ့။ မင်းက ထောင်ပိုင်လားတဲ့။ သည်အဆောင် ကကော မင့်ဘိုးဘပိုစ်မို့လားတဲ့။ ကျွန်တော်တောင် ကြောင် သွားတယ်။ ဘာ ပြန်ဖြေရမှန်း မသိလိုက်ဖူး။

ဘယ် ရမလဲ။ ဘသားချောလဲ ဒေါကန်ပြီး အပြင်ဘက် ထွက်သွားတယ်။ ထောင်အာဏာပိုင်တွေကို သွားတိုင်တယ်။

အတော်ကြာတော့ ထောင်မှူးကြီးနဲ့အဖွဲ့ ရောက်လာကြ တယ်။ တန်းစီရတယ်။ ကျွန်တော်တို့ကတော့ ဘယ်ကြောက် မလဲ။ ကိုယ့်ဘက်က အမှားမှု မရှိဘဲနဲ့။ ဖြစ်သမျှအကြောင်းကို အကုန် အပြည့်အစုံ ပြန်ပြောပြလိုက်တယ်။

ထောင်မှူးကြီးလုပ်တဲ့လူလဲ ဘာဆုံးဖြတ်ရမလဲ။ သူလဲ ဘာ ပြောရမှန်းမသိ ဖြစ်သွားတယ်။ ပထမတော့ ပြုံးရုံဘဲပြုံးတယ်။ နောက်တော့မှ....ခင်ဗျားတို့ကလဲဗျာ၊ ကလေးတွေလဲ မဟုတ် ကြဘဲနဲ့၊ ကိုယ့်ဟာကိုယ် ဖြေရှင်းကြပါဗျာ၊ ထောင်ထဲမှာ နေ

ရတုန်းနေရခိုက် ညီအကိုတတွေလို ချစ် ချစ် ခင် ခင် ညီညီ ညွတ်ညွတ်....

သူ့စကား မဆုံးခင်မှာဘဲ ဗိုလ်မှူးစိန်မင်းက ကြားဖြတ်ဝင်လိုက်တယ်။ ဗိုလ်မှူးစိန်မင်းဆိုတာက အလံနီကွန်မြူနစ်ပါတီက။ မြစ်ဝကျွန်းပေါ်တိုင်း စစ်ရေးတာဝန်ခံတဲ့။ စစ်တိုက်တဲ့နေရာမှာတော့ ဘယ်လောက်တော်တယ် မပြောတတ်ဖူး။ စကားပြောတဲ့နေရာမှာတော့ သိပ်တော်တယ်။ လေအေးကလေးနဲ့ အချက်ကျကျ ပိုင်ပိုင်နိုင်နိုင် ပြောတတ်တယ်။ အဲသည် ဗိုလ်မှူးစိန်မင်းက ထောင်မှူးကြီးရဲ့စကားကို ဆက် ပြီး၊ တ ဆက် ထဲ ပြောလိုက်တယ်။

'စည်းစည်းလုံးလုံး ပျော်ပျော်ပါးပါး ဝိုင်းလုပ်ဝိုင်းစားနေနေကြတာပါ၊ ထောင်မှူးကြီး သိပါတယ်လေ၊ ကျွန်တော်တို့ အဆောင်မှာ အရင်က ခုလို မညီမညွတ်ဖြစ်တာမျိုးတွေ ရှိခဲ့ဘူးလို့လား၊ ခုလို ပြဿနာမျိုး ပေါ်ဘူးလို့လား....

'အခုကိစ္စက အများနဲ့တယောက်ပါ၊ သည်ပုဂ္ဂိုလ်က မာနမထားသင့်တဲ့နေရာမှာ ထားနေလို့ပါ၊ ဘာမဟုတ် တဲ့ ကိစ္စသက်သက် ခက်နေတာပါ၊ ခုနက ရဲဘော်ထွန်းသာတင်ပြသလို ကျွန်တော်တို့ဘက်ကတော့ သည်းလွှဲခံခဲ့ပြီ၊ သတိလွှဲ ပေးခဲ့ပြီ၊ အခု ကနွေကတော့ နောက်ဆုံးအဆင့် ရောက်နေပြီလေ....

'အဲသည်တော့ ထောင်မှူးကြီးတို့ကို ကျွန်တော် မေတ္တာရပ်ခံတာကတော့....တစ်၊ သည်ပုဂ္ဂိုလ်လဲ သူ့စိတ်တိုင်းကျ နေရအောင်....နှစ်၊ ကျွန်တော်တို့အားလုံးလဲ ကိုယ့်စည်းကမ်းကလေးတွေနဲ့ကိုယ် စိတ်ချမ်းချမ်းသာသာရှိအောင်....သုံး၊ ထောင်မှူးကြီးတို့ရဲ့ အုပ်ချုပ်ရေးတာဝန်ပိုင်းမှာလဲ ပြဿနာမတက်ရအောင် ဆိုသလိုပေါ့ဗျာ၊ အားလုံးအတွက် အမှုန်ကန်ဆုံးနဲ့ အကောင်းဆုံး လုပ်ရပ်ကတော့ သည်ပုဂ္ဂိုလ်ကို ဗိုလ်ငြိမ်းအဆောင် ပို့လိုက်ရင် ပြီးသွားလိမ့်မယ်လို့ ထင်ပါတယ်၊ ဖြစ်လဲ ဖြစ်နိုင်ပါတယ်လေ၊ ထောင်မှူးကြီးတို့ သဘောတခုပါ၊ ကျွန်တော်တို့ လုပ်ကြတယ်ဆိုတဲ့ သန့်ရှင်းရေး ကျန်းမာရေးဆိုတာကလဲ ထောင်မှူးကြီးတို့ရဲ့ လုပ်ငန်းတာဝန်ပိုင်းကို တဖက်တလမ်းက ကူညီကြတဲ့သဘော၊ သူ့အလုပ် ငါ့အလုပ် မခွဲဘဲ၊ တွက်ကပ်မနေဘဲ ဝိုင်းလုပ်ကြတဲ့သဘောပါ၊ ဒါကိုထောက်ရင် ကျွန်တော်တို့ကိုလဲ ကူညီတဲ့အနေနဲ့ ကျွန်တော်မေတ္တာရပ်ပါရဲ့စေ....

ဗိုလ်မှူးစိန်မင်းက တဆက်ထဲ အရှည်ကြီး ပြောလိုက်တော့၊ ထောင်မှူးကြီးက ပြုံးတယ်။ အပြောရ ခက်တယ် ထင်ပါရဲ့။ ဦးထုပ်အောက်မှာပေါ်နေတဲ့ နားထင်က ဆံပင်စကို မကုတ်သာ့ကုတ်သာ ကုတ်တယ်။

ဒါပေမယ့် ထောင်အာဏာပိုင်ဆိုတာကလဲ အခက်သားကလား။ ခေတ်ကလဲ ဗျူရိုကရေစီခေတ်ဆိုတော့ အုပ်ချုပ်ရတဲ့လူတယောက်အနေနဲ့ အောက်ကတင်ပြလာတဲ့ တင်ပြချက်ဟာ ဘယ်လောက်မှန်မှန် သိပ်လက်ခံချင်ပုံမရဘူး။ ပြီးတော့ အခွန်ဝန်ဆိုတာက အရာရှိ။ အရာရှိအချင်းချင်းဆိုတဲ့ ဂိုဏ်းဂဏကလဲ ရှိသေးတယ်ထင်ပါရဲ့။ ဘာမှ အဆုံးအဖြတ်မပေးဘဲ ညီညီညွတ်ညွတ်နေကြပါဗျာ..... ဆိုတဲ့စကားဘဲ ပြောပြီး၊ ပြန်ထွက်သွားတယ်။

မကျေနပ်ကြဘူးပေါ့။ ဒါပေမယ့် အဲသည်အချိန်က စပြီး၊ ဇာတ်လိုက်ကြီးကိုတော့ ကျွန်တော်တို့ ဘာမှ မပြောကြတော့ဘူး။ သူ့ဘတ္တေဆီ သွားသန်တော်ဦးတင်ရပါ့မလား ဆိုပြီး ဒေါပုနေကြတဲ့ ကျေးငှက်သားလူငယ်ပိုင်းကိုလဲ ဘာမှ မပြောနဲ့လို့ အမိန့်ထုတ် ထိန်းထားလိုက်ရတယ်။

ဒါပေမယ့် အခြေအနေကတော့ တင်းမာရက်ဖဲပေါ့။ ဘယ်ပြေလည်မလဲ။ သည်လူ သည်အဆောင်မှာ မနေနိုင်အောင် ကတော့ တခုခုလုပ်ကြရမှာပေါ့။ ခေါင်းအေးအေးထားပြီး စဉ်းစားကြရမှာပေါ့။

မကြာပါဘူး။ အဖြေဘခု ရကြတယ်။ ကျေးငှက်သားလူငယ်ပိုင်းကဘဲ တင်ပြတယ်။ သူတို့တဲ့ တာဝန် ပြန်ယူသွားကြတယ်။ သည်အထဲမှာ လူကြီးပိုင်းက ပါစရာမလိုဘူး။ သဘောတူတာက တော့ တူတာပေါ့။ ဒါပေမယ့် ပါဘို့မကောင်းဘူး။

မကြာပါဘူး။ အစီအစဉ်ကို စလုပ်ကြတယ်။

ခပ်တည်တည်နဲ့ ထမင်းလဲ ဝင်စားပြီးရော၊ ဘသားချော အခွန်ဝန်လဲ နေ့လယ်နေ့ခင်း မွေးနေကျ မမွေးတော့ဘဲ၊ အပြင် ဘက်ထွက်သွားတယ်။

သည်အချိန်မှာ ကျေးငှက်သားခေါင်းဆောင်အုပ်ထဲက ဇော်ဝင်းက ဇာတ်လိုက်ကြီးရဲ့ ပစ္စည်းတွေကို သွားကြည့်တယ်။ နိုင်ငံခြားကလာတဲ့ ချောကလက်ထုပ်ကြီး နှစ်ခုကို မှုံသေတ္တာပုံးထဲက နှိုက်ယူလိုက်တယ်။ ပြီးတော့ ထမင်းစားပြီး အချို့တဲကြမယ်ဟေ့ ဆိုပြီး ဝေစားပစ်လိုက်ကြတယ်။ ကျနော့်ကိုတောင် နှစ်ကွက်လာ

ပေးလို့ စားလိုက်ရသေးတယ်။ ကုန်ပြီလားဆိုတော့ ဒါအကုန်ဘဲတဲ့။

ပြီးတော့ မနေ့ကမှ ဖွင့်တဲ့ ဟန့်တလေးနဲ့ ပါးလ်မားလ် ဆိတ်နို့ ဘီစကွတ်မုံ့သေတ္တာကိုလဲ ခင်မောင်အုန်းကုတင်ပေါ် ချပြီး မကုန်မချင်း စားပစ်လိုက်ကြတယ်။ သူတို့မို့ စားနိုင်တယ်။ ထမင်းစားပြီးကြတာ ဆယ်မိနစ်မပြည့်သေးဘူး။

ဒါတွင် ဘယ်ဟုတ်အုံးမလဲ....။ ယိုပုလင်းကို ယူတဲ့လူကယူ။ လက်နဲ့ကော်စားလိုစား။ နို့ဆီဗူးကို ယူတဲ့လူက ယူ။ သံပေါက်နှစ်ပေါက်မှာ ဆို့ထားတဲ့စက္ကူလိပ်ကလေးတွေကို လှည့်ပစ်ပြီး၊ မော့စုတ်တဲ့လူက စုတ်။ ကျွန်တော်ထင်တယ်လေ။ တနာရီလောက်အတွင်းမှာ စားစရာမှန်သမျှ ထောပတ်နဲ့သရက်သီးဆီစိမ်ကလဲလို့ အကုန် ကုန်အောင် စားပစ်လိုက်ကြတယ်။

ဘသားချော ပြန်လာတယ်။ ခြေရာလက်ရာ မပျက်တော့ မရိပ်မိဘူး။ ဒါပေမယ့် သူကလဲ သေသေချာချာ မကြည့်လိုပါ။ ဘာလချောင်ကြော်ပုလင်းတလုံးတော့ နေရာမှာ မရှိဘူး။ ဘယ်ရှိမလဲ။ စိုးသိန်းက စားတုန်း။ စားတုန်းတန်းလန်းဆိုတော့ ဟိုလူပြန်အလာမှာ ပြန်ထားခိုက်လဲ မရ။ သည်တော့ စိုးသိန်းက ကုတင်ပေါ်မှာ စောင်ကို ခေါင်းမြီးခြုံပြီး အိပ်လိုက်တယ်။ ပြီးတော့ အထဲမှာ စားနေတယ်။ တလုပ်လှုပ်နဲ့။ အတော်လဲ ရှုပ်တဲ့ကောင်။ အပင်ပန်းလဲ အတော်ခံနိုင်တဲ့ကောင်။

ဘသားချော စာအုပ်ကလေးတအုပ်ဆွဲပြီး နောက်တခေါက် ပြန်ထွက်သွားတော့မှ၊ စိုးသိန်းလဲ စောင်ထဲက ထွက်လာတယ်။ သူ့တကိုယ်လုံး ခွေးတွေနှစ်လို့။ ငြုပ်သီးက စပ်တာရော၊

စောင်ခြုံထားလို့ ပူဘာခရာ၊ သူမို့ ခံနိုင်တယ်။ ပြီး ချက်ချင်း ကြီး ရေပြေးချိုးတယ်။

အဲ...ဥာဏ်ကြီးရှင် မောင်ကျော်ငြိမ်းကတော့ တမျိုး။ သည် အကြံဟာ သူ့အကြံ။ လူပုသလောက် ဥာဏ်များတဲ့ကောင်။ အခု နောက်ထပ်အကြံတခု ရလာပြန်ပြီတဲ့။

သည်တခါတော့ လူကြီးပိုင်းကို တင်ပြမနေတော့ဘူး။ တခါထဲ အလုပ်နဲ့ဘဲ စတော့တယ်။ ဘာလဲဆိုတော့ ကုတင်အောက်မှာ ထားတဲ့ ဘဘားခချာရဲ့ ခြေအိတ်နဲ့ခြေနင်းတဖက်ရယ်၊ ရုံးထွက်ရင်စီးတဲ့ ညှပ်ဖိနပ်အသစ်တဖက်ရယ်ကို ယူသွားပြီး၊ အုတ်ရိုးနားကနေ ထောင့်အပြင်ဘက်ကို လွှဲပစ်လိုက်တယ်လေ။ သူမို့ ကြံကြံဖန်ဖန်။ လုပ်ရင်လဲ အပြတ်လုပ်လိုက်တာ မဟုတ်ဖူး။ တမင်သက်သက် တဖက်စီ ရွေးပြီးမှ လုပ်ဘယ်။ နှစ်ဖက်စလုံးလုပ်ရင် စီးချင်လို့ ခိုးတာ ထင်နေအုံးမယ်တဲ့။ ခိုးမှန့် အပြစ်ယူလို့ ရနေအုံးမယ်တဲ့။ မဆိုးဘူး။

ကောင်းတော့ မကောင်းပါဘူး။ တယောက်က စလိုက်တယ် ဆိုရင်ဘဲ နောက်တယောက်က လိုက်။ လုန်းထားတဲ့ မျက်နှာသုတ်ပုဝါတို့၊ ပိုးစုပ်ကျယ်တို့၊ ပုဆိုးတို့ကိုလဲ ယူတဲ့လူက ယူ။ ကြုံရာ မြေဆိုင်ခဲ့ကြီးကို ထုပ်။ ကြိုးနဲ့ချည်ပြီး၊ ကျွန်တော်တို့ ကိုယ်ပိုင်ကန့်ဇွန်းခင်းထဲ မြုပ်ပစ်ဘဲလူက မြုပ်ပစ်။

ဘယ် ရမလဲ။

တနာရီလောက်ကြာလို့ ပြန်လာတယ်ဆိုရင်ဘဲ မျက်နှာသုတ်ပုဝါက စ ရိပ်မိတယ်။ နောက် ဆပ်ပြာနဲ့ ဆပ်ပြာခွက်လဲ မရှိတော့ဘူးတဲ့။ _ဟင်....ခုဖိနပ်သဲကြီးကိုလဲ တိတိရိရိ ဖြတ်ထားတယ်

ဆိုပါလား။ ဟော ကုန်ပြီ ကုန်ပြီတဲ့။ စားစရာဆိုလို့ ဘာမှကို မကျန်တော့ဘူးတဲ့။

ဘယ် ရမလဲ။

ညနေစောင်းအောင်တောင် မခံပါဘူး။ ဇာတ်လိုက်ကြီး အခွန်ဝန် ကိုယ့်အိပ်ရာလိပ်ကိုယ်ထမ်းပြီး ဗိုလ်ငြိမ်းအဆောင်ဘက် လစ်တော့တာပါဘဲ။

ဒါကြောင့် ကျွန်တော် ပြောတာပါ။ ကျွန်တော်တို့လဲ ကိုယ့် အဆောင်ကိုယ်တော့ ပိုင်ပါတယ်လို့။

PDF Creator - nyeyadhamma@gmail.com

၅

'ညစ်ပတ်'တဲ့ဘက်၊ 'နှောက်'တဲ့ ဘက်မှာတော့ ကျွန်တော် ထင်တယ်လေ။ ကျွန်တော်တို့ အဆောင်ကို ဘယ်အဆောင်ကမှ လိုက် မမှီနိုင်ဘူးလို့။

'ညစ်ပတ်'တယ်၊ 'နှောက်'တယ် ဆိုတာလဲ တကယ်တော့ အပျော်သက်သက်ပါ။ အမြန်ဆုံးနည်းနဲ့ရင်းနှီးချစ်ခင်မှုရအောင် လုပ်တဲ့ သဘောလဲ ပါပါတယ်။ မကောင်းတဲ့ စိတ်ထားနဲ့ မတရားလုပ်တာ မဟုတ်ပါဘူး။

စဉ်းစားကြည့်လေ။ လူတယောက် ထောင်ထဲ ရောက်လာတယ်။ ဘာမှနဲ့ ရောက်လာလာပါ။ သည်လူ ပျော်နေမလား။ စိတ်ဆင်းရဲနေမလား။ စိတ်ဆင်းရဲနေမှာပေါ့။

သည်တော့.... သည်လူ့ကို အစခပ်သိမ်း ကူညီရမယ်။ နှစ်သိမ့်ရမယ်။ ပျော်အောင် လုပ်ရမယ်။ ဒါဟာ ရောက် နှင့် နေ တဲ့ လူတွေရဲ့ တာဝန်လို့ ကျွန်တော်တို့ ယူဆတယ်။

ထောင်ဆိုတာက ဟော်တယ်မဟုတ်ဖူး။ တည်းခို ရိပ်သာ မဟုတ်ဖူး။ အလားတူဘဲ၊ ထောင်အာဏာပိုင်တွေ ဆိုတာကလဲ ဟော်တယ် မန်နေဂျာတွေ မဟုတ်ဖူး၊ တည်းခိုရိပ်သာပိုင်ရှင် တွေမဟုတ်ဖူး။ သည်တော့ ထောင်ထဲကို သက်ဆိုင်ရာကပို့လိုက်လို့ ရောက်လာတဲ့ လူတွေကို ထောင်အာဏာပိုင်တွေအနေနဲ့ ဧည့်ဝတ် ကျေပွန်နေဘို့ မလိုဘူး။ တာဝန်လဲ မရှိဘူး။ သူတို့တာဝန်က သည်လူ ထွက်မပြေးအောင် ထိန်းသိမ်း ထားဘို့ဘဲ ရှိတယ်။ သူ့ဥပဒေ သူ့စည်းကမ်းအတိုင်း ကျွေးမွေးထားဘို့ဘဲရှိတယ်။ သည်နေရာမှာ လူမှုရေးတွေ၊ လောကဝတ်တွေလဲ မလိုဘူး။

လူမှုရေးတွေ၊ လောကဝတ်တွေ မလိုတဲ့အပြင်ကိုဘဲ၊ ထောင် အာဏာပိုင်တွေ အနေနဲ့က ရောက်လာတဲ့ အကျဉ်းသား သစ် တယောက်ကို 'ဒါဟာ ထောင်'ဆိုတာ သတိပေးဘို့လိုသေးတယ်။ ကျောင်းမှန်း ကန်မှန်း သိအောင်၊ ထောင်မှန်း တန်းမှန်းသိ အောင် ပြဘို့လိုသေးတယ်။

စဉ်းစားကြည့်လေ။ **မျက်စိသူယ်**နဲ့ ရောက်လာရတဲ့ အကျဉ်း သားသစ်တယောက်အဖို့ **ဆိုပါတော့**။ ဘယ်လောက် စိတ်အား ငယ်ရမလဲ။ ဘယ်လောက် စိတ်ဆင်းရဲရမ်လဲ။

ကျွန်တော်တို့ အဆောင်ကတော့ ကိုယ်ချင်းစာတတ်တယ်။ တခြား အဆောင်တွေကလဲ ကိုယ်ချင်းတော့ စာကြမှာပါ။ ဒါပေမယ့် ကျွန်တော်တို့ကတော့ အလေးအနက်ထားပြီး ကိုယ် ချင်းစာတယ်။ ပြီးတော့ အားငယ်တာကို အားမငယ်အောင် နှစ်သိမ့်ရုံ နှစ်သိမ့်၊ စိတ်ဓာတ်ကျတာကို စိတ်ဓာတ်မကျ အောင် အားပေးရုံ အားပေးတာ မဟုတ်ဖူး။ ပါးစပ်ကလေး

နဲ့တင် ဝတ်ကျေတန်းကျေမဟုတ်ဖူး။ အလုပ်နဲ့ပါ သက်သေ ပြကြတယ်။

ဆိုပါတော့။ လူတယောက် ရောက်လာတယ်။ သက်ဆိုင်ရာ ထောင်မှူးက အဆောင်အထိ လိုက်ပို့တယ်။ သည်အဆောင်မှာ နေရမယ်ဆိုပြီး၊ အဆောင်က လူတယောက်ယောက်ကို အပ်ထား ခဲ့တာဘဲ။ ဒါ သူ့အလုပ်ပြီးပြီဘဲ။

တကယ်က သည်လူအတွက် ပစ္စည်းတွေကို သက်ဆိုင်ရာ ထောင်ရုံးခန်းက ထုတ်ပေးရအုံးမယ်။ သည်လူ့အတွက် အိပ်ရာ။ (ခ)တန်းဆိုရင် ကုတင်၊ မွေ့ယာ၊ ခြင်ထောင်၊ ခေါင်းအုံး၊ အိပ်ယာခင်း၊ စောင် လိုမယ်။ ဒါတွေ အချိန်မီ ထုတ်ပေးရမယ်။ အချိန်မီဆိုတာ ရုံးဆင်းချိန်မတိုင်မီ။ ရုံးဆင်းသွားရင် စာရင်း ပိတ်သွားပြီ။ မရတော့ဘူး။ နောက်နေ့မှ။ သည်လိုတော့ ဖြစ်သလို အိပ်။

ပြီးတော့ သူ့အတွက် ပန်းကန်၊ ဟင်းခွက်၊ ဇွန်း ဆိုတာတွေ ကလဲ ရှိသေးတယ်။

ထောင်ထဲမှာက အပိုပေးသာတာမဟုတ်ဖူး။ လူတယောက် လွတ်သွားရင်၊ လွတ်မယ့်လူ ထောင်ထဲက မထွက်ရခင် စာရင်းနဲ့ အင်းနဲ့ ပြန်တောင်းတာ။ ပြန်သိမ်းတာ။ ဒါပေမယ့် ရောက်လာတဲ့ အကျဉ်းသားသစ်တယောက်အတွက် ကျတော့ ဘယ် တော့မှ လူနဲ့တပါထဲ တခါထဲ ပါမလာဘူး။ သည်က ထောင် သက်ရင့်တဲ့ လူတွေက လိုက်တောင်းနိုင်ပါမှ။ လုပ်ပေးတဲ့လူတွေက လုပ်ပေးပါမှ။ ဘာမှန်းညာမှန်းမသိ၊ ရောက်လာတဲ့အကျဉ်းသား

သစ်အနေနဲ့ကတော့ ဘယ်သိမလဲ။ ဘယ်လုပ်တတ်မလဲ။ မကူညီ ရင် ခံရရုံတဲ့ ရှိတော့တာပေါ့။

ရိုးရိုးတန်း အကျဉ်းသားသာဆိုရင်တော့ ဒုက္ခဘဲ။ ပန်းကန် ပြားမရှိ၊ ခွက်မရှိရင် သူ ဘာနဲ့ ထမင်းဆွဲမလဲ။ ထမင်းစားဘို့ ဆိုတာ အသာထားအုံး။ ထမင်းကိုတဲ့ ဘာနဲ့ သွားယူမလဲ။ ဟိုဘက်မှာလဲ သူ့လူနဲ့သူကတော့ ကူညီကြပါတယ်။

ထောင်ဆိုတာကလဲ မီးမျိုး မီးနိုင်၊ ရေမျိုး ရေနိုင်ဘဲ။ ထောင်ထဲမှာ နိုင်ငံရေးအကျဉ်းသားနဲ့ ရာဇဝတ်အကျဉ်းသား၊ ဘယ်သူက များသလဲ။ နိုင်ငံရေး အကျဉ်းသားများတဲ့ထောင် ဆိုရင် များသောအားဖြင့် ကောင်းတယ်။ စံပြထောင် ပိုပီသ တယ်။ အဲ....ရာဇဝတ်အကျဉ်းသားက မတန်တဆများပြီး၊ နိုင်ငံရေးအကျဉ်းသားက သိပ်နည်းနေရင်၊ အဲသည်ထောင် သိပ် မနိုပ်ဖူး။ စံပြထောင် သိပ် မပီသချင်တော့ဘူး။ ပုံစံထောင် နည်းနည်းဆန်ချင်လာတတ်တယ်။

ကျွန်တော်တို့တုန်းကတော့ နိုင်ငံရေးအကျဉ်းသားအင်အား ကောင်းတဲ့ခေတ်ကို။ မဆိုးပါဘူး။ စံပြထောင် ခေါ်နိုင်ပါ တယ်။

ဒါ့ကြောင့် ရိုးရိုးတန်းဘက်မှာလဲ အကျဉ်းသားသစ်ကို အကူ အညီ ပေးတတ်ကြပါတယ်။ ဒါပေမယ့်လဲ ဘယ်သူ့မှာမှ အပို ရှိကြတာ မဟုတ်ဖူးလေ။

ကျွန်တော်တို့ဘက်မှာလဲ အပိုတော့ ဘယ်ရှိမလဲ။ ဒါပေမယ့် တယောက်တမျိုး ဝိုင်းကူညီလိုက်ကြ လှည့်လိုက်ကြရင်တော့၊ ဝိုင်းအနစ်နာခံလိုက်ကြရင်တော့ ဖြစ်သွားနိုင်ပါတယ်။

သိပ် ရောက်ဖူးတာပေါ့။

ထောင်ထဲ ရောက်သာတယ်ဆိုတာ ဘယ်တော့မှ အိမ်ကနေ တိုက်ရိုက် ကိုယ်ပိုင်ကားနဲ့ ရောက်လာတာ မဟုတ်ဖူး။ ရဲစခန်း ကမှတဆင့် ရောက်သာတာ။ ရဲကားနဲ့ ရောက်လာတာ။ အချုပ်ကားနဲ့ ရောက်လာတာ။ အချုပ်ကားတို့ ရဲကားတို့ ဆိုတာကလဲ ရဲစခန်းနဲ့ ထောင်ကို လိုင်းဘတ်(စ)ကားတွေလို ခေါက်တုံ့ခေါက်ပြန် ပြေးနေတာ မဟုတ်ဖူး။ မနက်မှာ ထောင်ကနေ ရုံး။ ညနေမှာ ရုံးကနေ ထောင်။ အသွားတခေါက်၊ အပြန်တခေါက်။ ဒါဘဲ။ စဉ်းစားကြည့်လေ။ ရုံးထုတ်တဲ့အချုပ် အကျဉ်းသားတွေကို ထောင်ပြန်သယ်လာရင်း အကျဉ်းသား သစ်ကလဲ ပါလာရတာ။ များသောအားဖြင့် တရားရုံးတွေ ဆင်းမှလဲ လူစုံတာ။ ထောင်ရောက်တော့ ငါးနာရီလောက်ရှိပြီ ပေါ့။ ဒါ့ကြောင့် သိပ်ရောက်ဖူးတာပေါ့။

ရောက်လာသမျှ အကျဉ်းသားတိုင်းလိုလို ညနေဘက်မှ ရောက်လာတတ်ကြတာ။ သည်တော့ သည်မှာ မမှီမကမ်း ဖြစ်ကုန်ရော။

အိပ်စရာ အတွက်က အချိန်မမှီတော့လို့ ကြံဖန်ပြီး လုပ်ပေးနိုင်တယ်ထား။ ညနေစာ မစားရသေးဘူးဆိုရင်တော့ မလွယ်ဘူး။ ဝမ်းနည်းပါတယ်။ သည်မှာက ညနေစာ စားပြီးကြပြီဆိုရင် အများကြီး ဝမ်းနည်းပါတယ်။ ဘယ်လိုနည်းနဲ့မှ မတတ်နိုင်ဘူး။

တခါတခါတော့ နည်းနည်းအချိန်ရသေးတယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ ပုဒ်မ၅ အဆောင်ဘက်ကို ထမင်းကျွန်အတောင်း

ထွက်နိုင်ရဲ့။ ဟင်းကတော့ မကျွန်တတ်ဖူး။ မူလ စားရတာကမှ နည်းနည်းကခေးရယ်။ ဘယ် ကျွန်နိုင်ပါ့မတုန်း။

ဒါပေမယ့် ထမင်းချည့်ရရင်လဲ မဆိုးပါဘူး။ ပြီးတော့ ရောက်လာတဲ့အကျဉ်းသားသစ်ရဲ့ ကုသိုလ်ကံပေါ့လေ။ ထောင် ဝင်စာတွေ လာထားခါစ၊ ဒါမှမဟုတ် ကျွန်တော်တို့ရဲ့ ထောင် တာလချောင်ကြော် ကြော်ထားခါစသာဆိုရင်တော့လဲ မြို့ငှားမှာပေါ့လေ။

တော်တော့ မငတ်ပါဘူး။ ကျွန်တော်တို့အဆောင်ကတော့ ရောက်လာတဲ့အကျဉ်းသားသစ်ကို အငတ်မထားပါဘူး။ ဘာမှ မရှိဘူး ဆိုရင်တောင်မှ ပေါင်မုံယိုသုတ်နဲ့ ကော်ဖီတော့ ကျွေးနိုင်ပါတယ်။ ကျွန်တော်တို့ရဲ့ မနက် အိပ်ယာထ စာအတွက် ပေးထားတဲ့ ပေါင်မုံကတော့ အဆင်သင့် ရှိနေတာဘဲ။ အားလုံး စာထဲက ဖဲ့ကျွေးရတာပေါ့။

ပြီးတော့လဲ ဆန်းတာမှတ်လို့။ မနက်ကျရင် ပေါင်မုံကို ခါတိုင်းထက် ပိုပါးပြီး လှီးလိုက်ရုံပေါ့။ အရေအတွက်ကတော့ လျော့မသွားနိုင်ပါဘူး။ ပါးသွားတာကလဲလို့ ခါတိုင်းလိုဘဲ တယောက်နှစ်ချပ်တော့ ရပါတယ်။

ဒါက အရေးမကြီးဘူး။ အရေးကြီးတာက သူ့အတွက် တပတ်တခါရတဲ့ ရိက္ခာ။

နွေစဉ်ရတဲ့ ပေါင်မုံတို့၊ နွားနို့တို့၊ အသားနဲ့ဟင်းသီးဟင်းရွက်တို့၊ ထင်းတို့ဆိုတာကတော့....သည်ကနေ့ ရောက်ရင်၊ နောက်တနေ့မှာ စာရင်းတင်၊ နောက်တနေ့ဆိုရင် ရပြီ။ နှစ်ရက်ဖွဲ့ စောင့်ရတယ်။

ဒါပေမယ့် တပတ်မှတခါပေးတဲ့ရိက္ခာကျတော့ ရိက္ခာပေးနေကျနေ့အထိ စောင့်ရမယ်။ သည်ကနေ့ဘဲ ရိက္ခာပေးတယ်။ အကျဉ်းသားသစ်ကလဲ သည်ကနေ့ဘဲ ရောက်လာတယ်ဆိုရင်တော့ တပတ်တိတိ စောင့်ရမယ်။ သည်အခါမှာ မျှစားကြရမယ်။ သူ့အတွက် ရိက္ခာမရသေးပေမယ့် အားလုံးအတွက်ထဲကဘဲ ကျွေးနှင့်ရမယ်။

ဒါလဲ တကယ်ကတော့ သိပ် ပြဿနာမဟုတ်ပါဘူး။ ဆန်ဆိုတာကလဲ အစားနည်းတဲ့လူက နည်းတော့ ပိုနေတတ်တယ်။ တခါတခါ ဆန်ပိုတွေ မျှားလာရင် ထောင်ကြပ်တွေကိုတောင် လျှော့ဈေးနဲ့ ပြန်ရောင်းပစ်ရသေးတာဘဲ။ ကျွန်တော်တို့ အဆောင်မှာ ဆားတို့ သကြားတို့လဲ ပိုတာပါဘဲ။ အဲ....မပို့တတ်ဖဲ့ အမြဲလိုလို လို့ လိုနေတတ်တာကတော့ ဆီနဲ့ငြုပ်သီးခြောက်ဖဲ့။ အင်း....သည်အထဲက လူပိုတယောက်ကို မျှကျွေးရအုံးမယ်ဆိုရင်တော့ ဆီတယ်ရေတယ်ကလေး မဟုတ်နိုင်တော့ဘူးပေါ့လေ။

ကိစ္စမရှိကြပါဘူး။ ပြောလို့သာ ပြောနေရတာပါ။ တကယ်ကတော့ သည်လိုဘဲ ထောင်ဆိုတာ ကိုယ့်အိမ်ကိုယ့်ယာ မဟုတ်ဖူးဆိုတာ ကျွန်တော်တို့သိကြပါတယ်။ နားလည်ကြပါတယ်။ သည်းခံကြပါတယ်။ အကျဉ်းသားသစ်အတွက် ကြည်ကြည်ဖြူဖြူ အနစ်နာခံကြပါတယ်။

တကယ်တော့ စိုက်ကျွေးရတယ်ဆိုတာကလဲ ယာယီပါ။ နောက်တကြိမ် ရိက္ခာပေးတဲ့နေ့ကျတော့ စိုက်ကျွေးထားရတဲ့ တယောက်စာရိက္ခာကို ပြန်ထုတ်ပေးပါတယ်။ လာမယ့်တပတ်

အတွက်ရော၊ ပြီးခဲ့တဲ့တပတ်အတွက်ရော၊ နှစ်ပတ်တွက် ပေါင်းထုတ်ပေးပါတယ်။ ဒါတော့ ရိက္ခာထောင်မှူးရုံးခန်းကလဲ ဂဏန်းနဲ့ တွက်တာပေါ့လေ။ ကျွန်တော်တို့ဘက်ကလဲ သေသေချာချာ တွက်ထားတာပေါ့။ ဘယ်မှလွဲလို့ လျော့လွဲဖြစ်မလဲ။

အဲ....ရောက်လာတဲ့အကျဉ်းသားသစ်ကတော့ မသိဘူးပေါ့။ သူစားဘို့အတွက်၊ သူအိပ်ဖို့အတွက်....အဆောင်ကလူတွေ ဘယ်လောက်ထိ အနစ်နာခံရတယ်၊ ဘယ်လောက်အထိ တွက်ရချက်ရ ကြံရဖန်ရဆိုတာကို။ နောက်ကျတော့လဲ သိလာတာပေါ့လေ။

ဒါပေမယ့် သည်လောက်ကလေး လုပ်ပေးကိုင်ပေးရုံနဲ့ ပြီးရောလား။ ဝိုင်းလာကြပြီး မိတ်ဆက်ကြ၊ မေးကြ မြန်းကြ၊ နှစ်သိမ့်ကြ၊ အားပေးကြရုံနဲ့ကော ပြီးရောလား။ ဘယ် ပြီးအုံးမလဲ။

စစ်တုရင် ကစားတတ်သလား။ ကစားမယ်။ သူ့ကို ဦးစားပေး။ သုံးပုံ ရိုက်တတ်သလား။ မရိုက်တတ်ဖူး။ သင်ပေးမယ်။ ဟောလို ဟောလို။ ဂီတာတို့ မယ်ဒလင်တို့ ပတ္တလားတို့ တီးတတ်သလား။ အဆိုကော ဝါသနာပါသလား။ လုပ်စမ်းပါ တပုဒ်လောက်။ သည်လိုဆိုရင်ကော ပြီးရောလား။ ဘယ် ပြီးအုံးမလဲ။

ဘယ် ရင်းနှီးချစ်ခင်မှု ရအုံးမလဲ။

အကျဉ်းသားသစ် အနေနဲ့က ကျေးဇူးတော့ တင်နေမှာပေါ့လေ။ ငါဟာ ထောင်ထဲရောက်နေရပေမယ့်၊ ထောင်ဆိုတာ ငါထင်ထားသလို သိပ် မဆိုးပါဘူး....လို့လဲ တွေးချင်တွေး

နေမိမှာပေါ့။ ဒါပေမယ့် သည်လောက်နဲ့တော့ အကျိုးသား သစ်ရဲ့ အပြီးအရယ်ကို ဘယ်မြင်ရနိုင်လိမ့်အုံးမလဲ။

သည်တော့ ကျွန်တော်တို့ရဲ့ 'မျက်လှည့်ပြပဲကြီး'ကို စရတယ်။ တ ယောက် ယောက် က တော့ 'ထောင်' ပေး ရ တာ ပေါ့ လေ့။ အဟုတ်တတ်တဲ့အကြောင်း။ တ ကယ် တော် တဲ့ အ ကြောင်း။ ထောင် ဆဲမှာတော့ နာမယ်ကြီးတဲ့အကြောင်း။

ပထမဆုံးပြက္ခက်ကတော့ မှန်ပေါ်မှာ ကြက်ဥအစိမ်းကို အချွန်ဘက်က လူမကိုင်ဘဲ ထောင်ပြတာပါဘဲ။

မယုံ မရှိနဲ့။ ဖြစ်ပါတယ်။ မျက်လှည့်ဘဲ။ လိမ်တာဘဲ။ လွယ်ပါတယ်။ ဖောက်လဲ မဖောက်ရပါဘူး။ မှန်ကိုလဲ သူစိတ် ကျေနပ်အောင် သူ့ရှေ့မှာတင် အဝတ်နဲ့ သုတ်ပြလိုက်ပါသေး တယ်။ ပြီးတော့မှ ကြက်ဥအချွန်ဘက်က ထိပ်ကလေးကို လျှာ ဖျားနဲ့တို့။ အသင့် ဝှက်ယူထားတဲ့ ဆားကလေး နှစ်ပွင့်သုံးပွင့်နဲ့ ကပ်ပြီး ထောင်ပြလိုက်တာပါဘဲ။ အဲ....ပြီးရင်တော့ ကြက်ဥကို ပွတ်ပစ်လိုက်ပြီး ပြလိုက်ပေါ့။ စစ် ဆေး ချင် တိုင်း စစ် ဆေး ပစေပေါ့။

ဘယ် ရမလဲ။ သူကလဲ ကြိုးစားတော့ လုပ်ကြည့်တာပေါ့။ သူမြင်လိုက်တဲ့အတိုင်း တံဆိတ်လဲ ဆွတ်ကြည့်တာပေါ့။ ဒါပေ မယ့် ဆားပွင့်ကိုမှ သူမမြင်ရဘဲ။ ဘယ် ဖြစ်ပါ့မလဲ။

အဲ....အဲဒါက တဆင့်။

သူ နည်းနည်း ပြုံးစပြုံလာတယ်။ နည်းနည်းလဲ ယုံကြည်လာ တယ်။

သည်အခါမှ ဒုတိယပြက္ခက်။

ဆန်ကို နို့ဆီဗူးထဲမှာ အပြည့် ထည့်ထားမယ်။ ပြီးတော့ ခဲတံအလုံးနဲ့ ချွန်ထားတဲ့ဘက်ကနေ ဆန်ထဲကို ထိုးထည့်လိုက် မယ်။ နောက်ပြီး ခဲတံကနေ ကိုင် မရင် ဆန်နဲ့ နို့ဆီဗူးပါ မြောက်ပါလာရမယ်။ ကဲ....ဘယ့်နှယ်လဲ။

ဘယ် ယုံမလဲ။ ဒါပေမယ့် ကြက်ဥကို ပြထားတော့လဲ၊ မယုံ တဝက် ယုံတဝက်။ ကြည့်ချင်လာတယ်။ စိတ်ဝင်စားလာတယ်။

သည်မှာလဲ ပြောတဲ့လူက ပြောနေတုန်းရှိသေးတယ်။ ဘေး က ဆန်သွားယူတဲ့လူနဲ့။ ခဲတံ ချာပေးတဲ့ လူနဲ့။ ပြောလို့လဲ ပြီး ရော။ လိုတဲ့ပစ္စည်းလဲ အဆင်သင့်ဖြစ်ရော။

ဒါလဲ လွယ်ပါတယ်။ ဒါကတော့ မျက်လှည့်မဟုတ်ဖူး။ လိမ်တာလဲ မဟုတ်ဖူး။ သိပ္ပံသဘောဘဲ။ လေ့ မဲ့ တဲ့သဘော။ လေခိုတဲ့သဘော။ ဒါပေမယ့် နို့ဆီဗူးထဲကို ဆန်ထည့်တဲ့နေရာ မှာ ပညာပါတယ်။ နည်းနည်းကလေး ဟောက်နေလို့လဲ မရဘူး။ သိပ် မောက်နေလို့လဲ မရဘူး။ ခပ် ပြည့်ပြည့်လျှံ လျှံ ကလေး ထည့်ရတယ်။ ပြီးတော့ လက်ဝါးပြင် တဖက်နဲ့ တအား ဖိထား။ လုံရမယ်။ ဆန်ကို မမြင်ရစေနဲ့။ ပြီးတော့မှ လက်ချောင်း ကြား တကြားကြားကနေပြီး ခဲတံအချွန်နဲ့ တခါထဲ ဆောင့် ထိုးစိုက်လိုက်ရတယ်။ ဒါကတော့ ပညာအပါဆုံးဘဲ။ ခဲတံကို တည့်တည့်ထိုးလို့မရဘူး။ ခပ်စောင်းစောင်းကလေး ထိုးရတယ်။ ပြီးတော့လဲ တကြိမ်ထဲ တချီထဲ ထိုးစိုက်ချရတယ်။ လမ်းမှာ ထစ်နေလို့ နားနေလို့ နှစ်ဆင့်သုံးဆင့် ဆက်ထိုးလို့ မရဘူး။ဒါပါ ဘဲ။ ပြီးရင် လက်ဖယ်။ ခဲတံကနေကိုင်ပြီး မပြလိုက်။ နို့ဆီဗူး ရော ဆန်ရော မြောက်ပါလာလိမ့်မယ်။ ဒါပေမယ့် ပြန်ချတဲ့

အခါမှာ ဆန်တွေ လှုပ်သွားအောင် နည်းနည်းဆောင့်ချလိုက်ရင် နောက်တခါ ပြန်မလို့မရတော့ဘူး။

သည်မှာတော့ အကျဉ်းသားသစ် သိပ်အံ့သြသွားပြီ။ သူလဲ အမျိုးမျိုး လုပ်ကြည့်ပါစေ။ ခွင့်ပြုကြပါတယ်။ သည့်နောက် ဘယ်လိုလုပ်တာလဲ ဆိုရင်တောင် ပြောပြဘို့ အဆင်သင့်ရှိကြပါတယ်။

ဒါက အရေး မကြီးပါဘူး။ အရေး အကြီးဆုံး တတိယ ပြက္ခက်ကို ရောက်အောင် သွေးဆောင် ဖြားယောင်းတဲ့ပြက္ခက်ပါ။ လွယ်ပါတယ်။ ဖွင့်ပြောဘို့လဲ ဝန်မလေးကြပါဘူး။

အဲ.... တတိယ ပြက္ခက်။

သည်နေရာမှာတော့ မင်သေသေနဲ့ လုပ်နိုင်မှ။ ဘေးက လူတွေကလဲ မင်သေသေနဲ့မှ။ အို....မင်မသေမှာတော့မစိုးရိမ်နဲ့။ အားလုံး မခံရဘူးတဲ့လူ တယောက်မှ မရှိဘူး။ ခံရဘူးတဲ့လူတွေ ချည့်ဘဲ။ အသက် ငါးဆယ်ကျော်တွေကိုသာ အားနာလို့။ ချွန်ထားလို့။ ကျန်နေတာ။ သည်တော့ အားလုံးက မင်လဲ သေကြတယ်။ နှုတ်လဲ လုံကြတယ်။ ဒါမျိုးကျရင် တကယ်လဲ သစ္စာရှိကြတယ်။

အကျဉ်းသားသစ်ကတော့ စိတ်ဝင်စားနေပြီပေါ့။ အရှိန်မြင့်လာပြီပေါ့။

ပြောတာကလဲ ပိုင်ရတယ်လေ....။

'ကဲ မဖြစ်ဘူး ထင်တာတွေ နှစ်ခုတောင်လုပ်ပြပြီးပြီလေ.... သည်တခုကို ထပ်စဉ်းစားကြည့်အုံး၊ ဒါက သာပြီး မဖြစ်နိုင်တာ လူသုံးယောက် ဟောသည် နေရာမှာ ဆင့်ပြီး အိပ်နေ၊

ကယောက်နဲ့တယောက် တွဲထားကြ၊ ကျွန်တော်က အပေါ်ဆုံး ကလူရဲ့ ခါးပုံစကို ဟောသည်လို လက်သန်းကလေးနဲ့ အသာမလိုက်မယ်၊ အားလုံး မြောက်ပါလာရမယ်၊ အောက်ဆုံးကလူနဲ့ မြေကြီးနဲ့ တထွာလောက်အထိတော့ ကွာရမယ်၊ ကဲ ဖြစ်နိုင်ပါ့မလား....'

ကျွန်တော်က သည်လောက် စ ပြောလိုက်တယ်ဆိုရင်ဘဲ ဘေးကလူတွေက ဝင်လှော်ကြတော့တာဘဲ။ နော့.... ဒလံတွေကို။ ခံရဘော်ခံရဘက်တွေကို။ တချိန်တုန်းက ကိုယ့်အလှည့်။ အခု သူများအလှည့်။

'တကယ်က သည်ဥစ္စာကမှ တကယ့်ပညာဗျ၊ မယုံမရှိနဲ့၊ ကျွန်တော်လဲ အစက ဘယ်ယုံမလဲ၊ နောက် ကိုယ်တိုင် တွေ့ရတော့မှ ယုံတာ'

တယောက် အသံ။

'ဟော့ သည်ဘခါဘော့ ငါ အပေါ်ဆုံးက ခြေ နေမယ်ကွ၊ အောက်ဆုံးကနေရတာ အသက်ရှူ မဝဘူး'

နောက်တယောက်အသံ။

'လျှာမရှေ့နဲ့၊ ဝတဲ့ကောင် အောက်ဆုံးကဘဲနေ၊ သွေ့သည် သစ်ကို နေရာပေးရမယ်၊ သက်သာတဲ့ အပေါ်ဆုံးက နေရာမှာ နေပါ့စေ'

တခြား တယောက်ရဲ့အသံ။

တကယ်တော့ ဝိုင်းပြီး လှော်နေကြတာပါ။ စိတ်ပညာလဲ ပါတာပေါ့။

အဲ အဲသည်အပေါ်ကမှ အကျဉ်းသားသစ်။ အကျဉ်းသားသစ်ကိုတော့ ပက်လက်လှန်ပြီး အိပ်စေတယ်။ ခါးပုံစကနေ မ ရမှာ မဟုတ်လား။

အောက် နှစ်ယောက်က မှောက်ရက်။ အပေါ်ဆုံးက ငက်လက်။ အပေါ်ဆုံးကလူကတော့ ဘယ်ဘက်ကို ခေါင်းပြုပြု၊ အရေးမကြီးပါဘူး။ ပြုချင်တဲ့ဘက် ပြု။ သည်တော့ အုတ်ရိုးကြီးဘက်ကိုဘဲ ခေါင်းပြုအိပ်လိုက်တယ်။

'ကဲ မ မယ်နော်.... တယောက်တယောက် ကွာမကျန်ရစ်အောင် ခါဂျာမုံလို မြဲမြဲတွဲထားကြ၊ မ မယ်'

သည်လိုပြောလိုက်တော့၊ အုတ်ရိုးကြီးဘက်ကို ခေါင်းပြုထားတဲ့ ခင်မောင်အုံးက သူ့လိုဘဲ အုတ်ရိုးကြီးဘက်ကို ခေါင်းပြုပြီး ပက်လက်အိပ်နေတဲ့ အကျဉ်းသားသစ်ရဲ့ လက်နှစ်ဖက်ကို သူ့လက်နှစ်ဖက်နဲ့ လိပ်ပြာကူး လှမ်းအုပ်ယူလိုက်ပြီး ဒတောင်ချင်း မြဲမြဲချိတ်လိုက်တယ်။ အပေါ်ဆုံးက အကျဉ်းသားသစ်ရဲ့ လက်တွေ မလှုပ်နိုင်တော့ဘူး။ ကျောနောက်ကနေ ဒတောင် နှစ်ဖက်ကို လက်ပြန်ကြိုးတုတ်လိုက်တဲ့သတောကို။

နောက်....တခြားတဖက်ကို ခေါင်းပြုထားတဲ့ ဒုတိယလူရဲ့ဘေဘီစိုးမင်းကလဲ သူ့ကျောပေါ်က အကျဉ်းသားသစ်ရဲ့ ခြေနှစ်ချောင်းကို သူ့ကိုယ်တေး ဆွဲချပြီး၊ ဂျိုင်းကြားမှာ တအား ညှပ်လိုက်တယ်။ ခြေချင်းဝတ်နှစ်ဖက်ကိုလဲ မရွန်းနိုင်အောင်၊ ဖူးတွေကိုလဲ မကွေးနိုင်အောင် လက်နဲ့လိမ်ရစ်ထားလိုက်တယ်။ ရင်ဘတ်နဲ့လဲ ဖိပြီး ထိန်းလိုက်တယ်။ သည်မှာလဲ အကျဉ်းသားသစ်ရဲ့ ခြေထောက်တွေ မလှုပ်နိုင်တော့ဘူး။

ဟုတ်တယ်လေ။ အောက်ဆုံးက အောက်ကဆိုတာ မကောင်းဘူး။ နာမယ်လဲမကောင်းဘူး။ ခံစရာရှိလဲ ခံရအုံးမယ်။ အပေါ်ကလဲ နှစ်ယောက်တောင် ထပ်ဖိထားမှာဆိုတော့ လေးမှာပေါ့။ ပြီးတော့ ဟုတ်ကောဟုတ်ရဲ့လားမသိ။ သံသယရှိမယ်ဆိုလဲ ရှိနိုင်တယ်။ သည်တော့ ဘယ်သူ အောက်ဆုံးက နေချင်ပါ့မလဲ။ ဒါသဘာဝဘဲ။

သည်စိတ်ပညာအရ တွက်ချက်ပြီး အောက်ဆုံးက မနေချင်အောင် တယောက်က စလိုက်တယ်။ တဆက်ထဲနောက်တယောက်က အပေါ်ဆုံးတ နေရာကို ပေးလိုက်တယ်။

အမှန်ကလဲ အကျဉ်းသားသစ်ဟာ အပေါ်ဆုံးကရှိမှ။အပေါ်ဆုံးမှာဘဲ ဖြစ်ရမယ်။

သည်လောက် လှော်ခတ်လိုက်ကြတယ်ဆိုတော့လဲ အကျဉ်းသားသစ်က ဆုံးဖြတ်ချက်ချလိုက်ပုံရတယ်။ စမ်းကြည့်မယ်ပေါ့။ ဘယ်လိုပါလိမ့်မလဲပေါ့။

သည်အချိန်မှာ တယောက်က တံမြက်စည်းတချောင်းကို ပြေးယူပြီး၊ သံမံတလင်းမှာ လူတကိုယ်စာအမြန်လှဲလိုက်တယ်။ အောက်ဆုံးမှာ နေရမယ့် တုတ်ခိုင်ခိုင် ဗသကောင်းကောင်း ခင်မောင်အုံးကလဲ ပထမဆုံး လက်ထောက်ပြီး ဝမ်းလျားမှောက်လိုက်တယ်။ အုတ်ရိုးကြီးဘက်ကို ခေါင်းပြုလို့။

နောက်....ဒုတိယ။ သူ့အပေါ်က ရဲဘော်စိုးမင်းကလဲ ထပ်ပြီး ဝမ်းလျားမှောက်လိုက်တယ်။ ဒါပေမယ့် ပြောင်းပြန်။ အုတ်ရိုးကြီးဘက်ကို ခြေပေးလို့။

အမှန်တော့ ဒါဟာ လူတယောက်ကို ကြိုးမပါဘဲ မလှုပ်နိုင်အောင် တုတ်ထားတဲ့နည်းဘဲ။ ဘယ်တုန်းက ဘယ်သူက စတီထွင်ခဲ့တဲ့နည်းလဲတော့ မသိဘူး။ ချီးကျူးဘို့တော့ ကောင်းတယ်။

'ခိုင်ကြပလား၊ ခိုင်ကြပလား....မမယ်'

'ခိုင်ပါပြီ နွားငွေးသင်းတဲ့ဆရာရဲ့၊ မြန်မြန်လုပ်ပါ၊ အောက်က နေရတဲ့ကောင် နာလှပြီ'

အောက်ကကောင်တွေက သူတို့တာဝန်ပြီးကြောင်း သတင်းပို့ကြတယ်။

'ကဲ ပြောထားတဲ့အတိုင်း ဟောသည် ခါးပုံစကလေ..... ဟောသည်လို လက်သန်းကလေးနဲ့နေခ်....ကဲ....'

ပြောပြောဆိုဆို ခါးပုံစကို အသာကလေး ဆွဲဖြုတ်လိုက်တယ်။ ပြီးတော့ တပင်ထဲ ဆွဲတယ်။ တပင်ချင်း ဆွဲနှုတ်တယ်။ နာတော့လဲ ခံရတဲ့လူက ကော့ကော့တက်လာတာပေါ့။ ဒါကို မြောက်ပါလာအောင် အသာကလေးနဲ့ မ တယ်ပေါ့။

တကယ် တကယ်၊ ရယ်လဲ ရယ်ရတယ်။

'ဟာဗျာ....ဟော့လူတွေ.... ဘယ်လိုလုပ်ကြတာလဲဗျ.... ဟော့လူတွေ....တော်ကြတော့ဗျ....ဟာဗျာ....' နာတယ်ဗျ.... မကောင်းဘူးဗျာ....ဘယ်လိုလဲဗျ....'

နာလဲ နာ။ အော်လဲ အော်။ ချွန်းလဲ ချွန်း။ ရယ်လဲ ရယ်။ အောက်ကလူကတော့ ထွန့်ထွန့်လူးနေတာပေါ့။

သည်အချိန်မှာ မျက်လှည့်ဆရာက မေးရသေးတယ်။

'ဟော့ အောက်ဆုံးက မြေကြီးနဲ့ တထွာလောက် လွတ်ပလားဟော့.... လွတ်မှ လွတ်တယ်ပြောနော်....'

တကယ်တော့ အောက်ဆုံးလူက ဘယ်လိုတဲ့ဖြေဖြေပါ့။ အရေးကြီးတာက အပေါ်ဆုံးက ခံနေရတဲ့လူ။ သူ့မှာ စိတ်ဆိုးရလဲ ခက်။ ဒေါသထွက်ရလဲ ခက်။ တချို့များ မျက်ရည်တွေ ဘာတွေ လည်လို့။ တချို့ထဲမှာလဲ ရယ်လို့မောလို့။

ဒါဟာ အပျော်သက်သက်ပါ့။ ရင်းနှီးမှုကို အမြှုပ်ဆုံးနည်းနဲ့ ရအောင်လုပ်ကြတဲ့ သဘောပါ။

တချို့ကျတော့လဲ ယောကျ်ားချင်းပေမယ့် သိပ်ရှက်တတ်တယ်။ ရှက်တတ်တဲ့ လူကတော့ ရုတ်တရက်မှာ ဒေါသထွက်တတ်တယ်။ ဒါပေမယ့်လဲ ဒေါသထွက်လို့ စိတ်ဆိုးလို့တော့မရဘူး။ အလျှော့မပေးကြဘူး။ ဒေါသပြယ်လာတဲ့အထိ၊ ရယ်လာတဲ့အထိ၊ ကစားနေကြမှန်း သိလာတဲ့အထိ တပင်ပြီးတပင် ဆက်နောက်နေကြတော့လဲ၊ နောက်ဆုံးမှာတော့ မရှက်နိုင်တော့ပါဘူး။ ရယ်မောပြီး တောင်းပန်ရတော့တာပါဘဲ။

သိပ် 'ညစ်ပတ်'ကြတာ။ သိပ်'နှောက်'ကြတာ။ သည်တက်မှာတော့ ကျွန်တော်တို့အဆောင်က သိပ်'ဗရုတ်ကျ'ကြတာ။

တခါတလေများဆိုရင် အပြင်တက်က လူတွေကဘဲ သိပ်လိမ္မာကုန်ကြလို့လား မဆိုနိုင်ဘူး။ ထောင်ထဲကို အကျဉ်းသားသစ်ကလဲ တော်တော်နဲ့ ရောက်မလာ။ နှောက်ရမယ့်လူကလဲ မရှိ။ ပျင်းကလဲ ပျင်း။ သည်လို အခါမျိုးမှာဆိုရင် ကျွန်တော်တို့အဆောင်အတွက် နေ့ခင်းဘက် တာဝန်ကျနေတဲ့ ထောင်ကြပ်

အမှုထမ်းကိုဒေါင် လွှတ်ငြိမ်းချမ်းသာခွင့် မပေးချင်ကြဘူး။ မျက်လှည့် ခေါ်ပြတတ်ကြတယ်။

ကျွန်တော်တို့ အဆောင်မှာကတော့ ဦးဖြူရယ်၊ဟိန္ဒူကုလား ကြီးတယောက်ယ်ရ၊ သည်နှစ်ယောက်ပဲ သက်သာခွင့်ရကြတယ်။ ကျွန်တော် အပါအဝင် ကျန်သမျှကတော့ ရောက်လာခါစက ခံခဲ့ကြရတာချည့်ပဲ။

ဒါကို ကျွန်တော်တို့က ထောင်စကားနဲ့ 'လူသစ်ပုံစံပြ' တယ်လို့ ခေါ်တယ်။ သူများတကာက သည်စကားကို မကောင်းတဲ့ ဘက်မှာသာ အသုံးပြုပေမယ့်၊ ကျွန်တော်တို့ကတော့ သည်နေရာမှာသုံးတယ်။

လူသစ်ကို ပုံစံပြတယ်ဆိုတာက ရောက်လာတဲ့ အကျိုးသား သစ်တယောက်ကို ထောင်အကြောင်း ဗဟုသုတပေးခိုင်းတာပါ။ သည်စကားရဲ့ မူလ အဓိပ္ပါယ်က အကောင်းပါ။ ဒါပေမယ့် လူတွေကခက်တယ်။ ဗဟုသုတ ပေးတဲ့အခါမှာ လူ ဆန် ဆန် ကောင်းကောင်းမွှန်မွှန် မပေးဘဲ၊ ဆဲဆိုရိုက်နှက် နှိပ်စက်ညှင်း ပမ်းပြီးမှ ပေးတတ်ကြတာကလား။ သည်တော့ မူလ ရည်ရွယ် ရင်းအဓိပ္ပါယ်နဲ့ ဖီလာကြီး ဆန့်ကျင်ကုန်ရော။ ပြောဖီးပြန်တွေ ဖြစ်ကုန်ရော။ နောက် ကြာလာတော့ လူသစ်ကို ပုံစံပြလိုက်စမ်း ဆိုရင်.... ဒါ မှုတ်လောက်သားလောက် တွယ်လိုက် နှက်လိုက်စမ်း ဆိုတဲ့ အဓိပ္ပါယ် ဖြစ်သွားရော။

ကျွန်တော်တို့ကတော့ ကောင်းတဲ့ ရည်ရွယ်ချက်နဲ့ပါ။နာစေ လိုတဲ့သဘော၊ အနှိုင်ကျင့်တဲ့သဘော၊ ဆီးပြီး နှိမ်သားလိုက်တဲ့ သဘော လုံးဝမပါပါဘူး။

သေချာတာက အကျဉ်းသားသစ် တယောက်ဟာ မျက်လှည့်အပြခံလိုက်ရပြီးတယ်ဆိုရင်ဘဲ.... အချင်းချင်းထဲမှာ ဟန်မဆောင်တော့ဘူး။ ရင်းရင်းနှီးနှီး ဖြစ်လာတယ်။ ပုဆိုးပွင့်လွင်းလင်း ဆက်ဆံလာတယ်။ အရင်က တယောက်နဲ့ တယောက် ခေါ်တဲ့ ပြောတဲ့နေရာမှာ ဦးတန်ရင်ဦး၊ ကိုတန်ရင်ကိုတပ်ပြီ ခေါ်ပြောခဲ့ပေမယ့်၊ သည်ဘက်ပိုင်းကဲ့တော့ ပြောင်းလာတယ်။ ကျွန်တော် ခင်ဗျားတွေလဲ ပျောက်ကုန်တယ်။ ကျုပ်တို့ ငါတို့ မင်းတို့ ရဲဘော်တို့ ဖြစ်ကုန်တယ်။ ကိုယ့်ထက် အသက်ကြီးတဲ့ လူကျမှဘဲ နည်းနည်းပါးပါး ရှိသေချင်တော့တယ်။

ဒါတောင် ညဘက်ဆိုရင် အဖိုးကြီးတွေ အသံကျယ်ကျယ်နဲ့ လေမလည်ရဲရှာဘူး။ လူကြီးတွေ ဆိုတာက လေကလေး ဝမ်းက လေးကဲ့မှ နေထိုင် ကောင်းတတ်ကြတာ မဟုတ်လား။ ဒါပေမယ့် တယောက်ယောက်ကမျှား အသံထွက်ပြီး လေလည်ကြည့်စမ်း။ 'ခေါ်သလားမေ.... တော်ဘုရားရေ'....ဆိုတဲ့ သီချင်းစကို တယောက်တပေါက် ထဆိုကုန်ကြရော။

တောမှာမို့၊ လျှောချင်လျှော ရောချင်ရော့....ဆိုတာလေ။ မွေ့နှန်းမင်းသမီး ပစ္စလက္ခတ်နေတာကို ဖွဲ့ထားတာကော။

ခုဟာက ယောကျ်ားတွေ။ မိန်းမထက် အရွက်နည်းတဲ့ သတ္တဝါတွေ။

ဒါပေမယ့် အကျဉ်းထောင်ရဲ့စည်းကမ်းက သည်ဘက်မှာ အင်မတန် တင်းကြပ်ထားပါတယ်။ ယောကျ်ားချည့် ရှိတဲ့နေရာမှန်ပေမယ့်၊ ပါးစပ်ကိုသာ ပိတ်မရလို့ ပက်စက်ချင် ပက်စက်နိုင်မယ်။ အနေအထိုင် ပက်စက်ခွင့်တော့ မပြုဘူး။ ဆိုပါတော့၊ ထောင်ထဲမှာ လုံချည်မဝတ်ဖဲ နေခွင့်မရှိဘူး။ နေရင် ထောင်စည်းကမ်းကို ကျူးလွန်ဖောက်ဖျက်တာ။ အရေးယူခံရမယ်။ အပြစ်ပေးခံရမယ်။ တိုက်ပိတ်ခံရမယ်။

ကြံဘူးကြမှာပေါ့။ 'အားလုံးကောင်းပါသည် ခင်ဗျား'.... ဆိုတာလေ။ ဆရာဦးသိန်းဖေမြင့်ကတောင် သည်ခေါင်းစဉ်နဲ့ ဝတ္ထုရေးထားသေးတယ်။

ထောင်ထဲမှာ ည (၈)နာရီကစပြီး၊ ဆယ့်ငါးမိနစ်တကြိမ် ထောင်ဗူးမကြီးအပေါ်ဆုံးထပ်မှာရှိတဲ့ ကင်းက သက်ဆိုင်ရာ အဆောင်တွေမှာ အစောင့်တာဝန်ကျနေတဲ့ ထောင်ကြပ် ဝါဒါတွေကို လှမ်းမေးတယ်။ သည်အခါမှာ ပေးထားတဲ့ အမှတ်စဉ် အလိုက် ထောင်ကြပ်တွေက 'အားလုံးကောင်းပါသည်ခင်ဗျား' လို့ ဗူးမကြီးရဲ့ ကင်းမှူးကြားအောင် တအား ပြန်အော်ဖြေရတယ်။ ပေးထားတဲ့အမှတ်စဉ် မကော်ရဘူး။ ကော်ရ မဖြေရဘူး။ တစ် ပြီးမှ နှစ်ကဖြေရတယ်။ သုံးက အော်ပြီးမှ လေးက အော်ရတယ်။ ဆိုပါတော့။ လေးက မအော်ဘူး။ လေးရဲ့ဖြေသံ

၆

တကယ်တော့ ကျွန်တော်တို့ညစ်ပတ်တယ်ဆိုတာ၊ ထောင်ထဲမှာ တော့ ညစ်ပတ်တယ် မခေါ်ပါဘူး။

ထောင်ဘဲ့။ ယောကျ်ားတွေချည့် နေတဲ့ဒုနရာဘဲ့။ ဘယ် မိန်းမမှ မဝင်ရတဲ့ဒုနရာဘဲ့။ ထောင်ဝင်စာလာတဲ့ သားမယားကို ကြားထဲက သံဘိုင်တွေ သံဘကာဒုတွေ ခြားထားပြီး တွေ့ရမြင်ရတာကလွဲလို့၊ ဘယ်မိန်းမကိုမှ တနှစ်နေလို့တခါ မမြင်ရနိုင်တဲ့ဒုနရာဘဲ့။ မိန်းမအကျဉ်းသားတွေ ရှိတယ်ဆိုပေမယ့်လဲ၊ ထောင်ထဲမှာက တထောင်စီဘဲ့။ အိုက်ရိုးနဲ့ ကာထားတာဘဲ့။ မြင်ဘို့ မခြောနဲ့။ အသံဒုတာင် ကြားခွင့်မရဘူး။

သည်လိုဒုနရာမျိုးမှာ မိန်းမချင်းလဲ မီန်းမချင်းမို့၊ ယောကျ်ားချင်းလဲ ယောကျ်ားချင်းမို့ အဒုနအထိုင် ပက်စက်ကြ၊ ပါးစပ် ပက်စက်ကြတယ်သိဘာ သဘာဝပါ။ ဘာတဲ့....ရွှေတောင်နန္ဒသူရဲ့ မွေ့နှန်းရကန်မှာတောင် ပါဒသးရဲ့မဟုတ်လား။ မိန်းမ

မပေါ်လာဘူး။ သည်လိုဆိုရင် ငါးကစပြီး နောက်ပိုင်း ထောင်ကြပ်တွေက ရပ်ပြီး စောင့်နေရတယ်။ မဖြေရဘူး။ မကျော်ရဘူး။ ပြီးတော့ ဆယ့်ငါးမိနစ်ပြည့်ပေမယ့် နာရီသံချောင်းလဲ မခေါက်ဖူး။

သည်အခါမှာ ပူးမကြီးက စာခါ ထပ်မေးတယ်။ နှစ်ခါနဲ့ မဖြေရင် သုံးခါအထိ ထပ်မေးတယ်။ သုံးခါမေးရက်နဲ့မှ မဖြေရင်တော့ ပြဿနာဘဲ။

ဒါတခုခုဘဲ။ စောင့်တဲ့ထောင်ကြပ်ဖဲ အိပ်ပျော်နေလို့လား။ ဒါမှမဟုတ်၊ အဲသည်နေရာ အဲသည်အဆောင်မှာ ထောင်ဖောက်မှု ဖြစ်ပြီလား။ အကျဉ်းသားတွေ ထွက်လာပြီး အစောင့်ထောင်ကြပ်ကိုဘဲ သတ်သွားပြီလား။ အမျိုးမျိုး တွေးနိုင်တယ်။

ဒါပေမယ့် ဖြစ်ခဲပါတယ်။ အိပ်ပျော်နေတယ်၊ အိပ်ငိုက်နေတယ်ဆိုရင်လဲ တခါနဲ့ မဖြေနိုင်၊ ဒုတိယတခါမှာတော့ ဖြေနိုင်တာပါဘဲ။ ထောင်ကြပ်ဝါဒါက အိပ်ငိုက်နေရင်လဲ၊ အိပ်ဆောင်ထဲမှာ အလှည့်ကျစောင့်နေတဲ့ အကျဉ်းသားဘာယာက လှမ်းနှိုးမှာပေါ့။

ပြီးတော့လဲ ထောင်ဖောက်ပြီထား။ ထောင်ကြပ်ကိုလဲ သတ်ပစ်လိုက်ပြီထား။ အကျဉ်းသားတွေက ဘယ် သည်လောက် အပါနုံပါမလဲ။ မအော်တတ်တာမှတ်လို့။ အော်ဖြေနေကျနေရာကိုလဲ မသိတာမှတ်လို့။ ထောင်ကြပ်ကိုယ်စား အော်ဖြေနေမှာပေါ့။ ထောင်ဖောက်မှုနဲ့မသိအောင်။

ဒါကြောင့် ဖြစ်ခဲပါတယ်။ တခါတလေမှသာ အိပ်ငိုက်သွားလို့ ပထမတကြိမ်မှာ မကြားလိုက်မိတဲ့ ဖြစ်ချင်ဖြစ်သွား

မယ်။ မဖြေလိုက်နိုင်ဘဲ ဖြစ်ချင်ဖြစ်သွားမယ်။ အရေးယူခံရချင်ခံရမယ်၊ ဒါပေမယ့် သုံးကြိမ်အထိ ဆိုတာတော့ မဖြစ်ပါဘူး။ ထောင်လှန်ရတဲ့ အခြေအနေအထိ မရှိဘူးပါဘူး။

အဲ....အဲသည်လို အမှတ်စဉ်အလိုက် တာဝန်ကျနေတဲ့ ထောင်ကြပ်တိုင်းရဲ့ဖြေသံကို ကြားရပြီဆိုတော့မှ၊ ပူးမကြီးက နာရီသံချောင်းခေါက်တယ်။ ပူးမကြီးကခေါက်ပြီးမှ အုတ်ရိုးပတ်ပတ်လည်မှာရှိတဲ့ ပူး(မျှော်စင်)ကလေးတွေကလဲ အစီအစဉ်အတိုင်း လိုက်ပြီးခေါက်ရတယ်။ ဆယ့်ငါးမိနစ်ကို တမောင်း။ နာရီဝက်ကို နှစ်မောင်း။ လေးဆယ့်ငါးမိနစ်ကို သုံးမောင်း။

သည်လို နာရီသံချောင်းအစုံ မခေါက်ခင်၊ ပူးမကြီးရဲ့ကင်းကလဲ လှမ်းမမေးခင်မှာ အိပ်ဆောင်တာဝန်ကျနေတဲ့ထောင်ကြပ်ဝါဒါက အိပ်ဆောင်ထဲမှာ အလှည့်ကျစောင့်နေတဲ့ အကျဉ်းသားဘာယာကိုလဲ လှမ်းမေးလေ့ရှိတယ်။

မေးတယ်ဆိုပေမယ့် တကယ်တော့ မေးတာမဟုတ်ပါဘူး။ 'ဘာယာ'ဆိုပြီး လှမ်းခေါ်လိုက်၊ လှမ်းငေါက်လိုက်တာပါဘဲ။ သည်အခါမှာ အထဲက အစောင့်ဘာယာက....'အားလုံးကောင်းပျား'....လို့ လှမ်းဖြေရတယ်။ အားလုံးကောင်းပါသည်ခင်ဗျား....လို့ သည်ကနေမှာ ဘယ်သူမှ မဖြေတော့ပါဘူး။ အတိုကောက် 'အားလုံးကောင်း ပျား'....ဘဲ ဖြေကြတော့တယ်။

မေးတဲ့နေရာမှာလဲ ဟို ရှေးတုန်းကတော့ တကယ့်ကို အပြည့်အစုံမေးတာတဲ့။ သုတေသနသမားတယောက်ရဲ့ စာတမ်းထဲမှာလဲ ဖတ်လိုက်ရတူးတယ်။ 'ထောင်အတွင်းမှာ၊ မင်းတုံးမကျို၊ သေးအိုးမမွှာက်၊ မီးစောက် ဆီမခန်း၊ လက်ရန်းမကွာ၊ ထရံ

ခွာ ဒုတ်ချိုး၊ ဖင်–ခြင်းမရှိ၊ အားလုံးကောင်းပါ၏လားဗျ....'
တဲ့။ မေးခွန်းကလဲ အရှည်ကြီး။ ဗလီဆရာ ဟစ်သလို ဟစ်
တာတဲ့။ တယ် နားထောင်ကောင်းဆိုကိုး။

ဟုတ်တယ်။ ထောင်ထဲမှာ နောက်ထပ်ရာဇဝတ်မှုတွေ ထပ်
မဖြစ်ဖို့ အရေးကြီးသလိုဘဲ၊ မည်စပတ်ဖို့ အနေအထိုင် မပက်
စက်ဖို့ကလဲ အရေးကြီးတယ်။ အထူးသဖြင့် ယောကျ်ားချင်း
မအိပ်ဖို့ အရေးကြီးဘယ်။ လိင်တူချင်း မဆက်ဆံဘို့ အရေး
ကြီးဘယ်။

ထောင်ထဲမှာကလဲ ရှုပ်တော့ အရှုပ်သား။ သည်အလုပ်မျိုး
လုပ်တတ်တဲ့ ယောကျ်ားပြည့်တန်ဆာကလဲ ရှိနေတတ်သေး
တယ်။

အပြင်ဘက်နဲ့ အတူတူလိုပါဘဲ၊ အဖျက်အဆီးခံရလို့ ပျက်ရ
တာလဲ ရှိတယ်။ စားရေးသောက်ရေးကြောင့် ပျက်ရတာလဲ ရှိ
တယ်။ တချို့ကျတော့လဲ ထောင်ထဲမရောက်ခင် အပြင်မှာ
ကတဲက ပျက်ပြီးသား။ အပြင်မှာကတဲ့က မိန်းမရှာ။

ထောင် အာဏာပိုင်တွေအနေနဲ့ကတော့ သိရင် ကြည့်မနေ
ပါဘူး။ ခွင့်မလွှတ်ပါဘူး။ သတင်းသဲ့သဲ့ကြားရုံနဲ့ကို ဖင်းပြီး
တို့က်ပိတ်ထားလိုက်တာပါဘဲ။ မိန်းမရှာတဲ့ယောက်ျား ရောက်လာ
ပြီဆိုရင်လဲ အန္တရာယ်ကို ကြိုတင်ကာကွယ်တဲ့အနေနဲ့ ရောက်
ရောက်ချင်း သီးသန့်စံနန်း တိုက်ခန်းထဲ ထည့်သိုက်တာပါဘဲ။

ဒါပေမယ့် ဒါမျိုးက ရှိခဲတော့ ရှိနေတယ်။ အပြင်မှာလိုဲပေါ့။
မထင်ရတဲ့ အခြေအနေမျိုးကလဲ ဖြစ်ချင်ဖြစ်နေတတ်တာ။
တချို့ကျတော့လဲ တလမှ တခါလောက် ရှာကြဖွေကြတာ။

တချို့ကျတော့လဲ ပုဂ္ဂလိကပိုင် မွေးထားတာ။ အမယ်....လင်
မယားလိုဘဲ တတွဲတွဲနဲ့။

ခက်တာက မြင်ရုံနဲ့ မသိသာဘူး။ စောစောကပြောတဲ့
မိန်းမရှာတို့၊ ထောင်ထဲမှာ ပြဇာတ်တို့ ဇာတ်တို့ ကတဲ့အခါမှာ
မင်းသမီးအဖြစ်နဲ့ ပါဝင်ကပြတဲ့ ထောင်မင်းသမီးတို့ ဆိုတာ
တွေက သိသာတယ်။ သူတို့စိတ်ကိုက မိန်းမစိတ်။ ဒါပေမယ့်
တချို့ဆိုရင် ဟိုလူပြော သည်လူပြောနဲ့ သိသာ သိရတယ်။
ကြားသာ ကြားရတယ်။ တတွဲတွဲလုပ်နေလို့ သံသယသာရှိရ
တယ်။ မြင်ရုံနဲ့ကတော့ ဘယ်နည်းနဲ့မှ မစုပ်စဲနိုင်ဘူး။ အမယ်
လေး.... တုတ်တုတ်ခိုင်ခိုင် ကြမ်းကြမ်းတမ်းတမ်းကြီး။ လက်
မောင်းလက်ဖျံကြီးတွေမျှားဆိုရင် ကြက်သားကြီးတွေ အမြောင်း
အမြောင်းနဲ့။

သိတယ်လေ....။ ကြိမ်ရိုက်တဲ့ ထွန်းကြည်။ ထွန်းကြည်
သည်လို အလုပ်မျိုးလုပ်တယ်ဆိုတာ လူတိုင်းအသိ။ ကြေးတောင်
မှ သိကြသေး။ ဆေးပေါ့လိပ် ဆယ်လိပ်တဲ့။

ဒါပေမယ့် လက်ဆုပ်လက်ကိုင်က မမိတူး။ မှန်တာက မှန်
ပေမယ့်၊ လက်ဆုပ်လက်ကိုင် ဖမ်းမပြနိုင်တော့၊ မနာလိုလို့ ပြော
တဲ့သဘော ဖြစ်ကုန်ရော။

ဟုတ်တယ်။ ဘယ်လက်ဆုပ်လက်ကိုင် မိနိုင်ပါ့မလဲ။
ထွန်းကြည်ဆိုတာက ဗိုလ်ငြိမ်းရဲ့ စားဖိုမှူး။ ဗိုလ်ငြိမ်းရဲ့ အကြံ
အဖန် မနှေကျ။ ဗိုလ်ငြိမ်းရဲ့ မီးဖိုဆောင်ကို နွေခင်းဘက်
အပိုင်စားရတဲ့လူ။ ပြီးတော့ ဗိုလ်ငြိမ်းကိုယ်တိုင်ရဲ့ အသုံးတော်ခံ။

(ခ) တန်း အဆောင်တွေဘက်မှာ၊ အထူးသဖြင့် ချောင်ကျတဲ့ ဗိုလ်ငြိမ်း အဆောင်ဘက်မှာ ဘာတွေဖြစ်နေတယ်ဆိုတာ ဘယ်သူသိနိုင်မလဲ။ လာရသွားရတာလဲမဟုတ်။ မြင်ရ ပြုံးတာလဲမဟုတ်။ ရိုးရိုးအကျင့်သားတွေ မပြောပါနဲ့။ အဆောင်ချင်းလဲနီးနေတဲ့၊ (ခ)တန်းချင်းလဲ တူနေတဲ့ ကျန်တော်တို့တောင်မှ သိသာသိနေတာ။ ဘယ်မှာ မျက်မြင်ကိုယ်တွေ့ ဟုတ်ပါ့မလဲ။ သည်ကိစ္စမျိုး ဆိုတာကလဲ ဆိတ်ကွယ်ရာမှ မဟုတ်လား။ လူတွေဘဲ။ တိရစ္ဆာန်တွေမှ မဟုတ်ဖဲ့။

ဒါပေမယ့် ဗိုလ်ငြိမ်းကလဲ သည်ဘက်မှာ ဝါသနာပါတယ်လေ။ လားရှိုးဘက်က ရှမ်းတရုတ်ကလေးတယောက်။ ၁၇ နှစ် ၁၈ နှစ်။ လူသတ်မှုနဲ့ ထောင် ၇ နှစ်ကျလာ။ ပြီးတော့ ကျောင်းသား။ ဖြူဖြူသွယ်သွယ် ချောချောကလေး။ သနားလှချည်ရဲ့၊ ချစ်လှချည်ရဲ့ ဆိုပြီးတော့ ဗိုလ်ငြိမ်းက မွေးစား။ စားစရာတွေ ခေါ်ကျွေး။ ပေးစရာတွေ ထုတ်ပေး။ သည်ကောင်ကလေး ပင်ပင်ပန်းပန်းလုပ်ရမှာစိုးလို့ ထောင်အာဏာပိုင်တွေ ချဉ်းကပ်။ သူ့အဆောင်မှာ အလုပ်သမားအဖြစ်နဲ့ ခေါ်ထား။ခေါ်တော့လဲ သား....သားနဲ့။ ပြီးတော့ နေ့လယ် နေ့ခင်းဘက် သူ့ကုတင်မှာကို အိပ်ခွင့်ပေး။ သိသာပါတယ်။

သည်ကောင်ကလေး မနှစ်က ထောင်က လွတ်သွားတော့ ဗိုလ်ငြိမ်း မျက်ရည်ဖြိုင်ဖြိုင်ကျလို့။ သံယောဇဉ်တွေ....သံယောဇဉ်တွေ။

ဟိုကဖြင့် လွတ်သာသွားရော။ တခါဆို တခါမှ 'အဖေ' ဆိုပြီး ထောင်ဝင်စာ လာမတွေ့ဘူး။

ကျန်တော်တို့ကတော့ ရယ်မိကြတယ်။ ကျန်တော်တို့ သိကြသလိုဘဲ ထောင်အာဏာပိုင်တွေကလဲ သိပါတယ်။ သူတို့ကလဲ ပြောပြသားဘဲ။ ဒါပေမယ့် လက်ဆုပ် လက်ကိုင်မှု မရှိတာ။ ဘာတတ်နိုင်မှာလဲတဲ့။

အခုတော့ နောက်တယောက်။ သည်နောက်တယောက်ကတော့ ပုဂ္ဂလိက ဟုတ်ဟန်မတူဘူး။ ဟိုဘက်မှာလဲ နာမယ်ပျက်။ ဗိုလ်ငြိမ်းကလဲ သည်ဘက်မှာ နာမယ်ကြီး။ နာမယ်ကြီးနဲ့ နာမယ်ပျက်။

အဲ....ပြောချင်တာက ကျန်တော်တို့ ညစ်ပတ်တယ်ဆိုတာ ထောင်ထဲမှာတော့ ညစ်ပတ်တယ် မခေါ်ပါဘူး။ ဗိုလ်ငြိမ်းတို့နဲ့ နှိုင်းကြည့်ရင် သိပါတယ်လေ။

ထောင်ဆိုတာလဲ တမျိုး။ ဆိုးတဲ့မိုက်တဲ့လူတွေကို ထားတဲ့ နေရာလို့ သတ်မှတ်ထားလို့လား မသိဘူး။ ထောင်ထဲကို ဝင်မိရင် စိတ်ကိုကလဲ အလိုလိုမိုက်ချင်လာတယ်။ တမျိုးဘဲ။ သတ္တိလဲ ပိုရှိလာတယ်။ အပြင်ဘက်မှာတုန်းက မ လုပ် ရဲ တာ တွေ ကို လဲ လုပ်ရမယ်ဆိုရင် လုံ့ပ်ရဲလာတတ်တယ်။

အိမ်ကို မီးလောင်နေပြီ ဆိုပါတော့။ အရင်က တယောက်ထဲ မနိုင်တဲ့ သံသေတ္တာကြီးကိုလဲ တယောက်ထဲ ထမ်းထုတ်လဲနိုင် တတ်တယ်။ ဘယ်ကဘယ်က အားတွေရှိလာသလဲမပြောတတ်ဖူး။ ကိုယ့်ကိုယ်ကိုတောင် မယုံနိုင်လောက်အောင် အားအင်တွေရှိလာ တယ်။ သည်လိုဘဲ ထောင်ထဲ ရောက်လာရပြီဆိုရင်လဲ ဘယ်က ဘယ်က သတ္တိတွေ ရှိလာသလဲ မပြောတတ်ဖူး။ မိုက်ရဲလာတယ်။ ချရဲလာတယ်။ ကိုယ့်ထက် ခွန်အားဗလ ကြီးတဲ့လူကိုပေမယ့်လဲ ခံချရဲလာတယ်။ ထောင်အာဏာပိုင်တွေကိုပေမယ့်လဲ ခံရမယ် မှန်းသိရက်နဲ့ မဟုတ်ဖူးထင်ရင် ဆန့်ကျင်ရဲလာတယ်။ သန်ကောင့် အပြင် ညှဉ့်မနက်ဖူး၊ ထောင့်အပြင် တန်းမရှိဘူးဆိုတဲ့ဆိုရိုးစကား တွေကလဲ ရဲဆေးတင်ပေးတယ် ထင်ပါရဲ့။

ဟုတ်တယ်။ ထောင်ထဲမှာဘော့ လူမိုက်ချည့်ဘဲ။ မိုက်ရဲ ရိုက်ရဲ သတ်ရဲ ဖြတ်ရဲတဲ့ လူချည့်ဘဲ။ ကြောက်တတ်တဲ့လူ၊ အေး အေးနေချင်တဲ့လူတွေကော မရှိတော့ဘူးလား။ ရှိပါတယ်။ အထူး သဖြင့် (ခ)တန်းဘက်မှာရယ်၊ ရိုးရိုးတန်းဘက်က သူခိုးဘိန်း စားလောက်ရယ်၊ ဒါဘဲ။ နည်းတယ်။ သိပ်နည်းတယ်။

အပြင်ဘက်မှာဆိုပါတော့။ လူတယောက်နဲ့တယောက် အသိ အကျွမ်း စဖြစ်ကြပြီဆိုရင်....ဘာလုပ်သလဲ၊ ဘယ်မှာလုပ်သလဲ....

၇

ဟုတ်တယ်။ ချပ်ကလေးကလဲ ချောချော၊ လူကလေးကလဲ ကန္တဲကလျ၊ သည်အထဲမှာ အသက်ကလေးကလဲ ငယ်အုံးမယ် ဆိုရင် သိပ်မလွယ်လှဘူး။ အနည်းဆုံးဟိုလူက ဖက်နမ်း၊ သည် လူက ဖက်နမ်းနဲ့။ စဉ်းစားကြည့်လေ။ ယောကျ်ားစင်စစ် ဖြစ်ပါ ရက်နဲ့ ယောကျ်ားချင်း အနမ်း ခံရတာကတော့ အရိုက်ခံရတာ ထက် နာအုံးမယ်ထင်တယ်။

တချို့ ကျတော့လဲ ဖက်နမ်းခံတင်မကချင်သေးဘူး။ တောင် ဆဲ မြောက်ဆဲနဲ့။ သည်တော့ ခံရတဲ့လူက ဒေါသထွက်လာရော။ မခံချင်တော့ ပြန်ထိုးမိကြတ်မိရော။ ရန်ဖြစ်ရရော။ ရန်ဖြစ်ရ တော့လဲ နာရပြန်ရော။

ဘယ်လိုဘဲဖြစ်ဖြစ်လေ.... ယောကျ်ား မှန်ရင်တော့ သတ္တိက အနည်းနဲ့အများ ရှိတာဘဲ။ မမိုက်ချင်နဲ့အုံးတော့။ မိုက်ပြရမှာဘဲ။ ကိုယ့်ကိုယ်ကိုတော့ ကာကွယ်ကြရတာဘဲ။

လို့ အလုပ်အကိုင်ကို မေးတတ်ကြတယ် မဟုတ်လား။ ထောင်ထဲမှာကတော့ သည်လိုမဟုတ်ဖူး။ တယောက်နဲ့တယောက် ဘယ်သူကမှ မိတ်ဆက်ပေးနေစရာလဲ မလိုဘူး။ စတွေ့ကြပြီဆိုကတဲက....ဘာမှလဲ....လို့ အမှုကို မေးလေ့ရှိကြတယ်။ အဲ....လူသတ်မှုဆိုရင်တော့ ဂုဏ်ထူးဆောင် ဥပ္ပေါသည်ဘဲ။ လေးစားကြတယ်။ ရှိသေကြတယ်။ တန်ဘိုးထားကြတယ်။

ထောင်ထဲမှာက အပြင်မှာလို လူနေမှုအဆင့်အတန်း ခွဲခြားတာတော့ သိပ်မရှိဘူး။ ဒါပေမယ့် ကျူးလွန်လာတဲ့ပြစ်မှုအရ အဆင့်အတန်းခွဲခြားတာတော့ ရှိတယ်။ ပုဒ်မ ၅၀၂၊ နိုင်ငံရေးပြစ်မှုတို့နဲ့ ရောက်နေရတဲ့ အကျဉ်းသားကတော့ ထောင်ထဲမှာ လူကုထံဘဲ။ ဂုဏ်အရှိဆုံးဘဲ။ တန်ဘိုးအထားခံရဆုံးဘဲ။

ပြီးတော့ ဒုတိယဂုဏ်အရှိဆုံးက လူသတ်မှုဘဲ။

ထောင်ထဲမှာ ဂုဏ်မရှိဆုံး၊ သိက္ခာအကျဆုံး၊ အထင်သေးခံရဆုံး ပုဒ်မကတော့ ၃၇၆၊ မုဒိန်းမှု။ သာမန် ဘိန်းစားခါးပိုက်နှိုက်ထက်ကို ပိုပြီး အထင်သေးရှုတ်ချလေ့ရှိကြတယ်။

ထောင်ထဲက အကျဉ်းသားတွေဟာ ဘယ်လောက်ဖဲ ဆိုးဆိုးမိုက်မိုက်၊ ဘယ်လောက်ဖဲ ညစ်ပတ် ညစ်ပတ်၊ မုဒိမ်းမှုနဲ့ ထောင်ထဲ ရောက်လာတဲ့လူကိုတော့ စိတ်ထဲက ရွံရှာစက်ဆုပ်တတ်ကြတယ်။ ပုဒ်မ ၃၇၆ လို့ ဖြေလိုက်တာနဲ့တပြိုင်နက် နှာခေါင်းရှုံ့သွားတတ်ကြတယ်။ သည်လူကိုလဲ သိပ် ဟက်ဟက်ပက်ပက် မဆက်ဆံချင်တတ်ကြဘူး။

ဒါကိုထောက်ခြင်းအားဖြင့် ထောင်ထဲက အကျဉ်းသားတွေမှာလဲ လူစိတ်ရှိတယ်ဆိုတာ ထင်ရှားပါတယ်။

ခိုးတာတို့၊ လုတာတို့၊ လာဘ်စားတာတို့၊ ဓမ္မတိုက်တာတို့ကိုတော့ ထောင်ထဲက လူတွေအနေနဲ့က နားလည်မှုရှိကြတယ်။ အချင်းချင်း ခွင့်လွှတ်တတ်ကြတယ်။ စီးပွားရေး မပြေလည်လို့ လုပ်တာ၊ ချမ်းသာတဲ့လူ့ဆီက လုတာ၊ တိုက်တာ။ အစိုးရရဲ့ငွေကို ဖြောင်တာ၊ အုပ်တာ။ ကိစ္စမရှိဘူး။ သိပ် မထိခိုက်ဖူး။ မနစ်နာဘူး။ သည်လို ယူဆတတ်ကြတယ်။

ဒါပေမယ့် မိန်းမတယောက်ကို အနိုင်ကျင့်လာတာနဲ့ ပတ်သက်လို့ကတော့ ဘယ်နည်းနဲ့မှ တရားတယ်လို့ မယူဆနိုင်ကြဘူး။

အမှုဆိုတာကလဲ အမျိုးမျိုးရှိတယ်လေ။ ကြံစည် စီစဉ်ပြီးမှ ကျူးလွန်တဲ့အမှု။ မကြံစည် မစီစဉ်ဘဲ အခြေအနေအရ ရုတ်တရက် ကျူးလွန်လိုက်ရတဲ့ အမှု။ ပြီးတော့ မတော်တဆဖြစ်ရတဲ့ အမှု။ ပြီး အကျင့်ပါနေပြီး ကျူးလွန်တဲ့ အမှု။

ဒါပေမယ့် သူများပစ္စည်းကို ယူတာချင်း တူတာတောင် လုတာတိုက်တာကို ခိုးတာနှိုက်တာထက် တန်ဘိုးထားတတ်တယ်။ ဓမ္မကို ခါးပိုက်နှိုက်ထက် ပိုလေးစားတတ်ကြတယ်။

ကျန်တော်ပြောချင်တာက ဗိုလ်ဦးနဲ့ပတ်သက်လို့ပါ။

ဗိုလ်ဦး ဘာမှန်းကျလာသလဲ။ နိုင်ငံရေး။ သိပ် အလေးစားခံရတာပေါ့။ သိပ် ကြည်ညိုကြတာပေါ့။ ပြီးတော့ နာမယ်ကြီး ပုဂ္ဂိုလ်။ သူ့ပါတီမှာ ဗဟိုကော်မီတီဝင်။ နည်းတဲ့ အရည်အချင်း၊ နည်းတဲ့ သြဇာမှု မဟုတ်ဖဲ့။

သူရောက်လာခါစကဆိုရင်.... ပထမ ထောင်ထဲမှာ ရှိနှင့်နေကြတဲ့ လက်ဝဲနိုင်ငံရေးသမား အများစုဟာ စိတ်ခေတ်ကျသွားကြသတဲ့။ ဒို့ခေါင်းဆောင်တယောက်တော့ ရန်သူ့လက် ရောက်ရပြီဆိုပြီးတော့လဲ ဝမ်းနည်းမိကြသတဲ့။ နောက်တော့လဲ....ဒို့အားကိုးရပြီ။ ဒို့မှာလို အပ်နေတဲ့ နိုင်ငံရေး စည်းရုံးရေးခေါင်းဆောင်မူတော့ ရပြီဆိုပြီး ဝမ်းသာလာကြရပြန်သတဲ့။

သည်တော့ ချဉ်းကပ် ကြတာပေါ့လေ။ ခေါင်းဆောင်ကြီးကို။

ပြီးတော့လဲ ရောက်စတုန်းက ဗိုလ်ဦးမိုး ကိုယ်တိုင်ကလဲ သိပ်ထက်ဆိုကိုး။ ထောင်အာဏာပိုင်တွေကလဲ မတရား ချုပ်ချယ်ကြသတဲ့။ တိုက်မပို့တ်ပေမယ့်၊ တို့က်ထဲမှာဘဲ တယောက်ထဲထား သတဲ့။ ဘယ်သူနဲ့မှလဲ တွေ့ခွင့်မပေးဘူးတဲ့။ ရောက်ပြီးလို့ ခြောက်လလောက်ကြာတော့မှ အခု သူနေတဲ့အဆောင်မှာ ပြောင်းပေးတယ်တဲ့။

ဘာပြောကောင်းမလဲ၊ နိုင်ငံရေး အကျဉ်းသားအားလုံးက အထင်ကြီးကြတာပေါ့လေ။ နည်းအမျိုးမျိုးနဲ့ ချဉ်းကပ်ကြတာပေါ့။ လူချင်း မတွေ့ရရင်တောင်မှ စာနဲ့၊ ဆက်သားနဲ့ လှမ်းဆက်သွယ်ကြတာပေါ့။

ဒါပေမယ့် ဗိုလ်ဦးမိုးက ပထမ သိပ်သတိထားတယ်ဆိုဘဲ။ ထောင်ထဲမှာကလဲ အကျဉ်းသားဟန်ဆောင်နေတဲ့ထောက်လှမ်းရေးတွေ အထူးရဲတွေ ရှိတယ်ဆိုပြီး၊ ဘယ်သူ့ကိုမှ မယုံဘူးတဲ့။ သူ့ဘက်က သိပ်သတိထားတယ်တဲ့။

နောက်တော့မှ တောထဲမှာကတဲ့အာ သီဘူးမြင်ဘူးခဲ့တဲ့ စစ်ရေး ခေါင်းဆောင်ငယ် တယောက်ဖြစ်ထဲ့ ဗိုလ်လှဖေနဲ့ တွေ့ရတော့မှ နည်းနည်းယုံကြည်လာတယ်တဲ့။

နောက်တော့လဲ ခေါင်းဆောင်ကြီး၊ ဆရာကြီး ဖြစ်လာတာပေါ့လေ။

ဒါပေမယ့် ဗိုလ်ဦးမိုးက တကယ်တမ်း ခေါင်းဆောင်မှု မပေးပါဘူး။ အလိုက်အထိုက်သာ ဆွေးနွေးညှိနှိုင်းကြေးနေတယ်တဲ့။

ခက်တာက နေရာပြဿနာ။ အကျဉ်းသားအချင်းချင်း စုရုံးမိကြတယ်ဆိုတာကလဲ ညဘက်မှ မဟုတ်ထား။ အိပ်ဆောင်မှာမှ မဟုတ်လား။ ဗိုလ်ဦးမိုး နေရတာကလဲ (ခ)တန်း။ သီးခြားကမ္ဘာလေး။ ဒါကိုဘဲ ဗိုလ်ဦးမိုးကလဲ အကြောင်းပြပြီး၊ မူလ ခေါင်းဆောင်မှုအတိုင်း ဆက်ခေါင်းဆောင်ကြတို့သာ တို့က် တွန်းသတဲ့။

ဗိုလ်ဦးမိုးက တော်တော့်တော်တယ်။ ကျုပ်သာရောက်မလာရင် ဘယ်လိုလုပ်မလဲတဲ့။ ခေါင်းဆောင် မရှာနဲ့တဲ့။ 'ပုဂ္ဂိုလ်ဆည်းကပ်ကိုးကွယ်တဲ့အကျင့်ကို မစွဲလန်းစေနဲ့တဲ့။ သဘောတရားဟာ ခေါင်းဆောင်ဘဲတဲ့။ သဘောတရားကို လက်တွေ့မှာအသုံးပြုပြီး၊ ကိုယ့်အခြေအနေနဲ့ကိုယ်၊ ကိုယ့်အသိနဲ့ကိုယ်၊ ကိုယ့်နည်းနဲ့ကိုယ် ခေါင်းဆောင်တတ်အောင် လေ့ကျင့်ရမယ်တဲ့။

လီနင်ဟာ ဆိုဗီယက်ယူနီယံမှာ ပစ္စည်းမဲ့အာဏာရှင်စနစ်ကို ထူထောင်တယ်တဲ့။ 'တရုပ်ပြည်မှာကျတော့ မော်စီတုန်းဟာ ပြည်သူ့ဒီမိုကရေစီ အာဏာရှင်စနစ်ကို' ကျင့်သုံးတယ်တဲ့။ မတ်လီနင် ဝါဒသမားချင်း၊ ကွန်မြူနစ်ချင်းတူပေမယ့် ကိုယ့်တိုင်းပြည်

အခြေအနေနဲ့ကိုယ် လုပ်ကြရမယ်တဲ့။ ကိုယ့်နည်း ကိုယ့်ဟန်နဲ့ လုပ်ကြရမယ်တဲ့။ သည်လိုလဲ ဟော်ပြောသွန်သင်တယ် ဆိုဘဲ။ မှန်တယ်။ သွေးထွက်အောင် မှန်တယ်။

ဒါပေမယ့် တကယ့်လက်တွေ့မှာကျတော့ သူက ခေါင်းဆောင်မှုမပေးဘူး။ မလဲသာ မရှောင်သာတဲ့အခါကျတော့လဲ သဘောတရားရေးအရသာ နည်းနည်းပါးပါး ဆွေးနွေးပြတယ်တဲ့။

ပြီးတော့ သူ့အဆောင်ကို သည်လူသိုက် နိုင်ငံရေးအကျဉ်းသားတွေ ခဏခဏ ခိုးကြောင် ခိုးဝှက် ဝင်ထွက်သွားလာကြတာကိုလဲ မလိုလားဘူးတဲ့။ ထောင်အာဏာပိုင်တွေ သိမယ်၊ ရိပ်မိမယ်လို့လဲ ပထမ ခြိမ်းခြောက်သတဲ့။ သိသွားရင် မလွယ်ဘူးပေါ့လေ။ တခြားလူတွေကို ဘာမှ မလုပ်ဖူးထား။ သူ့ကို တိုက်ပြန်ပိတ်မယ်ပေါ့။ တိုက်ပိတ်ခံရမှာကိုတော့ ဗိုလ်ငြိမ်း သိပ်ကြောက်ပုံရတယ်။

သည်တော့ သတင်းလွှင့်ဆိုဘဲ။ ဒါလဲ နောက်တော့မှ သိကြရတာတဲ့။ ဗိုလ်ငြိမ်းကို ထောင်ပြောင်းမယ်ပေါ့။ သည်ထောင်မှာ သိပ်ခေါင်းဆောင်မှု ရနေတယ်ပေါ့။ သူခေါင်းဆောင်နေတဲ့အတွက် ထောင်ထဲမှာလဲ သိပ်စည်းရုံးညှိညှိနှိုင်းနှိုင်း၊ ထောင်အာဏာပိုင်တွေတောင် အုပ်ချုပ်လို့ မရနိုင်တော့တဲ့ပုံမျိုး။

အမှန်ကတော့ ဗိုလ်ငြိမ်းရောက်လာတာ၊ ရှိနေတာနဲ့ ဘာမှ မဆိုင်ပါဘူး။ အစကထဲက ထောင်ထဲမှာ သုံးပါတီညီညွတ်ရေးက ရပြီးသား။ ထောင်ထဲမှာ ရှိနေကြတဲ့ ဗမာပြည်ကွန်မြူနစ်

ပါတီ၊ အလံနီကွန်မြူနစ်ပါတီနဲ့ ပြည်သူ့ရဲဘော်ပါတီရဲ့ နိုင်ငံရေးရဲဘော်တွေကိုယ်တိုင်က အစကထဲက ကိုယ့်အသိနဲ့ကိုယ် ညီညွတ်ရေးတည်ဆောက်လာခဲ့ကြတာ။

တောထဲမှာ ညီညွတ်ရေးမရသေးပေမယ့်၊ ရတလှည့် မရတလှည့်ဖြစ်နေပေမယ့်၊ ရတနေရာ မရတနေရာ ဖြစ်နေပေမယ့်၊ ထောဖ်ဆိုတာကတော့ ရန်သူလက်အောက်မှာ မဟုတ်လား။ အဖိနှိပ်ခံဘဝ မဟုတ်လား။ ပို့ပြီးတော့ စည်းလုံးညီညွတ်လွယ်တာပေါ့။ သည်တော့ သုံးပါတီညီညွတ်ရေး ဖြစ်လာတာပေါ့။ ပူးတွဲကော်မီတီဖွဲ့ထားတာပေါ့။ နိုင်ငံရေး စည်းရုံးရေး ခေါင်းဆောင်မှုကို သည်သုံးပါတီ ပူးတွဲကော်မီတီက ယူထားတာပေါ့။

ဒါ ဗိုလ်ငြိမ်းနဲ့ ဘာမှ မဆိုင်ပါဘူး။ ဗိုလ်ငြိမ်းမရောက်ခင်ကထဲက ပူးတွဲကော်မီတီရဲ့ ခေါင်းဆောင်မှုက စလုပ်ရှားနေပြီဘဲ။

ဒါပေမယ့် သည်အခြေအနေတွေကိုလဲ ဗိုလ်ငြိမ်း သိရရော။ ခေါင်းဆောင်ကြီးကလဲ ခေါင်းပုံဖြတ်ပါလေရော။

သူကိုယ်တိုင်ကတော့ သိတာပေါ့။ သူ့အစ်ဇမ်းအစကြောင့် ညီညွတ်ရေးရတာ မဟုတ်ဖူးဆိုတာကို။ ပြီးတော့ ထောင်အာဏာပိုင်တွေကလဲ သိပါတယ်။ ဒါပေမယ့်သူကပြန်ပြောတော့ ထောင်အာဏာပိုင်တွေက သူ့ကြောင့်လို့ ယူဆနေတယ်ပေါ့။ သူတို့အနေနဲ့ ဗိုလ်ငြိမ်းရှိတဲ့အတွက် အအုပ်ချုပ်ရတဲ့ ခက်သယောင် ယောင်ပြောတယ်ပေါ့။ ဒါကြောင့်လဲ ဗိုလ်ငြိမ်းကို ထောင်ပြောင်းဘို့ စီစဉ်နေတယ်ပေါ့။

သည်သတင်းကို ဘယ်သူမှ မကြားမိကြပါဘူး။ ဗိုလ်ဦးမိုး ဘယ်ကကြားသလဲ။ ဗိုလ်ဦးမိုးမှာ သည်သတင်းမျိုး ကြားရလောက်အောင် သူ့ကို ဘယ်သူက ပြောမလဲ။ ဗိုလ်ဦးမိုးမှာ အဲသည်တုန်းက ကိုယ်ပိုင်စည်းရုံးရေးလဲ ရှိသေးတာ မဟုတ်ဖူး။ နောက်တနည်း ပြောရရင် 'လက်ကောက်'လဲ မကျသေးဘူး။ ထောင်ရည် မလည်သေးဘူး ဆိုပါတော့။ ပြီးတော့ သုံးပါတီဘက်က ပေးတဲ့သတင်းလဲ မဟုတ်ဖူး။ သည်တော့ မဖြစ်နိုင်ဘူး။

ဗိုလ်ဦးမိုးကတော့ သည်သတင်းကို သူ့ဖာသာသူ လုပ်ကြံပြီး လှည့်လိုက်တာဘဲ။ သူ့ထောင်ပြောင်းရမယ်ဆိုရင် သည်ကလူတွေ အားငယ်ကုန်ကြမယ်၊ အားကိုးရာ မဲ့ကုန်ကြမယ်၊ သည်တော့ သူ ထောင်မပြောင်းရအောင် သူ့ရှိရာကို အဝင်အထွက်မလုပ်ကြတော့တဲ့ အနေအထိုင် ဆင်ခြင်ကြလိမ့်မယ်....လို့ ယူဆဟန်တူပါရဲ့။ တကယ်ကတော့ သူ့ကို အဆက်အသွယ် မလုပ်စေချင်တဲ့ သဘောနဲ့ ခြောက်လှန့်လိုက်တာပါ။

ခြောက်လှန့်လဲ ခြောက်လှန့်တဲ့ သဘောပေါ့လေ။ တချိန်ထဲမှာလဲ သူ့ကိုယ်သူ သိပ်အရေးပါ အရာရောက်တဲ့ ပုဂ္ဂိုလ်ကြီး ဖြစ်သွားအောင် ဝါဒဖြန့်လိုက်တာလဲ ဖြစ်တယ်။

ဟုတ်တယ်။ ဗိုလ်ဦးမိုးဟာ နောက်ပိုင်းအထိ သူ့ကိုအထင်ကြီးအောင် အင်မတန် ပြောတတ်တယ်။ မသိတဲ့ လူတွေကို ဆိုရင် သူမှသူ။ သူမှ တကယ့်သူပုန်ကြီး။ အစိုးရကို ဆန့်ကျင်ရဲလိုက်တာကလဲ သူ့အပြင် နှစ်ယောက် မရှိတော့သလောက်။ ပြီးတော့လဲ သူ့မှာ အမှုတွေ အများကြီး ကျန်သေးသတဲ့။

တမူထဲနဲ့ကို ခုလို တသက်တကျွန်း ကျလာတာတဲ့။ နောက်ထပ် အမှုထွေ ထပ်တွေ့လို့၊ ထပ်စွဲချက်တင်ရင် ကြီးမိန့်တောင် ဆယ်မိန့်လောက် ရှိဆိုတဲ့။

ပြောတယ်လေ။ ပြောဘူးတာပေါ့။ ကျန်တော်တို့ ဇောက်စတုန်းကဆိုရင်လဲ အထူးပြောတာပေါ့။ ၄၉ ခုနှစ် တနှစ်ထဲမှာ ဘဲ မြို့သိမ်းတိုက်ပွဲ ၃၂ ပွဲ တိုက်ခဲ့ဘူးသတဲ့။ မြို့ ၃၂ မြို့ကို သူ ခေါင်းဆောင်တိုက်ခိုက် သိမ်းပိုက်ခဲ့တာတဲ့။ ပြီးတော့ ဘဏ်တွေ ဖောက်။ လက်နက်တိုက်တွေ ဖောက်။ ဗမာ့တပ်မတော်စာအရာရှိ ကြီးကြီး အတော်များများဆိုရင်လဲ သူကိုယ်တိုင် ပစ်သတ်ခဲ့တာချည့်တဲ့။ အလွန်ကြောက်စရာလူ။

အေးလေ....ထားပါတော့။

သူကတော့ စိတ်ဓာတ်ကျနေပြီ။ တသက်တကျွန်း ထောင်ကျရတာနဲ့ကိုတဲ့ တော်လှန်ရေးကို ဆုံးဖြတ်စွန့်လွှတ်လိုက်ပြီ။ သည်အချိန်မှာ သူ နိုင်ငံရေးကို စိတ်ကုန်နေပြီ။ အထူးသဖြင့် ထောင်ထဲမှာ စိတ်ကုန်နေပြီ။ ထောင်ထဲမှာ ဘာမှလဲ လုပ်လို့ရတာ မဟုတ်ဖူး။ လုပ်နေလို့လဲ အပိုဘဲလို့လဲ ယူဆတတ်နေပြီ။ သည်ဘော့ သူ အေးအေးနေချင်တယ်။ သူ့အတွေ့အကြုံတွေ၊ သူမျှားအတွေ့အကြုံတွေကိုတော့ ပုံကြီးခွဲပြီး ကြွားကောင်းကြွားနေမယ်။ လူအထင်ကြီးအောင် ပြောကောင်းပြောနေမယ်။ ပြောပြီး အရသာယူကောင်း ယူနေမယ်။ ဒါ့ပေမယ့် လက်တွေ့အနေနဲ့ကတော့ ဘာမှ မလုပ်ချင်တော့ဘူး။ နိုင်ငံရေးသမားလဲ ဟုတ်တော့ဘူး။ ထောင်ထဲမှာ ကောင်းကောင်းနေချင်တယ်။

ကောင်းကောင်း စားချင်တယ်။ ကောင်းကောင်း အနားယူ ချင်တယ်။

ဟုတ်တယ်လေ။ သူ့ဘဝကို ပြန်ကြည့်။ တသက်လုံး ဆို ပါတော့။ သိတတ်တဲ့ အရွယ်ကစပြီး၊ လူလိုသူလို မနေခဲ့ရဘူး။ တောထဲ တောင်ထဲမှာဘဲ နေခဲ့ရတယ်။ သားမယားလဲ မရှိ။ ချစ်မယ့် ခင်မယ့် ပြုစုမယ့်လူလဲ မရှိ။ ပြီးတော့ အသက်ကလဲ ထက်ဝက်ကျော်လာပြီ။ ထောင်ထဲမှာကလဲ နောက်ထပ် ဆယ့်ငါးနှစ် အနည်းဆုံး နေရအုံးမယ်။ ဘာလုပ်တော့မလဲ။

တော်ပြီ။ နောက်ထပ် မခံချင်တော့ဘူး။ အမြဲတမ်း ခံတက် ကချည့် နေလာခဲ့ရတဲ့ဘဝကို မုန်းတီးစက်ဆုပ်လာပြီ။ မစံရ တောင်မှ မခံချင်တော့ဘူး။ မဆင်းရဲချင်တော့ဘူး။ လူလိုသူလို နေချင်ပြီ။ သားနဲ့ မယားနဲ့ အိုးနဲ့ အိမ်နဲ့ နေချင်ပြီ။

တော်လှန်ရေးကလဲ သက်ဘမ်းသာ ကြာလာခဲ့တယ်။ ခု ဆက်ထိ တိုးတက်မှု မတွေ့ရ။ အရင်က အီလည်လည်အဆင့်။ အခု အူကြောင်ကြောင် အဆင့်။ ထူးမခြားနား။

သည်လို ဗိုလ်ငြိမ်းတွေးလိမ့်မယ်။ သည်တော့ ဗိုလ်ငြိမ်း စိတ် ပျက်ပြီ။ မလာကြနဲ့။ ခေါင်းဆောင်လဲ မတင်ကြနဲ့။ မရှုပ်ကြနဲ့။ ဘာမှလဲ မဟုတ်ဖဲနဲ့ မင်းတို့နဲ့ပေါင်းပြီး ငါမခံနိုင်တော့ဘူး။ မခံ ချင်တော့ဘူး။ ဒါ ထောင်ကို ထောင်။ မင်းတို့လဲ ဘာမှလုပ်လို့ ရမှာမဟုတ်ဖူး။ ကြိုးစားမနေနဲ့။ အလကားဘဲ။

တကယ်တော့ ဗိုလ်ငြိမ်းက သည်လို ပြောချင်ဘာ။ သည်လို ပြောပြီး မောင်းထုတ်ပစ်ချင်တာ။

ဒါပေမယ့် သိက္ခာကလဲ အကျမခံနိုင်။ အချောင်သမားလိုလဲ ဆိုင်းဘုတ်အတပ်မခံနိုင်။ လုပ်ခဲ့တဲ့ သမိုင်းကြောင်းကလေးကိုလဲ နှမြောပြန်ဆိုတော့ ဗိုလ်ငြိမ်းခမျာလဲ ယုတ္တိရှိအောင် လုပ်ကြံပြီး ပြောရတော့တာပေါ့။

ဒါပေမယ့် သည်ဘက်ကလူတွေကလဲ သူငယ်နှပ်စားမှ မဟုတ် ဖဲ့။ ဗိုလ်ငြိမ်းက သူ့ကို ထောင်ပြောင်းပစ်တော့မယ်....လို့ ပြော လိုက်တဲ့စကားနဲ့ ပတ်သက်ပြီး စုံစမ်းကြတာပေါ့။ ဖြစ်နိုင်မဖြစ် နိုင် ဆွေးနွေးကြတာပေါ့။

သည်မှာတွင်ဘဲ ဗိုလ်ငြိမ်းအပေါ်မှာ အများစုက သံသယ ရှိလာခဲ့ကြတယ်။ အထူးသဖြင့် အလံနီပါတီက ပိုပြီး သံသယရှိ လာတယ်။ နောက်တော့ ပြည်သူ့ရဲဘော်ပါတီကပါ သံသယရှိ လာတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီကတော့ ပထမပိုင်းမှာ ကိုယ့် လူကိုယ်မို့ နည်းနည်း ဖေးဖေးမမ တွက်သေးတယ်။ နောက် တော့လဲ အားလုံးနဲ့အတူ ဗိုလ်ငြိမ်းကို အယုံအကြည် မဲ့လာ တယ်။

ဒါပေမယ့် ဗိုလ်ငြိမ်းကို ရန်သူလိုတော့ မသတ်မှတ်ကြသေး ဘူး။ စိတ်ခတ်ကျနေတဲ့ တွေဝေနေတဲ့အဆင့်လို့ဘဲ သတ်မှတ် ထားကြတယ်။ ဖောက်ပြန်ရေးသမားလို့တော့ မသတ်မှတ်သေး ဘူး။ အချောင်သမားလို့ဘဲ သတ်မှတ်ထားကြတယ်။

အဲ့....တကွေ့ကျတော့ တွေ့ကြပါလေရော။

မဟုတ်ဖူး၊ ဒါပေမယ့် တယောက်က စောင်နဲ့ အုပ်အပြီးမှာ၊ နောက်တယောက်က အိပ်နေတဲ့ ကိုညွှန့် ကိုယ်ပေါ် တက်ခွထိုင်ပြီး၊ ပိုင်ပိုင်နိုင်နိုင် ရိုက်သတ်တာ။

မိုးဘဲ လင်းစပြုနေပြီဘဲ့။ ပြီးတော့ ဖ နာရီ မထိုးသေးဘူးလေ။ အဆောင်ထဲမှာလဲ ဘာယာတယောက် စောင့်နေတုန်း။ အပြင်ဘက်မှာလဲ ထောင်ကြပ်တယောက် ကင်းလှည့်နေရတုန်း။

မြင်တာပေါ့။ မြင်ကြတာပေါ့။ မြင်ကြတဲ့လူ၊ မျက်မြင်သက်သေ အများကြီး ရှိတာပေါ့။

ဒါပေမယ့် တရားခံ ဘယ်သူလဲ မသိရဘူး။ ဘယ်သူကမှ မြင်တယ်မပြောကြဘူး။ အိပ်ပျော်နေတယ်ချည့် ပြောကြတယ်။ အစောင့်ဘာယာ ကိုယ်တိုင်ကလဲ သူအိပ်ငိုက်နေမိပါတယ်လို့ဝန်ခံတယ်။

ဒါ ထုံးစံဘဲ။

တချို့ကျတော့လဲ ကြောက်လို့ မပြောရဲလို့ မပြောတာ။ တချို့ကျတော့လဲ သဘောတူလို့ မပြောတာ။ တချို့ကျတော့လဲ ကိုယ်နဲ့ ဘာဆိုင်တာမှတ်လို့ဆိုပြီး ရန်မရှာတော့ဘူး။ အေးအေးဘဲနေလိုက်တယ်။

အမှန်က သည်လူသတ်မှုဟာ နိုင်ငံရေးနဲ့ ဘာမှ မဆိုင်ပါဘူး။ လူတစုက သူတို့ အကြံအစည်နဲ့ သူတို့ လူတယောက်ကို သတ်တာပါ။

မှန်တယ်။ အဲဒီအချိန်တုန်းက ဖိုကြီးက ထမင်းဟင်းတွေသိပ်ညံ့နေတယ်။ ဘယ်ဟင်းထဲမှာဘဲဖြစ်ဖြစ် ဆီက လုံးဝမပါတော့သလောက် ဖြစ်နေတယ်။ ငပိကလေးကို အားထားစားနေရပါ

တမနက် အဆောင်အမှတ် ၃ မှာ လူသတ်မှု ဖြစ်တယ်။ အသတ်ခံရတဲ့ အကျဉ်းသားက ဘာယာ။ ဖိုကြီးမှာ တာဝန်ကျနေတဲ့ ဝ ၂ မှတ်။ လူသတ်မှုနဲ့ ထောင်ကျနေတဲ့ ကိုညွှန့်။

အဆောင်အမှတ် ၃ ဆိုတာကလဲ ထောင်ကျ အကျဉ်းသားတွေချည့် အိပ်ရတဲ့အဆောင်။ ပြီးတော့ နှစ်ထပ်။ ဖြစ်တာက အပေါ်ထပ်မှာ။ အပေါ်ထပ်မှာ အကျဉ်းသား တရာ့နှစ်ဆယ်လောက်ရှိတဲ့အနက် နိုင်ငံရေး ပုဒ်မတွေနဲ့ ထောင်ကျနေတဲ့ အကျဉ်းသားက အများဆုံးရှိလှမှ နှစ်ဆယ်။ သည့်ထက်မပိုဘူး။

အမှုဖြစ်တဲ့အချိန်က မိုင်းလင်းစ ၅ နာရီခွဲလောက်။

ဖြစ်ပုံက အိပ်ပျော်နေတဲ့ ကိုညွှန့်ကို စောင်နဲ့ အုပ်လိုက်ပြီး၊ ခေါင်းကိုသံဒုတ်နဲ့ ရိုက်ခွဲသတဲ့။ သတ်တဲ့လူက တယောက်ထဲတော့

တယ်။ ငပိကလဲ သဲရှုပ်ရှုပ်နဲ့။ ပြီးတော့ ငပိထဲမှာ ဆားခဲကြီးတွေ အတုံးလိုက် အတုံးလိုက် ပါလာတယ်။ ဟင်းသီးဟင်းရွက်ဆိုတာ ကလဲ ခါတိုင်းလို ရေပေါဆီကလေး တဝေ့နှစ်ဝေ့၊ ရွေးစေ့ကလေးစာလောက်မှ မမြင်ရတော့ဘူး။

သည်တော့ ဒါနဲ့ပတ်သက်ပြီး အရေးဆိုနေတယ်။ ဖိုကြီးမှာ ခေါင်းပုံဖြတ်မှုတွေ ဖြစ်နေတယ်။ အစိုးရက အပြည့်အဝပေးပါရက်နဲ့၊ ထောင်အာဏာပိုင် တချို့နဲ့ အကျဉ်းသား ဘာယာတချို့ ရဲ့မတရား ခေါင်းပုံဖြတ်မှုတွေ ရှိနေတယ်။ အပြင်ကန်ထရိုက်နဲ့ပေါင်းပြီး ညစ်ပတ်မှုတွေ ရှိနေတယ်။ စုံစမ်း ထောက်လှမ်းလို့ ရသမျှကို အချက်နဲ့ အချက်နဲ့ တင်ပြ တိုင်ကြားထားတယ်။

မှန်တယ်။ သုံးပါတီ ပူးတွဲ ကော်မီတီက ခေါင်းဆောင်ပြီး၊ သည်ကိစ္စကို စုံစမ်း အရေးယူပေးဘို့ ထောင်အာဏာပိုင်တွေကို တင်ပြ တောင်းဆိုထားတဲ့အချိန်။

ဒါပေမယ့် သည်ဖိုကြီးဘာယာ အသတ်ခံရတာနဲ့ပတ်သက်လို့ကတော့ နိုင်ငံရေးနဲ့ ဘာမှမဆိုင်ဘူး။ နိုင်ငံရေးသမားတွေနဲ့လဲဘာမှမဆိုင်ဘူး။ နိုင်ငံရေးသမားတွေရဲ့ ပယောဂလဲမပါဘူး။

ဒါပေမယ့် တရားခံကို ရှာမရတော့၊ ထောင်အာဏာပိုင်တွေ အဖို့လဲ ဒုက္ခ။ သည် တရာ့နှစ်ဆယ်လောက်ထဲက ဘယ်သူ့ကို စွပ်စွဲရမလဲ။ ဘယ်သူကမှလဲ မြင်တယ်မပြောကြ။ တန်းစီပြီး စစ်တော့လဲ မပေါ်။ လူခွဲပြီး စစ်တော့လဲမရ။

ဒါပေမယ့် အာဏာပိုင် ဆိုတာမျိုးက အထက်အပွဲအစည်းရှိတယ်။ အထက်ကပုဂ္ဂိုလ်၊ အထက်က ဌာနကို အစီရင်ခံရမယ်။ ဘယ်လိုလုပ်ရမလဲ။ တရားခံ မတွေ့ဘူးဆိုရင်လဲ ညှဉ်ရာကျအုံးမယ်။

သည်တော့ အဆောင် အမှတ် ၃ ထဲမှာ အိပ်တဲ့ နိုင်ငံရေးအကျဉ်းသား နှစ်ယောက်ကို စွပ်စွဲလိုက်တယ်။ ဟုတ်လဲ မဟုတ်ဖဲနဲ့။ တဆောင်လုံးကတော့ ရယ်ကြတာပေါ့။

ဟုတ်ချင်ဟုတ်၊ မဟုတ်ချင်နေ။ ဒါက အရေးမကြီးဘူး။ အရေးကြီးတာက တရားခံ မိပြီပေါ့။ အချိန်မီ အစီရင်ခံနိုင်ဘို့လိုတယ်။

ဘယ် မှန်ပါ့မလဲ။ မတရားတာဘဲ။မတရားတာတော့ ဘယ်လက်ပိုက် ကြည့်နေလို့ဖြစ်မလဲ။ ပူးတွဲ ကော်မီတီက သည်လို ဆုံးဖြတ်တယ်။ အမှန် တရားဘက်က တိုက်ပွဲဝင်ရမယ်။

ပြီးတော့ လူသတ်မှုဆိုတာ မလွယ်ဘူး။ အပြစ်ကြီးတယ်။ သေဒဏ်အထိ ပေးနိုင်တယ်။ နောက်ပြီး ထောင်ထဲမှာဖြစ်တဲ့ လူသတ်မှုဆိုတာက ဘယ် လူသတ်မှုဖြစ်ဖြစ်၊ ကြိုတင်စီစဉ်မှုဖြစ်တာ။ ဆိုပါတော့၊ ရိုက်မယ့် သံဒုတ်။ ဘယ်ကရသလဲ။ ကြိုရှာထားရတာ။ ကြိုယူထားရတာ။ ဝှက်ထားရတာ။ အခွင့်ကောင်းအချိန်ကောင်းကို စောင့်နေရတာ။ အနည်းဆုံး တပတ်ဆယ်ရက် ကြိုတင်မစီစဉ်ဘဲနဲ့ လူသတ်နိုင်ဘို့ မလွယ်ဘူး။ အဲ....လူသတ်မှုဆိုတဲ့နေရာမှာလဲ လူသတ်မှုချင်းတူတာတောင် ကြိုတင် စီစဉ်ပြီး သတ်တဲ့လူသတ်မှုက ပိုအပြစ်ကြီးတယ်။ သေဒဏ် ကြိုးမိန့် ပေးနိုင်တယ်။

သည်တော့ အပြစ်မရှိတဲ့ လူနှစ်ယောက်က သက်သက်မဲ့

တန်ဆာခံရမလား။ တရားမျှတပါ့မလား။

မခံနိုင်ဘူး။

သည်အချိန်မှာ တကယ်သတ်ခဲ့တဲ့ အကျဉ်းသားရယ်၊ သူနဲ့ ကြုံရာပါ သုံးယောက်ရယ်က ပုဒ်မ ၅ အဆောင်ကို ချဉ်းကပ်တယ်။ ပူးတွဲကော်မီတီခေါင်းဆောင်တချို့နဲ့တွေ့တို့ ကြိုးစားတယ်။ ပြီးတော့ သူတို့ သတ်ကြောင်း ဖွင့်ပြောတယ်။ အခု တကယ်သတ်တဲ့ သူတို့က လွတ်နေပြီး၊ အပြစ်မရှိတဲ့ အကျဉ်းသားနှစ်ယောက်က အစုပ်စဲ့အရေးယူခံနေရတယ်။ တိုက်ပိတ်ခံနေရတယ်၊ ရုံးတင်စစ်ဆေးခံရတော့မယ်ဆိုတော့.... သူတို့ကလဲ စိတ်မကောင်းကြဘူး။ အဲသည်တော့ ဘာတဲ့ပြောပြော ဆောင်အာဏာပိုင်တွေနဲ့ သူတို့တွေခွင့်တောင်းပြီး ဖွင့်ဝန်ခံလိုက်တော့မယ်၊ ဖြောင့်ချက်ပေးလိုက်တော့မယ်လို့လဲ ပြောတယ်။

သည်တော့လဲ သည်ဘက်က တားကြရတယ်။ ဟာ....ဖွင့်တော့ ဝန်မခံလိုက်ပါနဲ့။ ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းစွပ်တာနဲ့ တူတူဘဲ။ မလုပ်နဲ့။ သွားမတွေ့နဲ့။ မပြောနဲ့။ ဘယ်တော့မှလဲ ဝန်မခံနဲ့။ နောင်လဲ ဘယ်တော့မှ ဘယ်သူ့ကိုမှ သည်စကားမျိုး ဖွင့်မပြောနဲ့တော့။ ဒုက္ခရောက်ကုန်ကြလိမ့်မယ်။ အရေးကြီးတာက သက်သေ။ မျက်မြင် သက်သေ။ ဟိုနှစ်ယောက်ကိုလဲ သူတို့ ဘယ်လောက်ဖဲ့ စွပ်စဲ့ စွပ်စဲ့။ အရေးမကြီးဘူး။ မျက်မြင်သက်သေ မရှိရင် ဘာမှ မဖြစ်နိုင်ဘူး။ လောလော့ဆယ်တော့ ခံရတာ ခံရမှာဘဲ။ ဒါပေမယ့် ဥပဒေက မျက်မြင်သက်သေမရှိဘဲ အပြစ်မပေးနိုင်ပါဘူး။ အဲ တခုတဲ့ ရှိတယ်။ ကိုယ့်အိပ်ဆောင်ကိုယ် ပိုင်အောင်စည်းရုံးထားကြဘို့တော့ လိုမယ်။ တယောက်ကမှ

သစ္စာမဖောက်စေနဲ့။ မျက်မြင်သက်သေ ထွက်မလာစေနဲ့။ ဟုတ်ဘာပြောမယ့် သက်သေရော၊ မဟုတ်ဘာပြောမယ့် သက်သေရော၊ တယောက်မှ ထွက်မလာစေနဲ့။ ဒါတော့ အပိုင်ကိုင်ထားဘို့ လိုမယ်။ သည်လို ပြန်ပြောလွှတ်လိုက်ကြတယ်။

ဘယ်လိုဘဲဖြစ်ဖြစ်လေ၊ အပြစ်မဲ့တဲ့ ရဲဘော်နှစ်ယောက် အစုပ်စဲ့အရေးယူခံရတာကို အကြောင်းပြုပြီး၊ နိုင်ငံရေးအားစမ်းဘို့တော့ လိုလာပြီ။ အကြောင်းတိုက်ဆိုင်လာပြီ။ အခွင့်အရေးတရပ် ပေါ်လာပြီ။

ဖိုကြီးကိုစွက်လဲ ရှိသေးတယ်။ တကယ်က ဖိုကြီးကို သုံးပါတီပူးတဲ့ကော်မီတီက ကိုင်ချင်တယ်။ ဖိုကြီးရဲ့အာဏာကို သိမ်းချင်တယ်။ ခေါင်းပုံဖြတ်မှုတွေ မရှိအောင် ကိုယ်တိုင် ကွပ်ကဲအုပ်ချုပ်စီစဉ်ချင်တယ်။ သည့်အတွက် ဆောင်အာဏာပိုင်တွေနဲ့ တိုက်ပွဲဝင်ရမယ်။

အခု အားစမ်းကြည့်မယ်။

ကိုယ့်ဘက်က စည်းရုံးရေးအင်အား ဘယ်လောက် ကောင်းမလဲ။ ကိုယ့်ဘက်မှာ အကျဉ်းသားထု ဘယ်လောက်ပါလာမလဲ။

နိုင်ငံရေးတောင်းဆိုချက်က....မမှန်မဘရား စွပ်စဲ့အရေးယူထားတဲ့ ရဲဘော်နှစ်ယောက်ကို ပြန်လွှတ်ပေး။

စီးပွားရေးတောင်းဆိုချက်က....ဖိုကြီးက ခေါင်းပုံဖြတ်မှုတွေကို အရေးယူပေး။ နောက် သည်ပြဿနာမျိုး မရှိအောင် ညှိနှိုင်းစီစဉ်ပေး။

နိုင်ငံရေးတောင်းဆိုချက်တခုထဲနဲ့ကတော့ နိုင်ငံရေးသမားတွေဘဲ ပါလာမယ်။ အကျဉ်းသားထု ပါလာမှာ မဟုတ်ဖူး။ ပါလာရင်တောင်မှ အဆောင် ၃ နဲ့ တခြားနည်းနည်းပါးပါးတဲ့ ပါလာမယ်။

ဒါပေမယ့် စီးပွားရေးတောင်းဆိုချက်ဖြစ်တဲ့ပြဿနာကတော့ တထောင်လုံးနဲ့ ဆိုင်တယ်။ တထောင်လုံးမှာရှိတဲ့ အကျဉ်းသားထုရဲ့ နေ့စဉ်စားသောက်ရမှုနဲ့ ပတ်သက်တယ်။ သည်တော့ အကျဉ်းသားထုကို ရှင်းလင်းတင်ပြနိုင်ရင် အကျဉ်းသားထုကလဲ ကိုယ့်ဘက်ပါလာနိုင်တယ်။

သည်တော့ ပထမအဆင့်အနေနဲ့ အပိုင်းနှစ်ပိုင်း။ တပိုင်းက အကျဉ်းသားကုထဲကို စိမ့်ဝင်စည်းရုံး။ အဖြစ်မှန်တွေကို ရှင်းလင်းတင်ပြပြီး၊ တိုက်ပဲ့အတွက် အသင့်ပြင်။ နောက်တပိုင်းကတော့ ထောင်အာဏာပိုင်တွေနဲ့ ထိတွေ့။ ဖိုကြီးနဲ့ပတ်သက်လို့ တင်ပြတောင်းဆိုထားတာတွေကို ဘယ်လိုသဘောရသလဲ။ ဘယ်လောက်အထိ အရေးယူဆောင်ရွက်ပြီးပလဲ။ နောက်ဆုံးအချက်အနေနဲ့ တင်ပြထားတဲ့အတိုင်း ပူးတဲ့ကော်မီတီကို အပ်နိုင်မအပ်နိုင်။ ပူးတဲ့ကော်မီတီအနေနဲ့သာ ဖိုကြီးကို ကွပ်ကဲအုပ်ချုပ်စီစဉ်ရရင် ပြဿနာမပေါ်နိုင်တဲ့အကြောင်း။ ထောင်အာဏာပိုင်တွေ တဖက်တလမ်းက စိတ်မညစ်ရမယ့်အကြောင်း။ တာဝန်ပေါ့သွားမယ့်အကြောင်း။ သည်လို ထိတွေ့ဆွေးနွေး။

ဒါက ပထမအဆင့်။

ဒုတိယအဆင့်အနေနဲ့ကတော့ တောင်းဆိုချက်တွေကို တရားဝင် အတိအကျတင်ပြ။ တိုက်ပဲ့ရာဇသံပေး။

နောက် တတိယအဆင့်ကတော့ တိုက်ပဲ့စ။

သည် တတိယအဆင့်မှာလဲ အပိုင်း ၃ ပိုင်း။ ပထမတိုက်ပဲ့စပြီဆိုတာနဲ့တပြိုင်နက်၊ လက်ရှေးစင်အာဇာနည် ဆယ်ဦးက အစာအငတ်ခံ ဆန္ဒပြ။ တပတ်တိတိ ရာဇသံထပ်ပေး။

တပတ်တိတိပြည့်လို့မှ အရေးမယူရင်၊ မလိုက်လျောရင် ထောင်ထဲမှာရှိတဲ့ ပုဒ္ဓိမ ၅ အကျဉ်းသားထုနဲ့ နိုင်ငံရေးအကျဉ်းသားတချို့၊ အားလုံးပေါင်း သုံးရာလောက်က တပြိုင်နက် အစာငတ်ခံ ဆန္ဒပြကြ။ နောက်ထပ် တပတ်တိတိ ရာဇသံထပ်ပေး။

နောက်ထပ်တပတ်တိတိ ပြည့်လို့မှ အရေးမယူသေးဘူးဆိုရင်၊ မလိုက်လျောသေးဘူးဆိုရင်၊ ကျန်တဲ့ အကျဉ်းသားထုအားလုံး၊ တထောင်လုံးက အစာငတ်ခံ ဆန္ဒပြကြ။

အဲ....နောက်ဆုံးအဆင့်ကတော့ ၁၄ ရက်တိတိ နေ့ရောညပါ ကြွေးကြော်လာခဲ့ကြတဲ့ ကြွေးကြော်သံတွေကို ရပ်လိုက်ကြ။

အစာငတ်ခံဆန္ဒပြပြီဆိုကတည်းက အိပ်ဆောင်တွေကို မဖွင့်ရတော့ဘူးလေ။ ဒါက ထောင်ရဲ့ထုံးစံ။ ခါတိုင်းလို ဖွင့်ပေးထားပြန်ရင်လဲ မပြောနိုင်ဘူး။ အကျဉ်းသားစွေနဲ့ အကျဉ်းဌာနဝန်ထမ်းတွေ ပဋိပက္ခ ဖြစ်ကုန်ကြမှာလဲ စိုးရိမ်ရသေးတယ် မဟုတ်လား။

သည်တော့ အကျဉ်းသားတွေ အလုပ်လုပ်ရတဲ့ အလုပ်ရုံတွေ စက်ရုံတွေလဲ ပိတ်ကုန်ပြီပေါ့။ ဖိုကြီးလဲ မီးခိုးတိတ်ပေါ့။

သည်အချိန်မှာ အကျဉ်းထောင်ရဲ့အုပ်ချုပ်ရေးယန္တရားဟာလဲ အခက်အခဲတွေ့ရပြီလေ။ ပထမ ဆယ်ယောက်။ နောက် သုံးရာ။ သည်လူတွေရဲ့ ကျန်းမာရေးအခြေအနေကို ကြည့်ရှုထိန်း

သိမ်းဘို့ဆိုဘာလဲ လွယ်တာမှတ်လို့။ သည်အထဲမှာ ပထမဆုံး အစာတစ်ခံတဲ့ ဆယ်ယောက်က ရေကိုပါ ဖြတ်လိုက်။ ၂၁ ရက် ပြည့်တဲ့နေ့ကစပြီး ရေကိုပါ မသောက်ကြနဲ့တော့။

ရေကလဲလို့၊ ဘာအစာကိုမှ မစားဘဲနေတဲ့ လူသာမန် တယောက်ဟာ သာမန်အားဖြင့်ဆိုရင် ၄၂ ရက်ဖဲ့ အသက်ရှင် နိုင်သတဲ့။ ဗမာ့အကျဉ်းထောင်သမိုင်းမှာတော့ ရက်ပေါင်း ၁၆၆ ရက်တိတိ အစာအငတ်ခံပြီးမှ ပုံလွန်တော်မူသွားတဲ့ အာဇာနည်အသျှင်ဦးဝိစာရကိုယ်တော်တပါး ရှိခဲ့ဘူးပါတယ်။ ဒါပေမယ့် သည်ပုဂ္ဂိုလ်ကတော့ ချင်းချက်။ ယေဘုယျကတော့ ၄၂ ရက်ဖဲ့။ ဆေးပညာကလဲ ၄၂ ရက်လို့ဘဲ သတ်မှတ်တယ် ပြောတယ်။ ထောင်အာဇာပိုင်တွေကလဲ သည်ရက်ကိုဘဲ တရား ဝင် အတည်ပြုထားတယ်။

ဃည်တော့ ၂၁ ရက်ပြည့်တဲ့နေ့ဟာ သိပ်အရေးကြီးတယ်။ ၂၁ ဟာ ၄၂ ရဲ့ ထက်ဝက်ဖြစ်တယ်။ ဒါကြောင့် အစာငတ် ခံနေတဲ့ လူတယောက်ဟာ ၂၁ ရက်ပြည့်သွားပြီဆိုရင် သေဘို့နဲ့ ရှစ်ဘို့ ဆတူဘဲ ရှိတော့တယ်။ ရှင်ဘို့ ရာခိုင်နှုန်း၁၀းဆယ်ဘဲ ကျန် တော့တယ်။ သေဘို့ ၁၀းဆယ်ရာခိုင်နှုန်း သေချာသွားပြီ။

သည်အချိန်မှာ ရေကိုပါ ဖြတ်လိုက်ကြအုံးမယ်ဆိုရင်တော့....

ပူးတွဲကော်မီတီက တိုက်ပွဲအစီအစဉ်ကို ညှိနှိုင်းဆုံးဖြတ်လိုက် တယ်။ ပူးတွဲကော်မီတီမှာ ကျွန်တော်တို့အဆောင်က ဗိုလ်စိန် မင်းနဲ့ ဗိုလ်အေးထွန်းတို့ ပါကြတယ်။ သည်တော့ ကျွန်တော် တို့လဲ သိရတယ်။

ဒါပေမယ့် သည်အစီအစဉ်ကို ဗိုလ်ငြိမ်းမသိဘူး။ ဗိုလ်ငြိမ်းကို အသိမပေးကြဘူး။ ဗိုလ်ငြိမ်းသာ ကြိုသိရင် ထောင်အာဇာ ပိုင်တွေနှာအထိ ပေါက်ကြားချင် ပေါက်ကြားသွားနိုင်တယ်။ ဒါမှမဟုတ်....အနည်းဆုံး ကန့်ကွက်ရက်ဆွဲနေအုံးမယ်....လို့ ယူဆ ကြတယ်ထင်ပါရဲ့။

ဒါပေမယ့် ထောင်အာဇာပိုင်တွေကိုလဲ တရားဝင်တင်ပြ တောင်းဆိုထားပြီ၊ ခုနစ်ရက်မြောက်လို့လဲ တိုက်ပွဲစပြီ၊ အာဇာ နည် ဆယ်ယောက်လဲ စပြီး အစာတစ်ခံပြီဆိုတဲ့အခါကျတော့.... ဗိုလ်ငြိမ်းကိုလဲ သွားတင်ပြကြတယ်။

ဗိုလ်ငြိမ်းလဲ ပါဘို့ပေါ့။ သူ့အဆောင်ကိုသူ စည်းရုံးခေါင်း ဆောင်ပြီး ၁၄ ရက်ပြည့်တဲ့နေ့မှာ ဝင်ပေါင်းလာကြတို့ပေါ့။

မဆိုးပါဘူး။ ဗိုလ်ငြိမ်းကလဲ လွယ်လွယ်ကူကူတဲ့ လက်ခံလိုက် ပါတယ်။ သူဘယောက်ဆဲ မဟုတ်ဖူး။ သူ့တဆောင်လုံးပါလာရ စေမယ်လို့လဲ ကတိပေးလိုက်တယ်။

ဒါပေမယ့် ၁၄ ရက်ပြည့်ပြီ။ ဗိုလ်ငြိမ်းတို့ မကျေညာသေး ဘူး။ အကျဉ်းသားထု ၇၅ ရာခိုင်နှုန်းက ဆန္ဒပြနေပြီ။ ဗိုလ်ငြိမ်း တို့ မလှုပ်ကြသေးဘူး။ ကြေးကြော်သံတွေ ကြေးကြော်ကြတုန်း ကလဲ ဗိုလ်ငြိမ်းတို့အဆောင်က မပါဘူး။ ခုလဲ မပါလာသေး ဘူး။

ခက်တာက အစာငတ်ခံ ဆန္ဒပြနေကြပြီဆိုတော့၊ အဆောင် တွေကို ပိတ်လိုက်တယ်။ ဖွင့်မပေးတော့ဘူး။ သည်တော့ အဆက် အသွယ်တွေလဲ ပြတ်ကုန်တယ်။ ဗိုလ်ငြိမ်းတို့ ဘာ့ကြောင့်ပါမလာ သလဲဆိုတာလဲ မသိနိုင်တော့ဘူး။

ဒါပေမယ့် ၂၂ ရက်မြောက်တဲ့နေ့မှာ ထောင်အာဏာပိုင်တွေနဲ့ ထောင်ကော်မီတီဝင်တွေ ရောက်လာကြတယ်။ ပူးတဲ့ကော်မီတီက ခေါင်းဆောင်တွေနဲ့ ဆွေးနွေးကြတယ်။

ခေါင်းဆောင်တွေ ဆိုပေမယ့် ဒုတိယတန်း ခေါင်းဆောင်တွေကိုဘဲ ပဲ့ထုတ်တယ်။ ခေါင်းဆောင်ငယ်တွေကဘဲ သွားတွေ့ကြတယ်။

အဲသည်မှာ အောင်ပဲ့ခံလိုက်ရတယ် ဆိုပါတော့။

ပထမ တောင်းဆိုချက်ကို အပြည့်အဝ လိုက်လျောလိုက်တယ်။ မျက်မြင်သက်သေမှ မရှိဘဲ။ ဒါကြောင့် အမှုကို ပိတ်ပစ်လိုက်တယ်။ ထောင်ကော်မီတီဆိုတဲ့ အဖွဲ့ထဲမှာက ခရိုင်ဆရာဝန်ကြီးလဲပါတယ်။ ခရိုင်ရာဇဝတ်ဝန်လဲ ပါတယ်။ ခရိုင်ဝန်လဲပါတယ်။ စက်ရှင် တရားသူကြီးလဲ ပါတယ်။ သည်တော့ ဥပဒေကို သူတို့ ပိုနားလည်ပါတယ်။ သည်အမှုဟာ ခုမပိတ်လဲ ရုံးရောက်ရင် ပိတ်ရမှာဘဲ။

အဲ.... ဒုတိယ တောင်းဆိုချက်။ အကျဉ်းသားတွေဘက်တတ်ပြတိုင်ကြားထားတာတွေကို လေးစားလဲ လေးစားပါတယ်တဲ့။ ကျေးဇူးလဲ တင်ပါတယ်တဲ့။ အရေးယူဆောင်ရွက်ဖို့လဲကတိပေးပါတယ်တဲ့။ သည်အထိ မယုံကြည်သေးဘူး....ထား။

နောက် ဘာပြောသလဲဆိုတော့၊ 'ဖိုကြီးအုပ်ချုပ်ရေး' ဆိုတဲ့ စကားရပ်အစား 'အကျဉ်းသား အားလုံးအတွက် ချက်ပြုတ်ကျွေးမွေးရေး'လို့ သုံးစွဲတဲ့။ 'ပူးတဲ့ကော်မီတီ'ဆိုတဲ့ စကားရပ်အစား 'အကျဉ်းသားထု ကိုယ်စားလှယ်'လို့ သုံးစွဲတဲ့။ အဲသည်

လိုသာ ပြင်ဆင်သုံးစွဲနိုင်မယ်ဆိုရင် ညှိနှိုင်းတိုင်ပင် ဆောင်ရွက်ပါ့မယ်လို့လဲ ကတိပြုကြတယ်။

ဒါဆိုရင်လဲ ပြီးတာပါဘဲ။ အရေးကြီးတာက စကားလုံးအသုံးအနှုန်းတွေမဟုတ်ပါဘူး။ အနှစ်သာရပါ။ အကျဉ်းသားတွေ ဘက်ကလဲ သည်လောက်မကပ်ပါဘူး။

ပြီးတော့ ဟုတ်လဲဟုတ်တယ်။ အကျဉ်းထောင် အာဏာပိုင်တွေဆိုတာက အစိုးရဝန်ထမ်းတွေ။ အစိုးရဝန်ထမ်းတွေ အနေနဲ့က မတရားသင်း ကျေညာထားတဲ့ ပါတီ အဖွဲ့အစည်းတွေကို တရားဝင်အသိအမှတ် မပြုနိုင်ဘူး။ ပြုခွင့်လဲ မရှိဘူး။ ပြုမိရင်လဲ ဒုက္ခရောက်နိုင်တယ်။

နားလည်ကြပါတယ်။

ဒါကြောင့်လဲ တနေကုန် ထိုင်ကြရတဲ့ ညှိနှိုင်းဆွေးနွေးပွဲက ပြန်လာကြတာနဲ့ တပြိုင်နက်၊ တိုက်ပွဲကို ရပ်လိုက်ကြတယ်။

ထောင်တထောင်လုံးဟာ အောင်ပွဲခံတဲ့အနေနဲ့ သီချင်းတွေ ဆိုကြတယ်။ ကကြ ခုန်ကြတယ်။ အိုးစည် ဒိုးပတ်တွေ တီးကြတယ်။ သူ့အဆောင်နဲ့သူ။ သူ့အုပ်စုနဲ့သူ။

တခုတော့ ရှိသပေါ့လေ။ စောစောပိုင်းကထဲက အစာငတ်ခံနေကြရတဲ့ အကျဉ်းသား ရဲဘော်တွေမှာတော့၊ ဘယ်မြူးနိုင်ပါ့မလဲ။ အောင်ပွဲဆင်လိုက်ရလို့ ဝမ်းသာရပေမယ့်၊ လူက ဘယ်လှုပ်နိုင်မလဲ။ ယဲ့ ယဲ့ သာ ကျန်တော့တာ မဟုတ်လား။

ဘာဘဲပြောပြော၊ ဒါကလဲ မကြာပါဘူး။ အလွန်ဆုံးတပတ် ဆယ်ရက်ပေါ့။ ဆေးကုလိုက်ရင် ပြန်ကောင်းလာကြမှာပေါ့။

အဲ....ရာဇဝင်မှာ အမဲကွက်ကြီးထင်ပြီး ကျန်ရစ်ရတာကတော့ ဗိုလ်ငြိမ်းဘဲ။

အမယ်....ဒါတောင် အရှက်မရှိ။ ဝမ်းသာတဲ့အထိမ်းအမှတ်နဲ့ လိုက်ပြီး လက်ဆွဲနှုတ်ဆက်နေသေးတယ်။ ပြီးတော့လဲ ယုတ္တိမရှိ။ ထောင်အာဏာပိုင်တွေကို သူကဘဲ သွားပြီး ခြိမ်းချောက်ရသေးသတဲ့။ သည်တခါ တကယ် ဆက်တိုက်ကြမှာနော၊ သေကုန်ကြလိမ့်မယ်၊ သေကုန်ကြရင် ခင်ဗျားတို့ ပြဿနာတက်ကုန်မယ် ဘာမယ် ညာမယ်နဲ့ သွားပြီး ခြိမ်းချောက်ရသေးသတဲ့။ သူက ဥပဒေနဲ့ အကျိုးအကြောင်းနဲ့ အဲသည်လို ခြိမ်းချောက်လိုက်လို့၊ ခုလို မြန်မြန် ပြေလည်သွားတာတဲ့။ ရယ်ဘို့ကောင်းလိုက်တာ။

အေးလေ....ပြောပါစေ။ ဒါမျိုး ပြော တတ် တဲ့ လူ က တော့ ပြောကိုပြောရမှ စိတ်ချမ်းသာမှာမဟုတ်လား။

ဒါနဲ့များ သူကိုယ်သူ ကွန်မြူနစ်တဲ့။ တိုက်ပွဲကိုမယုံကြည်ဘဲ၊ အာဏာပိုင်နဲ့ အပေးအယူ လုပ်ချင်တဲ့ လူကများ....ကွန်မြူနစ်တဲ့။ ဘယ်ဆရာ၊ ဘယ်ခေါင်းဆောင်ကများ သင်လှတ်လိုက်ပါလိမ့်။

PDF Creator - nyeyadhamma@gmail.com

PDF Creator - nyeyadhamma@gmail.com

အောင်ပွဲတော့ ရလိုက်ပြီ။

ဒါပေမယ့် နိုင်ငံရေးတိုက်ပွဲဆိုတာက ဟိုဘက်သည်ဘက် လူစုခွဲပြီး အပျော်တမ်းထုတ်စည်းတိုးကြတာမျိုး မဟုတ်ဖူး။ ပွဲပြီးမီးသေ၊ မေ့သွားတတ်ကြတာမျိုးလဲ မဟုတ်ဖူး။ ရှုံးတဲ့လူနဲ့ နိုင်တဲ့လူဟာ တအုပ်စုထဲ တဖွဲထဲကလဲ မဟုတ်ဖူး။

ရှုံးရတဲ့ လူဆိုတာကလဲ မနိုင်လို့ အရှုံးပေးလိုက်ရပေမယ့် မှတ်ထားတတ်ကြတာ။ ငြိုးထားတတ်ကြတာ။ တကွေ့တော့ တွေ့ကြအုံးမှာပေါ့ကွာ....လို့လဲ ကြိမ်းထားတတ်ကြတာ။ သည်သဘာဝကို ကြိုသိထားဘို့တော့ လိုတယ်။

သည်သဘာဝကို ကြိုသိထားလို့လဲ၊ ကျွန်တော်တို့ဘက်က သတိထားတယ်လေ....။

ထောင်အာဏာပိုင်တွေ၊ ထောင်ကော်မီတီတွေနဲ့ သွားတွေ့တော့တဲ့ ကြည့်ပါလား။ ဘယ်မှာ ထိပ်တန်းခေါင်းဆောင်ပိုင်းက သွားတွေ့လို့လဲ။ ဒုတိယတန်း ခေါင်းဆောင်ငယ်ပိုင်းကသာ သွားတွေ့ခဲ့ကြတာ မဟုတ်လား။ ကိုဘုန်းနိုင်ခေါင်းဆောင်တဲ့အဖွဲ့။

ပြီးတော့၊ တောင်းဆိုချက်တွေကို တင်ပြတောင်းဆိုတို့ဟို့ပထမဆုံးအကြိမ် သွားခဲ့ကြတုန်းကလဲ ဒုတိယတန်းခေါင်းဆောင်ငယ်ပိုင်းကဘဲ တအုပ်စု။ ဗိုလ်လှဖေတို့ လူစု။

ကျွန်တော်တို့ရဲ့ ထိပ်ဘန်းခေါင်းဆောင်ပိုင်းကို ဖျောက်ထားခဲ့ကြတယ်။ ရန်သူ့ရွေ့မှာ အထင်ရှားမခံခဲ့ကြဘူး။ ရန်သူ့ပစ်ကွင်းထဲမှာလဲ ရပ်မပြခဲ့ကြဘူး။ တိုက်ပွဲက တိုက်ရတော့မယ်လေ။ တိုက်ရမယ်ဆိုတာကလဲ သိပ်သေချာနေတယ်။ ရန်သူဟာ ဘယ်အလွယ်တကူနဲ့ လိုက်လျောပါ့မလဲ။ သူက အာဏာပိုင်ဘဲ။

တကယ်လဲ မသိပါဘူး။ ထောင်အာဏာပိုင်တွေအနေနဲ့ နောက်ပိုင်းက တကယ်ဘမ်းခေါင်းဆောင်မှပေးနေကြတဲ့ရဲဘော်တွေကို မသိပါဘူး။ ဘယ်နည်းနဲ့မှလဲ မသိနိုင်ပါဘူး။ မရိပ်မိနိုင်ပါဘူး။

အဲ....အစဉ်အလာ ခေါင်းဆောင်တွေကိုတော့ 'သူတို့သိချင်သိမယ်ပေါ့။ ထောင်ထဲရောက်လာတော့၊ အကျဉ်းသားနဲ့အတူပါလာတဲ့ အမှုတွဲရာဇဝင်အရ....ဘယ်သူက ဘယ်အဆင့်ဆိုတာတော့ သိချင်သိမယ်ပေါ့။ ဘယ်သူက မြို့နယ်ကော်မီတီအဆင့်၊ ဘယ်သူက ခရိုင်ကော်မီတီအဆင့်၊ ဘယ်သူက တိုင်းအဆင့်၊ ဘယ်သူက ဗဟိုအဆင့် ဆိုတာမျိုးကိုတော့ သိချင်သိမယ်ပေါ့။

ဒါပေမယ့် ထောင်ထဲမှာ တကယ်တမ်း အရေးပါပြီး၊ တကယ်တမ်း ခေါင်းဆောင်မှပေးနေတဲ့ ရဲဘော်တွေကိုတော့ သူတို့မသိကြပါဘူး။ ဒါက လျှို့ဝှက်ချက်။ ထိပ်တန်း လျှို့ဝှက်။

ထောင် ဆိုတာက ထောင်။ ရန်သူ့ရဲ့ လက်ထဲမှာ။ ထောင်ထဲက လူဆိုတာကလဲ ရန်သူ့လက်ခုပ်ထဲက ရေ။ အဲသည်တော့ လျှို့ဝှက်ရမယ်။ လှည့်ဖြား ရမယ်။

ပြီးတော့ ပူးတွဲကော်မီတီဖွဲ့စည်းပုံကိုကလဲ ကျွန်တော်တို့ အဆောင်ကော်မီတီလို အမြဲတမ်း ပြောင်းလဲနေတာဘဲ။ တလ တခါတော့ မဟုတ်ဖူး။ သုံးလ တခါ။

ပါတီ သုံးခုက ကိုယ့်ပါတီနဲ့ကိုယ်။ ကိုယ့်စည်းရုံးရေးနဲ့ကိုယ်။ ကိုယ့်ခေါင်းဆောင်မှုနဲ့ကိုယ်။ ညီညွတ်ရေး တည်ဆောက်နိုင်တော့၊ ပူးတွဲကော်မီတီဖွဲ့ပြီး လှုပ်ရှားကြတယ်လေ။ အဲသည် ပူးတွဲ ကော်မီဘီအတွက် ပါတီတိုင်းက ကိုယ်စားလှယ် ပေးကြရတာပေါ့။ သုံးလတခါ လူလဲပေါ့။

တကယ့် ထိပ်တန်းခေါင်းဆောင်ပိုင်းက နောက်မှ။ လူသိမခံဘူး။ ပူးတွဲကော်မီတီထဲမှာလဲ မပါဘူး။ အင်မတန် ပါခဲတယ်။

အဲသည် တိုက်ပွဲတိုက်ရတော့မယ် ဆိုတော့လဲ၊ ပူးတွဲ ကော်မီတီကို တိုက်ပွဲမစခင်ကလေးမှာထဲ ပြင်ပြီးဖွဲ့ခဲ့တယ်။ သည်အထဲမှာလဲ ထိန်တန်း ခေါင်းဆောင်တွေ မပါဘူး။

ဒါပေမယ့်....။

အောင်ပွဲရပြီးသို့ တလမပြည့်ခင်မှာဘဲ ထောင်ပြောင်းအမိန့်တွေ တထပ်ကြီး ရောက်လာတယ်။ အကျဉ်းသား သုံးဆယ့်

နှစ်ယောက် ထောင်ပြောင်း ခံကြရတယ်။ တချို့က သာယာဝတီဒေသာင်။ တချို့က မြင်းခြံထောင်။ ထချို့က ရွှေဘို ထောင်။ ပြောင်းရမယ်ဆိုတဲ့ ထောင်အားလုံးဟာ ပုံစံထောင် တွေချည်ဘဲ။ စံပြထောင် တထောင်မှ မပါဘူး။ ခံရောဘဲ။

ပြီးတော့လဲ ထောင်ပြောင်း ခံရတဲ့ သုံးဆယ့် နှစ်ယောက် ထဲမှာ ထိပ်တန်း ခေါင်းဆောင်တွေ အားလုံး ပါသွားတယ်။ ဒုတိယဘန်း ခေါင်းဆောင်ထဲက ဆယ့်ရှစ်ယောက်ဖဲ ပါတယ်။ ကျန်တော်တို့အဆောင်က ဗိုလ်အေးထွန်းနဲ့ ဗိုလ်စိန်မင်းပါသွားတယ်။

ကဲ.... ဘယ်လောက် အံ့သြစရာ ကောင်းသလဲ။

ဗိုပြီး အံ့သြဘို့ ကောင်းတာက ပထမဆုံး အစာတော်ခံ ဆန္ဒပြခဲ့ကြတဲ့ အာဇာနည် ဆယ်ယောက်ထဲက တယောက်မှ မပါဘူး။ ပြီးတော့ ထောင်အာဏာပိုင်တွေနဲ့ မျက်နှာချင်းဆိုင် တွေ့ခဲ့ကြ၊ အရေးဆိုခဲ့ကြ၊ ဆွေးနွေးခဲ့ကြတဲ့အထဲက ဗိုလ်လှဖေ မပါပေမယ့် ကိုဘုန်းနိုင် မပါဘူး။

ဟုတ်တယ်။ ကျန်တော်တို့လဲ သိတာပေါ့။ ကိုဘုန်းနိုင်ဟာ တက်ကြွရဲရင့်တာ မှန်တယ်။ ပေးတဲ့တာဝန်ကို ပြတ်ပြတ်သားသား ဆောင်ရွက်တတ်တာ မှန်တယ်။ ဒါပေမယ့် ပါတီဝင် သက်တမ်းက သိပ်နည်းတယ်။ သဘောတရားရေး အရည် အချင်းက သိပ်နိမ့်သေးတယ်။ ဟော.... သူပါမသွားဘူး။

ဘယ်လောက်ထိ သေချာသလဲ။

ရန်သူ ရထားတဲ့သတင်းဟာ ဘယ်လောက်ထိ တိကျမှန်ကန်သလဲ။

ဒါ.... ဘယ်သူ့လက်ချက်လဲ။

ရှင်းပါတယ်။ ခေါင်းဆောင်ပိုင်း တယောက်ယောက် ကတော့ သစ္စာဖောက်ပြီပေါ့။

ခက်တာက တိုက်ပွဲက နိုင်ခဲ့တယ်။ အောင်ပွဲ ခံခဲ့ရတယ်။ ပြီးတော့ သည်တိုက်ပွဲမှာ ကျွန်တော်တို့ဘက်က အကြွေအဆုံးလဲ မရှိခဲ့ဘူး။ ရှင်းရှင်း ပြောရရင်တော့ ကျွန်တော်တို့ဘက်က ရန်သူ့လက်ထဲကို တယောက်မှ ရောက်မသွားခဲ့ဘူး။ ရန်သူက ဖမ်းချုပ်ပြီး ညှဉ်းပမ်း စစ်ဆေးတာမျိုးလဲ မရှိဘူး။ ရန်သူက လာတ်ပေးပြီး မေးတာမြန်းတာမျိုးလဲ မရှိဘူး။

ဒါဖြင့် ဘယ်လိုလုပ်ပြီး ရန်သူ့ဘက်က သည်လောက် ခိုင်ခိုင်လုံလုံ တိတိကျကျ သိသလဲ။ ဘယ်သူက ဖော်ကောင်လုပ်လို့ သိနိုင်မလဲ။ ဖော်ကောင် သစ္စာဖောက်ကကော ဘယ်သူဖြစ်နိုင်မလဲ။

ဘယ်သူ ရှိရအုံးမှာတုန်း။

ယထာဘူတကျကျ၊ အကျိုးနဲ့ အကြောင်းနဲ့ အသေအချာ ဆက်စပ် စဉ်းစား ကြည့်လိုက်ကြတော့.... ဖြစ်နိုင်စရာရှိတဲ့လူက တယောက်ဖဲ့ တွေ့ရတယ်။ နှစ်ယောက်သုံးယောက် မတွေ့ရဘူး။ တယောက်ထဲဘဲ တွေ့ရတယ်။ ဟိုလူလဲဖြစ်နိုင်တယ်၊ သည်လူလဲ ဖြစ်နိုင်တယ်လို့ကို ဒဿဖြစ်နိုင်စရာ မရှိဘူး။ တယောက်ထဲမှ တယောက်ထဲ။

သည်တိုက်ပွဲ ကာလအတွင်းမှာ ထောင်အာဏာပိုင်တွေနဲ့ တွေ့ခဲ့နိုင်တာ၊ တွေ့နေတာကလဲ တယောက်ထဲ။

သည်တယောက်ထဲက ဘယ်သူလဲ။

ဗိုလ်ငြိမ်း ဘဲပေါ့။ သစ္စာဖောက် ဗိုလ်ငြိမ်း ဘဲပေါ့။ ဖောက်ပြန်ရေးသမား ဗိုလ်ငြိမ်း ဘဲပေါ့။

ဟုတ်တယ်။ မှတ်မိမှာပေါ့။ သူကိုယ်တိုင်ကလဲ အားဏာဝိုင်တွေနဲ့ တွေ့တယ်၊ ဆွေးနွေးတယ်၊ သူကတောင် ခြိမ်းခြောက်ခဲ့သေးတယ်လို့ ပြောတယ်မဟုတ်လား။

ပြီးတော့လဲ....အောင်ပွဲရလို့ တရက်ဖဲရသေးတယ်။ အားရှိတာ မရှိတာ နားမလည်ဘူး။ အားလုံး အလုပ်ဆင်းကြရမယ် ဆိုလို့ အလုပ် လုပ်ကြရတယ်လေ။ အနားယူခွင့် မရဘူး။ တချို့များ နွားနို့ဘဲ သောက်နေရသေးတယ်။ ဆန်ပြုတ်တောင် မသောက်ရသေးဘူး။ အဖတ်ဆိုလို့ ဘာမှ စားခွင့်မရကြသေးဘူး။ အလုပ်ခွင် ဝင်လုပ်ကြရတယ်။

သည်အချိန်မှာ....တင်းကြပ်သောစည်းကမ်းနဲ့ ပြင်းထန်သော အမိန့်။

ထောင်ထဲက တဝိုင်းနဲ့တဝိုင်း တဆောင်နဲ့တဆောင့်ကူးတဲ့ အုတ်ရိုးတံခါးတွေအားလုံးကို အသေပိတ်လိုက်တယ်။

ခါတိုင်းလဲ ပိတ်တာပါဘဲ။ အမြဲတမ်း ပိတ်ထားတာပါဘဲ။ ပိတ်ပြီးတော့ သော့ခတ်ထားတာပါဘဲ။ ပြီးတော့ တံခါးတပေါက်မှာ အစောင့် ထောင်ကြပ်တယောက်က သော့ကို ကိုင်ပြီး အမြဲတမ်းစောင့်နေရတာပါဘဲ။ ဒါပေမယ့်.... တံခါးစောင့် အဆောင်စောင့်ထောင်ကြပ်နဲ့ နားလည်မှုရရင် ထောင်ကြပ်ကလဲ ဖွင့်ပေးလေ့ရှိတယ်။ နားလည်မှုနဲ့ အကူးအသန်းလုပ်နိုင်ခဲ့ကြတယ်။

ကျွန်တော် ဘယ်သွားချင်လို့ပါ၊ ဘယ်သူနဲ့ ခရာကလေးတွေ့ချင်လို့ပါ၊ ဘာကိစ္စရှိလို့ပါ.....လို့ တောင်းပန်ရင်၊ ဒါမှမဟုတ်...အပေးအယူရှိရင် တနိုင်ငံနဲ့ တနိုင်ငံ ကူးသန်းသွားလာခွင့်ဆိုတာ ရတတ်ကြပါတယ်။ သိပ် မခဲယဉ်းပါဘူး။

ဒါပေမယ့် သိပ်တော့ မကြာနဲ့ပေါ့။ မြန်မြန်ပြော။ မြန်မြန်လုပ်ပြီး မြန်မြန်ပြန်ပေါ့။ အဲ....တကယ်လို့များ မတော်တဆ ထောင်မှူးထောင်ပိုင်တွေ ဝင်လာတာနဲ့ ကြုံကြိုက်မယ်ဆိုရင် တော့၊ ကိုယ့်ဘေးကိုယ်ကြည့်ရှောင်ပေါ့။ ခံစားရှိလို့ခံရရင် ဝင်တဲ့ကောင်ဆော့၊ ဖွင့်ပေးတဲ့ကောင်ဆော ခံရမှာ။

နားလည်ကြပါတယ်။

နားလည်မှု ရှိကြပါတယ်။

နော့ ထောင်ကြပ် ဆိုတာတွေကကော ဘာတွေလဲ။ သူတို့လဲ လူတွေဘဲ မဟုတ်လား။

လူ ဆိုတာတောင် သူတို့က ရိုးရိုးလူတွေ မဟုတ်ဖူး။ ထောင်ထဲမှာ တာဝန် ထမ်းဆောင်နေရတဲ့ လူတွေ။ အကျဉ်းသားမဟုတ်ပေမယ့် ထောင်ထဲမှာချည့် အနေရများတဲ့လူတွေ။ အပြစ်တစုံတရာမရှိဘဲ အချိန်ပိုင်းနဲ့ ထောင်ကျနေရတဲ့လူတွေ။ အကျဉ်းသားတွေနဲ့လဲ အများဆုံးထိတွေ့ဆက်ဆံနေရတဲ့လူတွေ။ သည်တော့ သည်လူတွေနဲ့ အကျဉ်းသားတွေဟာ နားလည်မှု ရှိတတ်ကြပါတယ်။

ပြီးတော့လဲ ထောင်ကြပ်ဆိုတာက အနိမ့်ဆုံး လစာနည်းဝန်ထမ်း။ သည်တော့ ထုံးစံအတိုင်း မလောက်ငဲ့မပြည့်စုံကြဘူး။ ခက်တာက အလုပ်ရဲသဘာဝကလဲ မီးသတ်သမားတို့ ရဲ

အပြည့်အမောက်ထည့်ထားတဲ့ ပန်းကန် ပေးလိုက်ပါလို့ ခိုင်းတယ်။ ဟိုက် ဒုက္ခပဲ။

သံတိုင်တွေ၊ သစ်သားတန်းကြီးတွေကြားထဲက ဘယ်နှယ်လုပ်ပေးမလဲ။ သံတိုင် တတိုင်နဲ့တတိုင်၊ သစ်သားတန်းတတန်းနဲ့ တတန်းချဲကြားကလဲ လက်သီးဆုပ်လောက်သာ ကျယ်တာ။ အောက်ပိုင်းမှာကလဲ သံမံတလင်းထဲစိုက်ထားတာ။ သည်ထမင်းတွေ အမောက်ကြီးနဲ့ ထမင်းပန်းကန်ပြားကြီးကို ဘယ်လိုလုပ် အပြင်ထက် ထုတ်ပေးမလဲ။

ဒါပေမယ့် လွယ်ပါတယ်။ ပြပေးတော့လဲ၊ အော်.... ဟုတ်ပါ့ကော....လို့ ခေါင်းညိတ်ရတာပေါ့။ လွယ်ပါတယ်။ နောက်ထပ် ထမင်းပန်းကန်ပြားတချပ်နဲ့ မှောက်အုပ်လိုက်ပြီး၊ ပန်းကန်ပြား နှစ်ချပ်ပူးကို ထောင်ပေးလိုက်တာပေါ့။ တန်းကြားထဲ အမြန်ထိုးထည့်လိုက်ပြီး၊ ဟိုဘက်ရောက်ပြီဆိုတော့မှ ပြန်တည့်လိုက်တာပေါ့။ ထမင်းတစေ့မှ မဖိတ်မစင်ပါဘူး။

ဒါက ထမင်းဘဲ ရှိသေးတာ။ တခါတလေ ဆေးလိပ်။

တခါတလေကျတော့လဲ ကျန်တော်တို့မှာ ပိုနေတဲ့ဆန်ကို အကြွေးနဲ့ဝယ်တာက ရှိသေးတယ်။ တခါတလေကျတော့လဲ ကျန်တော်တို့ အသွားခိုင်း အလာခိုင်း အပေးခိုင်း အယူခိုင်း တာကို တာဝန်ကျေပွန်တဲ့အတွက်၊ ဆုချရတာလဲ ရှိတယ်။ ပေးရတာလဲ ရှိတယ်။ ချေးရတာလဲ ရှိတယ်။

ပြောပါ့ကော။ ထောင်ကြပ်ဆိုတာလဲ လူဘဲလို့။ ပြေလည်ရမှာပေါ့။ တနည်းနည်းနဲ့ ပြေလည်ရမှာပေါ့။

ဒါပေမယ့်....

တပ်သားတို့လို၊ တာဝန်ချိန်အပမှာလဲ စခန်းနဲ့ခွာလို့ရတာ မဟုတ်ဖူး။ အမြဲဘမ်း အဆင်သင့်ရှိနေကြရတာ။ သည်တော့ အပြင်အပမှာ အကြံအဖန်လုပ်ရအောင်ကလဲ မဖြစ်နိုင်ပြန်ဘူး။

သည်တော့ သူတို့လဲ ဆင်းရဲကြတယ်။ ဘယ်လောက်အထိ ဆင်းရဲသလဲဆိုရင်၊ တချို့ ညဘက်တာဝန်ကျတဲ့ ထောင်ကြပ်တွေဟာ ထောင်ထဲရောက်မှ အကျဉ်းသား မိတ်ဆွေတွေဆီက အကြံအဖန်လုပ်ပြီး သိမ်းထားပေးတဲ့ ထမင်းကို တောင်းစားကြရတယ်။ ကျန်တော်တို့ (ခ) တန်းဘက် ညတာဝန်ကျတဲ့ ထောင်ကြပ်တွေဆိုရင် များသောအားဖြင့် ညနေစာကို အိမ်က စားမလာကြဘူး။ ထောင်ထဲရောက်လို့၊ တန်းတွေလဲ ပို့တ်ပြီးပြီ၊ နည်းနည်းလဲ မှောင်စပြုလာပြီဆိုထောင့်မှ.... 'ဆရာတို့၊ ထမင်းကျွန်သေးလား'....လို့ အနားကပ် လာမေးပြီး တောင်းစားတတ်ကြတယ်။ (ခ)တန်း အဆောင်က သုံးဆောင်ဆိုတော့ တဆောင်က မရ၊ တဆောင်က ရပေါ့လေ။ တဆောင်က မကျန်။ တဆောင်က ကျန်ပေါ့။

ဖြစ်တယ်။ ဖြစ်တယ်။ သည့်အတွက်တော့ မပူနဲ့။ ရှိတာနဲ့ သာ ကျေး။ စားနိုင်တယ်။ နောက်ဆုံး ဘာဟင်းမှ မရှိလို့၊ ငှက်ပျောသီးနဲ့ဘဲ စားတော့ လို့ပြော။ တပန်းကန် အမောက်ကြီး လောက်ကတော့၊ ငှက်ပျောသီးဖီးကြမ်းတလုံးနဲ့ မြူပ်စားတာနဲ့ အဆာကလေး ကုန်နိုင်တယ်။

ကျန်တော် ရောက်စတုန်းက ကျန်တော့်ကို ပညာစမ်းကြဘူးတယ်။ အပြင်မှာရှိတဲ့ ထောင်ကြပ်ကို သည်ထမင်းတွေ

သည်တခါကတော့ ကော်တော်ကလေး ပြင်းပြင်းထန်ထန် လုပ်လိုက်တယ်။ အုတ်ရိုးတံခါးတွေကို ပိတ်ရိုးပိတ်စဉ်အတိုင်း ပိတ်တယ်။ ထောင်မှူးကြီးနဲ့ ထောင်ပိုင်ရဲ့အမိန့်အရ ဘယ်သူ့ကိုမှ ဖွင့်မပေးရဘူး။ ထောင်အာဏာပိုင်တွေကလဲလို့ ဘယ်အကျဉ်း သားကိုမှလဲ ကူးသန်းသွားလာခွင့် မပြုရဘူး။ နောက်ဆုံး ကောင်အာဏာပိုင်တွေနဲ့ တွေ့စရာ၊ တွေ့ငြင်း တင်ပြစရာပြဿနာ ရှိလို့ပါ....ဆိုရင်တောင်၊ အကျဉ်းသားကိုတော့ ခေါ်မလာရဘူး။ တံခါးကိုဖြတ်ကူးခွင့် မပြုရဘူး။ သက်ဆိုင်ရာ အစောင့်ထောင် ကြပ်ကသာ ပူးရုံးခန်းကို လာပြီး အကျိုးအကြောင်း တင်ပြ။

သည်လို တချက်လွတ် အမိန့် ထုတ်လိုက်တယ်။

ဒါဟာလဲ ထောင်ရဲ့ထုံးစံပါဘဲ။

ထောင်ထဲမှာ နည်းနည်းလှုပ်လှုပ်ရွရွ ဖြစ်လာတယ်ဆိုရင်၊ ဒါမှမဟုတ် ဖြစ်လာလိမ့်မယ်လို့ သတင်းရရင်၊ ဒါမှမဟုတ် ဖြစ်လာစရာ အကြောင်းရှိတယ်လို့ ယူဆရရင်၊ ဒါမှမဟုတ် အပြင်ဘက်မှာ နိုင်ငံရေးလှိုင်းလေ မငြိမ်မသက် ဖြစ်နေရင်.... သည်လိုဘဲ ဝက်အူရစ်ကို တင်းလိုက်တတ်တာပါဘဲ။

နောက်တော့လဲ တစတစနဲ့ ဝက်အူရစ်က ပြန်လျော့သွားရ ပြန်တာပါဘဲ။ ဒါ မဆန်းပါဘူး။

ဒါပေမယ့်....ကျွန်တော် ပြောချင်တာက သည်လို ဝက်အူရစ် တင်းထားတဲ့၊ တိုက်ပွဲပြီးခါစ တပတ်ဆယ်ရက်လောက်အတွင်း မှာကိုဘဲ၊ ဗိုလ်ငြိမ်း တယောက်ကတော့ လွတ်လပ်လို့ပါက လား။

ဘာယာတွေတောင်မှ အကြံအဖန် အလုပ်ရခက်လို့ ညည်း နေတဲ့အချိန်မျိုးမှာ....ဟောဗို့လ်ငြိမ်းတယောက် ထီးကြီးဆောင်း လို့ ပူးမကြီးရုံးခန်းဘက် ထွက်သွားပြန်ပြီ။ ဟော ပြန်လာပြန် ပြီ။ ဟော ပြန်ထွက်သွားပြန်ပြီ။

သည်ဘော့....သစ္စာဖောက်ဟာ ဘယ်သူဖြစ်ရအုံးမှာတုန်း။

ကျောင်းမှာတော့ ဆရာက ပညာကို ခွံ့ကျေးတယ်။ ယူစားတတ်အောင် သင်ပေးတယ်။ တက္ကသိုလ်ကျတော့ ဆရာဟာ ထမင်းပဲ့ကိုတောင် ပြင်မပေးတော့ဘူး။ ထမင်းဟင်းကို ချက်ရုံသာချက်ပေးတော့တယ်။ ကျောင်းသားက ကိုယ့်ဖာသာကိုယ် ခူးခပ်စားရတယ်။

သည်တော့ တက္ကသိုလ်မှာက ကိုယ့်ဖာသာကိုယ် ခူးခပ်စားတတ်လေ ဗိုက်ဝလေဘဲ။ ယူတတ်လေ ရလေဘဲ။

သည်လိုဘဲ။ ထောင်ထဲကို ရောက်ရပြီဆိုတော့၊ နိုင်ငံရေးသမားဟာ ကိုယ့်မိခင်ပါတီနဲ့ ကင်းကွာရပြီ။ မိခင်ပါတီရဲ့ ညွှန်ကြားမှုတွေနဲ့ အဆက်အသွယ် ပြတ်ကုန်ရပြီ။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်။ ကိုယ့်ဖာသာကိုယ်ဘဲ လှုပ်ရှားဆောင်ရွက်ရတော့မယ်။ ကိုယ့်ဖာသာကိုယ် လမ်းစဉ်ချ။ ကိုယ့်ဖာသာကိုယ် စည်းရုံး။ ကိုယ့်ဖာသာကိုယ် တိုက်။

သည်နေရာမှာ အရေးကြီးလာပြီ။ မှန်တာနဲ့ မမှန်တာကို ရွေးတတ်ဖို့ လိုလာပြီ။ လုပ်တတ်ဖို့ လိုလာပြီ။

သဘောတရားအမြင်က စကားပြောလာပြီ။

ကိုယ်က ဘယ်ဘက်ကလဲ။ ဆိုရှယ်လစ်ရေးဘက်က။ ဆိုရှယ်လစ်ရေးဘက်ကဆိုရင် အလုပ်သမားလူတန်းစားနဲ့ တောင်သူလယ်သမားလူတန်းစားရဲ့ အကျိုးကိုသာ ကြည့်ရမယ်။ ကိုယ့်ဆုံးဖြတ်ချက်ဟူသမျှ၊ ကိုယ့်လုပ်ရပ်ဟူသမျှဟာ သည်လူတန်းစားနှစ်ရပ်ကိုသာ အကျိုးပြုရမယ်။ သည်လူတန်းစားနှစ်ရပ်ရဲ့အကျိုးနဲ့ ဘယ်တော့မှ မဆန့်ကျင်စေရဘူး။ ဒါဟာ မဟာဗျူဟာဘဲ။ အသေအချာ တွက်ကြည့်ရမယ်။ ယထာဘူတကျကျ တွက်ကြည့်

၁၀

ခေါင်းဆောင်မှုဆိုတာ အရေးကြီးတယ်။ ခေါင်းဆောင်မှုပေးတဲ့အပိုင်းဟာ အရေးကြီးတယ်။

ခေါင်းဆောင်မှုပေးတဲ့အပိုင်းဟာ လူတန်းစားအမြင် ပြတ်သားရမယ်။ ဒါက အခြေခံအကျဆုံးနဲ့ အရေးအကြီးဆုံးဘဲ။ သည်အခြေခံပေါ်မှာ မှန်ကန်တဲ့ နိုင်ငံရေးလမ်းစဉ်ကို ချမှတ်နိုင်ရမယ်။ မှန်ကန်တဲ့ စည်းရုံးရေးလမ်းစဉ်ကို ချမှတ်နိုင်ရမယ်။ မှန်ကန်တဲ့တိုက်ပွဲလမ်းစဉ်ကို ချမှတ်နိုင်ရမယ်။

နိုင်ငံရေးလမ်းစဉ်မရှိဘဲ စည်းရုံးလို့မရဘူး။ စည်းရေး မရှိဘဲ တိုက်ပွဲ တိုက်လို့ မရဘူး။

တကယ်တော့ အကျဉ်းထောင်ဆိုတာဟာ နိုင်ငံရေးသမားအဖို့တော့ "တက္ကသိုလ်ဘဲ။ အထက်တန်းကျောင်းနဲ့ တက္ကသိုလ်ဟာ ပညာသင်ကြားပုံစနစ်ချင်း မတူဘူး။ အထက်တန်း

ရမယ်။ ဆန္ဒစုံအမြင်တွေကို ဖျောက်ပစ်ပြီး တွက်ကြည့်ရမယ်။ အဲ....မဆန့်ကျင်ဘူးဆိုရင် မှန်တယ်။ ဆန့်ကျင်တယ်ဆိုရင် မှားတယ်။ ဒါ....နိုင်ငံရေးလမ်းစဉ်နဲ့ ပတ်သက်လို့။

ဟုတ်ပြီ။ ထောင်ထဲမှာကျတော့၊ ဘယ်မလဲ အလုပ်သမားနဲ့ တောင်သူလယ်သမားလူတန်းစား။ မရှိတော့ဘူး။ ထောင်ထဲမှာ လူဘန်းစားခွဲကြည့်နေလို့လဲ မရနိုင်ဘူး။ ခွဲကြည့်နေစရာလဲ မလိုဘူး။ အားလုံးဟာ အတူတူ စားနေရတယ်။ အတူတူ နေနေရတယ်။ အတူတူ ခံစားနေရတယ်။ တနည်းခပြောရရင် ဘဝချင်း တူကြတယ်။ ခံစားချက်ချင်း တူကြတယ်။ သည်တော့ အားလုံးကို အကျဉ်းသားထု၊ လူထုလို့ဘဲ မြင်ရမယ်။

သည်မယ် အခွင့်အရေးတရပ်အနေနဲ့ အပြင်ဘက်မှာထက် သာတဲ့အချက်က အကျဉ်းသားထုရဲ့ အများစုကြီးဟာ အစိုးရကို မကျေနပ်ကြဘူး။ အစိုးရ၊ ဒါမှမဟုတ် အာဏာပိုင်တွေကို ဆန့်ကျင်တဲ့တိုက်ပွဲမှန်သမျှမှာ ပါဝင်ဘို့ အဆင်သင့် ရှိကြတယ်။

ဒါကြောင့် ထောင်ထဲမှာ လုပ်ရတဲ့ စည်းရုံးရေးဟာ အင်မတန် လွယ်တယ်။ အာဏာရပါတီအဖွဲ့အစည်းရဲ့ စည်းရုံးရေးမျိုးလိုဘဲ။ အင်အားတော့ ကောင်းပါရဲ့။ ဒါပေမယ့် အန္တရာယ်ကြီးတယ်။ အုတ်အရောရော၊ ကျောက်အရောရော ဖြစ်လာနိုင်တယ်။ အချောင်သမားတွေ ပါလာနိုင်တယ်။ ရန်သူ့သူလျှို အဖျက်သမားတွေလဲ ပါလာနိုင်တယ်။

တကယ်တန်းကတော့ ထောင်ထဲက စည်းရုံးရေးဟာ အရေအာတွက်။ အရည်အချင်း မရှိဘူး။ တနည်းပြောရရင် မခိုင်မာဘူး။ တိုက်ပွဲက အနိုင်ရနေသေးရင် သိပ်မသိသာပေမယ့်၊ ကိုယ့်

ဘက်က အရေးနိမ့်လာပြီဆိုရင်တော့ ဖရိုဖရဲ ဖြစ်ကုန်ရတတ်တယ်။ ထိန်းမနိုင် သိမ်းမရ ဖြစ်ကုန်ရတတ်တယ်။ အဖက်ဖက်မှာ စစဉ်ကလျား ဖြစ်ကုန်ရတတ်တယ်။ သူလျှိတွေ အဖျက်သမားတွေရဲ့ လှုံ့ဆော်ချက်တွေကြောင့်လဲ အချောင်သမားတွေနဲ့အတူ နိုင်ငံရေးအမာခံဆိုတဲ့ကေဒါရဲဘော်တွေဟာလဲ ဆွဲထားလို့ မရ နိုင်တော့လောက်အောင်ကို စိတ်ဓာတ်ကျကုန်တတ်ကြတယ်။

သည်တော့ တိုက်ပွဲတပွဲကို မတိုက်ခင်မှာ ပထမကိုယ့်စည်းရုံးရေးကို ကိုယ် အသေအချာ မှန်မှန်ကန်ကန် ပြန်ကြည့်တတ် မြင်တတ်ဖို့ လိုတယ်။ တိုက်ပွဲက ဘယ်လောက်ဖဲမှန်မှန်၊ တိုက်ပွဲရဲ့ ရည်ရွယ်ချက်က ဘယ်လောက်ဖဲ မှန်မြတ်မှန်မြတ်၊ အောင်ပွဲရနိုင် မရနိုင်ကိုလဲ ဆန္ဒစုံမပါဘဲ၊ ဆန္ဒမစောဘဲ ကြိုပြီး တွက်ကြည့်တတ်ဖို့လဲ လိုတယ်။

ဆိုရှယ်လစ်ရေးဘက်သားတွေဟာ အောင်ပွဲရဘို့မသေချာရင် ဘယ်တိုက်ပွဲမျိုးကိုမှ တိုက်လေ့တိုက်ထ မရှိကြဘူး။

ပြီးတော့ ဆိုရှယ်လစ်ရေးဘက်သားတွေဟာ အရှိကိုအရှိအတိုင်း၊ အမှန်ကို အမှန်အတိုင်း၊ မြင်တတ်ဖို့၊ ခံယူတတ်ဖို့ လိုတယ်။

အကျဉ်းသားထုအားလုံးဟာ တိုက်ပွဲအတွက် အဆင်သင့်ဖြစ်နေကြပြီ၊ ကြွေးကြော်သံတွေကို တယောက်မကျိန် ဟစ်အော်ကြွေးကြော်နေကြပြီ ဆိုရုံနဲ့....ကိုယ့်စည်းရုံးရေးလို့ အပိုင်တွက်လိုက်ရင် မှားနိုင်တယ်။

သည်တော့ စည်းရုံးရေးကို ခိုင်မာသထက်ခိုင်မာအောင်၊ ကျစ်လစ်သိပ်သည်းသထက် ကျစ်လစ်သိပ်သည်းအောင် လုပ်ရမယ်။

စည်းရုံးရေးလို့ ဆိုရာမှာလဲ အဆင့်နှစ်ဆင့် ရှိတယ်။ ကေဒါ စည်းရုံးရေးနဲ့ လူထုစည်းရုံးရေး။ နိုင်ငံရေးအကျဉ်းသားအားလုံးဟာ ကေဒါတွေတဲ့။ ပါတီဝင်တပ်သားတွေအားလုံးဟာ ကေဒါတွေတဲ့။ ဒါတွေရဲ့ နိုင်ငံရေးအသိနဲ့ နိုင်ငံရေးအမြင်ကို မြင့်လာသထက် မြင့်လာအောင် အမြဲမပြတ် မြှင့်တင်ပေးနေရမယ်။ ဆွေးနွေးပွဲတွေ လုပ်ရမယ်။ ဝေဖန်ပွဲတွေ လုပ်ရမယ်။ တချိန်ထဲမှာလဲ တာဝန်တွေ ပေးရမယ်။ စည်းရုံးရေး တိုးချဲ့ရမယ်။

နောက်.... လူထုစည်းရုံးရေးလို့ခေါ်တဲ့ အကျဉ်းသားထုအားလုံးကို စည်းရုံးရတဲ့ စည်းရုံးရေး။

သည်မှာတော့ တမျိုးလုပ်ရမယ်။ အကျဉ်းသားထုဆိုတာက လူတန်းစားစုံ။ အလွှာစုံ။ လူမျိုးစုံ။ အရွယ်မျိုးစုံ။ ပြီးတော့ အသိတရားကလဲ အဆင့်မျိုးစုံ။ ပညာအရည်အချင်းကလဲ အဆင့်မျိုးစုံ။ သည်တော့ သည်အကျဉ်းသားထုကို နိုင်ငံရေးအမြင်နဲ့ ချဉ်းကပ်စည်းရုံးဘို့ဆိုတာ မဖြစ်နိုင်ဘူး။

ပြီးတော့ ဆိုရှယ်လစ်ရေးဆိုတာက လူမျိုးရေးမဟုတ်ဖူး။ လူမျိုးကောင်းစားရေး မဟုတ်ဖူး။ ဒါကြောင့် လူမျိုးရေးစိတ် ဓာတ်သွင်းပေးပြီးတော့လဲ စည်းရုံးနေဘို့မလိုဘူး။ တိုက်မယ့် တိုက်ပွဲဟာ လူမျိုးရေးတိုက်ပွဲလဲ မဟုတ်ဖူး။ တိုက်မယ့် တိုက်ပွဲဟာ စီးပွားရေးစနစ်ပြောင်းလဲရေး တိုက်ပွဲ။ လူတန်းစား တိုက်ပွဲ။

အရေးကြီးတာက အကျဉ်းသားထု တရပ်လုံးဟာ တိုက်ပွဲထဲမှာ မခွဲမခွာ ပါလာဘို့လိုတယ်။ ပါလာတဲ့ နေရာမှာလဲ ဌာနတန်းက ပါလာဘို့မလိုဘူး။ နောက်တန်းက ပါလာဘို့တဲလိုတယ်။ မခွဲမခွာ ပါလာပြီး၊ တိုက်ပွဲကို မမြိတ်မသုန် ထောက်ခံနေဘို့လိုတယ်။ ယုံကြည်နေဘို့ လိုတယ်။

ဒါဖြင့် ဘယ်လိုလုပ် စည်းရုံးမလဲ။

သဘောတရားရေး အရကတော့ လွယ်ပါတယ်။

အကျဉ်းသားထုဆိုတာ ဘယ်သူလဲ။ 'သူတို့'မဟုတ်ဖူး၊ 'ငါတို့' ဆိုတာကို ပထမဆုံး ယုံကြည် လက်ခံထားဘို့ လိုတယ်။ 'သူတို့'နဲ့ 'ငါတို့'ဆိုတဲ့ ဂိုဏ်းဂဏစိတ်ကို ဖျောက်ပစ်နိုင်ရမယ်။ 'ကေဒါ'နဲ့ 'လူထု'ဆိုတဲ့ ဂိုဏ်းဂဏစိတ်ကို ဖယ်ရှားနိုင်ရမယ်။ 'နိုင်ငံရေးအကျဉ်းသား'နဲ့ 'အကျဉ်းသားထု'ဆိုတဲ့၊ ခွဲခြားပြီး မြင်တတ်ကြည့်တတ်တဲ့ စိတ်ကို သုတ်သင်နိုင်ရမယ်။ ဒါက ပထမအဆင့်။

ပြီးတော့.... ငါတို့ရဲ့ ခံစားချက်။ အကျဉ်သားထုမှာ ဘယ်လို ခံစားနေရသလဲ။ ဘာတွေ နှစ်နာဆုံးရှုံးနေရသလဲ။ ဘာတွေ လိုချင်ကြသလဲ။

အကျဉ်းသားထုရဲ့ တဘယ့်ဘဝ၊ တကယ့်နှစ်နာချက်၊ တကယ့် ခံစားချက်နဲ့ တကယ့်တောင်းဆိုချက်တွေကို သိဘို့လိုတယ်။

မသိ မရှိပါဘူး။ သိကြပါတယ်။

သိရင်.... အကျဉ်းသားထုရဲ့ ပြဿနာကို ဖြေရှင်းပေးရမယ်။ ရဲရဲဝံ့ဝံ့ ရင်ဆိုင်ဖြေရှင်းပေးရမယ်။

ထောင်ထဲမှာကတော့ နေရေးကလဲ အရေးမကြီးလှပါဘူး။ ဝတ်ရေးကလဲ အရေးမကြီးလှပါဘူး။ အဓိက အကျဆုံးကတော့ စားရေးသောက်ရေး တခုတဲ့။

သည် စားရေး သောက်ရေးနဲ့ ပတ်သက်လို့က.... အကြီး အကျယ် ခေါင်းပုံဖြတ် ခံနေရတယ်။

စာအုပ်ကြီးထဲကအတိုင်း အပြစ်ပေးခံရတယ်။ စာအုပ်ကြီးထဲကအတိုင်း အဖိန့်ပ်အချုပ်ချယ် ခံရတယ်။ စာအုပ်ကြီးထဲက အတိုင်း လူမှုအခွင့်အရေးတွေ အဆုံးရှုံး အနစ်နာခံရတယ်။ဒါပေမယ့်.... စာအုပ်ကြီးထဲကအတိုင်း မစားရဘူး။ စာအုပ်ကြီးထဲက ပြဋ္ဌာန်းခွင့်ပြုထားတဲ့အတိုင်း အပြည့်အဝ မစားသောက်ရဘူး။

နိုင်ငံရေးစကားနဲ့ လှည့်ပြောရရင်တော့ အခြေခံ အကျဆုံး ဖြစ်တဲ့ စီးပွားရေးပြဿနာ မဖြေလည်ဘူး ဆိုပါတော့။

သည်တော့ သည်စားရေးသောက်ရေး ပြဿနာကို ဖြေရှင်း ပေးရမယ်။ စီးပွားရေး ပြဿနာ ပြေလည်နေရင် လူထုက ကိုယ်နဲ့မခဲမခွာ ရှိနေမှာတဲ့။ သည်စားရေးသောက်ရေး ပြဿနာ ပြေလည်နေရင် အကျဉ်းသားထုက နောက်ပိုင်းက အားပေး နေမှာတဲ့။ ကိုယ်လုပ်သမျှ လုပ်ရပ်တွေ အပေါ်မှာလဲ ယုံကြည် နေမှာတဲ့။

သည်နည်းနဲ့ အကျဉ်းသားထုကို စည်းရုံးရမယ်။

အကျဉ်းသားထုကို ကေဒါရဲ့ဘော် စည်းရုံးသလို တယောက် ချင်း စည်းရုံးနေဘို့ မလိုဘူး။ စည်းရုံးလို့လဲ မဖြစ်နိုင်ဘူး။

အကျဉ်းသားထု တရပ်လုံးဟာလဲ ဘယ်တော့မှ ကေဒါတွေ ဖြစ်မလာနိုင်ဘူး။ သည်တော့ သည်နည်းနဲ့ စည်းရုံးရမယ်။

သည်နည်းဟာ စီးပွားရေးလမ်းစဉ်နဲ့ တိုက်ရိုက် ဆက်နွယ် နေတဲ့ စည်းရုံးရေး လမ်းစဉ်ဖြစ်တယ်။

ဒါဟာ သူ့အကျိုး ကိုယ့်အကျိုး။ သူ့အတွက် ဆိုရင်လဲ ဟုတ်တယ်။ ကိုယ့်အတွက် ဆိုရင်လဲ ဟုတ်တယ်။ ဒါပေမယ့် အားလုံးအတွက်လို့ မြင်ရမယ်။

ထောင်ထဲက နိုင်ငံရေးခေါင်းဆောင်မှု ပေးနေတဲ့အပိုင်း ဟာ ဒါကိုမြင်တယ်။ ကြိုးမြင်တယ်။

ပြီးတော့ စစ်ရေးလို့ခေါ်တဲ့ တိုက်ပွဲလမ်းစဉ် ချမှတ်တဲ့နေရာ မှာလဲ ပညာပြည့်ဝတယ်။ တိုက်ပွဲ အတွေ့အကြုံ များခဲ့ကြတယ် ထင်ပါရဲ့။ အဆင့် လေးဆင့်နဲ့ တိုက်တယ်။ တဆင့်ပြီး တဆင့် တိုက်တယ်။ ဆင့်ကဲ ဆင့်ကဲ တိုက်တယ်။

နောက်ဆုံးတော့ အောင်ပွဲ ဆင်နိုင်ခဲ့တဲ့အထိ။

ဒါပေမယ့်.... အခု သူတို့ မရှိကြတော့ဘူး။ ခေါင်းဆောင်မှု ပေးတဲ့အပိုင်းကို အဖြို့ခွဲခံလိုက်ရပြီ။

မိတ်ဆွေ တထောင် တသောင်းရှိတယ်ဆိုရင် နည်းသေးတယ်။ ရန်သူ တယောက်ရှိတယ်ဆိုရင် များလှပြီ....လို့ဆိုတဲ့ သိုးဆောင်း စကားပုံဟာ သိပ်မှန်တယ်။ အခု သစ္စာဖောက် တယောက် ကြောင့် ခေါင်းဆောင်မှုအပိုင်းဟာ အဖြို့ခွင်း ခံလိုက်ကြရပြီ။

ဟုတ်တာပေါ့။ ရန်သူကိုလဲ ဘယိအထင်သေးလို့ ရမလဲ။

ရန်သူကလဲ ဆင့်ကဲ ဆင့်ကဲ အမိန့်တွေ ထုတ်လာတယ်။ ဖိနှိပ်ချုပ်ချယ်မှုတွေ တဆင့်ပြီးတဆင့် ထပ်ထပ် တိုးလာတယ်။ ဝက်အူရစ်တွေ တရစ်ပြီးတရစ် ထပ်ထပ် တင်းလာတယ်။ ရန်သူဟာ အာဏာပိုင်ဘဲ။ အာဏာပြပွဲကြီး ခင်းကျင်းတော့တာပေါ့။

ကျွန်တော်တို့ တိုက်ပိတ် ခံကြရတယ်။

ကျွန်တော်တို့ အဆောင်က ဗိုလ်အေးထွန်းနဲ့ ဗိုလ်စိန်မင်း ထောင်ပြောင်း ခံလိုက်ကြရပြီ။ သူတို့မရှိကြတော့ဘူး။ ပြီးတော့ ကွမ်းအစ်ကြီးရယ်၊ ခင်မောင်အုံးရယ်၊ ကျွန်တော်ရယ် တိုက်ပိတ် ခံရတယ်။

အဲ.... တိုက်ပိတ်မခံရခင်၊ တိုက်ပိတ် ခံရတို့ ဖြစ်လာတဲ့ အကြောင်းကလဲ အတော် ရယ်စရာကောင်းတယ်။

တနေ့မှာ ထောင်လွှန်တယ်။ မနက် ဆယ်နာရီခွဲလောက်။ ကျွန်တော်တို့ ထမင်းစားပြီးစ။

ထောင်လွှန်တယ်၊ ဥဩတွေဆွဲတယ်၊ သံချောင်းတွေ ခေါက်တယ်ဆိုရင်ဘဲ ထောင်ထဲမှာတော့ ထုံးစံအတိုင်းပေါ့။ အလုပ်ကလဲ နားထားချိန်နဲ့ တိုက်ဆိုင်နေတယ်လေ။ သည်တော့ အကျဉ်းသားတွေ ပြေးကြ လွှားကြပေါ့။ ပြေးကြ လွှားကြဆိုတာက ကိုယ့်အဆောင်ကိုယ်၊ ကိုယ့်နေရာကိုယ် အရောက်ပြန်ပြေးကြတာပါ။

ဒါပေမယ့် မရဘူး။ ဗူးမကြီးပေါ်က မျှော်စင်က ထင်မြဲ့။ သေနတ်သံတွေ ထွက်လာတယ်။ ပစ်ကုန်ပြီ ခတ်ကုန်ပြီပေါ့။

ထောင် ဘာများဖြစ်ပါလိမ့်။ ဘာဖြစ်လို့ပါလိမ့်။ ဥမင်လှိုက် ခေါင်းတူးပြီး ထောင်ဖောက် ထွက်ပြေးဘို့ ကြိုးစားထားတာကိုများ တွေ့သွားကြလို့လား။ ဒါမှမဟုတ်.... ဘယ်နေရာမှာ အကျဉ်းသားနဲ့ ထောင်ကြပ်နဲ့ ရိုက်ပုံဖြစ်လို့လဲ။ စိတ်ထဲမှာ ပူသွားမိကြတယ်။

မကြာပါဘူး။ ငါးမိနစ်တောင် မကြာလိုက်ပါဘူး။ ကျွန်တော်တို့ဘက်ကိုလဲ ထောင်အာဏာပိုင်တချို့နဲ့ ရဲတပ်ဖွဲ့ဝင်တွေ ငါးဆယ်လောက် ရောက်လာတယ်။

ရောက်လာပုံ ရောက်လာနည်းကလဲ သိပ်ရယ်ရတယ်။ ရိုးရိုးတန်းတန်း ဝင်လာတာလဲ မဟုတ်ဖူး။ တန်းစီချီတက်ပြီး ဝင်လာတာလဲ မဟုတ်ဖူး။ စစ်တိုက်သလိုဘဲ။ တခါထဲ အထဲဝင်ပြီး အိပ်ဆောင်ပတ်ပတ်လည်ကို ဝိုင်းလိုက်တယ်။ ပြီးတော့ သေနတ်တွေနဲ့ ချိန်ထားတယ်။

ထောင်ဆိုတာက သိကြတဲ့အတိုင်း လက်နက်မပြောနဲ့။ အပ်တိုတချောင်းတောင်မှ ရှိရတာ၊ ကိုင်ရတာ မဟုတ်ဖူးမဟုတ်လား။ အဲ....မုသားပါရော့မယ်။ အဝတ်စုတ်ချုပ်ဖို့ အပ်တချောင်းတော့ ရှိပါတယ်။

ပြီးတော့လဲ ကြက်သွန်သင်တို့ စည်ပတ်သံပြားကို သွေးထာတဲ့ ဒါးတချောင်းတော့ မီးဖိုထဲမှာ ရှိလေရဲ့။

အဲဒါကို တပ်နဲ့ချီပြီး ဝိုင်းကြတယ်။ သေနတ်တွေ အလက်စ်ဆယ်လောက်နဲ့ ချိန်လို့။

အဆောင်ထဲကိုတော့ ထောင်မှူးထောင်ပိုင်နဲ့ ရဲအရာရှိတချို့ ဝင်လာတယ်။

အဆောင်ကို ရှာချင်တယ်တဲ့။

ရှာပေါ့။ ကန့်ကွက်စရာ မရှိပါဘူး။ ကန့်ကွက်လို့လဲ မရပါဘူး။ သူပိုင်တာဘဲ။ ကျွန်တော်တို့က သူတို့လက်ခုပ်ထဲက ရေဘဲ။ အကျဉ်းသားဘဲ။

ရှာကြ ဖွေကြတယ်။

ဒါပေမယ့် ကျွန်တော်တို့ အတော်သည်းခံကြရတယ်။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး၊ အံကို ကြိတ်ထားရတဲ့အထိ သည်းခံကြရတယ်။

ကြည့်အုံးလေ....။ ထောင်ထဲမှာ လက်နက်တွေ ရှိနေတယ် သတင်းရလို့တဲ့။ ဒုက္ခ။

ဖြစ်နိုင်ပါ့မလား။ ဘယ်သူက သွင်းလာမှာလဲ။ ဘယ်လိုလုပ် သွင်းလာမှာလဲ။ ထောင်ထဲကို လူတယောက်ဝင်တော့မယ်ဆိုရင်၊ အကျဉ်းသားဘဲဖြစ်ဖြစ်၊ တာဝန်ကျ ထောင်ဝန်ထမ်းဘဲဖြစ်ဖြစ်၊ ဘယ်သူဖြစ်ဖြစ်ကို 'တလာစီ'တာဘဲ။ ခြေဆုံးခေါင်းဆုံး စမ်းကြည့်နှိုက်ကြည့် လှန်ကြည့် ချွတ်ကြည့် လုပ်တာဘဲ။

ပြီးတော့လဲ ပေါင်မုံကလေး သွင်းတာတောင်၊ ပေါင်မုံထဲမှာ ဒါးတို့ လှံတို့ ထည့်ဖုတ်ပြီး သွင်းမှာစိုးလို့....ပေါင်မုံကို လှီးကြည့်ကြသေးတာဘဲ။ ထောင်ဝင်စာ ငပိကြော်တို့ သရက်သီး ဆီစိမ်တို့ ပေးမယ်ဆိုရင်လဲ ဘယ်မှာပုလင်းနဲ့ပေးခွင့်ရလို့လဲ။ ပုလင်းဟာ ခွဲလိုက်ရင် လက်နက်ဖြစ်လာနိုင်တယ်တဲ့။ အို....စုံလို့။

စုံလို့။ သူတို့ မထင်ရင် မထင်သလို၊ ထင်ရင် ထင်သလို၊ စစ်ဆေးကြတာဘဲ။

နောက်ဆုံး သူတို့လုပ်ချင်ရင် စီးကရက်ဗူး သွင်းတာကအစ၊ စက္ကူပတ်ကို ခွာပြရသေးတာဘဲ။ စက္ကူပတ်မှာ စာရေးထားမှာ စိုးလို့တဲ့။ ဖောင်တိန်ဆိုရင်လဲ သွင်းခွင့်မပြု။ ဘောလ်ပင်ဆိုရင်လဲ ဖွင့်ကြည့်သေးတာ။ အထဲမှာ အပြင်နဲ့အဆက်အသွယ်လုပ်တဲ့ စာကို လိပ်ပြီးထည့်လာမှာ စိုးလို့တဲ့။

ကျွန်တော်တို့အတွက်ပေးတဲ့ ဆီသွတ်ဗူးရိက္ခာတွေဆိုရင်လဲ.... စားလို့ကုန်ရင် အခွံကို စားရင်းနဲ့ ပြန်အပ်ကြရတာ။ စည်သွတ်ဗူးခွံဟာ ဖြန့်လိုက်ရင် လှဖြစ်နိုင်တယ်တဲ့။ တနေ့နည်းနည်း၊ တနေ့နည်းနည်းနဲ့ သစ်သားတန်းကို ဖြတ်ပစ်နိုင်တယ်တဲ့။

ထောင်ထဲမှာလဲ သိတဲ့အတိုင်း နေ့စဉ်နေ့တိုင်း တနေ့နှစ်ခါ 'တလာစီ'တာဘဲ။ ထောင်ထဲက သံတိုင်တိုင်း သံတိုင်တိုင်းကို တတိုင်မှ မကျန်အောင်၊ ထောင်ထဲက သစ်သားတန်းတိုင်းကိုလဲ တတန်းမှ မကျန်အောင်....နေ့စဉ် တနေ့နှစ်ကြိမ် သံဒုတ်တို့နဲ့ ရိုက်ကြည့်၊ သစ်သားဒုတ်နဲ့ ဆောင့်ထိုးကြည့်၊ လုပ်နေတာဘဲ။ သံတိုင်ကို သံဒုတ်တို့နဲ့ ရိုက်ကြည့်တဲ့အခါ....သံတိုင်တိုင်းက အသံတသံထဲ မြည်ရမယ်လေ။ အသံတွေဟာ ညီနေရမယ်။ အသံချင်း မတူတာနဲ့တပြိုင်နက် သည်သံတိုင်ကို အသေအချာ အထက်အောက် စစ်ဆေးကြည့်တာဘဲ။ ဖြတ်ထားလို့လား။ ချိုးထားလို့လား။

သည်လို တင်းတင်းကြပ်ကြပ် စစ်ဆေးနေကျဖြစ်တဲ့အထဲက လက်နက်ကို ဘယ်နှယ်လုပ် သွင်းမလဲ။ ဘယ်သူကကော သွင်း

လာရဲမလဲ။ သွင်းလာပေးရဲမလဲ။ ဘယ်သူကကော မိုက်မိုက်ကန်းကန်း ကြံစည်ပါ့မလဲ။ မဖြစ်နိုင်တာကို။

ကဲ သွင်းတယ်ဘဲ ထားပါတော့။ ဘာလုပ်ဖို့လဲ။ ဘာလုပ်မှာလဲ။ ထောင်အာဏာပိုင်တွေမှာက နည်းတဲ့ လက်နက်ကိုင်အစောင့်တွေလား။ နည်းတဲ့ လက်နက်တွေလား။

ဒါပေမယ့်.... လက်နက်ရှိတယ် အတိအကျ သတင်းရလို့ တဲ့ဗျာ။ ရှာကြဖွေကြတယ်။

ခေါင်းအုံးတွေကို ခွဲဖျက်ပြီး ရှာကြတယ်။ မွေ့ယာတွေကိုလဲ မြေကြီးပေါ်မှာ ဖြန့်ချပြီး ခြေထောက်နဲ့ နေရာစေ့ တက်နင်းပြီး ရှာကြတယ်။ သင်္ဘူးရဲ့ အလှဒန့်လှာကိုတောင် ခွာပြီး ရှာတဲ့လူကလဲ ရှာသေးတယ်။ သက်သက်မဲ့ ပျက်စီးရာ ပျက်စီးကြောင်း။

အဲ....တယ်မှာမှ ရှာလို့မတွေ့တော့၊ ကျွန်တော်တို့ရဲ့ ကန့်ဇွန်းခင်း ရေကူးကန်ကို မျက်စောင်းထိုးကြတယ်။ ရေကလဲ အဲသည် အချိန်တုန်းက ခြေမျက်စိသာသာ ရှိသေးတယ်လေ။ နွေလယ် မရောက်သေးလို့ မခန်းခြောက်သေးဘူး။ ဆည်တော့ ရဲတပ်သားနှစ်ယောက်ကို ကန်ထဲ အဆင်းခိုင်းတယ်။ ကန့်ဇွန်းပင်တွေ အားလုံးကို အပေါ် ဆွဲတင်ခိုင်းတယ်။ ပြီးတော့ ရေထဲခွံ့ထဲ လျှောက်နင်းကြည့်ခိုင်းတယ်။

လက်နက်တော့ မတွေ့ဘူး။ လက်ပစ်ဗုံးလဲ မတွေ့ပါဘူး။ ဒါပေမယ့် လက်ပစ်ဗုံး ထင်တယ်ဆိုပြီး ရဲတပ်သားတယောက်က ခွံ့နှစ်တွေထဲက ဆယ်ယူလိုက်တော့၊ ခြေနင်းတဖက်ဖြစ်နေတယ်။

သည်မှာ ကျွန်တော်နဲ့ ခင်မောင်အုံးက ကိုယ့်ကိစ္စနဲ့ ကိုယ် သဘောကျပြီး၊ အော်ကြီးဟစ်ကျယ် ရယ်လိုက်မိကြတယ်။

ဘာရယ်တာလဲ....တဲ့။ ကျွန်တော်တို့ကို ရဲအရာရှိက လှမ်းဟောက်တယ်။ သူတို့ကို သရော်တယ်ထင်လို့ ထင်ပါရဲ့။ သည်မှာ ထောင်မှူးကြီး လုပ်တဲ့လူကလဲ.... မင်းတို့ သွားကြစမ်း....ဆိုပြီး နှင်လွှတ်တယ်။

ဟုတ်တယ်။ ကျွန်တော်တို့ နှစ်ယောက်မှာ အပြစ်ရှိပါတယ်။ ရယ်မိကြတာကို။

အဲသည်တော့ တိုက်ပိတ်ခံခဲ့ကြရတယ်။

ဒါက ကျွန်တော်တို့နှစ်ယောက်။ ရွှေဘိုသူကြီး ကွမ်းအစ်ကြီး ကျတော့ တမျိုး။

အဲသည်လို ရှာကြ ဖွေကြတော့၊ သည်လူကြီးရဲ့ အိပ်ရာ အောက်က ဗလာစာရွက်ခေါက်ကလေးနဲ့ မှတ်ထားတဲ့ လက်နက်စာရင်းတခု သွားတွေ့တယ်။ ဟာ....ဘာပြောကောင်းမလဲ။ ဝမ်းသာအားရနဲ့ သူတို့အချင်းချင်း ဟိုပြ သည်ပြ။

ပြီးတော့ ကွမ်းအစ်ကြီးကို မေးတော့ မြန်းတော့တာပါဘဲ။ ကွမ်းအစ်ကြီးကလဲ ပြုံးပြီး ဖြေတယ်။ သတင်းစာတွေထဲမှာ ပါလာတဲ့ တိုက်ပွဲသတင်းတွေထဲက.... သူပုန်ဘက်က ရသွားတဲ့ လက်နက်စာရင်းကို မှတ်ထားတာပါ....တဲ့။

မရဘူး။ မကျေနပ်ဘူး။ ကွမ်းအစ်ကြီးကို ခေါ်ထုတ်သွားတယ်။ အပြင်ကို ခေါ်ထုတ်သွားတာ။ ဗူးရုံးခန်းမှာ တနေကုန် စစ်တာ။ ပြီးတော့ ညနေဘက်မှာ တိုက်ထဲ ဆောက်လာတာဘဲ။

တယောက်တခန်း။ တိုက်အမှတ် ၂။ အခန်းအမှတ် ၆၊၇၊၈။

ထောင်ထဲမှာ တိုက် ၄ တိုက်ရှိတယ်။

တိုက်ဆိုတာက တိုက်တန်းလျား။ အခန်း ၁၀ ခန်းကနေ ၁၅ ခန်းအထိ ရှိတတ်တယ်။ လေးဘက်လေးတန် အလုံအပိတ်။ ကောင်းတင်ကိုလဲ မမြင်ရဘူး။ အပြင်ဘက်ကိုလဲ မမြင်ရဘူး။ အကျဉ်းသား အချင်းချင်းလဲ မမြင်မတွေ့ရဘူး။ အဲ....ဝင်ပေါက်တပေါက်တော့ ရှိတယ်။ သံတိုင်တံခါးနဲ့။ အမြဲတမ်း သော့ခတ်ထားတယ်။ နေ့လဲ ဖွင့်မပေးဘူး။ ည လဲ ဖွင့်မပေးဘူး။ အထဲထဲမှာ မီးပွင့်လဲ မရှိဘူး။ ပြီးတော့ အမြဲတမ်း စိုထိုင်းထိုင်းနဲ့။ အနံ့အသက်ကလဲ ညီစို့စို့ကြီး။ သည်အထဲမှာဘဲ ထမင်းစား။ သည်အထဲမှာဘဲ ချေးပါ။ သည်အထဲမှာဘဲ သေးပေါက်။ ချေးပါတို့ သေးပေါက်ဖို့က စဉ့်အင်တုံတလုံး ပေးထားတယ်။ တထောင့်မှာ။ နောက်တထောင့်မှာက အဖုံးမရှိတဲ့ သောက်ရေအိုးတလုံးနဲ့ ဒန်ခွက်တခွက်။

ကျွန်တော်တို့ ရောက်တော့၊ အကျဉ်းထောင်ထဲက အိုးအိမ်အဖွဲ့မှာလဲ အခက်အခဲတွေနဲ့။ လူတွေက ပြည့်နေပြီ။ တိုက်ခန်းလွတ် သိပ်မရှိတော့ဘူး။ တချို့ဆိုရင် ဆေးရုံဝိုင်းထဲက ကိုယ်ရေပြား ရောဂါသယ်တွေကို ထားတဲ့ တိုက်မှာတောင် သွားနေရသတဲ့။

ဘယ်လိုဘဲဖြစ်ဖြစ်လေ....ကျွန်တော်တို့အဖို့ကတော့ အပြင်မှာသာဆိုရင် သိပ်ကြားနိုင်တာပေါ့။ ငါတို့က တိုက်နဲ့နေတာဆိုပြီး။

ဒါပေမယ့်.... သည် အရေးအခင်းမှာလဲ စဉ်းစားစရာတခု ရလာခဲ့ကြတယ်။ အဖြေတခု ထပ်တွေ့လာကြတယ်။

ဘာလဲဆိုတော့၊ ဒုတိယတန်းနဲ့ တတိယတန်း ခေါင်းဆောင်ယ်တွေအားလုံး တိုက်ထဲရောက်ကုန်ကြပြီ။ အပြင်မှာ တယောက်မှ မကျန်ရစ်တော့ဘူး။ နာမယ်ကြီးရက်နဲ့ ကျန်ရစ်တာဆိုလို့ တယောက်ဖဲ့ ရှိတော့တယ်။ သူကတော့ ဗိုလ်ငြိမ်းဘဲ။

ဗိုလ်ငြိမ်းတော့ ဘာ့ကြောင့် ကျန်နေရစ်သလဲ။

မှန်တယ်။ တထောင်လုံးဟာ ထိတ်လန့်တုန်လှုပ်သွားကြတယ်။

ပြီးတော့လဲ ခုကြည့်။ ဘယ်သူမှ မလှုပ်ရဲကြတော့ဘူး။ ကျွန်တော်တို့ကို မတရားတိုက်ပိတ်ထားမှန်း သိကြပေမယ့်၊ နောက်က ဘယ်သူမှ မလှုပ်ရဲကြတော့ဘူး။ လှုပ်ရင်လဲ လှုပ်တာနဲ့ တပြိုင်နက်၊ တိုက်ထဲ ဖမ်းဆည့်လိုက်အုံးမှာဘဲ။

ကိစ္စမရှိပါဘူး။

အဖျားကိုင်းကလေးထွေ အခုတ်ခံရတာပါ။ အရွက်တွေ အချေခံရတာပါ။ ပင်စည်ကြီး ဘာမှ မဖြစ်ပါဘူး။ အမြစ်ကနေစပြီး သစ်ပင်ကြီး လဲသွားဘာ မဟုတ်ပါဘူး။

ကိုယ့်ကိုယ်ကိုလဲ အားပေးပါတယ်။ ၁၃၂ ပေါင်ကနေ ၁၁၀ ပေါင်အထိ၊ ကိုယ်အလေးချိန် ၁၄ ပေါင်ကျသွားပေမယ့်၊ ကျန်းမာရေး အခြေအနေ ကောင်းပါတယ်။ ကိုယ့်ကိုယ်ကို ကျန်းမာအောင်လဲ ဂရုစိုက်ပါတယ်။

တနေ့တော့ လွတ်ရအုံးမှာပေါ့။ လွတ်ရမယ့်နေ့မှာ အသက်ရှင်နေဘို့သာ အရေးကြီးပါတယ်။

ဒါပေမယ့် တိုက်သက်တမ်း ၄၁ ရက်တိတိ ပြည့်တဲ့နေ့မှာ မမျှော်လင့်ဘဲ ထောင်ဆူလာပြန်တယ်။

အိပ်ဆောင် အမှတ် ၅ ကစပြီး၊ ကြွေးကြော်ကြတယ်။ ကျွန်တော်တို့ အားလုံးကို လွတ်ပေးရမယ်တဲ့။

ကျွန်တော်တို့ တိုက်ပိတ်ခံရတာ တလကျော်သွားပြီ။

အမှန်တော့ မတရားသက်သက် တိုက်ပိတ်ခံရတာဆိုတာ ကျွန်တော်တို့ သိပါတယ်။ တိုက်ပွဲကို အကြောင်းပြုပြီး ပိတ်တာပါ။ ဒါကို လက်နက်ရှိတယ်လို့ သတင်းရတယ်လေး ဘာလေးနဲ့ သက်သက်မဲ့ ကလိန်ဉာဏ်ဆင်တာ။ တချိန်ထဲမှာလဲ အင်အားပြပြီး ခြိမ်းခြောက်လိုက်တာ။

ကြည့်လေ။ ထောင်လှန်တယ်။ ငါးမိနစ်အတွင်း ရဲသပ်ဖွဲကြီး ရောက်လာတယ်။ လက်နက်ကိုင် အင်အားချည့် ငါးရာကျော် ခြောက်ရာနီးပါး ပါလာတယ်။ စုစုပေါင်း အင်အား တထောင် ရှိတယ်တဲ့။ တထောင်လုံးကို မေ့နှောက်တယ်။

ဆန္ဒမပြပါဘူး။ ထောင်စည်းကမ်း တွေကိုလဲ မဖောက်ဖျက်ကြပါဘူး။ နေ့ခင်းဘက်မှာလဲ ခါတိုင်းလိုဘဲ အလုပ်ခွင်ဝင်ကြပါတယ်။ ကောင်းကောင်းလဲ စားကြပါတယ်။ ကောင်းကောင်းလဲ နေကြပါတယ်။ ကောင်းကောင်းလဲ အိပ်ကြပါတယ်။ ဒါပေမယ့် ညဘက် ညဘက် ကျရင်တော့၊ ဂ နာရီလောက်ကစပြီး ၁၂ နာရီလောက်အထိ အိပ်ဆောင်တွေဟာ သူ့အလှည့်နဲ့သူ ကြွေးကြော်နေကြတယ်။

ခေါင်းဆောင် ဘယ်သူလဲ။ ဘယ်သူတွေလဲ။

ခုတ်လိုက် ခွဲလိုက်ပေမယ့်၊ အညွှန့်တွေ အတက်တွေ ပြန့်ထွက်လာပြီလေ။ ကျွန်တော်တို့ ဝမ်းသာရဘိခြင်း။

ပြောရအုံးမယ်။ အဆောင်အမှတ် ၅ ဆိုတာက နာမယ်ကြီး။ (ခ)တန်းဘက်မှာ ကျွန်တော်တို့ အဆောင်ကို အဆောင်နီလို့ အခေါ်ခံရသလို၊ ရိုးရိုးတန်းဘက်မှာလဲ အမှတ် ၅ အဆောင်က ရဲရဲတောက်အဆောင်။ နှစ်ကြိုးသမား နိုင်ငံရေး အကျဉ်းသား အမျှားဆုံးအဆောင်။

ပုဒ်မ ၅ အဆောင်က မစဘဲ၊ အဆောင် ၅ က စသတဲ့။ တယ်လဲ ဟုတ်ပါလား။ ကိုမြသိန်းတို့ ဘရင်းမောင်မောင်တို့ဘဲ ဖြစ်ရမယ်။

ကိုမြသိန်းဆိုတာက ဗမာပြည် ကွန်မြူနစ်ပါတီက သာမန်တပ်ခွဲမှူးအဆင့်။ တိုက်ပွဲမှာ ဒဏ်ရာနဲ့မိလာတဲ့လူ။ နောက်စေ့ကနေ ပစ်သတ်တာ၊ မသေဘဲနဲ့ အလောင်းအဖြစ်နဲ့ ရဲစခန်းအထိ ရောက်လာတဲ့လူ။ ဆေးရုံပေါ်မှာချည့် တနှစ်လောက် တက်နေခဲ့ရတဲ့လူ။

နောက်စေ့ကို ပြောင်းဝန့်တော့ပြီး မောင်းကိုဖြုတ်လိုက်တော့၊ သေနတ်က ခါသွားတယ် ထင်ပါရဲ့။ အာရုံကြောကို မထိဘဲ ကျည်ဆံက ဘယ်ဘက်ပါးကနေ ပေါက်ထွက်သွားသတဲ့။ သွားတွေ သွားဖုံးတွေတော့ စုတ်ပြတ်သွားဘာပေါ့။ ပြီးတော့ ခါးမှာ မှန်တဲ့သေနတ်ဒဏ်ရာကလဲ အထဲထဲမှာ ဘာကိုမှ မထိဘူးတဲ့။ အူကိုဘဲ နည်းနည်းထိလို့ ခွဲစိပ်ပြီး ဖြတ်ကုလိုက်တယ်တဲ့။

အဲသည်ကိုမြသိန်းက လက်နက်မှု၊ မတရားသင်းပုဒ်မ၊ လူသတ်မှု၊ ငွေတိုက်ဖောက်မှု၊ မီးရှို့မှု၊ အို....အမှုပေါင်း ခုနစ်မှုနဲ့ ထောင်တသက်တကျန်း ကျနေတဲ့လူ။

ဘရင်းမောင်မောင်ဆိုတာကတော့ ပြည်သူ့ရဲဘော်ပါတီက။ သူလဲ တိုက်ခိုက်ရေးသမား။ ဒါပေမယ့် တာဝန်အရ မြို့ပေါ်တက်လာပြီး၊ ခဲယမ်းမီးကျောက် စုဆောင်းဘို့ စောင့်အနေမှာ လက်နက်တွေနဲ့အတူ ဘုန်းကြီးကျောင်းထဲမှာ မိတာ။ သူကတော့ ပုဒ်မ နှစ်ခုထဲ။ ဒါပေမယ့် သူလဲ တသက်တကျန်း။

အဆောင်အမှတ် ၅ ကလဲ ကုန်ပြီလေ။ ထောင်ပြောင်းခံရတဲ့အထဲမှာချည့် ဆယ့်သုံးယောက်။ အခုတိုက်ထဲမှာက လေးယောက်။ ဘယ် ကျန်တော့လို့လဲ။ သုံးလေးယောက်ဖဲ့ မျက်စိလည်ပြီး ကျန်နေရစ်ခဲ့တာ။ တော်သေးရဲ့။ သူတို့ ကျန်ရစ်ခဲ့ပေလို့။

ဒါပေမယ့် မကြာပါဘူး။ သုံးညဘဲ ကြွေးကြော်လိုက်ရတယ်။ သူတို့နှစ်ယောက်ပါနဲ့ ပေါင်းရှစ်ယောက်၊ တို့ကထဲ

ရောက်ကုန်ကြပြန်ရော။ အဲ....ကျွန်တော်တို့ သုံးယောက်ကိုတော့ အဆောင်ပြန်ပို့လိုက်ပါရဲ့။

ကျွန်တော်တို့ အဆောင်ကို ပြန်ရောက်တော့၊ အဆောင်မှာ ည့်သည်တယောက် အသစ်ရောက်နေတယ်။

ဗိုလ်စောလင်း တဲ့။ အလံနီကွန်မြူနစ်ပါတီက။ ဗဟိုကော်မီတီ....တဲ့။ လာပြန်ပြီ၊ ဗဟိုကော်မီတီတယောက်။

အလံနီကွန်မြူနစ်ပါတီကတော့ ဗဟိုကော်မီတီဝင်တွေ သိပ်များတယ်။ ခဏခဏလဲ အပြောင်းအလဲတွေ လုပ်ဘတ်တယ်။ ဒါ့ကြောင့် မှတ်တောင် မမှတ်မိနိုင်တော့ဘူး။

ဟုတ်မှာပါဘဲ။

အဲ့ဒည်တုန်းက ဌာနချုပ်ကိုအသွား၊ ပျဉ်းမနားဘူတာမှာ မိတာတဲ့။ လက်နက် မမိဘူး။ စာရွက်စာတမ်းတွေတဲ့ မိတယ် ပြောတယ်။

ကျွန်တော်တို့နဲ့တွေ့တဲ့အချိန်မှာ ဘာပုဒ်မမှ မတပ်ရသေးဘူး။ ပုဒ်မ ၅ နဲ့တဲ့ ယာယီ ဆဲထားတယ် ထင်တယ်။ အဲဒည်တုန်းက တော့....ပုဒ်မ ၅ ဆိုရင်ပြီးတာဘဲ။ ဘာပုဒ်မမှ မတပ်ဖဲ့၊ ဘယ် ရုံးကိုမှ တင်ပြီးတရားမစွဲဘဲ၊ လူတခဲယောက်ကို နှစ်နဲ့ချီပြီး ချုပ်ထားတတ်တာဘဲ။ ချုပ်ထားနိုင်တာဘဲ။

ကျွန်တော်တို့ ပြန်လွတ်လာတော့ ဗိုလ်စောလင်းက ဂုဏ်ပြုတယ်။ အဲ....အလေးနဲ့ ပြုတယ်။ ချီးကျူးတယ်။ ကျွန်တော်တို့

ကလဲ သူနဲ့တွေ့ရတာကို သိပ်ဝမ်းသာတယ်။ အထူးသဖြင့် ဒည် အချိန်မှာ သူ့လိုလူမျိုးဟာ သိပ်လိုအပ်နေတယ် ဆိုပါတော့။

သိပြီးပါပြီ။ အဆောင်မှာကျန်ရစ်ခဲ့တဲ့လူတွေက ပြောပြလို့၊ ထောင့်အခြေအနေ၊ ထောင့်အကြောင်းကအစ.... နောက်ဆုံး ဗိုလ်ငြိမ်းရဲ့အကြောင်းအထိ၊ သူ သိပြီးနေပါပြီ။

သိပြီးနေပေမယ့် ဗိုလ်စောလင်းဟာ သိပ်ရင့်ကျက်တယ်။ အသက်ကတော့ သိပ်မကြီးသေးပါဘူး။ ၄၅ ပတ်ဝန်းကျင် လောက်ဖဲ့ ရှိအုံးမယ်ထင်တယ်။ ဒါပေမယ့်....အတွေးအခေါ်က သိပ်မြင့်တယ်။

ရဲဘော်တယောက်ရဲ့ အရည်အချင်းဟာ အသက်အပေါ်မှာလဲ မတည်ဘူးတဲ့။ တာဝန်တို့ ရာထူးတို့အပေါ်မှာလဲ မတည်ဘူးတဲ့။ လောကအမြင်တရပ်ကို ယုံကြည်တဲ့ ယုံကြည်မှုအတိမ်အနက်အပေါ်မှာလဲ မတည်ဘူးတဲ့။ တိုက်ပွဲအတွေ့အကြုံပေါ်မှာသာ အဓိက တည်တယ်တဲ့။ ဗိုလ်စောလင်းက ပြောပြတယ်။

ဒါကြောင့် ဗိုလ်ငြိမ်းဖောက်ပြန်တာကို တွေ့ရတော့၊ သူ အဖို့ မဆန်းပါဘူးတဲ့။ သည်ထောင်ထဲမှာ ခုလို ခုလောက် ဖောက်ပြန်တာကိုတဲ့ သူကတော့ ကျေးဇူးတောင် တင်မိသေးတယ်တဲ့။ အပြင်ဘက်မှာ၊ တော်လှန်ရေးလုပ်ငန်းတွေထဲမှာ၊ အထူးသဖြင့် ဗဟိုဌာနချုပ်မှာများ ခုလို ဖောက်ပြန်ကျင့်သုံးနေရင် တော်လှန်ရေးနဲ့ သူတို့ပါတီအတွက် ဒုက္ခဘဲတဲ့။

ဟုတ်တာပေါ့။ အပြင်မှာသာဆို ဒုက္ခပေါ့။

ဗိုလ်စောသင်း ပြောပြတော့လဲ၊ ကျွန်တော်တို့ ခံနေရတာ ကိုဘဲ အခံရဆက်သာသလိုလို ရှိသွားမိတယ်။ တော်လှန်ရေး တရပ်လုံးရဲ့ဘက်ကနေကြည့်ရင်၊ ကျွန်တော်တို့ခံနေရတာ ခံထိုက် သယောင်ယောင် ဖြစ်သွားမိတယ်။

ဒါကြောင့်လဲ ဗိုလ်ငြိမ်းအပေါ်မှာ မကျေနပ်မိသမျှ၊ ဒေါသ ထွက်နေမိသမျှတွေဟာ နည်းနည်း သွေးအေးသွားကြတယ်။ ဗိုလ်ငြိမ်းကို သတ်ချင်တဲ့စိတ်၊ ရိုက်ပစ်ချင်တဲ့စိတ်တွေဟာလဲ နည်းနည်း ပြေပြေပျောက်ပျောက် ဖြစ်သွားခဲ့ကြတယ်။

ဒါပေမယ့်....တနေ့တော့ ရိုးရိုးတန်းဘက်မှာ ရိုက်ပဲ့ ဖြစ် တယ်။

စိတ်မကောင်းစရာဘဲ။ ဆယ့်ရှစ်ယောက်တိတိ အပြင်ဆေးရုံ ပို့ရတယ်။ နှစ်ယောက်လောက်က စကားမေးမရဘူးတဲ့။ သေ လိမ့်မယ်လို့ ထင်ကြတယ်။

ဘာဖြစ်လို့လဲ။ ဘယ်က စလို့လဲ။

ညနေဘက် ထုံးစံအတိုင်း ဘော်လီဘော ကစားကြတာ တဲ့လေ။ ကစားလဲ ကစားနေကျဘဲ။

ဒါပေမယ့်.... အဲသည်နေ့ကတော့ ခါတိုင်းလို ကြုံရာလူနဲ့ လူစုခွဲပြီး ကစားကြတာမဟုတ်ဖူး။ ရှုံးတဲ့ဘက်ကထွက်။ နောက် တအုပ်စုဝင်။ သည်လိုမဟုတ်ဖူး။ နိုင်ငံရေး ထောင်ကျအကျဉ်း သားတွေက တဖက်။ ရိုးရိုးထောင်ကျ အကျဉ်းသားတွေက တဖက်။ လူစုခွဲပြီး ဝက်သားဟင်း တပုံစံကြေး လောင်းပြီးကစား ကြတာတဲ့။

အဲသည်ပွဲမှာ ဒိုင်လူကြီးကလဲ ကြည့်ဆုံးလေ။ ဗိုလ်ငြိမ်း။ ကျွန်တော်တို့ ဗိုလ်ငြိမ်း။

ဗိုလ်ငြိမ်းကတော့ ခလုတ်မထိ ဆူးမငြိပါဘဲ။ သူ့တပည့် တွေက အကာအကွယ်ပေးပြီး သူ့အဆောင်ဘက် ပြန်အရောက် ပို့ပေးကြသတဲ့။ ကောင်းရော။

သည်ထောင်မှာ အထူးတလည် စည်းရုံးညှိညှဉ်တတ်မှုရနေတယ်။ ဒါကို အာဏာပိုင်တွေ အနေနဲ့ မကြိုက်ဖူး။ မချစ်နှိုင်ဘူး။ မွေးထားလို့ မဖြစ်ဖူး။ အန္တရာယ်ကြီးတယ်။ တနေ့ အာဏာပိုင် အဖွဲ့အစည်းကို အန္တရာယ်ပြုလာနိုင်တယ်။ ကြည့်လေ....။ ဖိုကြီး ကိစ္စ။ လူသတ်မှုကိစ္စ။ ထောင်အာဏာပိုင်တွေရဲ့ အလိုကျ မလုပ်နိုင် တော့ဘူး။ အမှားမခံတော့ဘူး။ ထောင်အာဏာပိုင်တွေ အနေနဲ့ အရှုံးပေးလိုက်ရပြီ။ သိက္ခာကျရပြီ။ မှားတာမှန်တာ အပထား။ အကျဉ်းသားထုရဲ့ ဆန္ဒကို လိုက်လျောလိုက်ရပြီ။

သည်တော့ အကျဉ်းသားထုရဲ့ စည်းရုံးညှိညှဉ်မှုကို ဖြိုခွဲပစ်ရမယ်။ ခုကထဲက ဖြိုခွဲပစ်ရမယ်။ နုစဉ်ကထဲက ဖြိုခွဲပစ်ရမယ်။

လုပ်သင့်တာတွေ လုပ်ပြီးပြီ။ ထောင်ပြောင်းပစ်လိုက်ပြီ။ တိုက်ပိတ်ပစ်လိုက်ပြီ။ ဝက်အူရစ်တွေကိုလဲ တင်းကြပ်ထားလိုက် ပြီ။ ပြီးတော့ ခြိမ်းချောက်လဲ ထားလိုက်ပြီ။

ဒါပေမယ့် သူ့လောက်နဲ့ မပြီသေးဘူး။ ကြည့်လေ.... နောက်တကြိမ် ထောင်ဆူလာသေးတယ်။ တနည်းတဟန်နဲ့ လူပ် ရှားလာသေးတယ်။ သည်လိုသာဆိုရင် တဖြည်းချင်းတဖြည်းတက် လုပ်နေကြအုံးမယ်။ ကုန်နိုင်မှာ မဟုတ်ဖူး။

ခက်တာက တိုက်တွေလဲ လူအပြည့် ဖြစ်ကုန်ပြီ။ နောက်ထပ် ဖြစ်လာရင် ထားစရာနေရာ မရှိတော့ဘူး။ ပြီးတော့ ဝက်အူရစ် တွေလဲ အဆုံးအထိ တင်းထားပြီးပြီ။ နောက်ထပ်တင်းရရင်လဲ ပြတ်ထွက်ဖို့ဘဲ ရှိတော့တယ်။

သည်တော့ အတွင်းမှာဝင်ပြီး ဖြိုခွဲပစ်ရမယ်။

၁၂

သည်ခြိုက်ပွဲ ပြဿနာဟာ မသေးဘူး။ တော်တော်နဲ့လဲ မအေးဘူး။

ကျွန်တော်တို့ကတော့ သည်ပြဿနာဟာ နိုင်ငံရေးပယောဂ ပါတယ်ဆိုတာကို ကောင်းကောင်းကြီး မြင်ပါတယ်။ အစ္စယ် လိုသူ မိဖုရား၊ အသွဲ့သားစေသူ မင်းကောင်၊ လေးပစ်သူကား ဘုရားကျွန်တော်.... ဆိုတာလို ကြံဘော်ကြံဘက် တရားခံသုံးဖွဲ့ လုံးကိုလဲ သိပါတယ်။

ဒါပေမယ့် ဘာတတ်နိုင်မှာလဲ။ အမှား အမှန်ကို ခွဲခြား ဆုံးဖြတ်ရအောင် ကျွန်တော်တို့က တရားသူကြီးလဲ မဟုတ်ဖူး။ ဘုရားခံ ဖစစ်အမှုန်ကို ဖေါ်ထုတ် အရေးယူရအောင် အာဏာ ပိုင်လဲ မဟုတ်ဖူး။

အခုလို ခေါင်းဆောင်မှုပေးတဲ့အပိုင်းက အားနည်းနေတုန်းမှာ ဖြို့ခွဲပစ်ရမယ်။

သည်အခါမှာ ဗိုလ်ငြိမ်းရဲ့အကူအညီ လိုတယ်။

အဖြေကတော့ ရှင်းပါတယ်။ အစိုးရရဲ့အလိုကျ၊ ထောင်အာဏာပိုင်တွေရဲ့အလိုကျ၊ ဗိုလ်ငြိမ်းကိုယ်တိုင် တမင်ဖန်တီးတဲ့ ရိုက်ပွဲတဲ့။

ဒါပေမယ့် ကျွန်တော်တို့ ဘာတတ်နိုင်မှာလဲ။ အမှန်တရားဟာ မရှိနိုင်တော့ဘူး။ အာဏာပိုင်တွေကလဲ အမှန်တရားကိုမလို ချင်တော့ဘူး။ သည်တော့ ကျွန်တော်တို့ ဘယ်သူ့ကို တိုင်တည်မလဲ။

ကျွန်တော်တို့ ငုံ့ခံနေကြရတယ်။

ရိုးရိုးတန်းဘက်မှာဆိုရင် ရိုက်ပွဲမှာပါတယ်လို့ ယူဆရတဲ့ အကျဉ်းသားတွေအားလုံးကို နေ့ရောညပါ တန်းပိတ်ထားလိုက်တယ်။ နိုင်ငံရေးအကျဉ်းသားတွေက အိပ်ဆောင်တခုမှာ။ ရိုးရိုးအကျဉ်းသားတွေက အိပ်ဆောင်တခုမှာ။

ပြီးတော့လဲ အကျဉ်းသားတွေအားလုံးထဲမှာလဲ နိုင်ငံရေးမှုနဲ့တခြားအမှုပေါင်းစုံဆိုပြီး၊ လူစုခွဲလိုက်တယ်။ ပြီးတာဟာ ဖြီးပါပြီ၊ မေ့မေ့ပျောက်ပျောက် ဖြစ်ကုန်ပါပြီ၊ အခုလဲ မြင်တဲ့အတိုင်း ပြန်သင့်မြတ်နေကြပါပြီ....လို့ ဆိုတာတောင်၊ မရဘူး။ အုပ်စု ခွဲပစ်တယ်။ အိပ်ဆောင်တွေ ပြောင်းပစ်တယ်။ နိုင်ငံရေးမှုနဲ့ကျနေတဲ့ အကျဉ်းသားချည့်က သပ်သပ်နေရမယ်။ သပ်သပ် အိပ်ဆောင်။ အဲ....ကျန်အမှုပေါင်းစုံနဲ့ ရောက်နေတဲ့ အကျဉ်း

သားတွေချည့်ကလဲ သပ်သပ်။ အိပ်ဆောင်ချင်း ပြောင်းလဲပေးလိုက်တယ်။ တနည်းပြောရရင်တော့ ဂိုဏ်းခွဲပေးလိုက်တယ်။ ဂိုဏ်းဂဏစိတ် သွတ်သွင်းပေးလိုက်တယ်။

အော်....အကျဉ်းသားဆိုတာကလဲ လူမျိုးစုံ။ အဆင့်မျိုးစုံ မဟုတ်လား။ နိုင်ငံရေးအကျဉ်းသား ဆိုတဲ့နေရာမှာလဲ၊ နိုင်ငံရေးပြစ်မှုနဲ့ ထောင်ကျလာတဲ့အကျဉ်းသားတိုင်းဟာ နိုင်ငံရေးအသိမြင့်မားကြတာ မဟုတ်ဖူးလေ။ အမျိုးမျိုးပေါ့။

သည်တော့ ဂိုဏ်းခွဲပစ်လိုက်တယ်ဆိုရင်ဘဲ၊ တချို့ကတော့ မမြင်ဘူး။ သဘောတောင် ကျလိုက်ကြသေးတယ်။ နိုင်ငံရေးဆောင်မှာ နေရတယ်ဆိုပြီး၊ ဂုဏ်ယူချင်တဲ့အကျဉ်းသားကလဲ ဂုဏ်ယူတတ်သေးတယ်။

'ကဲအက်ရာမှ ခဲ့ထွက်ရာသို့'....ဆိုသလိုဘဲ ရန်စမီးကလေးရှိနေမှတော့၊ ဆက်မတည့်အောင်လုပ်ပေးဘို့က လွယ်ပါတယ်။ တည့်အောင်၊ ပြန်သင့်မြတ်အောင် လုပ်ပေးဘို့ကသာ ခက်တာပါ။ မူလက ရန်ဖြစ်ထားတာကို ထပ်ပြီးရန်မဖြစ်နိုင်အောင် ဆိုတဲ့အကြောင်းပြချက်နဲ့၊ 'ကောင်းသော စေတနာ'နဲ့....ခုလို လူချင်းခွဲထားဘို့ စီစဉ်ရတာပါ....ဆိုတော့လဲ ကျွန်တော်တို့ ဘာပြောမလဲ။ မပြောသာဘူးပေါ့။ ပြီးတော့လဲ သူတို့က အာဏာပိုင်။ သူတို့ လုပ်ချင်သလို လုပ်နိုင်ခွင့်ရှိနေတာဘဲ။ ပြောတော့ကော၊ ခွဲချင်လို့ ခွဲတယ်ကွာ ဆိုရင် ဘာတတ်နိုင်မှာလဲ။

မှန်တယ်။ ဂိုဏ်းဂဏစိတ်ခတ်ဆိုတာ အင်မတန်ဝင်လွယ်တယ်။ ဂိုဏ်းဂဏစိတ် ပပျောက်အောင် ကြိုးစားရတာ ခက်သလောက်၊ ဂိုဏ်းစိတ် ဂဏစိတ် ထားရတာ သိပ်လွယ်တယ်။

သည်လိုနဲ့ ထောင်ထဲမှာ နိုင်ငံရေးအကျဉ်းသားနဲ့ ရိုးရိုးအကျဉ်းသားဆိုပြီး ဂိုဏ်းကြီးနှစ်ဂိုဏ်း ကွဲလာတယ်။ အုပ်စုကြီးနှစ်စု ဖြစ်လာတယ်။

ခဏခဏ ရန်ဖြစ်နေကြ၊ ရန်စောင်နေကြတာ မဟုတ်ပေမယ့်လဲ စိတ်ဝမ်းကတော့ ကွဲလာတယ်။ စားအတူ၊ နေအတူ၊ အလုပ်လုပ်အတူတူ ဖြစ်ကြပေမယ့်လဲ ညီညွတ်မှုကတော့ ပျက်လာတယ်။

ဘယ်အထိ ညီညွတ်မှု ပျက်ပြီး၊ ဘယ်အထိ ဂိုဏ်းဂဏစိတ် ခတ်က ပြင်းထန်လာသလဲဆိုရင်....နောက်ဆုံးတနေ့တော့ ဖိုကြီးကိစ္စမှာပါ ပြဿနာ ပေါ်လာတယ်။

ဘယ်လောက်ဖဲ ကောင်းကောင်း၊ ဘယ်လောက်ဖဲ မှန်မှန်၊ ဘယ်လောက်ဖဲ စည်းကမ်းရှိရှိ၊ ဘယ်လောက်ဖဲ မျှတမျှတ....ဖိုကြီးမှာ နိုင်ငံရေးသမားတွေကချည့် စီစဉ်ဆောင်ရွက်ချယ်လှယ်နေဘာကို သဘောမတူနိုင်ဘူးတဲ့။ နိုင်ငံရေးအကျဉ်းသား ဆယ်ယောက်ဆိုရင် သူတို့ကိုယ်စားလှယ်လဲ ဆယ်ယောက်တော့ အနည်းဆုံးထား ထည့်ပေးရမယ်တဲ့။ ပေါင်းဖွဲပေးမှ တရားမယ်တဲ့။ သူတို့ထဲမှာလဲ လူရိုးလူဖြောင့်တွေ ရှိပါတယ်တဲ့။ ခုတော့ သူတို့အားလုံးကို နှိမ်ရာကျနေတယ်တဲ့။ အဲ....အဲသည်အထဲမှာ ထည့်ပြောသေးတယ်။ မသင့်မြတ်မှုစိုးရင် လူကြီးတယောက်က အုပ်ချုပ်ပါတဲ့။ သက်ဆိုင်ရာ တာဝန်ကျဆောင်မှုးရဲ့လက်အောက်မှာ လူကြီးတယောက် ထားပါတဲ့။ နှစ်ဖက်လုံးက လေး

စားတဲ့လူ ဖြစ်ပါစေတဲ့။ ဆိုလိုတာကတော့ ရှင်းနေတာဘဲ။ ဗိုလ်ငြိမ်းပေါ့။

ဗိုလ်ငြိမ်းကို ဖိုကြီးရဲ့ ခေါင်းဆောင် ခန့်ပါပေါ့။ သူခိုးတိုက်စိုး နှင်းပါပေါ့။

အဲသည်အထိ ဂိုဏ်းဂဏက ပြင်းထန်လာတယ်။

သည်တောင်းဆိုချက်ကို ဘယ်သူက တောင်းဆိုတာလဲ။ ရိုးရိုးအကျဉ်းသားထုကို ကိုယ်စားပြုတဲ့ တောင်းဆိုချက်ဆိုရင် ရိုးရိုးအကျဉ်းသားတွေကိုယ်တိုင်က တညီတညွတ်ထဲ ဆုံးဖြတ်ပြီး တောင်းဆိုတာလား။ ဘယ်တုန်းက ဘယ်နေရာမှာ စည်ဝေးကြတိုင်ပင်ကြ ဆုံးဖြတ်ကြတာတုန်း။ အဲသည်မှာ ဘယ်သူက ခေါင်းဆောင်တာတုန်း။ ဘယ်သူက တာဝန်ယူပြီး အာဏာပိုင်တွေနဲ့ တွေ့တင်ပြတာတုန်း။

အလကားပါ။ မျှားသောအားဖြင့် သိတောင် မသိကြပါဘူး။ ဘယ်တုန်းကမှ၊ ဘယ်နေရာမှာမှ တိုင်ပင်ဆုံးဖြတ်ကြတာလဲ မဟုတ်ပါဘူး။ လုပ်ကြံတဲ့ ဇာတ်လမ်းပါ။

ဒါပေမယ့်....ဘာဘဲပြောပြော အလွယ်တကူနဲ့ လိုက်လျောသဗျား။

ကျွန်တော်တို့ကို တာဝန်အပ်ဖို့တုန်းကမျှ၊ အရေးဆိုလိုက်ရတာ။ တိုက်ပွဲဝင်လိုက်ရတာ။ ကြွေးကြော်လိုက်ရတာ။ အစာငတ်ခံလိုက်ရတာ။ လူတွေ့ကို သေတော့မလောက်။ ခုတော့လဲ လွယ်လိုက်တာ။

အေးလေ၊ ဘာဘဲဖြစ်ဖြစ် ထောင်အာဏာပိုင်တွေက ဖိုကြီး အတွက်တာဝန်တွေ ခွဲဝေသတ်မှတ်လိုက်တယ်။ စုစုပေါင်း ၂၄ ယောက်မှာ တဖက် ၁၂ ယောက်တဲ့။ မျှမျှတတတဲ့။ ပြီးတော့ သူတို့အားလုံးအထက်ကမှ ဆရာကြီးဗိုလ်ငြိမ်း။

ဖိုမှူးကြီး ဗိုလ်ငြိမ်းလဲ ခုမှဘဲ ဟန်ကျတော့တယ်။ အစတုန်းက အလုပ်လက်မဲ့။ [ထောင်ထဲမှာ အလုပ်လက်မဲ့ဆိုတာ သိပ်ဇိမ်ရှိတာ။ အိပ်ပြီးစား။ စားပြီးအိပ်။ အလုပ်လက်မဲ့ပေမယ့် စားဝတ်နေရေးကလဲ ဘာပူစရာ ရှိတာ မှတ်လို့။] တထောင်လုံး လျှောက်လှည့်ပြီး လက်ကောက်ကျနေတာ။ ခုတော့ ဟန်ကျနေလေရဲ့။ အလုပ်နဲ့ အကိုင်နဲ့။ အလုပ်ခွင် အဆင်းအတက်မှာဆိုရင်လဲ နောက်တော်ပါနဲ့ ထီးတော်မိုးနဲ့။

ဟုတ်တယ်လေ။ ဖိုမှူးကြီးဆိုတာက အရေးကြီးတဲ့ ပုဂ္ဂိုလ်။ သူ့အတွက် လုံခြုံမှုရှိရမယ်။ သူကတော့ ခပ်တည်တည်ဘဲ။ ရှင်ဘုရင်ရှူး ရှူးနေသလား အောက်မေ့ရတယ်။ အခြေအရံအသင်းအပင်နဲ့။

ထောင်ထဲမှာ တပတ်ကို တခါ ထောင်ပိုင်က လှည့်ကြည့်လေ့ ရှိတယ်။ အိပ်ဆောင်တွေရော၊ အလုပ်ရုံတွေရော၊ ဆေးရုံရော၊ နောက် လူသစ်ရှိရင်လဲ အလုပ်နေရာ ချထားဘို့ရော၊ နောက်ပြီး သူ့ကို အကျဉ်းသားတိုင်းက တိုက်ရိုက်တင်ပြစရာ ရှိရင် တင်ပြဘို့ ရည်ရွယ်ချက်နဲ့ရော ဆိုပါတော့။ နေရာအနှံ့ လှည့်ကြည့်လေ့ ရှိတယ်။ ဒါကို ထောင်ပိုင်ကြီး ရောင်းလှည့်တယ် လို့ ခေါ်တယ်။

အဲ....အဲသည်လို ထောင်ပိုင်ကြီး တိုင်းခန်းလှည့်လည်လာတဲ့အခါမှာ၊ သူ့နောက်က ထောင်မှူးကြီးတို့၊ ဟိုအဆောင်ရောက် ဟိုက သက်ဆိုင်ရာ ထောင်မှူးတို့၊ သည်အလုပ်ရုံရောက် သည်က သက်ဆိုင်ရာ ထောင်မှူးတို့၊ နောက် 'ကွင်းနီ'လို့ ခေါ်တဲ့၊ စလွယ်နီကြီးသိုင်းထားတဲ့ ထောင်ကြပ်ချုပ်တို့၊ နောက် ထောင်ကြပ်တွေကဆယ်ယောက်လောက်၊ သည့်နောက်မှာမှ အကျဉ်းသား ဘာယာတွေ....အို တလျှောကြီးဘဲ။ လူပေါင်း သုံးလေးဆယ် ရှိလိမ့်မယ် ထင်တယ်။ နောက်ကလိုက်ရတာ။

ထောင်ပိုင်ကြီးက လျှောက်နေရင် အားလုံးက နောက်ကနေ လိုက်လျှောက်လို့။ ထောင်ပိုင်ကြီးက ရပ်ပြီး နောက်ကို လှမ်းကြည့်လိုက်ရင်၊ အားလုံးဟာ တခါထဲ အလျှောက်ရပ်လိုက်ကြပြီး ထောင်ပိုင်ကြီးပတ်ပတ်လည်မှာ ဝိုင်းလို့။ ဘာမေးချင်လို့ပါလဲ။ ဘာခိုင်းချင်လို့ပါလဲ။ မေးပါ။ ခိုင်းပါ ဆိုတဲ့သဘောပေါ့လေ။ ပြီးတော့လဲ ဘာမျှား အမြင်မတော်လို့ပါလဲ။ အမြင်မတော်လို့ ဝေဘန်လိုက်၊ အပြစ်တင်လိုက်မှာကိုလဲ မဝေဘန်ခင်၊ အပြစ်မတင်ခင်ကတဲ့က ကြောက်လိုက်တာ တုန်လို့။

အဲသည် ထောင်ပိုင်ကြီး ပဒေသရာဇ်ဆန်ဆန် တိုင်းခန်းလှည့်လည်တာကိုမျှား ဗိုလ်ငြိမ်းသဘောကျနေသလား၊ မသိ။ ခု သူကလဲ သူ့လုံခြုံရေးကို အကြောင်းပြပြီး၊ အခြေအရံအသင်းအပင်နဲ့။ အနည်းဆုံး လေးငါးယောက်ကတော့ ပါတတ်တယ်။

ဘာဘဲဖြစ်ဖြစ်လေ၊ ကျွန်တော် ပြောချင်တာက ဖောက်ပြန်ရေးအင်အားစုတွေ အာဏာပြန်ရလာတယ်။ ကျွန်တော်တို့ဘက်က အရေးနိမ့်လာတယ်။ ပို ပို့ပြီး အဖိနှိပ် အချုပ်ချယ် ခံလာရတယ်။ ရပြီးသား ညီညွတ်ရေးလဲ ပြိုကွဲပျက်စီးခဲ့ရတယ်။

ဒါ....ဘာကိုပြသလဲ။

ခေါင်းဆောင်မှု ပြဿနာဘဲ။ ဗိုလ်ဧည်မိုးက ခေါင်းဆောင် မလိုဘူးလို့ ပြောတယ်။ သဘောတရားဟာ ခေါင်းဆောင်ဘဲ.... တဲ့။

ဘယ် ဟုတ်မလဲ။ မဟုတ်တဲ့အခေကြောင်း၊ သူ့စကားဟာ သွက်သွက်လည် မှားတယ်ဆိုတဲ့အခေကြောင်း..... ကျွန်တော်တို့ရဲ့ လက်တွေ့ဘဝက ပြနေပြီဘဲ။

ကျွန်တော်တို့ ယုံကြည်တာက လူ။ လူသာလျှင် အဓိက။ လူသာလျှင် ပဓာန။

ခေါင်းဆောင် ဆိုတာက လူ။ သဘောတရား ဆိုကာက လူ မဟုတ်ဖူး။ ပြီးတော့ ဆို၍ရှယ်လစ်ဝါဒ ဆိုတဲ့ သဘောတရား က တရားသေဝါဒ မဟုတ်ဖူး။ ပြီးပြည့်စုံနေတဲ့ ဝါဒ မဟုတ်ဖူး။ တမျိုးပြောရရင် လမ်းညွှန်သဘောတရားသာ ဖြစ်တယ်။ လမ်း စဉ်သဘောတရား မဟုတ်ဖူး။

ပြီးခဲ့တဲ့ ခေါင်းဆောင် ဆိုရာမှာလဲ နှစ်မျိုးရှိတယ်။

နောက်မှ တက်လာတဲ့ လူငယ်လူရွယ်ထဲက....သဘောတရား လဲ ပြည့်ဝတယ်၊ လက်တွေ့မှာလဲ လုပ်အားကောင်းတယ် ဆိုတဲ့

လူမျိုးကို ခုန်ပျံကျော်လွှား ရွေးတင်လိုက်တဲ့ ခေါင်းဆောင်က တမျိုး။

အစဉ်အလာ ခေါင်းဆောင်ဆိုတာက တမျိုး။

အစဉ်အလာ ခေါင်းဆောင်ဆိုတာကတော့ သူ့မှာ ပြည်သူ အတွက် ဆောင်ရွက်ခဲ့တဲ့ သမိုင်းအစဉ်အလာရှိတယ်။ သဘော တရားလဲ ပြည့်ဝမယ်။ အတွေ့အကြုံလဲ များမယ်။ ဒါပေမယ့် လူငယ်လူရွယ်တွေ လိုတော့ လုပ်အားမကောင်းနိုင်တော့ဘူး။ အသက်အရွယ်ကလဲ လူကြီးပိုင်း ရောက်နေပြီကို။

ဒါပေမယ့် သည်ခေါင်းဆောင်မျိုးက သိပ်အရေးကြီးတယ်။ သည်ခေါင်းဆောင်မျိုးကိုမှ ပြည်သူက လေးစားချင်တတ်တယ်။ အစဉ်အလာမရှိရင် ဘယ်လောက်ဖဲတော်တော် သိပ်မလေးစား ချင်တတ်ဖူး။ လုပ် မပြသေးခင် သိပ် မယုံကြည်ချင်တတ်ဖူး။

မှားရင်လဲ သည်ခေါင်းဆောင်မျိုးကိုကျတော့ ပြည်သူက သည်းခံတယ်။ သိပ် အမှားမများရင် ခွင့်လွှတ်တယ်။

ဟို နောက်မှတက်လာတဲ့ လူငယ်လူရွယ်ခေါင်းဆောင်မျိုး ကိုကျတော့ နည်းနည်းမှ သည်းမခံချင်တတ်ကြဘူး။ ခွင့်မလွှတ် ချင်တတ်ကြဘူး။

ဒါပေမယ့် သည်လို လူငယ်လူရွယ်ပိုင်း ခေါင်းဆောင်မျိုး ကလဲ အရေးကြီးတယ်။ သည်ခေါင်းဆောင်မျိုးက အမျှားစုလဲ ဖြစ်သင့်တယ်။ ဘယ့်နှယ်....သူတို့ကမှ တကယ်အလုပ်လုပ်နိုင်တာ။ တကယ်လက်တွေ့ကျတာ။ မှားခါမှ မှားရော့။ မြောက်ခါမှ မြောက်ရော့။ သူတို့ကမှ တကယ်ကြိုးစား အားထုတ်တာ။

ဒါကြောင့် ခေါင်းဆောင်ဆိုတာ လိုတယ်။ လိုသမှ နှစ်မျိုးလုံး လိုတယ်။ လေးစားကြည်ညိုဘို့လဲ လိုတယ်။ အလုပ်လုပ်နိုင်ဘို့လဲ လိုတယ်။

ခေါင်းဆောင် မလိုဘူးဆိုတဲ့ အယူအဆဟာ မှားတယ်။

PDF Creator - nyeyadhamma@gmail.com

ပြောရရင် သေချင်တယ်။ ရယ်လဲ ရယ်ချင်တယ်။

ခံနေရတဲ့အချိန်၊ ခေါင်းဆောင်မယ့်ပုဂ္ဂိုလ် လိုအပ်နေတဲ့အချိန်မှာ ဗိုလ်စောလင်း ထောင်ထဲရောက်လာတယ်။ ဆိုက်ဆိုက်မြိုက်မြိုက်ကြီးကို ရောက်လာတယ်။ ကျောက်ဖျားကြီးပေါ်၊ စက်တော်ခေါ်၊ ထတော်မူပါ့ အရှင့်သား....ပေါ့။ ကျွန်တော်တို့က ဝိုင်းပြီး မင်းမြွှာက်ကြတာပေါ့။

အို....ဘာပြောကောင်းမလဲ။ တနေ့....

ရုံးချိန်းတနေ့။ ဗိုလ်စောလွင်း ထောင်ထဲရောက်လို့ ၂၀ ရက်မြောက်တဲ့ ရုံးချိန်းတနေ့။ ဗိုလ်စောလင်းကို ထုံးစံအတိုင်း ထောင်ထဲက ထုတ်သွားတယ်။

ဒါပေမယ့် ဗိုလ်စောလင်း ပြန်မရောက်လာတော့ဘူး။

ကျွန်တော်တို့ အမျိုးမျိုး တွေးကြတယ်။ ညှဉ်းပန်းနှိပ်စက်ပြီးတော့မျာ စစ်ဆေးနေကြလို့လား။ ဒါမှမဟုတ်....သတ်များပစ်လိုက်ကြပလား။ ဒါမှမဟုတ်....ဘယ်နေရာမှာများ အကျယ်ချုပ်သဘောမျိုးနဲ့ ထားပါလိမ့်။ တွေးပူလိုက်ကြရတာ။ မောလိုက်တာ။

နိုင်ငံရေးဆိုတာကလဲ ရယ်စရာအကောင်းသား။ မျက်လှည့်လိုလို ဘာလိုလိုရယ်။

ဗိုလ်စောလင်း မရှိတော့တဲ့နောက် အရက်နှစ်ဆယ်လောက် ကြာတော့ ထင်ပါရဲ့။ သတင်းစာတွေထဲမှာ ဗိုလ်စောလင်းရဲ့ ခာတ်ပုံနဲ့အတူ သတင်းတပုဒ် ပါလာတယ်။ ဟံသာဝတီခရိုင်၊ ကွမ်းခြံကုန်းမြို့နယ်မှာ အလံနီပါတီ ဗဟိုကော်မီတီ ဗိုလ်စောလင်း လက်နက်နဲ့အတူ အလင်းဝင်လာတယ်....တဲ့။ ကဲ.... ဘာပြောမလဲ။

PDF Creator - nyeyadhamma@gmail.com

နိဂုံး

သာသနာနှစ်က ၂၅၀၀ ပြည့်။ မြန်မာသက္ကရာဇ်က ၁၃၁၈ ခုနှစ်။ နေ့က ကဆုန်လပြည့်နေ့။

သည်နေ့မှာ သာသနာနှစ် ၂၅၀၀ ပြည့်တဲ့ အထိမ်းအမှတ်နဲ့၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး အောင်မြင်တဲ့ အထိမ်းအမှတ်အနေနဲ့.... အစိုးရက အကျဉ်းထောင်တိုင်းမှာ ရှိနေကြတဲ့ ထောင်ကျ အကျဉ်းသားအားလုံးကို လျော့ရက် ၆လ သနားလိုက်တဲ့။

လွှတ်ကြတာပေါ့။ အများကြီး လွှတ်ကြတာပေါ့။ ရာနဲ့ ထောင်နဲ့ချီပြီး လွှတ်ကြတာပေါ့။

လျော့ရက် ၆ လပေးလိုက်တယ်ဆိုတော့.... ထောင်ကလွှတ်ဖို့ရာတရက်ဖဲ့လိုတော့တဲ့ အကျဉ်းသားကအစ၊ ၆ လတိတိလိုသေး

တယ်ဆိုတဲ့ အကျဉ်းသားအထိ၊ အားလုံး တပြိုင်ထဲလွှတ်ကြတာပေါ့။ အများကြီးပေါ့။ ပျော်စရာကြီး။

ဒါပေမယ့် အများအားဖြင့်ကတော့ အပြစ်ငယ်တဲ့ နှစ်ကလေးသမားတွေနဲ့၊ လပိုင်းလောက်သာ ထောင်ကျနေရတဲ့ သူခိုးဘိန်းစားတွေပါ။ နှစ်ကြီးသမားထဲက အင်မတန်နည်းပါတယ်။ လွှတ်ခါနီး နှစ်ကြီးသမားလောက်ဖဲ့ အနည်းအကျဉ်း ပါတယ်။

အေးလေ.... ဘာဘဲပြောပြော၊ နှစ်ကြီးသမား အဖို့လဲ မဆိုးပါဘူး။ အလကားး ရတဲ့နွားး၊ သွားဖြဲကြည့်နေစရာ မလိုပါဘူး။ ထောင်ထဲမှာ နေရမယ့် ရက်တွေထဲက ၆ လတော့ လျော့သွားမှာပေါ့။ အရင်ကနဲ့စာရင် ၆ လတော့ စောပြီး လွှတ်မှာပေါ့။

ထောင်ထဲမှာ သည်တခုတော့ ရှိတယ်။ လွှတ်မယ် ဆိုရင် ဘယ်သူဘဲလွှတ်လွှတ်၊ ကိုယ်မလွှတ်ပေမယ့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြတယ်။

ကျန်တော်တို့ ထောင်ကလဲ အကျဉ်းသားပေါင်း ၂၆၀ ကျော် လွှတ်ကြတယ်။ စာရင်းလုပ်ရတာ မနိုင်လို့၊ နှစ်သုတ်ခဲ့ လွှတ်ရတယ်။

အို.... ပျော်ကြ၊ ရွှင်ကြ၊ ကကြ ခုန်ကြနဲ့ တထောင်လုံးမြူးနေတယ်။ သည်အထဲမှာ ကျန်တော်တို့လဲ ပါတာပေါ့။

လွှတ်တဲ့အထဲမှာ မဟုတ်ပါဘူး။ မြူးတဲ့အထဲမှာ ပါတာပြောတာပါ။ ကျန်တော်တို့ကတော့ ဘယ် လွှတ်ပါ့မလဲ။ ကျန်တော်တို့က ပုဒ်မ ၅။ ဘာဆိုင်တာမှတ်လို့။

ပုဒ်မ ၅ ဆိုတာက ထောင်ထဲမှာ အကျဉ်းသား ဖြစ်နေရပေမယ့်၊ ထောင်ကျ အကျဉ်းသား မဟုတ်ဖူး။ ဘယ်နှစ်နှစ်၊ ဘယ်နှစ်လ အပြစ်ဒဏ် ခံရမယ်သို့ တရားရုံးက စီရင်ချက် ချထားတာလဲ မဟုတ်ဖူး မဟုတ်လား။ သည်တော့ ဆုမှတ် ရုက်တို့၊ လျော့ရုက်တို့ ဆိုတာက ကျွန်တော်တို့အတွက် ဘာ အဓိပ္ပာယ်မှ မရှိပါဘူး။ ဘာတန်ဘိုးမှလဲ မရှိပါဘူး။

ဒါပေမယ့် ကျွန်တော်တို့လဲ ပျော်ကြ မြူးကြတယ်။

ဟုတ်တယ်။ ကျွန်တော်တို့ ရဲဘော်တွေလဲ လွတ်ကြတယ်။ သုံးဆယ့်တယောက် ပါတယ်။ (ခ)တန်းတက်ကဆိုရင် ပို့လ်ငြိမ်း အဆောင်က တယောက် လွတ်တယ်။ ဒါးထိုးမှုနဲ့ ကျနေတဲ့ ဘုန်းကြီးတပါးလဲ လွတ်တယ်။ ဒါပေမယ့် ကျွန်တော်တို့ အဆောင်ကတော့ တယောက်မှ မပါဘူး။

ဒါပေမယ့် သည်ဂယက်ကြောင့် ထောင်ထဲမှာ နှစ်ရက် သုံးရက်ကတည်းကကြိုပြီး လွတ်လပ်ခွင့် ရနေကြတယ်။ အတွင်း အုတ်ရိုးတံခါးတွေမှာ သိပ်မတင်းကြပ်တော့ဘူး။ ဝက်အူရစ်တွေ ပြန်လျော့ပေးထားတယ် ထင်ပါရဲ့။

ကျွန်တော်လဲ တနေကုန်လိုလို ထောင်ကျ အဆောင်တွေ ဘက်မှာချည့် ရောက်နေတတ်တယ်။

ဇာတ်တိုက် နေကြတယ်လေ။ ကျွန်တော်က သီချင်းရေး ဆရာဆိုလဲဟုတ်။ ဝါးလက်ခုပ် တီးတဲ့လူဆိုလဲဟုတ်။ ခေတာ မှတ်လို့။

ပြောရအုံးမယ်။ ကျွန်တော်တို့ ထောင်ထဲမှာလဲ ဇာတ်အဖွဲ့ ရှိတယ်။ အကျဉ်းသားတွေထဲက တီးတတ်ခေါက်တတ်တဲ့ လူတွေ၊ ဝါသနာ ပါတဲ့လူတွေ စုဖွဲ့ထားကြတာပေါ့။ ဝါသနာ ဆိုတာ မျိုးကလဲ အခက်သား ကလား။ ဘယ်ဘဝ ရောက်ရောက် ဆိုင်းသံပုံသံကြားရင် နေနိုင်ကြတာ မဟုတ်ဖူး။ အနားရောက် လာတတ်ကြတာ။

ကျွန်တော်ကတော့ ကျွန်တော့်ဖာသာကျွန်တော် တယောက်ထဲ တခါတရံ တယောထိုးမိတယ်။ အေးလေ.... စိတ်လိုလက်ရ ရှိတဲ့အခါကျတော့လဲ ဆိုမိချင် ဆိုမိတာပေါ့။ ဒါကိုလူ့သတင်း လူချင်းဆောင်ပြီး သိသွားကြရုက ဆိုင်းအဖွဲ့ထဲ ရောက်ရတာ။

အရေးကြီးတာက ဇာတ်ဆရာ။

ဇာတ်ဆရာက မရှိတော့ဘူး။ ထောင် ပြောင်းသွားရပြီ။ သည်တော့ သည်အထဲမှာ ကျွန်တော် ဇာတ်ဆရာ လုပ်ရမယ်။ တာဝန်။

ဘာဇာတ် ကမလဲ။

ဘယ်ဇာတ်တော်လေမှန်းသိ၊ အခန်းခန်း အားပြပြေ၊ မျှားနိုင်ကြပေ.... ဆိုတာလို၊ ကြည့်ဘူးတဲ့ ဇာတ်တွေ အကုန်ရောမွှေပြီး၊ ဘာဇာတ်မှန်းကို မသိအောင် ခင်းပစ်မှ ထင်တယ်။ အမယ်.... ဒါကို ကောင်းချင် ကောင်းနေမှာ။ တီထွင်လိုက်တာလို့ ပြောချင် ပြောနေမှာ။ ကိုယ်တိုင်ရေးလို့ ထင်ချင် ထင်နေမှာ။ ချီးကျူးချင် ချီးကျူးနေကြမှာ။

ဒါပေမယ့် မဖြစ်ဖူး။ ဇာတ်တိုက်ချိန်ကလဲ သိပ်မရဘူး။ တပတ်ဖဲ ပေးတယ်။ ပြီးတော့ ကပြ အသုံးတော်ခံကြမယ့် မင်းသားမင်းသမီးနဲ့ ဇာတ်သမားတွေကလဲ အသစ်မလုပ်ပါနဲ့တဲ့။ ဝိုင်းတောင်းပန်ကြတယ်။ စာကျက်ရမှာ ပျင်းလို့တဲ့။ လူတော်လဲ ရေးပဲ့မှာတုန်းက ခင်းခဲ့တဲ့ 'ခေတ်သစ် ပေါင်တို့ဇာတ်' ကိုဘဲ ခင်းပါတဲ့။ ကဲ ရှိစေတော့။

သည်ဇာတ်ကတော့ တို့က်လဲ တိုက်ပြီးသား။ စာသားတွေ သီချင်းတွေကလဲ အထူး ကျက်နေစရာမလိုဘူး။ ပြီးတော့ ရယ်လဲ ရယ်ရတယ်။ နိုင်ငံရေး ထေ့လုံးငေါ့လုံးကလေးတွေလဲပါတယ်။

အဲ... ထောင်ထဲမှာ ကောင်းတာ တခုကတော့ အပြင်မှာလို ဆင်ဆာအဖွဲ့ မရှိဘူး။ ပြောချင်တာ ပြောနိုင်တယ်။ အစိုးရကိုလဲ ပုတ်ခတ်ချင်သလို ပုတ်ခတ်နိုင်တယ်။

ပြီးတော့ ထောင်ထဲက ဇာတ်က ကြည့်ရတာကိုက တမျိုး။ အပြင်မှာ ဘယ်မှာမှမရှိဘူး။ မြေဝိုင်းပုံစံမျိုးတော့လဲ မဟုတ်ဖူး။ ဖြစ်သလို လုပ်ထားတဲ့ ဇာတ်ခုံတော့ရှိတယ်။ အဲ....တောကား တောင်ကား တိုက်ကား နန်းကားတွေ ဆိုတာလဲ မရှိဘူး။ ဒါပေမယ့် ပြည်ဖုံးကားတခုတော့ ရှိတယ်။

ပြီးတော့ အပြင်မှာ ဘယ်မှာရှိပါ့မလဲ။ နေ့ခင်းကြောင်တောင်ကြီးမှာ ကရတာကို။

တကယ်တော့ ဆိုင်းအဖွဲ့ဆိုပေမယ့် အပြည့်အစုံမရှိပါဘူး။ ဘူရိယာပစ္စည်းကလဲ မပြည့်စုံဘူး။ တီးတတ် မှုတ်တတ်တဲ့လူကလဲ မပြည့်စုံဘူး။ နောက်ပြီး ဇာတ်ထဲက အဝတ်အစား။ ဘယ်

ပြည့်ပြည့်စုံစုံ ခမ်းခမ်းနားနား ဟုတ်ပါ့မလဲ။ ဖြစ်သလိုဘဲပေါ့။ တချို့လဲ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရှာပေါ့။

ဒါပေမယ့် ချီးမွမ်းစရာကောင်းတာက မင်းသမီး။ ကိုမြိုင် ဆိုတဲ့ ထောင်ကျတယောက်က မင်းသမီးလုပ်တယ်။ တကယ့် မိန်းမလိုဘဲ။ မသိသာမသိရင် တကယ့်မိန်းမလို့ကို ထင်နိုင်တယ်။ သိပ်သေသပ်တာဘဲ။ အကကလဲ ကောင်းတယ်။ တကယ့်မင်းသမီး တွေတောင် ရှုံးနိုင်တယ်။ ပြီးတော့ အဝတ်အစားတွေကလဲ သူ့ကိုယ်ပိုင်။

အဲ....ဇာတ်ကပါတော့မယ်။

ကျန်တော်တို့ တီးကြမှုတ်ကြပါပြီ။ စ ပါပြီ။

အကျဉ်းသားပေါင်း တထောင်ကျော်ဟာလဲ အိပ်ဆောင် အမှတ် ၃ ထဲမှာ ကျိတ်ကျိတ် တိုးလို့။ ခွေပိုင်းက ခုံပေါ်တက်ပြီး ရပ်တဲ့လူက ရပ်လို့၊ အော်ဆဲဘဲ့လူက ဆဲသို့။ လက်ခေါက်မှုတ်တဲ့ လူက မှုတ်လို့။ လက်ခုပ်တီးတဲ့လူက တီးလို့။ ကပါတော့ဗျို့၊ စပါ့လော့ဗျို့....အော်တဲ့လူကလဲ အော်လို့။ ဆူ ညံနေတာဘဲ။

ဟော....ပြည်ဖုံးကားကြီး ခွဲလိုက်ပါပြီ။

မင်းသား။

မင်းသားကို မြင်လိုက်ရတာနဲ့တပြိုင်နက်....'မင်းသမီး ထွက်ပါဗျို့'....'ဟေ့ကောင်....ပြန်ဆင်းကွ'....'မင်းသမီး အရင်ထွက်ဟေ့'....နဲ့ အမျိုးမျိုး အော်ကြ ဟစ်ကြတယ်။ စိတ်ညစ်စရာဘဲ။ ဒါပေမယ့် ပျော်ဘို့ကောင်းပါတယ်။

ဘယ်ရမလဲ။ မင်းသားကလဲ....စိန်သာပေါ....ဆိုတဲ့ နာမယ်တလုံးနဲ့၊ ကမ္ဘာမကျော် နိုင်ငံမကျော်ပေမယ့် တထောင်လုံးကျော်ကြီး။ ပြီးတော့လဲ တာဝန်က တာဝန်။ အလှည့်က အလှည့်။ ဇာတ်ဆရာ့အစီအစဉ်အတိုင်း ထွက်ရတာ။

'မြို့မေတ္တာ ခံယူမယ့် သားပါခင်ဗျ'....

စိန်သာပေါက သီချင်း စဆိုလိုက်တယ်။

'ထမင်းဆွဲ'

ပရိသတ်က သြဘာပေးကြတယ်။ 'ထမင်းဆွဲ'တဲ့။ သံပြိုင်။ တပြိုင်ထဲ အော်လိုက်ကြတာ။ ဆိုနေတဲ့ မင်းသားတောင် အကျင့်ပါနေတော့ လန့်သွားတယ်။ အကျင့်က ပါနေတော့ မင်းသားရဲ့ မျက်လုံးတွေကလဲ ဖိုကြီးဘက် ရောက်သွားတယ်။

ပရိသတ်လဲ အဟုတ်မှတ်ပြီး ရုတ်ရုတ်သဲသဲ ဖြစ်သွားတယ်။ တကယ်မျှား ထမင်းပေးနေပြီလားပေါ့။ ထမင်းစားရတော့မှာလားပေါ့။ ဒါပေမယ့် မဟုတ်မှန်းသိတော့မှ ပြန်ငြိမ်သွားကြတယ်။

'မြို့မေတ္တာ....အဲလ....ထောင့်မေတ္တာ ထောင့်မေတ္တာ ခံယူမယ့်သားပါခင်ဗျ'....

''မြန်မြန်ဆိုကွ....ထပ်ဆိုမနေနဲ့....ပြီးရင် မြန်မြန်ဆင်း'

'မကြည့်ချင်ဘူးဟေ့....သည်သေနှဲ့မျက်နှာကို'

အမျိုးမျိုး သြဘာပေးကြတယ်။ ဒါနဲ့တဲ့ တော်တော်နဲ့ ရွေမဆက်နိုင်ဘူး။ အိုင် ခံနေတယ်။ ထစ် ခံနေတယ်။ ဆိုင်းအဖွဲလဲ

ဒုက္ခတဲ့။ မင်းသားလဲ ခွန်းထောက်တောင် မဆုံးသေးဘူး။ တကျော့ဆိုတကျော့မှလဲ မကရသေးဘူး။ ဒါပေမယ့် ချွေးပြန်နေပြီ။ ကျွန်တော်ကို လှမ်းလှမ်းကြည့်နေပြီ။

ဘယ်တတ်နိုင်တော့မလဲ။ သံဃ်ာ့အား ဘုရားမဆန်သာဘူးတဲ့။ ဇာတ်ဆရာလဲ လက်မြောက်လိုက်ရတယ်။ မင်းသမီးကို ဇာတ်ခုံပေါ်တင်ပေးလိုက်ရတယ်။

အို....လက်ခုပ်သံတွေ.... လက်ခဲကျက်မှုတ်သံတွေ.... နားကို ကွဲမတတ်ဖွဲ့။

တထောင်လုံး ဆန္ဒပြကြတုန်းက၊ အဆောင်တဆောင်က ကြွေးကြော်သံတကျော့ ဆုံးတိုင်းဆုံးတိုင်းမှာ သည်လိုတဲ့ တထောင်လုံးက ဝိုင်းလက်ခုပ်တီးကြတယ်။ ဒါပေမယ့် အခုလောက် မကျယ်ဘူး၊ မပြင်းဘူး ထင်တာဘဲ။ ဒါတောင် မင်းသမီးက တကယ့်မိန်းမအစစ် မဟုတ်သေးဘူး။ တကယ့်မိန်းမအစစ်သာဆိုရင် ဘယ်လိုမျှား နေကြမလဲ မသိဘူး။

ဘယ်လိုတဲ့ ဖြစ်ဖြစ်လေ၊ မင်းသမီးက ပရိသတ်ကို ထိန်းသွားတယ်။ ဇာတ်ကို ဆက်ကသွားလို့ ရလာတယ်။

ဟုန်ကျဲလာပြီ။ အရှိန်ရလာပြီ။ အချိန်အများကြီးနောက်ကျပြီးမှ စရပေမယ့်၊ ဇာတ်ရှိန်သွက်လာပြီ။ ပရိသတ် ကောင်းကောင်း ကြည့်နေပြီ။ သည်အချိန်မှာ....

'ထမင်းဆွဲ'

တကယ်ဘဲ ထမင်းဆွဲ။ ထမင်းပုံစံ လာဆွဲလှည့်ကြတဲ့။ ဖိုကြီးက လှမ်းပြောနေပြီ။

ပြီးတော့လဲ သည်ကနေက အသားဟင်းနွေ။

ပွဲပျက်ပါလေရော။ ဘယ် ထိန်းလို့ရတော့မလဲ။ မနက်ဖန်မှ စောစော ဆက်ကပြပါ့မယ် ပေါ့။

ဒါပေမယ့် နောက်တနေ့မှာလဲ မကဖြစ်နိုင်တော့ပါဘူး။

ပြဿနာက ဖြစ်လာရပြန်ပြီလေ။

ရှိက်ပွဲ။

သည်တခါလဲ ဖိုကြီးကိစ္စဘဲ။ ပုံစံရတဲ့ ဝက်သားတုံးတွေက သေးသွားလို့။

ဟုတ်တယ်။ သေးသွားတယ်။ သိသိသာသာကို သေးသွားတယ်။

ဘာ့ကြောင့်လဲ။ ခိုးလို့ဘဲ နေမှာပေါ့။

ဗိုလ်ငြိမ်းကတော့ ဖြေရှင်းတယ်တဲ့။ ကောင်းကောင်းစားရ စေချင်တဲ့စေတနာနဲ့ နူးနေအောင် ချက်လိုက်မိလို့၊ ဖိုပေါ်မှာ ကြာကြာထားလိုက်မိလို့ အဆီတွေ ပျော်ကုန်ပြီး ငယ်သွားတာ ဖြစ်ပါလိမ့်မယ်....တဲ့။

ဘယ် ဟုတ်မလဲ။ ခါတိုင်းလိုပါဘဲ။ ပိုပြီးနူးမလာပါဘူး။ ပိုပြီးတော့လဲ စားလို့ကောင်းမလာပါဘူး။ သက်သက် လိမ်တာ။ မသိရင် ခက်မယ်။ ခေါင်းပုံဖြတ်တာ။

သည်နေရာမှာ ခေါင်းပုံဖြတ်တယ်ဆိုတာက၊ သူ့အတွက် ဝက်သားတွေ ယူထားလိုက်တာလဲ မဟုတ်ဖူး။ ဝက်ဆီတွေ

ချက်ပြီး သူ့အတွက် သိမ်းထားလိုက်တာလဲ မဟုတ်ဖူး။ ဝက်သားတွေ ထောင်ထဲ သွင်းမလာခင်မှာကိုဘဲ ကန့်ထရိုက်နဲ့ ပေါင်းပြီး လျော့ယူတာ။

ဝက်သားက အကျဉ်းသားတယောက်အတွက် ၄ အောင်စ။ ၄ ယောက်အတွက် ၁ ပေါင်။ အကျဉ်းသား ၂၀၀၀ အတွက် ဆိုပါတော့။ ပေါင်ချိန် ၅၀၀။ တပေါင်ကို ၂၇ ကျပ်ခွဲသား နဲ့ဘဲ တွက်အုံး။ စုစုပေါင်း ရရမယ့် ဝက်သားက အချိန် ၁၃၇ ပိဿာခွဲ။ သည် ၁၃၇ ပိဿာခွဲမှာ ၁၀ ပိဿာလောက် လျော့ယူလိုက်တယ်ဆိုပါတော့။ အများထဲမှာ ဘယ်သိသာမလဲ။

ကန့်ထရိုက်တွေကလဲ လုပ်နေကြ။ လျော့ လျော့ ယူလာတတ်တယ်။ သည်ကျတော့မှ ကတ္တားနဲ့ချိန်ကြည့်တော့ မပြည့်ဘူး။ သည်မှာ သူတို့အကျင့်က တောင်းပန်ရော။ နောက်တခါမှ ပိုယူပါပေါ့။ သည်အချိန် တခေါက်ပြန်ယူဘို့၊ တခါပြန်သတ်နေဘို့ အချိန်မရှိတော့လို့ပါပေါ့။ သည်လို လုပ်တတ်တယ်။ ညစ်တတ်တယ်။

ကျန်တော်တို့ အဆောင်နီကတော့ ဒါမျိုးဆို မရဘူး။ လုံးဝ မယူလိုက်ဖူး။ လက်မခံဘူး။ ထောင် အာဏာပိုင်ကို တိုင်တယ်။ အဲသည်တော့ ကျန်တော်တို့အဆောင်ကိုတော့ ကြောက်တယ်။ ဘယ်တော့မှ လျော့ယူမလာရဲဘူး။ မတော်တဆ လျော့နေမှာ စိုးလို့တောင် ပိုပိုယူလာတတ်သေးတယ်။

ဒါပေမယ့် အခုဟာက ဗိုလ်ငြိမ်း။ ဗိုလ်ငြိမ်းနဲ့ကတော့ ပင်းပြီး စားနေကျ။ ဝေစား မျှစားလုပ်နေကျ။ ခုနကပြောသလို

ခွက်တဆယ် လျှော့ယူသာတယ်ဆိုပါတော့။ ဗိုလ်ဦးကလဲ လက်ခံလိုက်မယ်။ ခွက်တဆယ်ဆိုတော့ အဲသည်တုန်းက ဈေးနှုန်းနဲ့ ငွေငါးဆယ်ဘိုး ရှိဘယ်သား။ ကနန်ထရိုက်နဲ့ ဗိုလ်ဦး၊ တယောက် တဝက်။ ဗိုလ်ဦးလိုချင်တာ ငွေနှစ်ဆယ့်ငါးကျပ် ဖိုး ဝယ်ပေးရမယ်။ ဗိုလ်ဦးကလဲ သူလိုချင်တာမှာမယ်။ ပြီးတော့ လက်ဆောင်ပေးတာပါဆိုပြီး ပေးမယ်။

သည်လိုနဲ့ ဗိုလ်ဦးက သူ့အဆောင်အတုက်ရယ်၊ ထောင်ဆေးရုံအတုက်ရယ်ကို သည်လို ရိကွာတာဝန်ယူပြီး စားလာခဲ့တာ အံတိုနေပြီ။

အခုမှ ဖိုကြီး။

ဖိုကြီးမှာလဲ သည်လိုဘဲ လုပ်ခနမှာပေါ့။ ဒါပေမယ့် အများနဲ့ဆိုတော့ ဘယ် သိပ် သိသာမလဲ။

ခုဟာကတော့၊ ထောင်မှာကလဲ လွတ်လူက များသွားတယ်။ ရမယ့်ပိုဿာချိန်က နည်းလာတယ်။ သည်အထဲမှာ ဂဏန်းအတုက်မှားသွားတယ်ထင်ပါရဲ့။ သိသိသာသာကြီး နည်းသွားပါလိမ့်မယ်။ ဒါကို အခရအဘွက်ပြည့်အောင် တုံးရတစ်ရတော့ အတုံးကလေးတွေ သေးကုန်မှာပေါ့။

သည်မှာ ပြဿနာ ဖြစ်တာဘဲ။

ထောင်ဆိုတာကလဲ ခက်တယ်။ စဉ်းစားကြည့်လေ။ အကျဉ်း၊ သားဘယောက်ဟာ တပတ်မှ တခါ သည်တတုံးကလေး စားရတာ။ သည်တတုံးကလေးကို မေ့မသွားနိုင်ကြဘူး။ အရွယ်အစားက အစ၊ အရောင်အဆင်းက အစ၊ မွတ်မိနေကြတယ်။

တခါခါ သည် ဝက်ဆီတုံးကလေးဟာ အိပ်မက်ထဲမှာတောင် ပါပါလာတတ်တယ်။

သည်တော့ ဘယ်ရမလဲ။

စားကြရင်း စားကြရင်းက ပြောမိကြတယ်။ မကျေမနပ် ဖြစ်လာကြတယ်။ မကျေနပ်တဲ့လူချင်း စုမိလာကြတယ်။ သည်လိုနဲ့ ဖိုကြီးကို ဝိုင်းလာကြတယ်။

ပထမတော့ ရိုက်ဖို့ နှက်ဖို့ မဟုတ်ပါဘူး။ မေးကြည့် မြန်းကြည့်ရုံလောက်ပါဘဲ။

ဒါပေမယ့်....ဗိုလ်ဦးက ကျေနပ်လောက်အောင် မဖြေဘူး။ သူ့လူတွေကလဲ ကြောက်လန့်ပြီး၊ ထောင်အာဏာပိုင်တွေကို ပြေးတိုင်ကြတယ်။

သည်နေရာမှာ တာဝန်ရှိနေတဲ့၊ ဖိုကြီးမှာ တာဝန်ကျနေတဲ့ နိုင်ငံရေးသမား ၁၂ ယောက်ကတော့၊ ဖြန်ဖြေတယ်။ သည်းခံကြဘို့အကြောင်း ပြောတယ်။ ကိုယ်ထိလက်ရောက် မလုပ်ကြဘို့ တောင်းပန်တယ်။ ဒါပေမယ့် သူတို့ကို သတ်ချင်တယ် ဆိုရင်တော့ သတ်သွားပါလို့လဲ လည်စင်းခံကြတယ်။

အရေးအကြီးဆုံးက ထွက်မပြေးဘူး။ ထောင်အာဏာပိုင်တွေကို သွားမတိုင်ဘူး။

ဒါပေမယ့် သူတို့ကိုယ်တိုင်က ဗိုလ်ဦး တာဝန်ယူထားတဲ့ ချိန်တွယ်ရေးကိစ္စမှာ ဝင်ရောက်စွက်ဖက်ခွင့် မရှိတဲ့အတွက်၊ ဘာ့ကြောင့် သည်လိုငယ်သွားရတာလဲ ဆိုတာနဲ့ ပတ်သက်လို့တော့ ရှင်းလင်းမပြနိုင်တဲ့အကြောင်း ပြန်ပြောပြတယ်။

သည်တော့ အကျဉ်းသားထုကလဲ သည် နိုင်ငံရေးအကျဉ်း သားစားဖို့မှူး ၁၂ ယောက်ကိုတော့ ယုံကြည်လာတယ်။ ဝေလဲ မဝေဘန်ဘူး။ စွပ်လဲ့ မစွပ်စွဲဘူး။ လက်ဖျားနဲ့လဲ မတို့ဘူး

ဗိုလ်ငြိမ်းကတော့ မျက်စီမျက်နှာ ပျက်နေပြီ။ လူ့အနားမှာ ရှိတဲ့ ထောင်ကြပ် နှစ်ယောက်နဲ့ ဘာယာသုံးယောက်ကိုတော့ အားကိုးတဲ့ သဘောနဲ့ လှမ်းကြည့်လိုက်တယ်။ ဗိုလ်ငြိမ်းရဲ့ မျက်နှာကြီးဟာလဲ ရဲနေပြီ။ ဦးထုပ်ကြီးကိုလဲ လိုရမယ်ရ ဆောင်းထားလိုက်ပြီ။

သည်အချိန်မှာ ခရာတွေမှုတ်ပြီး၊ ထောင်ကြပ်တွေ နှစ်ဆယ် လောက် ဒုတ်တွေနဲ့ ပြေးဝင်လာကြတယ်။

အကျဉ်းသားတွေဘက်က ဘာမှ မလုပ်တော့၊ ထောင် အာဏာပိုင်တွေဘက်ကလဲ ဘာမှတော့ မလုပ်ပါဘူး။ ဒါပေမယ့် ထောင်မှူးလုပ်တဲ့လူနဲ့ ကွင်းနီကြီးကတော့၊ ဒေါသထွက်နေတယ်။ ကွင်းနီကြီးကတော့ အားလုံးကို ရည်ရွယ်ပြီး တခွန်း ငါနဲ့ကိုင် တုတ်လိုက်တယ်။

ထောင်မှူးက လူစုခွဲခိုင်းတယ်။ ထောင်ကြပ်တွေကလဲ ဒုတ် တွေကို တအားဝှေ့ရမ်းပြီး လူစုခွဲတယ်။ မရှိက်မိအောင် ကိုယ့် ဖာသာကိုယ် ရှောင်ကြ တိမ်းကြရတယ်။ သူတို့က ပြေးလိုက် တယ်။ လိုက်ပြီး တအားလှဲလှဲရိုက်တဲ့ သဘောဘဲ။ ဒါပေမယ့် ကိုယ်က လုတ်အောင် ပြေးရတယ်။ ထမင်းပန်းကန်ကလေးတွေ လက်ထဲကိုင်လို့။ တချို့လဲ ဖိတ်ကုန်ရတယ်။ တချို့လဲ ဝက်သား

တုံးကလေး · စားလက်စ မြေကြီးပေါ် ကျကျန်ရစ်တယ်။ ရေဆေးပြီး စားရင် ရနိုင်ပေမယ့် ပြန်ကောက်ခိုန် မရဘူး။

နာကြတယ်။ နာကြတယ်နဲ့ တူပါရဲ့။ မရိုက်မိပေမယ့် အထဲမှာ နာကြပါလိမ့်မယ်။

အထူးသဖြင့် ထောင်အာဏာပိုင်ကို ပြေးတိုင်တဲ့ကိစ္စ။ သည်လို အာဏာပိုင်ကို အားကိုးတဲ့ စိတ်ခတ်။ သည်စိတ်ခတ်မျိုး ကိုတော့ ထောင်ထဲမှာ အခွံမုန်းဆုံးဘဲ။

ဘယ်ရမလဲ။

၁၂ ယောက်၊ တယောက်မှ မကျန်ဘူး။

ဗိုမှာ တာဝန်ကျနေတဲ့ ရိုးရိုးအကျဉ်းသား ၁၂ ယောက် ရှိတဲ့အထဲက တယောက်မှမကျန်ဘူး။ နောက်တနေ့မနက် လင်း အားကြီးမှာ ဝိုင်းအရိုက်ခံရတယ်။

ရိုက်တဲ့အချိန်က ထုံးစံအတိုင်း တန်းမဖွင့်ခင်။

သည်တော့ ဘယ်ကနိုင်ငံရေး ပယောဂမှလဲ မပါတော့ဘူး။ ပါတယ်လို့ စွပ်စွဲလို့လဲ မရတော့ဘူး။ သူတို့အချင်းချင်းကိုကို မကျေနပ်လို့ ပြန်ပြီးရိုက်ကြတာ။ နိုင်ငံရေး အကျဉ်းသားထဲက တာဝန်ကျ ၁၂ ယောက်ကို ကြည့်ပါလား။ ခလုတ်မထိဆူးမငြို။ အကျဉ်းသားထု ရွေးမောက်မှာ လည်စင်း ခံခဲ့ကြတာတောင် လက်ဖျားနဲ့ မတို့ခဲ့ကြဘူး မဟုတ်လား။

ဒါပေမယ့် သည်တခါ ရိုက်ရတာက ပြင်ဆင်ချိန် သိပ်မရ လိုက်ဖူး။ ဒါ့ကြောင့် သိပ်ပိုင်ပိုင်နိုင်နိုင်မရှိဘူး။ ပြီးတော့လဲ

အိပ်ဆောင် ၃ ဆောင်ထဲမှာတွင် သည် ၁၂ ယောက်က လူခဲ့အိပ်ကြတာ။ တဆောင်မှာ ၃ ယောက်။ တဆောင် ၄ ယောက်။ တဆောင်မှာ ၅ ယောက်။

သည်တော့ တယောက်ဖဲ သေနိုင်တဲ့ အခြေအနေရှိတယ်တဲ့။ ဒါပေမယ့် အားလုံးကတော့ စကားမေး မရကြဖါဘူး။ခေါင်းနဲ့ မျက်နှာမှာ သွေးခြင်းချင်း နီလို့ပါ။ အဲ.... သေနိုင်တယ်ဆိုတဲ့ တယောက်ကတော့ လည်ပင်းကိုပါ လက်မောင်းနဲ့ ကွေးပြီး ညှစ်သတ်ထားတာတဲ့။ ပါးစပ်ထဲကပါ သွေးအန်သတဲ့။သေချာလို့ပါ။

ကျွန်တော်တို့ ဘက်ကတော့ ဘုမသိ ဘမသိပေါ့။ တန်းမဖွင့်ခင် ထောင်လှန့်သံ ကြားရတာယ်ဆိုတော့၊ ထောင်ဖောက်ထွက်ပြေးလို့ အောက်မေ့တာ။ ပြီးတော့ ဘယ်ဟုတ်မလဲ။

ထုံးစံအတိုင်းဘဲပေါ့။ တရားခံ ဘယ်တွေ့မလဲ။ ဘယ်မေးလို့ရမလဲ။ ဘယ်သူက ဖေါ်မလဲ။ ဝမ်းနည်းပါတယ်။

ပြီးတော့လဲ အများက ဝိုင်းရိုက်ကြ သတ်ကြတာ မဟုတ်လား။

ထောင် ငြိမ်သွားတယ်။

သည်တခါတော့ ထောင် အာဏာပိုင်တွေလဲ တော်တော် အကြပ်ရိုက် သွားတယ်နဲ့ တူတယ်။ တရားခံက အများကြီး

ဆိုတာလဲ သိနေတော့၊ ဘယ်သူ့ကို တိုက်ပိတ်ရမယ်မှန်း မသိဘူးဖြစ်နေပုံရတယ်။ တယောက်မှ တိုက်ပိတ်မခံရဘူး။

တခုတော့ ရှိတယ်။ အမှုဖြစ်တဲ့ အဆောင် ၃ ဆောင်ကိုတော့ တန်းပိတ်ထားလိုက်တယ်။ ၂၄ နာရီ တန်းဖွင့်မပေးတော့ဘူး။

ပြီးတော့လဲ ထုံးစံအတိုင်း တထောင်လုံးမှာ ဝက်အူရစ်တွေ ပြန်ပြီးတင်းလိုက်တယ်။ ဖိုကြီးကိုလဲ ထောင်အာဏာပိုင်တွေက သူတို့စိတ်ကြိုက် ပြန်ပြီးကိုင်လိုက်တယ်။

ဒါပေမယ့် ဖိုမှူးကြီးကတော့ ဖိုလ်ငြိမ်း။ ဖိုလ်ငြိမ်းကတော့ ထုံးစံအတိုင်း လွတ်လပ်ရေးရသဲ့ ရမြဲ။ အောင်ပန်း ပန်ဆဲ့ ပန်မြဲ။ ပြုံးရွှင်ဆဲ့။ ပြုံးရွှင်မြဲ။

မောင်သာရ

မောင်သာရ ရေးပြီးစာအုပ်များ

၁။ မျိုးမမ ပကာသနီ (ပထမ အကြိမ်၊ ၁၉၅၉)
(ဒုတိယ အကြိမ်၊ ၁၉၅၉)
(တတိယ အကြိမ်၊ ၁၉၆၅)
(စတုတ္ထ အကြိမ်၊ ၁၉၇၁)

၂။ လမ်း၌တွေ့ခဲ့သော သစ်ပင်တပင် (ပထမ အကြိမ်၊ ၁၉၆၃)
(ဒုတိယ အကြိမ်၊ ၁၉၇၁)

၃။ လှသည်၊လွယ်သည်၊သို့သော်လည်းသည် (ပထမအကြိမ်၊၁၉၆၃)
(ဒုတိယ အကြိမ်၊ ၁၉၆၃)
(တတိယ အကြိမ်၊ ၁၉၇၁)

၄။ ချစ်သူက နေ့၊ ကိုယ်က ည (ပထမ အကြိမ်၊ ၁၉၆၃)
(ဒုတိယ အကြိမ်၊ ၁၉၆၃)
(တတိယ အကြိမ်၊ ၁၉၇၀)

၅။ မောင်သိန်းလွင်၏ မစန်းစန်းဝင့် (ပထမအကြိမ်၊ ၄ တွဲ၊ ၁၉၆၄-၆၅)
(ဒုတိယအကြိမ်၊ တပေါင်းထဲ၊၁၉၇၀)

၆။ ထမီကျွတ်၍ လွှတ်လိုက်မည် (ပထမ အကြိမ်၊ ၁၉၆၅)
(ဒုတိယ အကြိမ်၊ ၁၉၆၉)
(တတိယ အကြိမ်၊ ၁၉၇၁)
(စတုတ္ထ အကြိမ်၊ ၁၉၇၃)

၇။ တယောက်မျက်နှာ တယောက်ကြည့်ကာ
(ပထမ အကြိမ်၊ ၁၉၆၆)
(ဒုတိယ အကြိမ်၊ ၁၉၆၉)
(တတိယ အကြိမ်၊ ၁၉၇၄)

၈။ မြည်းတကောင်နှင့် သားအဖနှစ်ယောက်
(ပထမ အကြိမ်၊ ၁၉၆၆)
(ဒုတိယ အကြိမ်၊ ၁၉၇၀)

၉။ မကူးသောငါး၊ မနားသောဌက် (ပထမ အကြိမ်၊ ၁၉၆၉)
(ဒုတိယ အကြိမ်၊ ၁၉၇၁)
(တတိယ အကြိမ်၊ ၁၉၇၄)

၁၀။ မတ်တတ်ရပ်လို့ လမ်းမှာငို (ပထမ အကြိမ်၊ ၁၉၆၉)
(ဒုတိယ အကြိမ်၊ ၁၉၇၀)
(တတိယ အကြိမ်၊ ၁၉၇၀)
(စတုတ္ထ အကြိမ်၊ ၁၉၇၁)

၁၁။ ရွှေစော်နှံရင် ပြန်လိုက်အုံး (ပထမ အကြိမ်၊ ၁၉၆၉)
(ဒုတိယ အကြိမ်၊ ၁၉၇၁)
(တတိယ အကြိမ်၊ ၁၉၇၄)

၁၂။ ပြီးတော့ လူကိုပါယူသည် (ပထမ အကြိမ်၊ ၁၉၆၉)
(ဒုတိယ အကြိမ်၊ ၁၉၇၁)

၁၃။ ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်း (ပထမ အကြိမ်၊ ၁၉၆၉)
(ဒုတိယ အကြိမ်၊ ၁၉၇၀)

၁၄။ အရုပ်မျက်နှာ၊ ပန်းမျက်နှာ (ပထမ အကြိမ်၊ ၁၉၇၀)
(ဒုတိယ အကြိမ်၊ ၁၉၇၃)

၁၅။ သူ့အရင်က တယောက်၊ သူက တယောက်
(ပထမ အကြိမ်၊ ၁၉၇၀)
(ဒုတိယ အကြိမ်၊ ၁၉၇၃)

၁၆။ ပြန်မပြောရင် ပြောချင်တယ် (ပထမ အကြိမ်၊ ၁၉၇၀)
(ဒုတိယ အကြိမ်၊ ၁၉၇၃)
(တတိယ အကြိမ် ၁၉၇၆)

၁၇။ အထက်တဝက် အောက်တဝက် (ပထမ အကြိမ်၊ ၁၉၇၀)
(ဒုတိယ အကြိမ်၊ ၁၉၇၂)
၁၈။ စီးပလေစေ မောင်မသုတ်နဲ့ (ပထမ အကြိမ်၊ ၁၉၇၁)
(ဒုတိယ အကြိမ်၊ ၁၉၇၆)
၁၉။ အသနက်မ အောင်လံကြီးထူ (ပထမ အကြိမ်၊ ၁၉၇၁)
၂၀။ ကျဉ်တုတ်ခံဝံ့ မခံဝံ့ (ပထမ အကြိမ်၊ ၁၉၇၁)
၂၁။ အမေက ငယ်သေးတယ်တဲ့ရှင် (ပထမ အကြိမ်၊ ၁၉၇၂)
(ဒုတိယ အကြိမ်၊ ၁၉၇၅)
၂၂။ ရင်ခုန်သံနည်းနည်းမြန်သည် (ပထမတဲ့၊ပထမအကြိမ်၊၁၉၇၂)
၂၃။ ရင်ခုန်သံနည်းနည်းမြန်သည် (ဒုတိယတဲ့၊ပထမအကြိမ်၊၁၉၇၃)
၂၄။ တောလယ်၊မောတယ်၊အပြောကြယ် (ပထမအကြိမ်၊ ၁၉၇၃)
၂၅။ ခါးတကယ်မတို့ခင်က၊ ယားတယ်လို့တွန့်
(ပထမ အကြိမ်၊ ၁၉၇၄)
၂၆။ ဝင့်လိုက်တတ်တယ် မောင်မောင်သတိထား
(ပထမ အကြိမ်၊ ၁၉၇၄)
၂၇။ ယုန်နှင့်အတူ ပြေး၊ခွေးနှင့်အတူ လိုက်
(ပထမ အကြိမ်၊ ၁၉၇၅)
(ဒုတိယအကြိမ်၊ ၁၉၇၆)
၂၈။ ရှင်ဘုရင်နဲ့ညားရင် မိဖုရား (ပထမ အကြိမ်၊ ၁၉၇၆)
၂၉။ ဂူတဂူထဲ ခြင်္သေ့နှစ်ကောင် (ပထမ အကြိမ်၊ ၁၉၇၆)
၃၀။ ကြောင်ကို ဘယ်သူ ခြေခွဲပေးမလဲ
(ပထမ အကြိမ်၊ ၁၉၇၇)

[အမှတ်စဉ် ၁၀ သည် အမျိုးသားစာပေဆု ရသည့် စာအုပ်ဖြစ်၍၊ အမှတ်စဉ် ၂၄ သည် ထုတ်ဝေဖြန့်ချိခွင့်မပြုသောစာအုပ်ဖြစ်သည်။]

မောင်သာရ၏ အခြားစာအုပ်များ

၁။ မောမြေမြင့်မှ နှမ်းနွှမ်းခမ်းသို့ (၁၉၆၃)
၂။ လူထဲက ဝတ္ထု၊ ဝတ္ထုထဲက လူ (၁၉၇၁)

PDF Creator - nyeyadhamma@gmail.com

PDF Creator - nyeyadhamma@gmail.com